www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

၀၉၅၂-၀၃
ကြီးတေဇ
မြင်ရလေ့မှ စိညာဉ်သာမျိုး/ကြီးတေဇ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၄၊
၂၅၁ - စာ၊ ၁၂.၅ × ၁၈.၅ စင်တီ။
(c) ကြီးတေဇ

ဖြန့်ချိရေး- အောင်မြင်စာပေ၊ ၂၀၀၄ ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။



# ဒသပန္နလက်ဆောင်

❖ အခြားသူကို ခွင့်လွှတ်ခြင်းသည်
မိမိစိတ်ကို ခွင့်လွှတ်ခြင်းပင်ဖြစ်သည်။
မိမိစိတ်ကို ခွင့်လွှတ်၍ရနိုင်မှသာ
အခြားသူကို ခွင့်လွှတ်နိုင်ပေမည်။

❖ လေဆန်ကိုပျံတဲ့ငှက်
ရေဆန်ကိုတက်တဲ့ငါး
အားမထည့်ပဲနှင့် လိုရာမရောက်နိုင်ပါဘူး။
အောင်မြင်မှုအတွက်
အခက်အခဲကို ကျော်ဖြတ်ရသူတိုင်း
အင်အားရှိနေဖို့ အရေးကြီးလှပါတယ်။

❖ ခါးသောအရသာအဆုံးတွင်
အချိုဓါတ်ရှိပါတယ်၊
အချိုဓါတ်အဆုံးမှာလည်း
ခါးသောအရသာ တွေ့ရတတ်ပါတယ်၊
အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်းသည်လည်း
အစအဆုံး သဘောမျိုးရှိကြပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# အသည်းနှလုံးလက်ဆောင်

❖ ချစ်ခင်နှစ်သက်သူက မဲ့ပြုံခြင်းသည်
မချစ်မနှစ်သက်သူ၏ အပြုံးထက်တော့
နှစ်လိုဖွယ်ရာ ဖြစ်စေနိုင်ပါတယ်။

❖ အချစ်သည် ဘယ်သောအခါမှ မဆုံးရှုံးပေ၊
အခြားသူက တုံ့ပြန်မှုမပြုလျှင်
အချစ်သည် နှလုံးသားရှိရာ ပြန်စီးဝင်လာပြီး
ခံစားမှုကို ပေးပါတယ်။

❖ စိတ်မှာ မျက်စိများစွာ ရှိသော်လည်း
အချစ်မှာတော့ မျက်စိတစ်လုံးသာရှိပါတယ်
ထိုမျက်စိက အချစ်နှင့်တွေ့လျှင်
စိတ်မျက်စိအားလုံးကိုပင် ကွယ်စေနိုင်ပါတယ်။


# အသည်းနှလုံးလက်ဆောင်


❖ အသည်းနှလုံးသို့ဝင်ပေါက်မှာ
ဖြတ်လမ်းမရှိပါသော်လည်း
အချစ်အတွက်တော့
နေရာတကာက အချိန်အခါမရွေး
ဝင်နိုင်ထွက်နိုင်လို့ ရပါတယ်။

❖ အချစ်မပါသော အိမ်ထောင်ရေးသည်
နှစ်သက်စရာ မဟုတ်သော်လည်း
အိမ်ထောင်ရေးမတုတ်သော အချစ်ရေးကတော့
လူတိုင်းအတွက်
နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

❖ အသက်မွေးဝမ်းကျောင်းအလုပ်ဆိုတာ
ဘဝနဲ့ ရင်းကြရတယ်၊
ဘဝတစ်ခုနဲ့ အရင်းအနှီးမပြုခဲ့တဲ့
အသက်မွေးဝမ်းကျောင်းအလုပ်ဟာ
ပျက်စီးလွယ်လှပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ကြိုးစားအားထုတ်မှုရှိသူတို့က
ကံကြမ္မာကို ဦးဆောင်လမ်းပြပေးနိုင်ကြတယ်၊
ပျင်းရိနွဲ့ချာသူများကိုတော့
ကံကြမ္မာကနှိပ်စက်ပြီး
သူ့အလိုရှိတဲ့နေရာကို ဆွဲခေါ်သွားတတ်ပါတယ်။

❖ တောင်ထိပ်ပေါ်သို့ရောက်လိုလျှင်
တောင်ထိပ်ကတော့ ဘယ်သောအခါမှ
သင်ရှိရာသို့ဆင်းလာမည်မဟုတ်ပေ၊
သင်ကသာ သူရှိသောနေရာသို့ရောက်အောင်
ကြိုးစားတက်ရပေလိမ့်မည်၊


❖ မိမိကို အခြားသူများက
တန်ဖိုးဖြတ်၍မရနိုင်ပါ
မိမိတန်ဖိုးကို
မိမိကိုယ်တိုင်ဖြတ်ပေးမှ
မှန်ကန်မှုရပေလိမ့်မည်၊

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) မှားယွင်း၍မရသော အဓိကာရနေရာများ
အခန်း(၂) သေမင်းထံမှ အကြွေးယူစားသူ
အခန်း(၃) ပြင်အရယ်သောင်မှ ဆန်းကြယ်မှုများ
အခန်း(၄) သူသေကုန်း၌ ခေါင်းအုံးအိပ်ကြရခြင်း
အခန်း(၅) ပရလောကသားများကို ငွေတိုးပေးခြင်း
အခန်း(၆) ရွှေဒင်္ဂါးပေါ်တင်လျက် ငွေချေးသူများ
အခန်း(၇) နီမောင်နှင့် ဗိညာဉ်လောကသား
အခန်း(၈) ပြင်အရယ်သောင်တန်းမှ ဆန်းကြယ်မှုများ
အခန်း(၉) ပြင်အရယ်ရွာသူ မြသင်းကြူ
အခန်း(၁၀) ကြွေးတောင်းလာသော လက်တစ်ဖက်
အခန်း(၁၁) အသုရကာယ်ဘုံသားများအကြောင်း
အခန်း(၁၂) လောဘသားနှင့် ဖွဲ့ရိုယတရား
အခန်း(၁၃) ပြင်အရယ်သောင်ပြင်မှ ကြမ္မာဆိုး
အခန်း(၁၄) ပရလောကသားတို့၏ရန်ငြိုး
အခန်း(၁၅) စိတ်သုညမှုဘာဝအခြေအနေ
အခန်း(၁၆) မကောင်းမှုကံ ကိုယ့်ထံပြန်ခဲ့လေပြီ
အခန်း(၁၇) ပြင်အရယ်မှ ဗိညာဉ်သချိုင်း


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

# မှားယွင်း၍မရသော အစိကာရနေရာများ

အချိန်ကာလမှာ. . (၁၉၄၀)ခုနှစ် ဝန်းကျင်အချိန်ဖြစ်သည်။ ထိုအချိန်ကာလတွင် မြန်မာနိုင်ငံမှာ အင်္ဂလိပ်တို့လက်အောက်မှာပင်ရှိနေသေးပြီး မြန်မာနိုင်ငံအထက်ပိုင်း ရွှေလီသစ်တောကြီးများ၊ အလယ်ပိုင်းပဲခူးရိုးမသစ်တောကြီးများ အရှေ့ပိုင်းရှမ်းရိုးမသစ်တောကြီးများ၊ အနောက်ဘက် ရခိုင်ရိုးမသစ်တောကြီးများနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသ (မြစ်ဝကျွန်းပေါ်


www.burmeseclassic.com

www.burmeseclassic.com

ဒေသ)များတွင် သစ်တောကြီးများဖြင့် ဖုံးလွှမ်းထားလက်ရှိသည်။

ရှေးအခါက မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းတွင် သစ်တောကြီးများက (၇၅)ရာခိုင်နှုန်းလောက် ဖုံးလွှမ်းထားလေသည်။

ယခင်က မြန်မာနိုင်ငံသည် သစ်တောဧရိယာ အကျယ်ဝန်းဆုံးနေရာများ၌ တစ်နေရာပါဝင်လေသည်။ မည်သည့်နေရာကြည့်ကြည့် အစိမ်းရောင်များဖြင့် သာယာကြည်နူးဖွယ်ရာဖြစ်သည်။

အင်္ဂလိပ်အစိုးရက ထိုသစ်တောကြီးများကို လက်ဝါးကြီးအုပ်ကာ အချို့သစ်များကို ကိုယ်တိုင်ထုတ်ယူသည်။ ၎င်းတို့အဓိကထုတ်ယူသောသစ်မှာ ကျွန်းသစ်ဖြစ်သည်။ ရှေးက မြန်မာနိုင်ငံသည် ကျွန်းသစ်အပေါဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သဖြင့် စစ်ပွဲကြီးများ အကြိမ်ကြိမ်တိုက်ခိုက်ပြီး မရရအောင် သိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်က ဗြိတိသျှအစိုးရက မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ထားပြီး သစ်တောကြီးများမှ ကျွန်းသစ်များကို ထုတ်ယူခဲ့ကြသည်။ သို့သော်လည်း စည်းကမ်းမဲ့ထုတ်ယူခြင်းမျိုးတော့ မရှိခဲ့ပေ။

သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော သစ်များကိုသာ ထုတ်ယူခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် ကျွန်းသစ်ကောင်းများကိုသာ အဓိကထားပြီး ထုတ်ယူကြပြီး အခြားသစ်များကို စိတ်မဝင်စားပေ။ နောက်ပိုင်း အခြားပုဂ္ဂလိက သစ်





ထုတ်လုပ်ရေးကုမ္ပဏီတို့ကို သစ်ထုတ်ယူခွင့်လိုင်စင်များ ချပေးလိုက်တော့မှ ပျဉ်းကတိုးအပါအဝင် အခြားသစ်ကောင်းများကို ထုတ်ယူခဲ့ကြခြင်းဖြစ်သည်။

အထက်ပိုင်း အလယ်ပိုင်း သစ်တောကြီးများကို ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးသမားများကို လိုင်စင်ချပေးပြီး သစ်ထုတ်ယူခွင့်များပြုခဲ့သလို အနောက်ရိုးမသစ်တောကြီးများကိုလည်း သစ်ထုတ်လုပ်ရေးလိုင်စင်များ ချပေးခဲ့သည်။

အနောက်ရိုးမသစ်တောကြီးများထဲမှ ကျွန်း၊ ပျဉ်းကတိုး တောင်သရက်စသော သစ်ကြီးများကို အဓိကထားပြီး ထုတ်ယူကြသည်။

(၁၉၄၀)ပြည့်နှစ်နောက်ပိုင်း ရောက်လာသော မြစ်ဝကျွန်းပေါ်ဘက်မှာရှိသော ကနစိုသစ်တောကြီးများကို မျက်စိကျလာကြသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသတွင် အဓိကပေါက်သောသစ်တောများမှာ ကနစိုသစ်ဖြစ်သည်။

ကနစိုသစ်မှာ ဒီရေတက်သော ရေငန်အရပ်၌သာ ပေါက်သော သစ်ပင်ကြီးမျိုးဖြစ်သည်။

သက်တမ်းကြာသော ကနစိုပင်ကြီးများမှာ ပုဆိုးတစ်ကွင်းစာ သို့မဟုတ် လူနှစ်ဖက်သုံးဖက်စာလောက် အရွယ်အစားကြီးမားသည်။

အောက်ခြေတွင် ငရုတ်ဆူးများ၊ သစ်ကဗျင်းကြီးများရှိသော တစ်ပင်လုံးအနှစ်ပြည့်နေသည့် သစ်မာအမျိုးအစားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သစ်မာအမျိုးအစားဖြစ်သော်လည်း ကျွန်း၊ ပျဉ်းကတိုး သစ်များကဲ့သို့ အိမ်ဆောက်ရာ၌သော်လည်းကောင်း၊ ပရိဘောဂများပြုလုပ်ရာတွင်သော်လည်းကောင်း အသုံးမပြုကြပေ။

အဘယ်ကြောင့်ဆိုသော် ပိုးစားမြန်သောကြောင့် ဖြစ်သည်။ ကျွန်းသစ်ကို လူကြိုက်များရခြင်းမှာ ပိုးမစားဘဲ နှစ်ပေါင်းများစွာ အသုံးပြု၍ရသောကြောင့်ဖြစ်သည်။ ကနစိုသစ်မှာ သစ်မာဖြစ်သော်လည်း ထိုကဲ့သို့ အသုံးပြု၍မရပေ။

လှေစပ်လျှင်သော်လည်းကောင်း၊ အိမ်တိုင်အဖြစ်အသုံးပြုလျှင်သော်လည်းကောင်း တစ်နှစ် . နှစ်နှစ်ထက် ပိုမခံပေ။ ပိုးစားလျှင်စား၊ မစားလျှင် ဆွေးမြေ့သွားသောကြောင့် ရေရှည်အသုံးပြုမည့်သူတို့က မနှစ်သက်ကြပေ။

သို့သော်လည်း ကနစိုသစ်မှာ အသုံးပြု၍ အဆင်ပြေသော အချက်တော့ရှိသည်။

အခြားမဟုတ်ပေ။

ထင်းမီးဆိုက်ရာတွင်အကောင်းဆုံးဖြစ်သည်။

ကနစို သစ်ရင့်လျှင် အနှစ်သားကနီရဲနေရာ ထင်းမီးဆိုက်လျှင် ကြာရှည်ခံသည်။

မီးကျီခဲကောင်းသည်။

သို့ကြောင့် ထင်းဆိုက်အသုံးပြုရာမှာတော့ လူကြိုက်အများဆုံးဖြစ်သည်။

ရှေးအခါက ထမင်းဟင်းချက်ရာမှာ ထင်းကိုသာအသုံးပြုကြသည်။





လျှပ်စစ်ဖြင့် ချက်ပြုတ်ခြင်း၊ ဂက်စ်ဖြင့် ချက်ပြုတ်ခြင်း၊ မီးသွေးဖြင့် ချက်ပြုတ်ခြင်းများမရှိကြပဲ ထင်းကိုသာ လောင်စာအဖြစ် အဓိကထားပြီး အသုံးပြုခဲ့ကြသည်။

နောက်ပိုင်း ကနစိုသစ်ကြီးများ ရှားသွားသောအခါမှ မြင်းကသားကဲ့သို့ အပင်ငယ်များကို မီးသွေးထုတ်ပြီး အသုံးပြုရာမှ မီးသွေးလုပ်ငန်းများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် ကနစိုသစ်တောကြီးများရှိစဉ်ကတော့ သစ်တောကိုအမှီပြုပြီး လုပ်ကိုင်ကြသောလုပ်ငန်းများ ရှိခဲ့ကြသည်။

ထိုအထဲမှာ ထင်းပေါက်ခြမ်းထုတ်လုပ်သော လုပ်ငန်းများမှာ အများဆုံးဖြစ်သည်။

ထင်းပေါက်ခြမ်းပြုလုပ်ရာမှာ ကနစိုသစ်ရင့်များကိုသာ အဓိကထားပြီး ပြုလုပ်ခဲ့ကြသည်။

မြစ်ဝကျွန်းပေါ်ဟု ခေါ်ဝေါ်သတ်မှတ်သောနေရာမှာ ဧရာဝတီတိုင်း(ယခု တိုင်းဒေသကြီး)တောင်ဘက် အောက်ပိုင်းဒေသများပင်ဖြစ်သည်။

အရှေ့ဘက်တွင် တိုးမြစ်၊ အနောက်ဘက်တွင် နေဂရေ့အငူအထိ၊ တောင်ပိုင်းဒေသကို မြစ်ဝကျွန်းပေါ် အရပ်ဒေသဟု ခေါ်ကြသည်။

သို့သော်လည်း ဧရာဝတီတိုင်း တစ်တိုင်းလုံးမှာတော့ သစတောရေိယာရှိနေသည်မဟုတ်ပေ။ တိုင်းဒေသကြီး၏ လေးပုံတစ်ပုံ အောက်ဘက်ဒေသများ၌သာ သစ်တောကြီးများရှိခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြောရလျှင်တော့ မော်လမြိုင်ကျွန်း၊ ဗိုလ်ကလေး (ဘိုကလေး) ဖျာပုံ၊ လပွတ္တာ အောက်ပိုင်းဒေသများ၌သာ ဒီရေတောသစ်တောကြီးများရှိခဲ့ကြသည်။

အထက်ပိုင်းဒေသများမှာတော့ လယ်ယာလုပ်ငန်းများကို အဓိကထားပြီး လုပ်ကိုင်ကြသည်။

မြစ်ဝကျွန်းပေါ်ဟု ခေါ်ဝေါ်ကြခြင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှ မြစ်ဖျားခံ၍ စီးဆင်းလာသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့မှာ ကပ္ပလီပင်လယ်ပြင်သို့ ရောက်သောအခါ အဆုံးသတ်သွားကြလေသည်။

တိုးမြစ်ဝ၊ သံ၌မြစ်ဝ၊ ဖျာပုံမြစ်ဝ၊ ဘိုကလေးမြစ်ဝ၊ ရေဝတီမြစ်ဝ၊ ပြင်စလူမြစ်ဝ၊ ပြန်မလော့မြစ်ဝ၊ ရွှေးမြစ်ဝ၊ သက္ကယ်သောင်မြစ်ဝ၊ ပုသိမ်မြစ်ဝ၊ အစရှိသည်တို့မှာ ကပ္ပလီပင်လယ်သို့စီးဝင်ကာ အဆုံးသတ်သွားကြသော်လည်း ၎င်းတို့ မြစ်ဝပေါင်းများစွာတို့ကတော့ ကျန်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပင်လယ်သို့ မြစ်ဝအများဆုံး စီးထွက်သောဒေသမှာ ဧရာဝတီတိုင်းပင် ရှိပေသည်။

ထိုကဲ့သို့ မြစ်ဝပေါင်းများစွာ စီးထွက်သော နေရာများမှာလည်း ကျွန်းပေါင်းများစွာတို့ ပေါ်ထွန်းခဲ့သည်။

အဓိကရ ကျွန်းကြီးများမှစပြီး ကျွန်းငယ်ကလေးပေါင်းမြောက်မြားစွာတို့ ရှိခဲ့ကြသည်။

မြိတ်ဒေသဘက်တွင် ပင်လယ်ပြင်၌ ကျွန်းစုကျွန်းငယ်





ပေါင်းများစွာ ရှိကြသော်လည်း တကွဲတပြား သီးခြားရှိနေကြခြင်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဘက်၌ရှိသော ကျွန်းများကတော့ ကြား၌ မြစ်ချောင်းများသာခြားပြီး တဆက်တစပ်တည်းပင် ရှိနေကြသည်။

ဒီရေတက်ရာ အရပ်ဖြစ်သောကြောင့် ကျွန်းပေါ်လာလျှင် လမုပင်၊ ဗျူးပင်တို့ စတင်ပေါက်သည်။

လမုတော ဗျူးတောကြီးများ ပေါက်ပြီးမှ ကနစိုသစ်ပင်အပါအဝင် အခြားသစ်ပင်များ ပေါက်လေ့ရှိသည်။ မြစ်ဝကျွန်းပေါ်ဟု ခေါ်ကြခြင်းမှာ မြစ်ဝများရှိသော နေရာတို့တွင် ကျွန်းများပေါ်လာသည်ကို အကြောင်းပြုပြီး ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

မြစ်ဝကျွန်းပေါ်အရပ်ရှိ လူသိများပြီးထင်ရှားသော အဓိကရကျွန်းကြီးများမှာ ဟိုင်းကြီးကျွန်း၊ ပြင်စလူကျွန်း၊ မိန်းမလှကျွန်း စသည်တို့ဖြစ်သည်။

ဗျူးပွေးကျွန်းမှာ သစ်တောတစ်ဝက်၊ လယ်မြေတစ်ဝက်ရှိပြီး သစ်တောချည်း သီးသန့်တော့ မဟုတ်ပေ။

ရှေး၌ရေးသားခဲ့သည့်အတိုင်း (၁၉၄၀)ခုနှစ် ဝန်းကျင်တစ်ဝိုက်က မြစ်ဝကျွန်းပေါ် သစ်တောကြီးများ ကောင်းစားစဉ်အခါက သစ်တောကိုအမှီပြုပြီး စီးပွားရှာသူတို့ များသည်။ သစ်တောအလုပ်များ လုပ်ကိုင်စားသောက်သူတို့ အများအပြား ရှိခဲ့ကြသည်။

ဗြိတိသျှအစိုးရက သစ်တောကြီးများကို စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အထက်ပိုင်း၊ အလယ်ပိုင်းမှ ကျွန်းသစ်ထွက်သော သစ်တောကြီးများကိုသာ စိတ်ဝင်စားပြီး၊ ကနစိုသစ်သာ အကောင်းဆုံးထွက်သော မြစ်ဝကျွန်းပေါ်ဘက်ရှိ သစ်တောကြီးများကိုတော့ စိတ်မဝင်စားပေ။

ကနစိုသစ်များကိုလည်း မထုတ်ယူပေ။

သို့သော်လည်း ကနစိုသစ် ထုတ်ချင်သူများကိုတော့ လိုင်စင်ချပေးသည်။

သစ်မယူသော်လည်း လိုင်စင်ကြေးဖြင့် ငွေရအောင်ယူသည်။ မြစ်ဝကျွန်းပေါ်မှာရှိသော သစ်တောကြီးများကို ၎င်းတို့ပိုင်ဆိုင်ကြောင်းသတ်မှတ်ကြသည်။

ထိုသစ်တောကြီးများကို အစိုးရပိုင် သစ်တောကြီးပိုင်းဟု အမည်တပ်ကာ ကန့်သတ်ချက်ချသည်။

ထိုသစ်တောများထဲမှ ကနစိုသစ်များ ထုတ်ယူလိုပါက ပွဲရုံပွဲစားများက ၎င်းတို့ထံမှ လိုင်စင်ယူကြရသည်။

လိုင်စင်မယူပဲနှင့် မည်သူမှ သစ်ထုတ်ယူခွင့်မရသော်လည်း သစ်တောဥပဒေများဖြင့် ချုပ်ကိုင်တားဆီးထားသည်။ လိုင်စင်မရှိပဲ ထုတ်ယူခွင့်ရှိသော တောထွက်ပစ္စည်းအချို့မှာ ဖျာယက်သော သဘော့ပင်၊ အိမ်မိုးသော ဓနိပင်၊ ဓနုံးပင်၊ ကြိုးပြုလုပ်သော သမန်းလျှော်ပင်၊ သင်ပေါင်းပင်တို့သာရှိပြီး အခြားသစ်များကို ထုတ်ယူပါက လိုင်စင်ယူရသည်။ လှေငယ်တစ်စင်းကို ငါးကျပ်၊ လှေကြီးတစ်စင်းကိုတစ်ဆယ်၊ တုံကင်းတစ်စင်းဆိုလျှင် နှစ်ဆယ့်ငါးကျပ်အထိ အခွန်ကောက်ယူလေသည်။





အချို့ပွဲရုံထောင်သူများကတော့ ပွဲရုံလိုင်စင်ကိုတစ်နှစ်စာယူထားကြသည်။ လိုင်စင်ရှိသော ပွဲရုံတစ်ရုံမှာလုပ်သော အလုပ်သမားများအတွက်ကတော့ လိုင်စင်မလိုပေ။

သို့သော်လည်း တောထဲမှရလာသော ထင်းတုံး၊ ထင်းပေါက်ခြမ်းများကိုတော့ အခြားနေရာမှာ ရောင်းချခွင့်မရှိပေ။ လိုင်စင်မရှိပဲနှင့် သစ်တောကြီးပိုင်း ထဲဝင်ခြင်း၊ သစ်များခုတ်လှဲခြင်း၊ ရောင်းချခြင်းများကို သစ်ဆိုင်ရာတောအုပ်၊ တောခေါင်းများကတွေ့ပါက ဖမ်းဆီးပိုင်ခွင့်ရှိသည်။

ထိုသို့ဖမ်းဆီးခံရပါက လူကိုသော်လည်းကောင်း၊ လှေနှင့် လက်နက်ကိရိယာများ၊ လှေပေါ်တွင်ပါသော သစ်တောထွက်ပစ္စည်းတို့ကို သိမ်းယူခွင့် ရှိလေသည်။

ဗြိတိသျှအစိုးရက အထက်ပိုင်း အောက်ပိုင်း သစ်တောကြီးများကိုသာမကပဲ မြစ်ဝကျွန်းပေါ်ဘက်ရှိ သစ်တောကြီးများကိုပါလက်ဝါးကြီးအုပ်ကာ ချုပ်ကိုင်ထားကြလေသည်။ ၎င်းသစ်တောကြီးများကို ကြီးကြပ်ကွပ်ကဲရန်အတွက် သစ်တောရုံးများကိုထားသည်။

မြစ်ဝကျွန်းပေါ် သစ်တောရုံးများကို ချုပ်ကိုင်ရန်အတွက် သိမ်မြို့၌ တိုင်းရုံးထားသည်။

ဖျာပုံမြို့၌ခရိုင်ရုံးထားသည်။

အဘယ်ကြောင့်ဆိုသော် ဧရာဝတီတိုင်း၏ မြို့တော်မှာ သိမ်မြို့ဖြစ်ပြီး၊ ခရိုင်မြို့မှာ ဖျာပုံမြို့ဖြစ်သောကြောင့်ပင်...



www.burmeseclassic.com

www.burmeseclassic.com



ထိုတိုင်းရုံး၊ ခရိုင်ရုံးများလက်အောက်တွင် မြို့နယ်ရုံးများထားသည်။

မော်လမြိုင်ကျွန်းမြို့နယ်နှင့် သက်ဆိုင်သော မြို့နယ်များကို မော်လမြိုင်ကျွန်း သစ်တောရုံးမှသော်လည်းကောင်း၊ ဖျာပုံမြို့နယ်နှင့်သက်ဆိုင်သော မြို့နယ်များကို ဖျာပုံသစ်တောရုံးမှသော်လည်းကောင်း၊ ဗိုလ်ကလေး(ဘိုကလေး)မြို့နယ်နှင့် သက်ဆိုင်သော မြို့နယ်များကိုသော်လည်းကောင်း၊ သစ်တောကြီးများကိုသော်လည်းကောင်း ဗိုလ်ကလေး(ဘိုကလေး)မြို့ သစ်တောဌာနမှ စီမံအုပ်ချုပ်မှုပြုလေသည်။

ထိုအချိန်က ဗိုလ်ကလေး(ဘိုကလေး)မြို့အထိ ဒီရေတက်ပြီး ရေငန်အရပ်ဖြစ်သည်။

သစ်တောကြီးများကလည်း ကျွန်းညိုကြီးနယ်နိမိတ်အထိရှိသည်။ ကျွန်းညိုကြီးထိပ်တွင် ကိုင်းတောမြစ်ကြီးရှိပြီး မြောက်ဘက်တွင် လယ်မြေလုပ်ကိုင်သူများရှိကြပြီး တောင်ဘက် ကျွန်းညိုကြီးဘက်မှာတော့ ကနစိုသစ်တောကြီးများသာရှိသည်။

ထိုသစ်တောကြီးများအတွက် မြစ်ကမ်းနှင့်နီးသော နေရာများမှာတော့ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသောကရင်လူမျိုးများနေသော ရွာငယ်ကလေးများရှိသည်။

ဦးရှင်ကြီးနတ်သမိုင်းတွင်ပါဝင်သော ကျွန်းညိုကြီးမှာ ဗိုလ်ကလေး (ဘိုကလေး)မြို့အောက်ပိုင်းတွင် ရှိသော ထိုကျွန်းပင်ဖြစ်ပြီး. . ရှေးအခါက 'သာလေယျတော' ဟုအမည်ရှိလေသည်။ ဦးရှင်ကြီးနတ်ဖြစ်မည့် မောင်ရှင်ကို ဖမ်းထားသော တစ်ပွဲစား နတ်ကရင်မုဆိုးကျော်ဘိုးထော်နှင့် သမီးနှစ်ယောက်တို့ ဖြစ်ကြသော မယ်ခနှင့်မယ်လှတို့နေသော နေရာပင်ဖြစ်သည်။





ဦးဘိုးထော်မှာ တစ်ပွဲစားနတ်ဟု သတ်မှတ်ကြသော်လည်း မယ်ခနှင့်မယ်လှ သမီးနှစ်ယောက်တို့ကတော့ နတ်လားဝေမာနိကပြိတ္တာလေလား ကွဲပြားခြင်းတော့ မရှိလှပေ။

သို့သော်လည်း ဖန်ဆင်းနိုင်သည့် ကမ္မဇိဒ္ဓိတန်ခိုး ရှိသောကြောင့် ပရလောကသားဆိုသော်ငြားလည်း ဝေမာနိကပြိတ္တာအဆင့်လောက်တော့ ရှိကြပေမည်။

ကရင်မုဆိုးကျော် ဦးဘိုးထော်ကိုတော့ တစ်ပွဲစားနတ်အဖြစ် အားလုံးက အသိအမှတ်ပြုထားကြသဖြင့် ဦးရှင်ကြီးနတ်တင်မြှောက်ပသလျှင် အောက်ပွဲတစ်ပွဲထည့်ကာ အစဉ်အလာမပျက် တင်မြှောက်ကြရလေသည်။

ကျွန်းညိုကြီးနယ်နိမိတ်ဆုံးလျှင်. . ဖောင်ဝင်မြစ်သို့ရောက်သည်။ အရှေ့အနောက် စီးဆင်းနေသော ဖောင်ဝင်မြစ်ကြီးသည် ရှေးအခါကတော့ သစ်တောကြီးပိုင်းများနှင့် လူတို့နေသောနေရာများကို စည်းခြားထားသကဲ့သို့ ရှိနေသည်။

ဖောင်ဝင်မြစ်ဟိုဘက် (တောင်ဘက်)မှာတော့ သစ်တောကြီးပိုင်းအဖြစ် သတ်မှတ်ထားသော ဖြူန်းပွေးကျွန်းရှိသည်။

ဖြူန်းပွေးကျွန်း အရှေ့ဘက်မှတော့ မိန်းမလှကျွန်းရှိသည်။ ဖြူန်းပွေးကျွန်းနှင့် မိန်းမလှကျွန်းကို ဗိုလ်ကလေး (ဘိုကလေး)မြစ်မှ ခြားထားသည်။

အချို့စာရေးသူများက ဦးရှင်ကြီး နတ်ဘဝရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်းညိုကြီးကိုပင် မိန်းမလှကျွန်းဟုထင်သဖြင့် ရေးသားကြသည်။ မဟုတ်ပေ။

ကျွန်းညိုကြီးကသပ်သပ်၊ မိန်းမလှကျွန်းကသပ်သပ်ဖြစ်သည်။ (အမှတ်မမှားစေလိုသောကြောင့် စေတနာဖြင့်ထည့်သွင်းရေးသားရခြင်းဖြစ်သည်)။

အောက်ဘက်နယ်တွင် အမိကရတောကြီးများရှိရာ မိန်းမလှကျွန်းမှာ ထိပ်ဆုံးမှပါဝင်လေသည်။

မိန်းမလှကျွန်းကို မြောက်ဘက်နှင့် အရှေ့တွင် ဖောင်ဝင်မြစ်ကြီးက ကာဆီးထားပြီး၊ အနောက်ဘက်တွင် ဗိုလ်ကလေး (ဘိုကလေး)မြစ်က မြှုန်းပွေးကျွန်းနှင့် ပိုင်းခြားပေးထားသည်။

ကျွန်းပေါ်တွင် ရှေးဟောင်းစေတီဖြစ်သော မျောက်တစ်ရာဘုရားရှိသည်။

ဘုရားပတ်ဝန်းကျင်မှာ ကျောက်ဖြစ်နေသော မျောက်ရုပ်များရှိသည်။

အကောင်အရေအတွက် (၁၀၀)ရှိသဖြင့် မျောက်တစ်ရာဟူသောအမည် ဖြစ်ပေါ်ခဲ့သည်။

အချို့ကလည်း မျောက်ရုပ်များမှာ (၉၉) ကောင်သာရှိသည်ဟု ပြောသည်။

မိန်းမလှကျွန်းပေါ်၌ ရှိသည်ဆိုသော်လည်း 'မျောက်တစ်ရာ' ဟူသောအမည်မှာ သူနည်းနှင့်သူ လူသိများသောနေရာမျိုး ဖြစ်သည်။

နောက်ပိုင်းမှာတော့ လူနေသောနေရာနှင့် နီးသော





ကျွန်းညိုကြီးက တောအဖြစ်မှ တဖြည်းဖြည်းလျော့ပါးလာသော်လည်း လူသူအရောက်အပေါက်နည်းသော ဖောင်ဝင်မြစ် ဟိုဘက်မှာရှိကြသည့် မိန်းမလှကျွန်း အပါအဝင် သစ်တောကြီးများကတော့ အမိကရသစ်တောကြီးများအဖြစ် (၁၉၅၀)ပြည့် နောက်ပိုင်းကာလအထိ တည်ရှိခဲ့ကြသည်။

ထိုအချိန်က သစ်တောများအတွင်း ဝင်ရောက်အလုပ်လုပ်ကြသည့် တောတက်သမားတို့မှာ အစိုးရမင်းများ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာကြရသလို . . သစ်တောကြီးများနှင့် ပတ်သက်သော သဘာဝစည်းကမ်းများ သတ်မှတ်ချက်(ကန့်သတ်ချက်)များကိုလည်း မပြုလုပ်ရပေ။ အကယ်၍ပြုလုပ်မိပါက ဘေးအန္တရာယ် အမျိုးမျိုးနှင့်တွေ့ကာ အသက်သေဆုံးကြရသည်။

ရှေးအခါက မြစ်ဝကျွန်းပေါ် သစ်တောများထဲတွင် တောကောင်ကြီးများက မြို့ရွာများ၌ ခွေးကြောင်များပေါသလိုမျိုး ပေါများသည်။

တောထဲမှာ အများအယွင်း တစ်စုံတခု ပြုလုပ်မိပါက တောကောင်များက ချက်ချင်းရောက်လာတတ်သည်။

တောထဲမှာ ကျားပေါသလို မြစ်ထဲမှာလည်း မိကျောင်းအလွန်ပေါသည်။

မိကျောင်းကြီးများက မြစ်များထဲတွင် ရေစုန်ရေဆန်မျောနေကြသည်မှာ သစ်တုံးများမြင်ရသကဲ့သို့ ရှိသည်။

အများအယွင်းတစ်ခုခု ပြုလုပ်မိပါက မိကျောင်းက လှ



www.burmeseclassic.com

www.burmeseclassic.com



နံဘေးသို့ ချက်ချင်းရောက်လာတော့သည်။

ထို့ထက်ပိုပြီး ကြောက်စရာကောင်းသော အနှောင့်အယှက်ကတော့ ပရလောကသားတို့၏ အနှောင့်အယှက်များပင်ဖြစ်ပေသည်။ ရှေးအခန်းများတွင် ပရလောကသားနှင့် ပတ်သက်သော ဆန်းကြယ်သောအကြောင်းအရာများကို ရွေးချယ်ဖော်ပြ ရေးသားပေးပါမည်။





# အခန်း (၂)

# သေမင်းထံမှအကြွေးယူထားသူ

လွန်ခဲ့သောနှစ် (၁၈၀)အချိန်လောက်က ထိုမှုနက်ရှိုင်းလှသောတောနက်ကြီးများအတွင်းသို့ လူအချို့လာရောက် နေထိုင်ခဲ့ကြဖူးသည်။

အနီးပတ်ဝန်းကျင်မှာ နေထိုင်ကြသော ဒေသခံများတော့မဟုတ်ပေ။ မြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါတို့ပင်ဖြစ်သည်။ မိန်းမလှကျွန်းပေါ်မှ မျောက်တစ်ရာဘုရားမှာ မြို့စားကြီးဗညားဇေယျတည်ထားခဲ့သော ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ်သည်။

မူလစေတီတော်ဘွဲ့ အမည်ရှိဟန်တူသော်လည်း 'မျောက်တစ်ရာစေတီတော်'ဟူ၍သာ လူသိများပါသည်။

အထက်တွင် 'အောင်စကြာ'၊ အလယ်မှာ 'တောင်လက်ယာ'၊ အောက်တွင် 'မျောက်တစ်ရာ'ဆိုသော အမည်များဖြင့် မြို့စားကြီးဗညားဖေယျ၏ ကောင်းမှုတော် စေတီတော်သုံးဆူရှိကြောင်း မှတ်တမ်းများ၌ တွေ့ဖူးသည်။

ရှေးနှစ်ပေါင်းနှစ်ရာခန့်က ဗိုလ်ကလေး(ဘိုကလေး)မြို့ပင် မပေါ်ပေါက်သေးပဲ ကျိုက်ပိမြစ်ဝတွင် သာပေါင်းရွာကြီးသာ ရှိလေသည်။

ဗိုလ်ကလေးမြို့က သက္ကရာဇ် (၁၁၁၉)ခု၊ ခရစ် (၁၇၅၇) ခုနှစ်နောက်ပိုင်း မြို့စားကြီး ဗညားဖေယျနှင့် နောက်လိုက်နောက်ပါများ ရောက်လာခဲ့ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့ကြောင်း ဗိုလ်ကလေး ဦးကြွယ်ရေးသားသော 'ဗိုလ်ကလေးမြို့သမိုင်း' စာအုပ်၌တွေ့ရသည်။

ယခု ဗိုလ်ကလေး(ဘိုကလေး)မြို့တစ်ဖက်ကမ်း၌ ရှိသော သာပေါင်းရွာကြီးမှာ ဗိုလ်ကလေးမြို့ထက် အရင်ပေါ်ပေါက်ခဲ့သော ရွာဟောင်းတစ်ရွာဖြစ်ပေသည်။

ဗိုလ်ကလေးမြို့ အောက်ပိုင်းမှာရှိသော အချို့ရွာများမှာလည်း မြို့စားကြီးနှင့် အတူပါလာသော နောက်လိုက်နောက်ပါများ တည်ထောင်ခဲ့သောရွာများဖြစ်သည်။

ကပ္ပနန်းရွာမှာ စစ်သားများထူထောင်သောရွာ၊ ကဒုံ





ကနီမှာ အငူပေါ်တွင် ပြောင်းရွှေ့တည်သောရွာ၊ ပြင်ဒရယ်မှာ ပင်လယ်ကမ်းခြေသို့ ပြောင်းရွှေ့တည်သောရွာ၊ အမာရွာမှာ အမတ်ကြီးတည်သောရွာ၊ ဇရာရွာမှာ တပ်ကြပ်ကြီးတည်သောရွာဟု အဓိပ္ပါယ်ရှိကြလေသည်။

ယခု မြန်မာအမည်များကဲ့သို့ ဖြစ်နေသော ကပ္ပနန်းရွာ ကဒုံကနီ၊ ဇရာ၊ ပြင်ဒရယ်၊ အမာရွာ စသောအမည်များမှာ မွန်ဘာသာဖြင့် မှည့်ခေါ်ခဲ့သော အမည်များပင်ဖြစ်ပေသည်။

ပြင်ဒရယ်ဟူသောအမည်ကို အစွဲပြုပြီး ထိုနေရာတစ်ဝိုက်မှာ သစ်တောများကို 'ပြင်ဒရယ် သစ်တောကြိုးဝိုင်း' ဟုပင်ခေါ်ဝေါ်ကြသည်။

နောက်ပိုင်းမှာတော့ ပြင်ဒရယ်သစ်တောကြိုးဝိုင်း ဟူသောအမည်ကို အစိုးရသစ်တောမှတ်တမ်းများ၌ပင် ရေးသွင်းဖော်ပြခဲ့ကြသည်။

'ပြင်ဒရယ်'ဟူသောအမည်မှာ ရွာအမည်ပင် ဖြစ်သည်။

ပြင်ဒရယ်ရွာရှိသောနေရာမှာ ပင်လယ်ဝ၌ရှိသည်။

ကဒုံကနီနှင့် မြစ်တစ်ဖက်ကမ်းစီရှိပြီး အမာချောင်းဝအောက်ပိုင်း နေရာလောက်မှာ ဖြစ်ဟန်ရှိသည်။

ရှေးအခါက မြစ်မှာ ယခုလောက်မကျယ်သောကြောင့် နွေရာသီ ရေနည်းသောအချိန်များ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း လှည်းများဖြင့် သွားလာ၍ရနိုင်ကြောင်း ရှေ့မီနောက်မီ ပုဂ္ဂိုလ်များက ပြောကြသည်။

သက္ကရာဇ် (၁၁၁၉)ခု၊ (၁၇၅၇)ခုနှစ်တွင် ကျုံးတုံးဟုခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည့် မွန်မြို့ကြီး ပျက်စီးခဲ့ပြီးနောက် အောက်ဘက်အရပ်ဒေသသို့ လောင်းလှေကြီးတစ်စင်းဖြင့် နောက်လိုက်နောက်ပါ အခြွေအရံများဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့သော မွန်မြို့စားကြီး ဗညားဓမ္မနှင့် နောက်လိုက်နောက်ပါတို့ မူလအခြေစိုက်နေထိုင်ခဲ့သောနေရာမှာ ယခု နေသူရိန်ကုန်းတန်းရှိသော နေရာပင် ဖြစ်ဟန်ရှိသည်။

နေသူရိန်ကုန်းတန်း တည်ရှိသောနေရာမှာ မိန်းမလှကျွန်း တစ်ဖက်ကမ်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် ရှေးလူတို့ အခြေချနေထိုင်ခဲ့သော အထောက်အထားလက္ခဏာတို့ကို တွေ့ရသည်။

၎င်းတို့စီးသွားသော လောင်းလှေကြီးအပြင် ရှေးခေတ်အသုံးအဆောင် ပစ္စည်းတို့ကို တွေ့ရခြင်းဖြစ်သည်။

မြို့စားကြီး ကွယ်လွန်သွားခဲ့ပြီး နောက်ပိုင်းမှာတော့ နောက်လိုက်နောက်ပါတို့သည် တစ်နေရာတည်းမှာ စုမနေတော့ပဲ သင့်တော်သောနေရာများကို ရွှေ့ပြောင်းနေကြရင်းမှ ပင်လယ်နှင့်နီးသော နေရာများမှာ မွန်တို့နေထိုင်သောရွာများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရေလွှာအပြင် ရေလွှာနှင့်နီးသော နေရာများမှာလည်း ၎င်းတို့နေထိုင်ခဲ့သော ရွာဟောင်းအချို့ရှိသည်။ မရမ်းချောင်းနှင့် တောက်တာကုန်းဒေသတို့တွင် မွန်လူမျိုးတို့ တည်ဆောက်ခဲ့သော စေတီတော်များ၊ ကျောင်းအိုကြီးများကို တွေ့နိုင်သေးသည်။





မရမ်းချောင်းဖျားပိုင်း၌ရှိသော စေတီဟောင်းကြီးတစ်ဆူမှာ အပြီးမသတ်ခဲ့သော အခြေအနေမျိုးဖြင့် ယခုထက်တိုင်တွေ့နိုင်ပေသည်။

(၁၉၉၄-၉၅)ခုနှစ် ဝန်းကျင်လောက်က ကျွန်တော်ရောက်သွားခဲ့စဉ်က ထူးဆန်းသော အတွေ့အကြုံများ ရရှိခဲ့လေသည်။ ("ရှေးမွန်မြို့ဟောင်းတစ်နေရာ" ဟူသော ခေါင်းစဉ်ဖြင့် ပါရမီမဂ္ဂဇင်း၌ အခန်းဆက်ဆောင်းပါးရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုနေရာမှရရှိခဲ့သော ရှေးဟောင်းပစ္စည်းအချို့ကိုလည်း ရှေးဟောင်း သုတေသနဌာနသို့ သွားရောက်အပ်နှံခဲ့ပေသည်)

နေသူရိန်ဘက်မှ ရွှေ့ပြောင်းခဲ့ကြသူများသည် ပင်လယ်ကမ်းခြေနှင့် နီးသည်ထက် နီးအောင်သွားခဲ့ကြပြီး ပြေးစရာမြေမရှိတော့မှ ထိုဒေသတစ်ဝိုက်တွင်ရှိသော တောများထဲမှာ ကိုယ့်အစုနှင့်ကိုယ် ရွာတည်ထောင်နေခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုအချိန်က ပြင်ဒရယ်ရွာမှာ ပင်လယ်နှင့်နီးသော နေရာများတွင် တည်ထောင်ခဲ့သော ရွာများထဲမှာ အကြီးဆုံး. . . "ရွာကြီးတော့မြို့ဖြစ်"ဆိုသောစကားအတိုင်း ပြင်ဒရယ်ရွာကြီးမှာ လာရောက်နေထိုင်သူများသဖြင့် မြို့ငယ်တမျှ စည်ကားခဲ့သည်ဟု အဆိုရှိသည်။

နောက်တော့ ပင်လယ်ဘက်မှ တက်လာသော လှိုင်းလုံးကြီးများက ပြင်ဒရယ်ရွာကြီးတစ်ရွာလုံးကို ဖုံးအုပ်ပြီး ပင်လယ်ထဲသို့ တစ်ပါတည်းဆွဲယူသွားခဲ့ပေသည်။

(ယခုကာလကြုံတွေ့ရသော နာဂစ်မုန်တိုင်း၊ ဆူနာမီရေ



www.burmeseclassic.com

www.burmeseclassic.com

လှိုင်းကြီးမျိုးဖြစ်ပေလိမ့်မည်။) နေ့မြင်ညပျောက် ဆိုသကဲ့သို့ ယခင်ရက်များက ကြက်ပျံမကျစည်ကားခဲ့သော ရွာကြီးမှာ. . မုန်တိုင်းစဲပြီး ဒီရေလှိုင်းကြီးများ ပြန်ဆင်းသွားသောအခါ သောင်ပြင်ပေါ်မှာအစအနမျှပင် မကျန်ခဲ့တော့ပေ။

ကဒုံကနိဘက်ကမ်း၌ နေထိုင်ကြသူတို့မှာလည်း တအံ့တသြဖြစ်ကြရုံမှလွဲပြီး ဘာမှမတတ်နိုင်ကြတော့ပဲ ရှိလေသည်။ ပြင်ဒရယ်သောင်ဘက်မှာ ရွာကြီးတစ်ရွာလုံး ကွယ်ပျောက်သွားခဲ့သော်လည်း. . . နောက်ပိုင်းမှာတော့ ထူးခြားမှုများကြုံတွေ့ရသည်။

ညအချိန်ရောက်လာလျှင် ရွာဟောင်းကြီးရှိသော နေရာဘက်မှမီးရောင်များ မြင်တွေ့ရခြင်း၊ ဆူဆူညံညံအသံများကို ကြားကြရသည်။

ဆောင်းရာသီနှင့် နွေရာသီတို့တွင် အထက်ပိုင်းအရပ်ဒေသများ၌ နေကြသူများသည် လှေများဖြင့် အုပ်စုဖွဲ့ပြီး ပင်လယ်ဝအရပ်ဒေသများသို့ မျှင်ထိုးဆင်းလာကြသည်။

မျှင်ဆိုသည်မှာ မျှင်ငါးပိပြုလုပ်သော ပုဇွန်သေးများပင်ဖြစ်သည်။

ကမ်းခြေနှင့် မနီးမဝေးတွင် ဂါးဖောင်ဖြင့်သော်လည်းကောင်း၊ ရင်တွန်းပိုက်ဖြင့်သော်လည်းကောင်း ဖမ်းဆီးယူကြသည်။

အထက်ပိုင်းဒေသများမှာ လှေငယ်များဖြင့် အုပ်စုဖွဲ့ပြီး ဆင်းလာကြရာ စုမိသောအခါ လှေအစင်းပေါင်း (၉၀-၁၀၀)အ





ထိများပြားလေသည်။

ပင်လယ်ဝရောက်တော့မှ ကိုယ့်အစုနှင့် ကိုယ်နေရာခွဲပြီး စတည်းချကြခြင်းဖြစ်ပေသည်။

အချို့က ရောဘက်မှရှိသောသောင်များသို့ သွားရောက်ကြသည်။ အချို့က ကဒုံဘက်မှာရှိသော သောင်တန်းများမှာနေကြသည်။

အချို့ကတော့ အမာဘက်မှသောင်များ၌ နေရာယူပြီး မျှင်ထိုးကြသည်။

သူတို့သည်စခန်းချသော နေရာရောက်ပါက လှေထဲမှာ မနေတော့ပဲ ကမ်းပေါ်မှာတက်ပြီး နေကြသည်။ တောထဲမှ သစ်သားနှင့်ဓနိများကို အသုံးပြုသော ယာယီတဲများထိုးပြီး နေကြခြင်းဖြစ်သည်။

(၁၉၁၂)ခုနှစ် ဝန်းကျင်လောက်က အောက်ပိုင်းဒေသများမှာနေထိုင်သူဦးရေ မများလှသေးပေ။ ထိုအချိန်က ဗိုလ်တလေးမြို့ (ဘိုကလေး)မြို့ပေါ်၌ပင် အိမ်ခြေပေါင်း(၅၀၀)ခန့်ရှိပြီး နေထိုင်သူလူဦးရေ (၃၂၇၉)ဦးသာရှိကြောင်း မှတ်တမ်းများ၌တွေ့ရသည်။

သို့ကြောင့် ပင်လယ်ပိုင်းဒေသများဖြစ်ကြသော ကဒုံ၊ ရော၊ အမာ စသောရွာများမှာ နေထိုင်သူလူဦးရေမှာ ရာဂဏန်းသာရှိပေသည်။

အထက်ပိုင်းမှ မျှင်ပုဇွန်ထိုးရန် ဆင်းလာသော လှေအုပ်စုမှာ ပင်လယ်ဝသို့ရောက်သောအခါ သင့်တော်ရာနေရာများ



www.burmeseclassic.com

www.burmeseclassic.com



သို့ လူစုခွဲပြီးလုပ်ကိုင်ကြသည်။

ဆောင်းရာသီနှင့် နွေရာသီတစ်ရာသီလုံး မျှင်ပုစွန်ဖမ်းသောအလုပ် လုပ်ကြပြီး မိုးဦးကျရာသီရောက်လာတော့ ရသမျှ ပစ္စည်းတို့ကို ထုပ်ပိုးယူငင်ပြီး မိမိတို့အရပ်ဒေသသို့ ပြန်သွားကြသည်။

မိုးရာသီကုန်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ရောက်လာပြီး လေမိုးကင်းသွားပါက လှေများဖြင့် အုပ်စုခွဲကာ ပင်လယ်ဝဘက်သို့ ဆင်းလာကြပြန်သည်။

ဤသို့ဖြင့် ငါးဖမ်းသူတို့ဘဝများမှာ တစ်နှစ်ပြီးတစ်နှစ် သံသရာလည်နေကြလေတော့သည်။

နေရာဒေသအသီးသီးမှ ဆင်းလာကြရာ ဆင်းလာကြရာပင်လယ်ပိုင်းဒေသသို့ရောက်သောအခါ လှေအစင်းပေါင်း (၉၀-၁၀၀)ထက်မနည်း ရှိကြသည်။

ထိုအခါတစ်နေရာတည်းမှာ စုနေပါက အကျိုးမရှိသောကြောင့် နေရာခွဲပြီးလုပ်ကိုင်ကြသည်။ အချို့က ရော၊ အချို့က ကဒ့်၊ အချို့က အမာဘက်မှ သောင်တန်းများတွင်စခန်းချကြသည်။

အများအားဖြင့်တော့. . သောင်တန်းရှိသောနေရာ၊ သောင်တန်းနှင့်နီးသောနေရာများ၌ စခန်းချသည်က များလေသည်။

လွန်ခဲ့သောနှစ်များကတော့ အချို့ဓါတ်မသိသူများက အမာချောင်းဝ၌ရှိသော သောင်တန်းများပေါ်မှာ စခန်းချ နေ





ထိုင်ကြသည်။

အမာရွာက ချောင်းတွင်းပိုင်း၌ရှိသောကြောင့် ချောင်းဝဘက်မှာတော့ သောင်တန်းများနှင့် သစ်တောများသာရှိသည်။ ထိုကဲ့သို့မသိဘဲ လာရောက်စခန်းချကြသူများမှာ ကြာရှည်မနေနိုင်ကြပဲ. . ထိုနေရာရောက်ပြီး တစ်ရက်နှစ်ရက်ကြာသည်နှင့် ပြောင်းပြေးကြရသည်။

အခြားကြောင့်တော့မဟုတ်ပေ။

ပရလောကသားများ ခြောက်လှန့်မှုများကြောင့်ပင် ဖြစ်ပေသည်။

ညအချိန်ရောက်လာသည်နှင့် လူမရှိသော တောရှိရာဘက်မှဆူဆူညံညံနှင့် လူသံသူသံကြားရခြင်း၊ တစ်ခါတစ်ရံ. . သောင်ပြင်ပေါ်မှာ မီးရောင်များ လင်းထိန်နေသည်ကို မြင်တွေ့ရခြင်း၊ ထို့ထက်ပိုဆိုးသည်က ထိုနေရာ၌ ဆက်မနေနိုင်အောင် ပရလောကသားများက လာရောက် ခြောက်လှန့်ကြခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ထိုသို့လာရောက်ခြောက်လှန့်သောအခါ. . အချို့ကတော့ မနေဝံ့ကြသဖြင့် ရွှေ့ပြောင်းပြေးကြသည်။ အချို့လည်း ခေါင်းမာသဖြင့် ဆက်နေသည်မျိုးလည်းရှိသည်။ ထိုသို့ဆက်နေလျှင်တော့ အသက်အန္တရာယ်ဘေးနှင့်တွေ့ကာ သေကြရသည်။

တစ်ခါက သိန်းရွှေဆိုသောလူတစ်ယောက် ကြုံတွေ့ရသောအဖြစ်အပျက်တစ်ခုကို ဖော်ပြပါမည်။

သိန်းရွှေတို့က ကိုင်းတောရွာဘက်မှ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းတောရွာမှာ ဝိုလ်ကလေး(ဘိုကလေး)မြို့အောက်ဘက်တွင်ရှိပြီး လူမိုက်ပေါသော နေရာမျိုးဖြစ်သည်။

သိန်းရွှေကအသက်(၃၀)ကျော်သာရှိသေးပြီး အရက်ကိုမပြတ်သောက်လျက် ပေပေတေတေနေတတ်သူဖြစ်သည်။ သူသည် ရွာမှာနေစဉ်က ကျပန်းအလုပ် လုပ်စားသူတစ်ယောက်ဖြစ်သည်။

တစ်နေ့တော့ အရက်သောက်ရင်းနှင့် ထွန်းဖေဆိုသူနှင့်တွေ့သည်။

"မင်း ဒီမှာအလုပ်မကောင်းရင် ငါတို့နဲ့ အောက်ဘက်မှာ မျှင်ထိုးလိုက်ခဲ့ပါလား"

"ငါ့မှာ လှေနဲ့ပိုက်မှမရှိတာ"

"မင်းလုပ်မယ်ဆိုရင် လှေနဲ့ပိုက်ကို ကြွေးနဲ့ရအောင် ငါပြောပေးမယ်"

"ဒီလိုရရင်တော့ လိုက်ခဲ့မယ်"

ဟုပြောသဖြင့်. . ထွန်းဖေက တာဝန်ခံပြီး ပြောပေးရာလှေတစ်စင်းနှင့် ပိုက်ဟောင်းတစ်စုံရလေသည်။ သို့ကြောင့် ထွန်းဖေတို့နှင့်အတူ ပင်လယ်ဘက်သို့ လိုက်လာလေသည်။

သိန်းရွှေနေသော ကိုင်းတောမှာ ကျွန်းညိုကြီးနှင့် နီးသောကြောင့်. . တောနှင့်ပတ်သက်သော အကြောင်းအချို့ကိုတော့ သူသိသည်။

ပင်လယ်ပိုင်းကိုတော့ မရောက်ဖူးသေးသောကြောင့် ကောင်းစွာမသိသေးပေ။





ထွန်းဖေတို့ပါလာသောအဖွဲ့က အမာဘက်ကမ်းမှာရှိသော တောစပ်တစ်နေရာ၌ စခန်းချရန်ဖြစ်သည်။ ယာယီတဲများဆောက်ပြီးတော့မှ အဘိုးကြီးတစ်ယောက် ရောက်လာပြီး လာပြောသည်။

"ဒီနေရာက ငါတို့နေတဲ့နေရာနဲ့ သိပ်နီးနေတယ်၊ တခြားနေရာဘက် ရွှေ့ပေးကြရင်တော့. . သူ့ဘက်ကိုယ့်ဘက် အဆင်ပြေနိုင်တယ်"

အဘိုးကြီးက အသက်အရွယ်ကြီးနေပြီကတစ်ကြောင်းတစ်ယောက်တည်း လာပြောနေခြင်းဖြစ်သောကြောင့် သိန်းရွှေတာဝင်မကျပေ။

"ဒီမှာတဲတွေတောင် ဆောက်ပြီးနေပြီ၊ တဲမဆောက်ခင်ကလာပြောရင်တော့လည်း တစ်မျိုးပေါ့"

"မလွှဲသာလို့ပါ"

အဘိုးကြီးကတော့ အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။ ထိုအခါ လူမိုက်သွေးပါသည်ကတစ်ကြောင်း၊ အရက်ကလည်းထွေနေသည်ကတစ်ကြောင်းကြောင့် မျက်နှာထား ခပ်တင်းတင်းနှင့် ပြန်ပြောလေသည်။

"ခင်ဗျားကဘယ်သူလဲ"

"ဒီနေရာနဲ့သက်ဆိုင်သူပါပဲ"

"ခင်ဗျားတို့ရွာက ဘယ်မှာလဲ"

တောင်တန်းများရှိရာဘက်မှ တောစပ်တစ်နေရာသို့ လက်ညှိုးထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သိန်းရွှေတို့တစ်တွေတ အဘိုးကြီးလက်ညှိုး ထိုးပြသော နေရာဘက်သို့ လှမ်းကြည့်တော့လည်း တဲတစ်လုံးမှ မမြင်ရပေ။ လူမပြောနဲ့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် မတွေ့ရပေ။

"ဒီနေရာက ခင်ဗျားပိုင်တဲ့နေရာလည်း မဟုတ်ဘူး. . . ဘယ်သူမဆိုနေခွင့်ရတာပဲ၊ ကျုပ်တို့လဲ တဲတွေဆောက်ပြီးပြီဆိုတော့ ဒီနေရာမှာပဲ နေကြရမှာပဲ"

"ငါကတော့ ဝတ္တရားရှိတဲ့အတိုင်း လာပြောတာပဲ၊ နေတာမနေတာကတော့ မင်းတို့အပိုင်းပေါ့၊ နောက်ပိုင်း တစ်ခုခု ဖြစ်လာတော့လည်း ကိုယ့်ထိုက်နဲ့ကိုယ်ကံပေါ့"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

သိန်းရွှေတို့လည်း ထိုနေရာမှာပင် ဆက်နေကြကာ မိမိတို့အလုပ်များ ဆက်လုပ်ကြလေသည်။

နောက်ပိုင်းတော့ အနှောင့်အယှက်များ မတွေ့ရသဖြင့် မေ့မေ့ပျောက်ပျောက် ရှိနေကြသည်။

တစ်ရက်မှာတော့ နံနက်စောစောအချိန်တွင် သူတို့နေသောတဲစုများရှိရာသို့ ဈေးသည်နှစ်ယောက် ရောက်လာလေသည်။

တစ်ယောက်က ယောကျ်ား၊ တစ်ယောက်က မိန်းမဖြစ်ပြီး နှစ်ယောက်စလုံး အသက်(၃၀)ပတ်ဝန်းကျင်ခန့်သာ ရှိသေးသည်။ ယောကျ်ားက တောင်းတစ်လုံး၊ မိန်းမက တောင်းတစ်လုံးရွက်သူကရွက်၊ ထမ်းသူကထမ်းလာခြင်းဖြစ်သည်။

နှစ်ယောက်စလုံးကိုယ်ပေါ်၌လည်း သွေးစများ စွန်းပေ





နေလေသည်။

"တောဝက်သား ကောင်းကောင်းပါတယ်၊ ဝယ်ကြဦးမလား"

တဲများရှိသော နေရာရောက်တော့ မိန်းမဖြစ်သူက အသံကျယ်ကျယ်ဖြင့် အော်သည်။

"တောဝက်သားဆိုပါလား"

တဲထဲမှာရှိနေကြသူများ စိတ်ဝင်စားသွားကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုနေရာရောက်မှ အသား၊ ငါးမစားရသည်မှာ ရက်အတော်ကြာပြီဖြစ်သောကြောင့်ပင်. . .

"တောဝက်သား ကောင်းကောင်းပါတယ်"

"တောဝက်သားသည်လာပါဦးဗျို့"

သိန်းရွှေက လှမ်းခေါ်သဖြင့် ဈေးရောင်းသူနှစ်ယောက်က တဲရှေ့သို့ရောက်လာကြကာ တောင်းများကို အောက်သို့ချသည်။ သိန်းရွှေခေါ်သံကြားသောကြောင့် အနီးပတ်ဝန်းကျင်မှာရှိနေကြသူများကပါ လာရောက်ကြည့်ကြသည်။

တောင်းနှစ်လုံးထဲမှာတော့ လတ်လတ်ဆတ်ဆတ်ခုတ်ထည့်ထားသော တောဝက်သားတွဲများရှိနေသည်။ လတ်လတ်ဆတ်ဆတ်ဖြစ်သောကြောင့် သွေးသံရဲရဲနှင့်ပင် ရှိနေသေးသည်။

"တောဝက်က ဘယ်ကရတာလဲ"

"တောထဲမှာ ကိုင်းထောင်လို့ရတာပါ၊ အခုမနက်မှ ဖျက်သူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုယောက်ျားကပြောသည်။

"ဘယ်လိုရောင်းသလဲ"

"တစ်ပိဿာတစ်တွဲကို ငါးမူးပါ"

"ငါးမူးကတော့ ဈေးမများပါဘူး ဒါပေမယ့် ငါတို့မှာ ပိုက်ဆံမပါကြဘူး"

"ရှိတဲ့ငွေနဲ့ဝယ်ပါ ကျန်တာတော့ ကြွေးမှတ်ထားခဲ့ပါမယ်၊ ဘယ်ရက် လာတောင်းရမလဲဆိုတာသာပြောပါ"

"နောက်သုံးရက်လောက်ဆိုရင် လာယူပါ"

"ကောင်းပါပြီ လိုချင်သလောက်သာ ယူကြပါ"

ဟုဈေးရောင်းသူက သဘောကောင်းစွာဖြင့် ပြောသဖြင့် ရှိသမျှဝက်သားတွဲများကို တစ်ယောက်တစ်တွဲစီယူကြလေရာ တက်တက်ပြောင်သွားတော့သည်။

ကြွေးနှင့်သာရလျှင် ဆင်သက်စေ့ဝယ်မည့်သူများ၊ အခုစားရဖို့သာ အရေးကြီးသည်။

ကြွေးရလျှင်ပြီးရော သဘောဖြင့် ယူကြခြင်းဖြစ်သည်။ ထိုနေ့မနက်ပိုင်းကတော့ ဝက်သားဟင်းကို အိမ်တိုင်းစေ့ချက်ကြလေရာ တစ်ရွာလုံး ဟင်းနံ့များ မွှေးနေလေတော့သည်။

သို့သော်လည်း တောဝက်သားဟင်း စားသောက်ပြီးသည်နှင့် စားသူအားလုံး ဗိုက်နာကြလေတော့သည်။

"အောင်မယ်လေး ဗိုက်နာလိုက်တာ"

"ဘယ်လိုဖြစ်တာလဲ၊ ဝက်သားဟင်း စားပြီးကတည်းက တောထဲက ပြန်မထနိုင်အောင်ပါပဲ"





"ဒီနေရာတွေက ဝက်သားစားတာ မကြိုက်လို့များ ဒီလိုဖြစ်တာလား"

"ငါတို့က တကူးတကယူလာပြီး ချက်တာမှမဟုတ်တာ သူတို့လာရောင်းလို့ ချက်စားတာပဲ၊ နောက်ပြီး မြို့ကဝက်လည်း မဟုတ်ပါဘူး"

တချို့ကတော့ ဆင်ခြေပေးသည်။

"နတ်မကြိုက်တာတော့ မဟုတ်ဘူး. . ရေပြောင်းမြေပြောင်းဆိုတော့ ဓါတ်မတည့်တာပဲဖြစ်မှာပါ"

ဟုပြောနေကြစဉ်မှာ ဗိုက်ထဲမှမခံမရပ်နိုင်အောင် နာကြသဖြင့် တောထဲသို့ဝင်၍ ဝမ်းသွားကြရလေသည်။ ထိုသို့ ဝမ်းသွားနေသော်လည်း ၎င်းတို့မှာ ဆေးမပါပေ၊ ဆေးဆရာမပါပေ။

သို့ကြောင့်. . ရောက်စသိပ်မကြာခင်မှာပင် လူအသေအပျောက်ဖြစ်လေတော့သည်။

၎င်းတို့အဖြစ်က သေမင်းထံမှ အကြွေးယူသလိုမျိုး ဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ပြင်ဒရယ်သောင်မှ ဆန်းကြယ်မှုများ

အစားအသောက်များသဖြင့် ပြင်ဒရယ်သောင်တန်းသို့ ရောက်ပြီး ရက်မကြာသေးခင်မှာပင်. . သူတို့နေသောနေရာမှ ကလေးနှစ်ယောက်နှင့် မိန်းမတစ်ယောက် သေသွားခဲ့ပေပြီ။ ထိုသို့ သေတော့လည်း ထွေထွေထူးထူးမလုပ်နိုင်ကြပဲ တောထဲ ယူသွားပြီး မြေမြှုပ်လိုက်ကြရုံသာ တတ်နိုင်ကြသည်။ သရဏဂုံ တင်ခြင်း၊ ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ပရိတ်တရားနာခြင်း၊ အမျှ



www.burmeseclassic.com

www.burmeseclassic.com



အတန်းဝေခြင်းတို့ကိုလည်း မပြုလုပ်နိုင်ကြပေ။

ဒါကြောင့် နေ့အချိန်မှာ အလောင်းမြှုပ်ခဲ့ပြီး ပြန်လာရ ညအချိန်ရောက်သည်နှင့် အလောင်းကောင်က ပြန်ရောက်လာ သည်။

သာခင်ဆိုသူမှာ ဇင်းမိန်းမ မိရွှေသေဆုံးသွားသော ကြောင့် တောထဲမှာ သွားရောက်မြှုပ်နှံလိုက်သည်။ အောက်ပိုင် သို့ဆင်းလာကြစဉ်က လင်မယားနှစ်ယောက်တည်းသာ လာ ရာ. . ယခုတစ်ယောက် သေဆုံးသွားသောကြောင့် သာခင်သ ကျန်ခဲ့တော့သည်။

ထိုနေ့ညပိုင်းက မိရွှေအလောင်းကို တောထဲ၌ သွ ရောက်မြှုပ်နှံခဲ့ပြီး တဲသို့မပြန်သေးဘဲ သိန်းရွှေတို့နှင့် အရ သောက်နေရာ မိုးချုပ်တော့မှ အရက်ဝိုင်းပြီးလေသည်။

"ဒီမိန်းမက အစိမ်းသေသေတာဆိုတော့ ကျွတ်ချ ကျွတ်မယ်၊ မတော်လို့ရောက်လာရင် ခက်မယ်၊ ဒါကြောင့်. . အ ရက်မူးအောင်သောက်ပြီး အိပ်ရမယ်"

ဟုပြောကာ အရက်မူးအောင်သောက်ပြီးမှ ပြန်သွ လေသည်။

သူပြန်သွားသောအချိန်က ညဉ့်ဦးပိုင်းအချိန် ဖြစ် လေပြီ။ တောစပ်မှာထိုးထားသော တဲစုများမှာ မီးရောင်မမြ ပေ။

တစ်နေရာရောက်တော့ လမုတောထဲမှ လမုသီးတ လုံးဖြင့် ပစ်ပေါက်လိုက်သဖြင့် သူ့ကျောသို့လာထိသောကြေ





လှည့်ကြည့်လိုက်သည်။

တောစပ်၌ ကလေးတစ်ယောက်ရပ်နေသည်။

သူရပ်နေသောနေရာနှင့် မဝေးလှသောကြောင့် ပုံပန်း သဏ္ဌာန်ကို ကောင်းစွာမြင်ရလေသည်။

ပထမတော့ မမှတ်မိပေ. . .

သေသေချာချာကြည့်တော့မှ မှတ်မိသွားပြီး ခေါင်းနား ပန်းကြီးသွားလေသည်။

"ဒါ. . မနေ့ကသေသွားတဲ့ ကောင်လေးပါလား"

ထိုသို့တွေးမိစဉ်မှာ. . ရပ်နေသောကောင်လေးက သူ့ ကိုရယ်ပြသည်။

သူကြည့်ရတာ ရယ်နေသည်နှင့် မတူပဲ သွားဖြဲပြနေ သကဲ့သို့ရှိကာ ကြည့်နေရင်းမှ ကြောက်စရာကောင်း လာလေ တော့သည်။

"ဒါ. . ငါ့ကို သရဲခြောက်နေတာဖြစ်မယ်"

ဟုတွေးမိသဖြင့် ထိုနေရာတွင် ဆက်မနေဝံ့သော ကြောင့် ခပ်သုတ်သုတ်ထွက်လာလေသည်။

သူထွက်လာတော့ လမုပင်အောက်မှာ ရပ်နေသော ကောင်လေးက နောက်မှထွက်လိုက်လာသေးသည်။

သူတဲနှင့် မနီးမဝေးရောက်တော့မှ ပျောက်သွားလေ သည်။ တဲပေါက်ဝရောက်သောအခါ မီးရောင်မရှိသောကြောင့် မှောင်နေသည်။

မိန်းမဖြစ်သူက ဝမ်းရောဂါဖြစ်ပြီး သေသွားတာ မကြာ



www.burmeseclassic.com

www.burmeseclassic.com



သေးသောကြောင့် တစ်အိမ်လုံး အနံ့အသက်များက မကောင်းလှပေ။

ပြောရလျှင်တော့ တစ်အိမ်လုံး မသာစော်နံနေလေသည်။ ခါတိုင်း သူပြန်လာလျှင် မိန်းမကို တွေ့ရသော်လည်း . . ယခုမတွေ့ရသောကြောင့် စိတ်မကောင်းဖြစ်မိသေးသည်။

တဲမှာ ယာယီထိုးထားသောကြောင့် အမိုးအကာတို့က ကျိုးတိုးကျဲတဲဖြစ်သည်။

လေးတိုင်စင်တဲဖြစ်ပြီး မျှောသားများကို စီခင်းထားခြင်းဖြစ်သည်။

သာခင်မှာ သရဲကြောက်တတ်သူတော့ မဟုတ်ပေ။ ညအချိန် ငါးပုစွန်ထွက်ရှာလျှင် သရဲနှင့် တွေ့ရတတ်သည်။ သရဲခြောက်ခြင်းကိုလည်း မကြာခဏ ခံခဲ့ရဘူးသည်။ သို့ကြောင့် မကြောက်တတ်ပေ။

ဒါပေမယ့် ယခုတော့ တစ်မျိုးဖြစ်နေသည် ။

စိတ်ထဲမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့နေသကဲ့သို့ရှိနေသည်။ အရက်မူးအောင်သောက်ထားသော်လည်း စိတ်ကသိနေသလိုမျိုး ခံစားနေမိသည်။

"အို . . မိရွှေက ငါ့မိန်းမပဲ . . ၊ သူခြောက်တော့လည်း ကြောက်စရာမှမဟုတ်တာ"

ဟုတစ်ယောက်တည်း စိတ်တင်းပြီး အိမ်ပေါ်သို့ တက်သွားလေသည်။ အပေါ်ရောက်တော့ . . အိမ်အလယ်တိုင်မှာ မှီထိုင်နေသော မည်းမည်းသဏ္ဌာန်ကိုတွေ့ရသည်။





ဆံပင်ဖားလျားချထားသောကြောင့် သူ့မိန်းမမိရွှေနှင့်တူသည်ဟုတော့ စိတ်ထဲမှထင်လိုက်သည်။

အိမ်ထဲမှာလည်း မသာနံ့များက လှိုင်နေသည်။

ဝမ်းရောဂါဖြစ်သော အနံ့များနှင့် လူသေအနံ့များဖြစ်သည်။

"နင် . . ဘယ် . . ဘယ်သူလဲ"

သာခင်ကမေးလိုက်သည်။

"မိရွှေပါ"

"နင် သေပြီမဟုတ်လား၊ ဘယ်လိုပြန်ရောက်လာတာလဲ"

"ကျုပ် သတိမေ့နေတာပါ သေတာမဟုတ်ပါဘူး၊ တော်တို့ကသေပြီးထင်ပြီး မြေမြှုပ်ခဲ့ပေမယ့် မသေသေးတော့ သတိပြန်ရတဲ့အချိန်မှာ ပြန်ထလာတာပေါ့"

ဟု မိရွှေက နောက်သို့လှည့်မကြည့်ပဲနှင့် ပြောသည်။

"တော်ပါသေးရဲ့ဟာ၊ ငါက နင်တကယ်သေပြီထင်လို့ စိတ်ညစ်နေတာ"

ဟုပြောပြီး မိရွှေထိုင်နေသောနေရာသို့ လျှောက်သွားလေသည်။

အနားရောက်တော့ မိရွှေက တစ်ချက်မော့ကြည့်သည်။ အမှောင်ထဲမှာဖြစ်သောကြောင့် မျက်နှာကိုသဲသဲကွဲကွဲ မမြင်ရပေ။

"နင်ကလည်း အိမ်ပြန်ရောက်တာပဲ ဒီအတိုင်းမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာထိုင်နေရသလား မီးခွက်ကလေးဘာလေး ထွန်းမှပေါ့”

တုပြောရင်း မီးခွက်ထွန်းရန် မီးခွက်နှင့် မီးခြစ်ရှာသည်။

“အို. . မထွန်းပါနဲ့”

ဟုလှမ်းတားသည်။

“ဟင်. . နင့် အသံကလည်း တစ်မျိုးကြီးပါလား”

“ဖြစ်မှာပေါ့၊ မြေပုံထဲက ထလာမှတော့ အသံပျက်ရောပေါ့၊ ဒါတင်ဘယ်ကပါ့မလဲ ကျုပ်ရုပ်လည်းကြည့်ပါဦး”

ဟုပြောပြီး မျက်နှာကိုမော့ပြရာ သာခင်ကငုံ့ကြည့်လိုက်သည်။ ဒီတော့မှ မိရွှေမျက်နှာမှာ လူမျက်နှာနှင့်မတူပဲ လူသေကောင်မျက်နှာကြီးဖြစ်နေသည်ကို သတိပြုမိလေသည်။

“အောင်မလေးဗျ၊ မိရွှေ သရဲဘဝရောက်ပြီး ငါ့ကိုလာခြောက်နေပြီ”

ဟုအော်ဟစ်ကာ တဲပေါ်မှ ဆင်းပြေးရန်ကြိုးစားလေတော့သည်။ သို့သော်မရတော့ပေ။

သာခင်နေသောတဲဘက်မှ စူးစူးဝါးဝါးအော်သံကြားရတော့မှ အနီးပတ်ဝန်းကျင်ရှိတဲများ မှမီးခွက်မီးတိုင်များကိုင်ပြီးလာကြည့်ကြသည်။

သူတို့ရောက်လာတော့ သာခင်တစ်ယောက် တဲပေါ်မှာ ရုပ်ပျက်ဆင်းပျက်နှင့် အသက်ပျောက်နေသည်ကို. . တွေ့ကြရလေတော့သည်။

ကျန်အဖော်များလည်း ဘာမှမတတ်သာတော့ပေ. . နောက်တစ်နေ့မှာတော့ သာခင့်အလောင်းကို တောထဲမှာသွား





မြှုပ်လိုက်ကြသည်။

ထိုကဲ့သို့ လူအသေအပျောက် ရှိလာသောအခါ သူတို့နှင့်အတူပါလာသော ‘ဦးခွေး’ကပြောသည်။

“ငါတို့ ဒီနေရာမှာ ဆက်နေလို့တော့ မသင့်တော့ဘူး၊ တခြားနေရာ ရွှေ့ပြောင်းကြရင် မကောင်းဘူးလား”

ထိုသို့ပြောသည်ကို ကျန်လူများကပါ သဘောတူကြသဖြင့် နောက်တစ်နေရာသို့ ရွှေ့ပြောင်းရန် တဲများကို ပြန်ဖျက်နေကြစဉ်မှာ တောဝက်သားရောင်းသောလင်မယား ရောက်လာကြသည်။

“ဘယ်ပြောင်းကြမလို့လဲ. . ကျုပ်တို့ဆီက ယူထားတဲ့ တောဝက်သားဖိုး အကြွေးပေးခဲ့ကြဦးလေ”

ထိုသို့ကြွေးလာတောင်းသဖြင့် အားလုံးမျက်လုံးပြူးသွားကြလေသည်။

ဝင်းတို့လာရောင်းသော တောဝက်သားကို ချက်စားကြရာမှ ဝမ်းလျှောသူလျှော သေသူသေနှင့် ဖြစ်ခဲ့ကြသောကြောင့် အလုပ်မဆင်းနိုင်ကြပေ။

ဝက်သားဖိုးပေးရန်လည်း မရှိကြသေးပေ။

ထိုသို့ ဝက်သားဖိုးလာတောင်းသောအခါ သတ္တိကောင်းသော သိန်းရွှေကပင် ရှေ့သို့ထွက်ပြောလေသည်။

“မင်းတို့လာရောင်းတဲ့ တောဝက်သား ချက်စားပြီးကတည်းက ဝမ်းပျက်ပြီး လူတွေသေကြတယ်”

“အဲဒါ ငါတို့နဲ့မဆိုင်ဘူး၊ ဝက်သားဖိုးပေးစရာရှိတဲ့ ကြွေး



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ပေးပါ”

ယောက်ျားဖြစ်သူက ဓါးတစ်လက်ကိုင်ထားသော သိန်းရွှေကို ဝရုမစိုက်ပဲ သူ့ရစရာရှိသော ကြွေးကိုသာတောင်းသည်။

“မင်းတို့ကြွေးကို ပေးစရာလည်း ပိုက်ဆံမရှိဘူး၊ ပေးလည်းမပေးနိုင်တော့ဘူး၊ ငါတို့လည်း. . ဒီနေရာက ပြောင်းကြတော့မယ်”

“မင်းတို့မပေးရင် ရတာကို ကြွေးနဲ့သိမ်းယူရမှာပဲ”

ထိုစကားကြောင့် သိန်းရွှေက ရယ်လိုက်သည်။

“ငါတို့မှာ လှေနဲ့ငါးဖမ်းပိုက်ပဲပါတယ်၊ အဲဒါတော့ မပေးနိုင်ဘူး ကျန်တာတော့ ယူချင်လည်းယူပေါ့ကွာ”

“မင်းတို့ပေးရင်တောင် လှေနဲ့ပိုက်ကို ငါတို့က မယူပါဘူး”

“ဒါဖြင့် ဘာယူစရာ ရှိသေးလို့လဲ”

သိန်းရွှေက ပြုံးဖြီးဖြီးဖြင့် မေးလိုက်သည်။

“မင်းတို့ရဲ့ အသက်ကိုပဲယူမှာ”

“ဟင်”

ထိုစကားကြားသောအခါ သိန်းရွှေမျက်နှာမှာ ရယ်နေရာမှ ရုပ်တန့်သွားပြီး တအံ့တသြဖြစ်သွားလေသည်။ နံဘေးနားမှာ ရပ်နေသူများလည်း မျက်လုံးပြူးသွားကြသည်။

“ဘာစကားပြောတာလဲ၊ ဓါးစာမိချင်လို့လား”

“ငါတို့က အမှန်ပြောတာပဲ၊ သူတစ်ပါးဆီက ကြွေးယူပြီး ပြန်ဆပ်ရတယ်၊ မင်းတို့လူတွေမပြောနဲ့. ပရလောကမှာနေတဲ့





သူတွေတောင် အဆင်မသင့်ရင် တခြားသူဆီက ငွေချေးတန်ချေးယူရတယ်၊ အစားအသောက် ကြွေးယူတန်ယူရတယ်”

ဝက်သားရောင်းသူက သိန်းရွှေ့ရှေ့မှာရပ်ပြီး မကြောက်မရွံ့ပြောပြနေရာ သိန်းရွှေအပါအဝင် အားလုံးမှာ မျက်လုံးအပြူးသားနှင့် နားထောင်နေကြရသည်။

“ဒါပေမယ့် ပရလောကရောက်နေတဲ့ သူတွေက တခြားသာ မရှိရင်နေမယ် သစ္စာတော့ရှိတယ်၊ ဝဋ်ကြွေး ရှိရင်လည်း ချေတယ်၊ သူတစ်ပါးရဲ့ ကြွေးပေးစရာရှိနေရင်လည်း တစ်ပြားတစ်ချပ်မှ မကျန်ရအောင် ပြန်ပေးလေ့ရှိတယ်”

“မင်း. . မင်းကဘယ်သူလဲ”

“ငါက ဝက်သားရောင်းတဲ့ လူပဲ၊ ငါတို့ဝက်သားကြွေး ပေးပါ”

“အို. . ဘာတွေလာပြောနေမှန်းမသိဘူး၊ ဒီမှာစိတ်ရှုပ်နေကြတဲ့အထဲ၊ သွားစမ်းသွား. . မသွားရင် ငါ ဓါးနဲ့ခုတ်မိလိမ့်မယ်”

ဟုကြိမ်းတော့ လင်မယားနှစ်ယောက်စလုံး ဘာမှပြန်မပြောကြတော့ပဲ တောထဲမြန်ဝင်သွားကြလေသည်။

သိန်းရွှေတို့တစ်တွေလည်း ထွေထွေထူးထူး တွေးတောမနေတော့ပဲ ဖျက်လက်စတဲများကို ပြီးအောင်ဖျက်ပြီး အခြားနေရာသို့ ပြောင်းရွှေ့ရန်ပြင်ကြလေသည်။

တဲဖျက်ပြီးသောအခါ ပစ္စည်းများကို ကမ်းစပ်မှာ တင်ထားသော လှေများပေါ်သို့ တင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေများက သောင်ပေါ်ဆွဲတင်ထားသောကြောင့် ချက်ချင်းထွက်၍မရသေးပေ။

ညဉ့်ဦးပိုင်းရေတက်လာပြီး လှေအောက်သို့ရေရောက်တော့မှ ထွက်၍ရပေမည်။

သို့ကြောင့်. . ရေတက်လာသည်အထိ စောင့်နေကြရသည်။

လဆန်းရက်ဖြစ်သောကြောင့် ညဉ့်ဦးပိုင်းအချိန်တွင် ဒီရေစတက်လာသည်။

သောင်ပြင်တလျှောက်တွင် ဒီလှိုင်းတက်သော အသံများ ကြားကြရသည်။

ညဉ့်ဦးပိုင်းအချိန်တွင်. . လရောင်မထွက်သေးသောကြောင့် ပတ်ဝန်းကျင်မှာ မှောင်နေသည်။

ထိုအခိုက်မှာပင် တောထဲမှ လူသံသူသံများကြားလာရသည်။ မီးရောင်များလည်း မြင်ရသည်။

ခဏကြာတော့ တောထဲမှ လူတစ်စုထွက်လာသည်

ထိုလူများထဲမှာ အချို့က. . မီးတုတ်မီးတိုင်များပါလာသောကြောင့် အလင်းရောင်များရနေသည်။

တောထဲမှ ထွက်လာသူများမှာ သောင်စပ်နားမှာ ထိုင်နေသော သိန်းရွှေတို့ လူစုများကို ဂရုမစိုက်ပဲ သူတို့အချင်းချင်း စကားတပြောပြောနှင့် ပြင်ဒရယ်ရွာဟောင်းကြီးရှိသော နေရာဘက်သို့ လျှောက်သွားကြသည်။ မီးရောင်များပါသည့်အတွက် ကြောင်း ၎င်းတို့နှင့် မနီးမဝေးနေရာမှ လျှောက်သွားကြခြင်းဖြစ်





သောကြောင့် မျက်နှာနှင့် ပုံပန်းသဏ္ဌာန်တို့ကို မြင်နေရသည်။

၎င်းတို့ဝတ်ဆင်ထားသော အဝတ်အစားများမှာ ရှေးခေတ်ကဝတ်သော အဝတ်အစားများဖြစ်သည်။

ယောက်ျားများက သျှောင်တစောင်းထုံးထားပြီး မိန်းမများက ဘီးဆံပတ် ဆံထုံးများနှင့် ဖြစ်သည်။

မိန်းမပျို မိန်းမငယ်များက ဆံရစ်ဝိုင်း ဆံတောက်များနှင့်ဖြစ်သည်။

အချို့ကရွှေငွေလက်ဝတ်ရတနာများ ဝတ်ဆင်ထားကြရာ မီးရောင်ကြောင့် တဖျပ်ဖျပ်တောက်ပလျှက်ရှိသည်။

မီးတိုင်တစ်တိုင်ကိုကိုင်ကာ. . ရှေ့ဆုံးမှ လျှောက်သွားသော အဘိုးကြီးမှာ သိန်းရွှေတို့တဲဆောက်သည့်နေ့က လာပြောသော အဘိုးကြီးဖြစ်သည်။

ထိုလူများထဲမှာ သူတို့မမြင်ဖူးသူ အတော်များသော်လည်း မြင်ဖူးတွေ့ဖူးသူများလည်း ပါသည်။ တောဝက်သား လာရောင်းသော လင်မယားလည်း ထိုလူအုပ်ထဲမှာပါလာသည်။

ထို့ပြင် သိန်းရွှေတို့အုပ်စုမှ သေသွားသဖြင့် တောထဲမှာ သွားရောက်မြှုပ်နှံခဲ့သူများပင် ပြန်ပါလာသည်။

မကြာသေးခင်ကမှ သေသွားသော သာခင်နှင့် မိရွှေတို့ လင်မယားနှစ်ယောက်ကိုလည်း တွေ့ရသည်။

အခြားသူများနှင့် ကလေးများလည်း ပါလာကြသည်။ ၎င်းတို့က သိန်းရွှေတို့ ထိုင်နေသည်ကိုမြင်သောအခါ နှုတ်ဆက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိန်းရွှေတို့ ထွန်းဖေတို့ မင်းတို့ ဒီနေရာကပြောင်း တော့မလို့လား၊ မသွားခင် ငါတို့လာပြီး နှုတ်ဆက်ကြဦးမယ်ပေ့

ဟု သူတို့ကြားအောင် အော်ပြောသွားကြသည်။ ထို အော်ပြောပြီး ဆက်လျှောက်သွားကြရာ အတော်ဝေးဝေး နေရာ သို့ရောက်သောအခါ. . မီးရောင်လည်းပျောက် လူတွေလည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ သိန်းရွှေတို့မှာ အချင်းချင်းပြောဆိုကြသည်

"သာခင်နဲ့ မိရွှေတို့က လာပြီးနှုတ်ဆက်ကြဦးမယ် သူတို့က သေသွားကြတဲ့သူတွေပဲ"

"ငါတို့ကို သရဲခြောက်နေတာ ဖြစ်မှာပေါ့၊ တော်ကြ သူတို့အပြင် ဟိုဝက်သားရောင်းတဲ့ လင်မယားပါ ပါလာရင်တော့ အခက်ပဲ"

"ငါတော့ ဒီနေရာက မြန်မြန်ထွက်ပြေးချင်လှပြီ၊ ကလည်း အခုထိမတက်သေးဘူး"

ဟုညည်းညူပြောဆိုနေစဉ် ရေကတဖြည်းဖြည်းတ လာရာ. . လှေဝမ်းဗိုက်အောက်သို့ ရေရောက်လာလေတော့ သည်။ ထိုအခါ အချို့လှေများကို လူအင်အားဖြင့် တွန်းချ သည်။ သို့သော်. . မရွေ့ပေ။

အမှန်ဆိုလျှင် လှေဝမ်းဗိုက်အောက် ရေရောက်သည်နှ လူများများနှင့် တွန်းချသောအခါ အောက်သို့ရောက်သွားရမည် ဖြစ်သော်လည်း မရောက်ပေ။

"ငါတို့လှေ ဘာကြောင့်နေရာမရွေ့တာလဲ"





"ကြိုးမဖြုတ်မိပဲ တွန်းနေလို့လား သေသေချာချာကြည့် ဦး"

ဟု တစ်ယောက်ကပြောသဖြင့် သေချာအောင် လိုက် ကြည့်သောအခါ ၎င်းတို့လူများအပြင် လှေကိုလှမ်းဆွဲထားသော က်အပိုတစ်ချောင်းကို တွေ့သွားလေသည်။

"ဟ. . ဒီမှာလက်တစ်ဖက်ပါလား ဒါဘယ်သူ့လက်လဲ"

လှေတွန်းနေသူများက မိမိတို့လက်များကို အသီးသီး တ်လိုက်သောအခါ လှေနံကို ကိုင်ဆွဲထားသော လက်တစ်ဖက် ကိုတွေ့ကြရသည်။

"ဒါ ဘယ်သူ့လက်လဲ"

"ငါ့လက်"

မနီးမဝေးနေရာမှ အသံတစ်သံကြားလိုက်ရသဖြင့်လှမ်း ကြည့်သောအခါ အမှောင်ထဲမှာရပ်နေသော မည်းမည်းသဏ္ဌာန် ကိုတွေ့ကြရသည်။

ရပ်နေသူက လှေနှင့်အတော်ဝေးသော်လည်း ၎င်း လက်တစ်ဖက်က လှေနံကိုလာဆွဲထားသည်။

"မင်းဘယ်သူလဲ၊ ဘာကြောင့် လှေကိုဆွဲထားတာလဲ"

"ငါတို့ကြွေးမပေးရင် ဒီနေရာက သွားလို့မရဘူး"

ထိုသို့ပြောတော့မှ ဝက်သားအကြွေး လာတောင်းနေ သိရလေတော့သည်။

"မင်းတို့က လူတွေမှမဟုတ်တာ"

ပြောပြောဆိုဆိုနှင့် သိန်းရွှေက. . မနီးမဝေးမှာ ချထား



www.burmeseclassic.com

www.burmeseclassic.com



သောမါးကို ကောက်ယူပြီး လှေနံကိုင်ထားသော လက်တစ်ဖက်
ကို ဓါးဖြင့်ခုတ်ဖြတ်ချလိုက်သည်။

"ဒုတ်"

အသံမြည်သွားပြီး လက်ကပြတ်ကျသွားလေသည်။

သို့သော်လည်း ထိုမျှနှင့် ပြီးမသွားပေ။

ရေထဲမှသော်လည်းကောင်း၊ တောစပ်မှသော်လည်း
ကောင်း ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်များဖြစ်
သည်။ သရဲ၊ သဘက်၊ ကျွတ်၊ မှင်စာ စသည်တို့ထွက်လာကြ
သတ္တိကောင်းပါသည်ဆိုသူများက ရှေ့ဆုံးမှ ထွက်ပြေးကြသော
အခါ နောက်မှလူများလည်း ခြေဦးတည့်ရာ ပြေးကြလေတော့
သည်။

ထိုညက အလင်းရောင်မှုန်ဝါးဝါးအောက်၌ ပြေးလွှား
နေကြသူများ၊ ငယ်သံပါအောင်အော်လိုက်သော ကယ်ပါယူ
အသံများကို မြစ်ထဲမှာသွားလာနေကြသည့် ငါးပုစွန်ဖမ်းနေကြ
သော လှေပေါ်မှ လူများက မြင်ကြရသည်။ ကြားကြရသည်။

သို့သော်လည်း မည်သူမှတော့ အနားမသွားဝံ့ကြပေ
နောက်တစ်နေ့ နံနက်ပိုင်းရောက်တော့ ပြင်ဒရယ်သောင်ပြ
ပေါ်မှာ တင်နေသော လှေနှင့်ပိုက်များကိုသာ တွေ့ရပြီး လူမျာ
ကိုတော့ တစ်ယောက်တလေမှ မတွေ့ကြရတော့ပေ။





# အခန်း (၄)

# သူသေကာန်း၌ ခေါင်းအုံးအိပ်ကြရခြင်း

အချိန်က ညဥ့်ဦးပိုင်းအချိန် ရောက်နေပေပြီ၊

လဆန်းရက်ဖြစ်သောကြောင့် လရောင်ကဖောင်ဝင်မြစ်
ပါသို့ မှုန်ဝါးဝါးကျဆင်းနေလေသည်။

ကမ်းဘေးတစ်ဘက်တစ်ချက်တွင် ကနစိုသစ်တောကြီး
များ ညို့နေအောင် ကောင်းနေသဖြင့် လ၏ အလင်းရောင်က
စိမ့်ရှိုးတလျှောက်မှာသာ လင်းနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှကြည့်လျှင်တော့ မြစ်ရိုးတစ်လျှောက်မှာ ရွှေ
တစ်ကောင်ကဲ့သို့ ကွေ့ကောက်စွာ ရှိနေလေသည်။

အမှန်တော့ မိန်းမလှကျွန်းတစ်ကျွန်းလုံးကို ဖောင်ဝင်
မြစ်က အရှေ့အနောက် ရစ်ခွေပတ်ထားခြင်းဖြစ်သည်။

မိန်းမလှကျွန်းဆုံးတော့ မြစ်နှစ်ကြောင်းပေါင်းဆုံသွာ
ကာမြစ်ကျယ်ကြီး ဖြစ်သွားလေသည်။

ထိုနေရာဘက်ရောက်တော့ လှိုင်းအနည်းငယ်ရှိသည်

မိန်းမလှကျွန်းထိပ်မှ တောင်ဘက်သို့ မျှော်ကြည့်ပါက
ကပ္ပလီပင်လယ်ဝကို မှုန်ပျပျလှမ်းမြင်နေရပြီ။

ယခုအခါမှာတော့ မြစ်ရိုးတစ်လျှောက်မှာ ဝါးဖော
တန်းများရှိနေသော်လည်း ရှေးအခါကတော့ ထိုသို့မရှိပေ။

သို့သော်လည်း . . ဖောင်ဝင်မြစ်(ဗိုလ်ကလေးမြစ်)
နောက်ဘက်ကမ်းမှာရှိသော ချောင်းပြကြီးနှင့် ရေကျော်ကြီး
အမည်တွင်သော ချောင်းကျယ်ကြီးနှစ်ချောင်းတို့၏ အတွင်းပိုင်
မှာတော့ ထင်းပွဲစခန်းများရှိနေကြလေပြီ။ ထင်းပွဲစခန်းများမှ
ကနစိုသစ် ထင်းပေါက်ခြင်းများ အဓိကထားပြီး ထုတ်လုပ်သော
နေရာမျိုးဖြစ်သည်။

ထိုအချိန်က ကဒုံ၊ ရော၊ အမာစသောနေရာများမှ
လူနေအိမ်ခြေများလာပြီး ရွာကြီးများဖြစ်လာသကဲ့သို့ ထင်း
စခန်းများမှာလည်း အိမ်ခြေများက ရွာကြီးများကဲ့သို့ပင် စည်
ကားမှုရှိလေသည်။

ကိုလိုနီခေတ်ကာလက ကနစိုသစ်သာထွက်သော မြ





ကျွန်းပေါ် သစ်တောများကို အစိုးရက စိတ်မဝင်စားပေ။ ၎င်း
ထို့ထုတ်ယူစရာ သစ်မရှိသော်လည်း ဒီအတိုင်းတော့မထားပေ။

ကနစိုသစ်ထုတ်ယူလိုသော ပွဲစားများကို လိုင်စင်များ
ပေးခြင်းဖြင့် ဝင်ငွေရအောင် ဖန်တီးခဲ့သည်။

သဘာဝသစ်တောကြီးများကို 'အစိုးရသစ်တောကြိုး
ဝိုင်း'ဟု သတ်မှတ်သည်။

မြစ်ဝကျွန်းပေါ်၏ သစ်တောများကိုတော့ 'သံကြိုးဝိုင်း'
ဟုသတ်မှတ်သည်။

သံကြိုးဝိုင်းဟူသော အဓိပ္ပါယ်မှာ သစ်တောများရှိသော
ဧရိယာတစ်ခုလုံးကို သံကြိုးဖြင့်ပတ်ဝိုင်းကာ ကန့်သတ်ဧရိယာ
လုပ်ထားသော အဓိပ္ပါယ်ဖြစ်သည်။

အစိုးရထံမှ ခွင့်ပြုချက်လက်မှတ် တစ်စုံတစ်ရာမပါပဲနှင့်
သစ်တောအတွင်းသို့ ကျူးကျော်ဝင်ရောက်ပါက အပြစ်ဒဏ်
ခံရကြသည်။

သို့ကြောင့် သစ်တောတွင်း ဝင်လိုသောသူတိုင်း သစ်
တောဌာနတွင် လိုင်စင်ဟုခေါ်သော သစ်ထုတ်လုပ်ယူခွင့် လက်
မှတ်ယူရသည်။

လက်မှတ်ပါသူများသာ သစ်တောဧရိယာအတွင်း ဝင်
ရောက်ခွင့်ရှိသည်။

သစ်များထုတ်ယူခွင့်ရှိသည်။

အများအားဖြင့်တော့ မြစ်ဝကျွန်းပေါ်သစ်တောများထဲ
ကနစိုသစ်ကိုသာ အဓိကထားပြီးထုတ်ယူကြရာ လိုင်စင်တော်



www.burmeseclassic.com

www.burmeseclassic.com



ပေးရာ၌ စည်းကမ်းချက်များပါသည်။

အဓိကအချက်မှာ . . ပေမမီသော သစ်ပင်ငယ်များကို ခုတ်လှဲယူငင်ခြင်း မပြုရသော အချက်ဖြစ်သည်။

သစ်ပင်၏လုံးပတ်ကို တိုင်းတာရာ ပေမမီသော သစ်ပင်၊ သစ်နုများကို လှဲဖြတ်ခွင့်မပြုပေ။

အကယ်၍ လှဲဖြတ်မိပါက လိုင်စင်ရှိသော်လည်း ဖမ်းဆီးနိုင်ခွင့်ရှိသည်။

ရှေးအခါက ပွဲစားများက မြို့ပေါ်မှာပင် နေသည်။

သစ်တောဆင်းပြီး ထင်းဖြတ်ကြမည့် လှေသမားများအား စရိတ်ကြိုတင်ထုတ်ပေးပြီး စေခိုင်းသည်။

ကနုစိုသစ်တုံးများ ပါလာတော့မှ ပေါက်ခြမ်းများပြု လုပ်ပြီး မြို့ပေါ်သို့ရောင်းချကာ . . ပိုငွေလိုငွေ ရှင်းကြရသည်။ ထင်းဖြတ်ဆင်းသောအလုပ်သမားများအတွက်ကတော့ တစ်ခေါက်နှင့်တစ်ခေါက် အလျင်မီသည်မရှိပဲ ပွဲစားများသာ အကျိုး အမြတ် များကြလေသည်။

(၁၉၅၀)ခုနှစ် နောက်ပိုင်းကာလများ ရောက်သောအ ချိန်မှာပင် ဗိုလ်ကလေး(ဘိုကလေး)မြို့ မော်လမြိုင်ကျွန်းမြို့ ကမ် နားဘက်များတွင် ထင်းပွဲရုံများရှိကာ ပွဲရုံတစ်ခေတ်ကောင်းခဲ့ ကြသေးသည်။

နောက်ပိုင်းမှာတော့ စီးပွားရေးအမြင်ကျယ်သော ထင်း ကုန်သည် ထင်းပွဲစားများက မြို့မှာ ထင်းပွဲရုံမဖွင့်တောပဲ ထင်း ပေါသော ထင်းတောထဲမှာ . . သွားရောက်ဖွင့်ရန် ကြံစည်ကြ





သည်။

ဦးစွာ ရန်ကုန်မြို့မှာရှိသော ထင်းကုန်သည် ထင်းပွဲစားများနှင့် ဆက်သွယ်ရသည်။

၎င်းတို့နှင့် အဆက်အသွယ်ရတော့ သစ်တောကြိုးဝိုင်းထဲအထိဆင်းကာ ပွဲရုံဖွင့်ကြရသည်။ ထင်းပေါသော ထင်းတောထဲမှာ ပွဲရုံဖွင့်သောကြောင့် ပွဲစားများလည်း ထင်းပေါက်ခြမ်းများများရသည်။

အလုပ်သမားများအတွက်လည်း အချိန်မကုန် စရိတ်မကုန်တော့ပေ။

ကုန်သည်များရောက်လာလျှင်လည်း ရက်မကြာပဲနှင့် လိုသလောက် ထင်းပေါက်ခြမ်းများရကြသဖြင့် သုံးဦးစလုံး အကျိုးရှိကြလေသည်။

ထိုအချိန်က ဗိုလ်ကလေး(ဘိုကလေး)နယ်ဘက်တွင် ချောင်းပြကြီး ထင်းပွဲစခန်းနှင့် ရေကျော်ကြီး ထင်းပွဲစခန်းတို့မှာ များစွာစည်ကားကြသည်။

မော်ကျွန်း(မော်လမြိုင်ကျွန်း) နယ်ဘက်မှာတော့ ကြက်ပြေးထင်းပွဲစခန်းနှင့် ပြင်စလူထင်းပွဲစခန်းတို့မှာ များစွာစည်ကားလှသည်။

ထင်းပွဲတန်းများမှာ တစ်ဦးတစ်ယောက်တည်း လာရောက်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ လူအများစု လာရောက်လုပ်ကိုင်ကြသဖြင့် ပျော်စရာတော့ကောင်းသည်။

ပွဲစားတစ်ဦးလျှင် လှေဆိုင်းလေးငါးဆိုင်း ပါလာရာ ပွဲ



www.burmeseclassic.com

www.burmeseclassic.com



စားဆယ်ဦးခန့်စုမိသောအခါ အလုပ်သမားများနှင့် ဆိုပါက ချောင်းရိုးတစ်လျှောက် ရွာတန်းရှည်ကြီးသဖွယ် ဖြစ်သွားလေတော့သည်။

နေ့အချိန်သာမကပဲ ညအချိန်ရောက်သောအခါမှာလည်း မီးရောင်ကထိန်ထိန်ဖြင့် ထင်းပေါက်သံ လွှဆွဲသံ သီချင်းဆိုသံများဖြင့် ပျော်စရာကောင်းလှသည်။

ပွဲစားများက အလုပ်သမားများ အလုပ်တွင်ကျယ်စေရန် ရေနံဆီဖြင့်ထွန်းသော အောက်လင်းဓါတ်မီးများ ထွန်းပေးထားကြသည်။

အချို့ပွဲစားများက အလုပ်သမားများ အလုပ်တွင်ကျယ်စေရန် ဓါတ်စက်ဖြင့် ဇာတ်ထုပ်များ ရှေးခေတ်သီချင်းဓါတ်ပြားများဖွင့်ပေးထားသည်။

ဓါတ်ပြားမရှိသော ပွဲရုံများက ရေဒီယိုဖွင့်သည်။ ရေဒီယိုမှ လွှင့်ပေးသော သီချင်းများ၊ ဇာတ်လမ်းဇာတ်ထုပ်များကို အလုပ်သမားများက သဘောကျသည်။

ပွဲရုံများမှထွက်သော ထင်းပေါက်ခြမ်းများကို ရန်ကုန်မှ ဆင်းလာသော ထင်းကုန်သည် ထင်းပွဲစားများက တုံကင်းကြီးများဖြင့် သယ်ယူကြသည်။

ထင်းပွဲစခန်းများတွင် သစ်တော့ရုံးတစ်ရုံးထားသည် တောခေါင်းတစ်ယောက်နှင့် အခြားလေးဦးခန့်နေသည်။ တောခေါင်းတစ်ယောက်ကို ရိုင်ဖယ်သေနတ်တစ်လက် ပေးထားသည်။





သစ်တောများကို စီမံအုပ်ချုပ်ပုံ အဆင့်ဆင့်ရှိသည်။

ရန်ကုန်၌ သစ်တောဝန်ထောက်မင်း ရုံးထိုင်သော သစ်တောရုံးရှိသည်။

ထိုသစ်တောရုံးက တစ်ပြည်လုံးမှာရှိသော သစ်တောများကို စီမံအုပ်ချုပ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ မြစ်ဝကျွန်းပေါ် သစ်တောများနှင့် ရိုးမသစ်တောများကို တိုင်းရုံးက စီမံအုပ်ချုပ်သည်။ မြစ်ဝကျွန်းပေါ် ဒေသတိုင်းရုံးက ပုသိမ်မြို့မှာ သစ်တောဝန်ထောက်တစ်ဦး ရုံးထိုင်သည်။

၎င်းအောက်တွင် လက်အောက်ငယ်သား အဆင့်ဆင့်ရှိသည်။

ထိုလက်အောက်မှာမှ ခရိုင်သစ်တောရုံးကိုတော့ ဖျာပုံမြို့မှာ ထားသည်။

ဖျာပုံသည် ခရိုင်မြို့ဖြစ်သည်။

မြို့နယ်ရုံးများကတော့ တစ်မြို့မှာတစ်ရုံးရှိသည်။

ဗိုလ်ကလေး(ဘိုကလေး)၊ မော်ကျွန်း၊ လပွတ္တာ၊ ဖျာပုံတို့တွင် မြို့နယ်သစ်တောရုံးများရှိသည်။

တောအုပ်ကြီး၊ တောအုပ်နှင့် တောခေါင်း စသည်တို့ စီမံအုပ်ချုပ်ကြသည်။

တောအုပ်၊ တောခေါင်းများမှာ မြန်မာတိုင်းရင်းသားများ ဖြစ်ကြသော်လည်း သစ်တောဝန်ထောက်မင်း၊ အရေးပိုင်မင်းတို့ကတော့ အများအားဖြင့် မျက်နှာဖြူများသာဖြစ်ကြသည်။

www.burmeseclassic.com



သစ်တောများ အခြေအနေကို မြို့နယ်သစ်တောရုံးများက စစ်ဆေးရသည်။

မြို့နယ်ရုံးကို ခရိုင်ရုံးက စစ်ဆေးရသည်။

ခရိုင်ရုံးကို တိုင်းရုံးက စစ်ဆေးရသည်။

တိုင်းရုံးကိုတော့ သစ်တောမင်းကြီးရုံးမှ စစ်ဆေးပိုင်ခွင့်အသီးသီး ရှိကြလေသည်။

ယခုလည်း ခရိုင်ရုံးမှ တောအုပ်ကြီးနှင့်အဖွဲ့သားအချို့ ဗိုလ်ကလေး(ဘိုကလေး)မြို့သစ်တောရုံးသို့ လာရောက်စစ်ဆေးကြသည်။ ထိုမျှသာမကပဲ သစ်တောအတွင်းမှာ ဖွင့်ထားသော ထင်းပွဲစခန်းများကိုပါ သွားရောက်စစ်ဆေး ကြည့်ရှုကြမည်ဖြစ်သဖြင့် သစ်တောဌာနပိုင် ယန္တရားသင်္ဘောဖြင့် ဆင်းလာကြခြင်းဖြစ်သည်။ တောအုပ်ကြီးပရာဂျန်မှာ အိန္ဒိယလူမျိုးဖြစ်ပြီး အလုပ်လုပ်ရာမှာ စေ့စပ်သေချာသူဖြစ်သည်။

နောက်မှလိုက်လာသော တောအုပ်တောခေါင်းများကတော့ မြန်မာလူမျိုးများပင်ဖြစ်သည်။

၎င်းတို့ပါလာသော ယန္တရားသင်္ဘောသည် နံနက်ပိုင်းအချိန်ကတည်းက ဗိုလ်ကလေး(ဘိုကလေး)မြို့မှ စတင်ထွက်ခွာလာကြသော်လည်း မိန်းမလှကျွန်း၊ ဖြူန်းပွေးကျွန်းစသော သစ်တောများအခြေအနေကို . . လှည့်လည်စစ်ဆေးနေကြသောကြောင့် တစ်နေကုန်သွားကြသည်။

ညနေပိုင်းမိုးချုပ်တော့မှ ထင်းပွဲစခန်းများရှိရာဘက်သို့ မောင်းလာရာ မိန်းမလှကျွန်းထိပ်ရောက်သောအခါ မှောင်စပျိုးနေချေပြီ။

ယန္တရားသင်္ဘောက အနောက်ဘက်ကင်းနှင့် မနီးမဝေးမှ ကပ်ကာ ရေကျော်ကြီးချောင်းဝဘက်သို့ ဦးတည်မောင်းလာလေသည်။

ရေကျော်ကြီးနှင့် မနီးမဝေးရောက်သောအခါ အရှေ့ဘက်ကမ်းမှ မီးများလင်းထိန်နေသည်ကို လှမ်းမြင်ရသည်။ မြစ်ကကျယ်သော်လည်း ညအချိန်ဖြစ်သောကြောင့် မီးရောင်များကို ကောင်းစွာလှမ်းမြင်ရခြင်းဖြစ်သည်။

ထိုသို့မြင်ရတော့ တောအုပ်ကြီးက သင်္ဘောစက်ရှိန်ကို လျှော့ခိုင်းပြီး မှန်ပြောင်းဖြင့်လှမ်းကြည့်သည်။ ပြီးမှ အနားမှာရှိနေသော တောအုပ်တစ်ယောက်ကိုမေးသည်။

"ဟိုဘက်ကမ်းက ဘယ်နေရာလဲ"

"အမာရွာရှိပါတယ် တောအုပ်ကြီး"

"အခုမြင်နေရတာ အမာရွာလား"

"မဟုတ်ပါဘူး အမာရွာက ချောင်းတွင်းပိုင်းမှာပါ"

"ဒါဖြင့်အခုမြင်နေရတဲ့ မီးရောင်တွေကဘာလဲ ရွာလား ဒါမှမဟုတ်ပွဲတန်းလား"

တောအုပ်ကြီးစိတ်ထဲမှာ ထိုနေရာတွင် စာရင်း၌မပါသေးသော ထင်းပွဲစခန်းအသစ်တစ်ခု ဖွင့်ထားသည်ဟုထင်သောကြောင့် ထိုကဲ့သို့မေးလိုက်ခြင်းဖြစ်သည်။ ထိုသို့မေးသော်လည်း ဗိုလ်ကလေး(ဘိုကလေး)မြို့ခံ တောအုပ်တောခေါင်းတို့မှာ ဘာမှမသိကြသဖြင့် မပြောနိုင်ပဲရှိကြလေသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေသခံတောအုပ်တောခေါင်းများက သေသေချာချာ မပြောနိုင်ကြသဖြင့် တောအုပ်ကြီးက စိတ်ထဲမှ ဘဝင်မကျသကဲ့သို့ဖြစ်သွားသောကြောင့် ယူဘီသဘော်ကို မီးရောင်များမြင်နေရသော နေရာဘက်ကမ်းသို့ မောင်းခိုင်းသဖြင့် သဘော်သားများကလည်း မောင်းပို့ပေးကြရသည်။

မြစ်ကအတော်ကျယ်သည်ကတစ်ကြောင်း၊ မြစ်လယ်တွင် လှိုင်းအနည်းငယ်ရှိနေသောကြောင့် အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းရောက်အောင် နာရီဝက်ခန့်ကြာအောင်မောင်းရသည်။

အရှေ့ဘက်ကမ်း ရောက်သောအခါ ညဥ့်ဦးပိုင်းအချိန်ရောက်နေချေပြီ။

ထိုနေရာဘက်ရောက်တော့ အံ့ဩဖွယ်ရာမြင်ကွင်းကိုတွေ့ရသဖြင့် တောအုပ်ကြီးသာမကပဲ နောက်မှပါလာသော တောအုပ်တောခေါင်းများပါ များစွာအံ့ဩသွားကြလေတော့သည်။ မြင်ကွင်းကအခြားမဟုတ်ပေ။

အမာချောင်း၏အထက်ပိုင်း ကမ်းနိုးတန်းတစ်လျှောက်လုံးမှာ စည်ကားသောပွဲတန်းကြီးတစ်ခု ရှိနေခြင်းပင်ဖြစ်သည်။

ကမ်းခြေတစ်လျှောက် တဲအိမ်တန်းများက များပြားလှပြီး ထင်းဖြတ်သူ၊ ထင်းပေါက်သူများဖြင့် စည်ကားနေသည်ကိုတွေ့မြင်ရသောကြောင့် ဖြစ်သည်။

ဗိုလ်ကလေး(ဘိုကလေး)မြို့ သစ်တောရုံးမှပါလာသောတောအုပ်တောခေါင်းများမှာလည်း များစွာအံ့ဩနေကြသည်။





အဘယ်ကြောင့်ဆိုသော်. . . .

သူတို့အနေနှင့် အောက်ပိုင်းမှာရှိသော ချောင်းပြကြီးထင်းပွဲစခန်း၊ ရေကျော်ကြီးထင်းပွဲစခန်းတို့ကို တစ်လတစ်ခေါက်နှစ်ခေါက်တော့ လာရောက်ပြီးစစ်ဆေးကြည့်ရှုကြရသည်။

ထိုသို့စစ်ဆေးရန်လာလျှင်လည်း ဖောင်ဝင်မြစ်မှပင်လာရသည်။

ထိုသို့လာကြရာတွင် အမာချောင်းဝဘက်မှ ထင်းပွဲစခန်းတစ်ခုရှိနေသည်ကို မတွေ့ခဲ့ကြပေ။

ထင်းပွဲစခန်းတစ်ခု ထူထောင်တော့မည်ဆိုပါက ထိုနေရာတွင် သွားရောက်လုပ်ကိုင်မည့်သူများ ပွဲစားများက သစ်တောရုံးမှာလိုင်စင်ပြုလုပ်ရသည်။

လိုင်စင်မရှိပဲနှင့် သစ်တောစခန်း ဖွင့်ခွင့်မရှိပေ။ ထင်းပွဲစခန်း မဆိုထားနှင့် လိုင်စင်မရှိပဲ သစ်ခိုးထုတ်လျှင်ပင် ဖမ်းဆီးအပြစ်ပေးပိုင်ခွင့် ရှိလေသည်။

ယခုဘယ်သူတွေကများ စုပြီး အတင့်ရဲစွာဖြင့် ဒီနေရာမှာ ထင်းပွဲစခန်းကြီး လာရောက်လုပ်ကိုင်နေကြသည်မပြောတတ်တော့ပေ။

ဒါကအရေးမကြီးပေ။

ခရိုင်ရုံးမှ တောအုပ်ကြီးကိုယ်တိုင်ဆင်းစစ်တော့မှပင် လိုင်စင်မရှိသော ထင်းပွဲစခန်းတစ်ခုကို တွေ့နေရသည်ကတော့ သူတို့အတွက် မကောင်းလှပေ။

"ဒါ ထင်းပွဲစခန်းမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကြီးက လေသံမာမာဖြင့်မေးသည်။

“ဒီနယ်မှာ တရားဝင်လိုင်စင်ချပေးထားတာ ချောင်းပြကြီးထင်းပွဲနှင့် ရေကျော်ကြီးထင်းပွဲပဲရှိတာမဟုတ်လား”

“ဟုတ်. . ဟုတ်ပါတယ်”

“ဒါဖြင့်. . ဒီနေရာက ထင်းပွဲစခန်းက လိုင်စင်မရှိပဲနဲ့ တိတ်တိတ်ဖွင့်နေတာပေါ့ ဒါကိုခင်ဗျားတို့ဘာကြောင့်မသိတာလဲ”

ထိုသို့မေးသော်လည်း ဘာပြန်ပြောရမှန်းမသိတော့သောကြောင့် ဘာမှပြန်မပြောနိုင်ကြပဲ. . ခေါင်းငုံ့နေကြရလေသည်။ ထိုသို့ခေါင်းငုံ့နေတော့မှ တောအုပ်ကြီးက တစ်မျိုးသဘောပေါက်သွားလေတော့သည်။

ဒေသခံ. တောအုပ်တောခေါင်းများက လာဘ်စားပြီး တိတ်တိတ်ဖွင့်ထားသော ထင်းပွဲစခန်းဖြစ်မည်ဟု ထင်သွားဟန်ရှိလေသည်။

ထို့နောက် ယူဘီသင်္ဘောမှာ ကမ်းစပ်၌ထိုးထားသော သစ်သားတံတား၌ ဝင်ကပ်လိုက်သည်။

၎င်းတို့သင်္ဘောဝင်ကပ်သောအခါ အသက်ကြီးကြီး လူတစ်ယောက်က ရှေ့မှဦးဆောင်ပြီး လူလေးငါးယောက် တံတားဆိပ်ဘက်သို့ ဆင်းလာကြလေသည်။

“သစ်တောဌာနက ပုဂ္ဂိုလ်တွေထင်ပါရဲ့၊ အပေါ်ကြွကြပါ”

ရှေ့ဆုံးမှဆင်းလာသူက ပျူပျူငှာငှာဖြင့် ဧည့်ဝတ်စကား





ဆိုလေသည်။

“ခင်ဗျားက ဘယ်သူလဲ”

“ကျုပ်နာမည်က ဦးသာမြိုင်လို့ခေါ်ပါတယ်”

“ဒီနေရာမှာ ဘာလုပ်နေကြတာလဲ”

“ကျုပ်တို့ ထင်းပွဲစခန်းလေး ဖွင့်နေကြတာပါ”

“ထင်းပွဲစခန်းဖွင့်တယ်ဆိုတော့ သစ်တောရုံးမှာ လိုင်စင်တွေဘာတွေ ယူပြီးကြပြီလား”

“လိုင်စင်တော့ မယူရသေးပါဘူး၊ ဒါပေမယ့် ကျုပ်တို့က နေရာရောက်နေတာကြာပါပြီ”

“ဘယ်လောက်ကြာကြာပေါ့လေ၊ အစိုးရဆီမှာ သစ်ခုတ်ယူခွင့်မရှိပဲ သစ်တောထဲက သစ်တွေထုတ်ယူရင်တော့ ခင်ဗျားတို့အားလုံး အဖမ်းခံရမှာပဲ”

“ကျုပ်တို့ကတော့ ဒါတွေလည်းမသိပါဘူး အရာရှိမင်း၊ ဖမ်းမယ်ဆိုရင်လည်း ခံရမှာပါပဲ၊ ဒါပေမယ့် ဒီညတော့ ချိန်မရှိတော့လို့ အပေါ်တက်ပြီး စားရင်းသောက်ရင်း နားကြဦး”

ဦးသာမြိုင်ဆိုသောလူကြီးက ထင်းပွဲစခန်းတစ်ခုလုံး ဖမ်းခံရမည်ဆိုသော်လည်း ဂရုမစိုက်ပဲ တောအုပ်ကြီးကိုသာ ဧည့်ဝတ်ပြုရန် ဖိတ်နေလေသည်။

ပထမတော့ အပေါ်တက်ကြည့်ရန် စိတ်ကူးမရှိပေ။ နောက်တော့ ယူဘီသင်္ဘောထဲမှ လှမ်းကြည့်လိုက်သောအခါ ရောင်တထိန်ထိန်ဖြင့် ရွာတန်းကြီးသဖွယ် စည်ကားလှသော



www.burmeseclassic.com

www.burmeseclassic.com



ထင်းပွဲတန်းကြီးကို မြင်သောအခါ စိတ်ပြောင်းသွားပြီး အပေါ်
တက်ကြည့်ရန်ပြင်လေသည်။

ထို့နောက် သင်္ဘောထဲမှာ လူအချို့ထားခဲ့ပြီး တောအုပ်
ကြီးက နောက်မှ တောအုပ်တောခေါင်း လေးယောက်တို့ကိုခေါ်
ပြီး တံတားပေါ်သို့တက်ကြလေသည်။

တောအုပ်တောခေါင်း လေးယောက်ထံမှ သေနတ်နှ
လက်ပါပြီး တောအုပ်ကြီးခါးမှာလည်း ခြောက်လုံးပြူးသေနတ်
တစ်လက် ချိတ်ဆွဲထားလေသည်။

သို့ကြောင့် အကယ်၍ အလုပ်သမားများက ရန်ပြုလာ
လျှင်လည်း မှုစရာတော့မရှိလှပေ။

အပေါ်ရောက်တော့ ဦးသာမြိုင်ဆိုသော လူကြီးကပ
ဦးဆောင်ပြီး ခေါ်သွားကာ မီးရောင်များလင်းထိန်နေသေ
ထင်းပွဲတန်းတစ်လျှောက်သို့ လိုက်လံပြသလေသည်။

ထိုပွဲတန်းမှာအလုပ်လုပ်နေသူများသည်။

ထင်းတုံးများ ကိုဖြတ်နေသော လွှဆိုင်းများ၊ အသင့်ဖြ
ပြီးသော ထင်းတုံးများကို ပေါက်ဆိန်ဖြင့် ထင်းပေါက်ခြမ်းပေါ
နေသူများဖြင့် စည်ကားသည်။ လွှဖြတ်သံ၊ ထင်းပေါက်သံတို့
ဆူညံနေသည်။ အချို့ပွဲရုံများမှ ဓါတ်စက်ဖွင့်ထားရာ. . သီချ
သံများလည်း ကြားရသည်။

ပွဲရုံတိုင်းလိုလို အလုပ်လုပ်သောနေရာတို့တွင် အော
လင်းဓါတ်မီးများ ထွန်းပေးထားရာ မီးရောင်ခြင်း ဆက်နေသေ
ကြောင့် ပွဲတန်းတစ်တန်းလုံး လင်းထိန်နေလေတော့သည်။





တောအုပ်ကြီး ပရာဂျန်ခေါင်းဆောင်သော တောအုပ်
တောခေါင်းများကို ဦးသာမြိုင်က ရှေ့မှဦးဆောင်ပြီး ပွဲတန်းအစ
အဆုံး လိုက်လံပြသလေသည်။

တောအုပ်တောခေါင်းများ ရောက်လာသည်ကို မြင်
သော်လည်း အလုပ်လုပ်နေသူများက တစ်ချက်ကလေးမှ ဂရု
စိုက်ဘဲ ကိုယ့်အလုပ်ကိုသာ ဂရုစိုက်ပြီး လုပ်နေကြသည်။

တောအုပ်ကြီးပရာဂျန်ကတော့. . ယခုတစ်ခေါက်မှ
ရောက်လာသဖြင့် ထားပါတော့၊ မြို့ခံနယ်ခံ တောခေါင်းများက
တော့ ၎င်းတို့အနေဖြင့် မကြာခဏ တောထဲသို့လာရောက် စစ်
ဆေးကြရပေရာ ထိုမျှကြီးမားသော ထင်းပွဲစခန်းကြီး ဘယ်အ
ချိန်က ရှိနေသည်ကို မသိကြရသဖြင့် များစွာအံ့သြနေကြလေ
သည်။

ထို့ပြင်. . နောက်ဆက်တွဲအနေဖြင့် နယ်ပြောင်း၊ ရာ
ထူးချ၊ နောက်ဆုံး အလုပ်ဖြုတ်ခံရခြင်းစသော နောက်ဆက်တွဲ
ပြဿနာများကလည်း မကြာခင်ရောက်လာပေလိမ့်မည်။

ဦးသာမြိုင်ဆိုသောအဘိုးကြီး တောအုပ်ကြီးနှင့် တော
အုပ်တောခေါင်းတို့အား ပွဲတန်းအစအဆုံး လိုက်လံပြသပေးပြီး
နောက် ပွဲတန်းအစွန်းဘက်မှာရှိသော ၎င်း၏နေရာသို့ခေါ်သွား
လေသည်။

၎င်းနေသောတဲအိမ်မှာ အတော်ကြီးသည်။

အဆောင်လေးငါးဆောင်လောက်ရှိပြီး ဝင်းထရံကာ ခန့်
ညျက်၊ အခင်းက ဖျဉ်ချပ်များ စီခင်းထားသည်။ ထိုတဲကြီးအ



www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာလည်း တောအုပ်တောခေါင်းတို့ကို ပြုစုရန်အတွက် စောင့်နေကြသော ယောကျ်ားအချို့နှင့် မိန်းမပျိုလေးငါးယောက် တို့ ရှိနေကြသည်။

မိန်းမပျိုများမှာ အသက်(၁၈)နှစ်ဝန်းကျင်အရွယ်သို့သာ ရှိသေးပြီး နောက်ကုပ်ဆံတောက်ကြီးများနှင့်ဖြစ်သည်။ ပါးပေါ် မှာပါးကွက်ကြားဖြင့် ရုပ်ရည်အတန်အသင့် ပြေပြစ်သူများ ဖြစ် ကြသည်။

ဧည့်သည်များကို ဧည့်ခံရန်အတွက် ဦးသာမြိုင်က ကြို တင်စီစဉ်ထားခြင်းဖြစ်ပေသည်။

"ကဲ. . လုံမလေးတို့ ဒီမှာအရာရှိမင်းတွေကို လိုလေ သေးမရှိရလေအောင် ဧည့်ခံကြကွယ့်"

တဲပေါ်ရောက်ပြီး နေရာထိုင်ခင်း ပေးပြီးသောအခါ ကွမ်း၊ ဆေးလက်ဖက်တို့ဖြင့် အရင်ဧည့်ခံသည်။ တဲပေါ်မှာ. . အောက်လင်းဓါတ်မီးတစ်လုံး ထွန်းထားသောကြောင့် အလင် ရောင်များရနေလေသည်။ တောအုပ်ကြီး ပရာဂျန်မှာလည်း ထို ကဲ့သို့ ဖော်ဖော်ရွေရွေ ဧည့်ခံကျွေးမွေးလာသောအခါ စောစော ကလောက် တင်းမာမှုမရှိတော့ပေ။

"ကျုပ်က ခရိုင်သစ်တောရုံးမှာထိုင်တဲ့ တောအုပ်ကြီး ပရာဂျန်ပဲ၊ သူတို့ကတော့ မြို့နယ်ရုံးက တောအုပ်တောခေါင်း တွေပေါ့"

"ဟုတ်ကဲ့. . ယခုလို အရာရှိမင်းတွေ ရောက်လာကြ တာ ဝမ်းသာစရာပါပဲ"





ဦးသာမြိုင်စကားကြားတော့ နည်းနည်းတော့ အံ့သြ သွားကြလေသည်။

သစ်တောစခန်းသို့ တောအုပ်တောခေါင်းများရောက် လာခြင်းမှာ စစ်ဆေးသမှုပြုပြီး အပြစ်မကင်းမှုများ တွေ့ပါက ဖမ်းဆီးအရေးယူရန်အတွက်သာ များသည်။ ဥပမာ ပြောရလျှင် တော့ လောင်းကစားခြင်းနှင့် မကောင်းမှုပြုလုပ်နေသောအိမ်သို့ ရဲလိုက်ရောက်လာသကဲ့သို့ ဝမ်းသာရမည့်ကိစ္စမျိုး မဟုတ်ပေ။

ယခု တောအုပ်တောခေါင်းများ ရောက်လာသည်ကို ပင် ဦးသာမြိုင်က ဝမ်းသာသည်ဟုပြောသဖြင့် ထူးဆန်းသလိုဖြစ် သွားကြသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ခင်ဗျားတို့က အခုလိုဧည့်ခံကျွေး မွေးတာကိုတော့ ကျေးဇူးတင်ပါတယ် ဒါပေမယ့်"

တောအုပ်ကြီးက စကားဆက်ရမှာ အားနာနေဟန်ဖြင့် ရှုံ့မဲ့ကြွမ်းသောက်နေလေသည်။

"ပြောပါ တောအုပ်မင်း"

"ဒါပေမယ့် ဥပဒေကြောင်းကရှိနေလေတော့ လိုင်စင်မဲ့ သစ်ထုတ်လုပ်တာတွေကိုတော့ အရေးယူရမှာပါပဲ အားတော့ နာပါရဲ့"

"အားနာစရာမလိုပါဘူး တောအုပ်မင်းရယ်၊ ကျုပ်တို့က တာသူတောင်သားတွေဆိုတော့ ဘာမှလည်း မသိနားမလည် ကြပါဘူး၊ ဝတ္တရားရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါ၊ ဘယ်လိုမှ အောက်မေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

ထိုနောက်မှာတော့ ထမင်းဟင်းများ အဆင်သင့်ပြင်ဆင်ပြီးကြောင်း လာရောက်ပြောကြလေသည်။

"ကိုင်း . . အချိန်တောင်အတော်လင့်နေပြီ၊ တောအုပ်မင်းတို့အတွက် ထမင်းဟင်းတွေပြင်ဆင်ပြီးပါပြီ၊ သုံးဆောင်ကြပါဦး"

"အို . . မဟုတ်တာ ကျုပ်တို့စားခဲ့ပြီးပါပြီ"

"စားပြီးလည်း ပြင်ဆင်ပြီးမှတော့ . . ကျုပ်တို့ကျေနပ်အောင် နည်းနည်းဖြစ်ဖြစ် စားသောက်ကြပါဦး၊ ထမင်းမစားခ သောက်တတ်ရင်လည်း တောအရက်မီးတောက်ကလေးလည်း အရန်သင့် စီစဉ်ထားပါတယ်"

ဟုပြောသဖြင့် စိတ်ဝင်စားသွားကြသည်။

ထိုနောက် . . . တောအုပ်ကြီးနှင့် နောက်လိုက်လေးယောက်တို့မှာ အားနာပါးနာသဘောမျိုးဖြင့် အရက်အနည်းငယ်စီ သောက်ကြပြီးနောက် ထမင်းစားကြသည်။

ထမင်းပွဲရောက်တော့လည်း ဒေသထွက်ဟင်းများက စုံလှသည်။

ဆတ်သားဟင်း၊ တောဝက်သားဟင်း၊ ငါးတန်သား ပုစွန်တုပ်ကြော်၊ ကဏန်းလက်မ အသားကြော် စသည်တို့မှာ မြို့မှာပင် အလွယ်တကူမရသော ဟင်းလျာများဖြစ်သောကြောင့် ဝမ်းပြည့်အောင် စားသောက်ကြလေတော့သည်။

ထမင်းပွဲသိမ်းတော့ ညဉ့်နက်ပိုင်း ရောက်နေချေပြီ။





"အချိန်တောင် အတော်လင့်နေပြီ၊ တောအုပ်မင်းတို့ သင်္ဘောထဲမှာအိပ်ရတာ ကျဉ်းပါတယ်၊ ဒီအပေါ်မှာပဲ အိပ်ကြပါ၊ ဘယ်လိုအန္တရာယ်မျိုးမှ မရှိစေရပါဘူး၊ မအိပ်ခင် မိန်းကလေးတွေကလည်း နှိပ်နယ်ပြီး ပြုစုပေးကြပါလိမ့်မယ်"

ဟုပြောသဖြင့် ထိုမှာပင် အိပ်ကြလေသည်။

မအိပ်ခင် မိန်းကလေးများက ခြေထောက်များကိုနှိပ်နယ်ပေးကြရာ တစ်နေ့လုံး သင်္ဘောထဲမှာ ညောင်းညာနေမှုများ ပြေပျောက်သွား ကြလေသည်။

ပရာဂျန်စိတ်ထဲမှာတော့ ၎င်းတို့ကို ဖမ်းဆီးအရေးယူလျှင်လည်း အတတ်နိုင်ဆုံး သက်သက်ညှာညှာ ဖြစ်စေရန် စီစဉ်ပေးရမည်ဟု စိတ်ကူးမိလေသည်။ နောက်တော့ အသီးသီး အိပ်ပျော်သွားကြလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်နေကြသည်မသိပေ နိုးလာတော့ အာရုံတက်ချိန်ရောက်နေချေပြီ။

သို့သော် အလင်းရောင်တော့ မရသေးပေ။

တောအုပ်ကြီးမှာ မျက်စိမဖွင့် သေးပဲ နားစွင့်ကြည့်ရာ ညဉ့်ဦးပိုင်းကကြားရသော အသံများ တိတ်နေပြီး ငှက်အော်သံများကိုသာ ကြားရလေသည်။

မျက်စိဖွင့်ကြည့်တော့ တဲပေါ်မှာမဟုတ်တော့ပဲ တောထဲရောက်နေသည်ကို တွေ့ရသည်။

သို့ကြောင့် ချက်ချင်းထပြီး အနားမှာ အိပ်ပျော်နေကြသော ကျန်လေးယောက်ကို နှိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်လေးယောက်ကလည်း နိုးလာတော့ အံ့ဩနေကြလေသည်။

"ငါတို့ဘယ်ရောက်နေတာလဲ"

"တောထဲရောက်နေတာတောအုပ်ကြီး"

"ဟိုလူတွေရော ဘယ်ရောက်ကုန်ပြီလဲ"

"မသိဘူးတောအုပ်ကြီး"

ထို့နောက်. . ၎င်းတို့ရောက်နေသော နေရာကိုအသေအချာကြည့်သောအခါ တောစပ်တစ်နေရာမှာ လူသေမြှုပ်သောနေရာတစ်ခုဖြစ်ကြောင်း တွေ့ကြရသဖြင့် အလန့်တကြားဖြစ်ကာ ကမ်းစပ်သို့ ဆင်းပြေးကြရလေသည်။

ကမ်းစပ်ရောက်တော့ သောင်ပေါ်မှာတင်နေသော ယူ့ဘီသဘော်ကို ပြန်တွေ့ရသည်။

သဘော်ထဲမှာ ကျန်ခဲ့သူများကိုတော့ မတွေ့ရတော့ပေ။ တောထဲရောက်နေသလားဟုထင်ပြီး သေနတ်ဖောက်ပြီးအချက်ပေးသော်လည်း ပြန်မလာကြတော့ပေ။

မတတ်နိုင်တော့ပါချေ။

တောအုပ်ကြီး ပရာဂျန်တို့ ကြုံတွေ့ခဲ့ရသော ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်တို့မှာ နောက်ပိုင်းနှစ်အတော်ကြာသည်အထိ ပြောမဆုံးအောင် ရှိနေပေတော့သည်။





# အခန်း (၅)

# ပရလောကသားများကို ငွေတိုးပေးခြင်း

အမာရွာသည် ရှေးဟောင်းရွာကြီး တစ်ရွာပင်ဖြစ်သည် တဒုံကနီ၊ ရော စသောရွာများနှင့် မရှေးမနှောင်းပေါ်ပေါက်ခဲ့သောရွာဟောင်းတစ်ရွာလည်း ဖြစ်ပေသည်။

မှတ်တမ်းဟောင်းများအရ အင်္ဂလိပ်တို့ ဒုတိယကျူးကျော်စစ်ပွဲ ဖြစ်ခဲ့သော (၁၈၅၂) (၁၂၁၄)ခုနောက်ပိုင်း ပေါ်ထွန်းခဲ့ကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကာလနှင့် ရေတွက်ပါက နှစ်ပေါင်း (၁၆၀)ကျော်ခဲ့ပြီဖြစ်ပေသည်။

ရှေးအခါကတော့ လူနေအိမ်ခြေမများပေ။

ထိုရွာကို စတင်တည်ထောင်ခဲ့ကြသူများမှာ မွန်မြို့စားကြီးဗညားဇေယျထံမှာ အမှုထမ်းခဲ့သော အမတ်ကြီးတစ်ဦးခေါင်းဆောင်သော နောက်လိုက်နောက်ပါတို့ ဖြစ်ကြလေသည်။ 'အမာ'ဟူသော စကားမှာမွန်အခေါ်အဝေါ်ဖြစ်ပြီး အဓိပ္ပါယ်မှာ အမတ်ကြီးတည်သောရွာဟု အဓိပ္ပါယ်ရှိလေသည်။

(၁၁၁၉)ခုနှစ်နောက်ပိုင်း တည်ခဲ့ကြကြောင်း မှတ်တမ်းများ၌ တွေ့ရသည်။

(၁၉၁၂)ခုနှစ်၊ အစိုးရပုံနှိပ်တိုက်မှ ထုတ်ဝေသော ဘားမားဂေးဇက်တီးယား(ဖျာပုံခရိုင်)စာအုပ်တွင် (၁၉၁၁)ခုနှစ် ဗိုလ်ကလေးမြို့နယ် မြို့ကျေးရွာများနှင့် လူဦးရေ သန်းခေါင်စာရင်း၌ ဗိုလ်ကလေးမြို့နယ်၌ ကျေးရွာပေါင်း(၆၈)ရွာ ပါဝင်ကြောင်း ဖော်ပြထားသည်။ ထိုစာရင်းဇယားများအရ (၁၉၁၁)ခုနှစ်က ဧရာရွာတွင် အိမ်ခြေ (၁၃၁)အိမ် နေထိုင်သူလူဦးရေ(၆၆၉)ဦး၊ ကဒုံကနီရွာတွင် အိမ်ခြေ (၃၁၂)အိမ်၊ လူဦးရေ (၁၄၈၇)ဦးရှိပြီး ဗိုလ်တဲပါရှိသည်။

အရှေ့ဘက်ကမ်း အမာရွာမှာတော့ အိမ်ခြေ (၃၆၇) အိမ်ရှိပြီး နေထိုင်သူဦးရေ (၁၄၈၇)ဦးရှိသည်။ ထိုအချိန်ကပင် အမာရွာမှာ ပုလိပ်ဂါတ်တဲရှိသည်။ ထိုအချိန်က ယခုမြို့ကြီးတစ်မြို့စာရင်းဝင်နေသော ဗိုလ်ကလေးမြို့၌ အိမ်ခြေ (၅၀၀)လုံးရှိပြီး





နေထိုင်သူဦးရေ (၃၂၇၉)ဦးသာရှိလေသည်။

ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် ရှေးအခါကပင် ပင်လယ်ပိုင်းဒေသမှာရှိသော ကဒုံ၊ ဧရာ၊ အမာစသော ရွာကြီးများတွင် နေထိုင်သူလူဦးရေ ဘယ်လောက်များကြောင်း နှိုင်းယှဉ်ကြည့်နိုင်ပေသည်။

(၁၉၄၀)ခုနှစ်လောက်ရောက်တော့ အမာရွာတွင် အိမ်ခြေပိုများလာသလို လူဦးရေလည်း ပိုမိုများပြားလာလေတော့သည်။ အမာရွာမှာ အုန်းတောကြီးများ၊ သီးနှံစိုက်ပျိုးသောခြံများ ဖြစ်ထွန်းလေသည်။

ကဒုံကနီနှင့် ဧရာရွာတို့မှာ ပင်လယ်ကမ်းခြေနှင့် ထိစပ်နေသောကြောင့် ရေချိုရရန်ခက်ခဲသော်လည်း အမာရွာကတော့ ပင်လယ်နှင့်ဝေးပြီး ကုန်းတန်းပိုင်းနှင့် နီးသောကြောင့် ရေချိုထွက်များလေသည်။ သို့ကြောင့် စိုက်ပျိုးရေးပိုကောင်းလေသည်။

ကဒုံနှင့် ဧရာရွာတို့မှာ ငါးဖမ်းလုပ်ငန်းဖြင့် စီးပွားရှာသူပိုများပြီး အမာရွာဘက်မှာတော့ အုန်းပင်နှင့် သီးနှံစိုက်ပျိုးသူပိုများလေသည်။

ငါးဖမ်းသူအချို့လည်း ရှိလေသည်။

စိုက်ပျိုးရေး ကောင်းသောအကြောင်းအရင်းမှာ ရေချိုရသည်ကတစ်ကြောင်း ချောင်းတွင်းပိုင်း လေကွယ်မိုးကွယ် လှိုင်းလွတ်ရာအရပ်၌ ရှိနေသောကြောင့်လည်း ဖြစ်သည်။

နီမောင်တို့မိသားစု နေထိုင်သောနေရာမှာ ချောင်းပိုင်းဘက်မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝပိုင်းဆိုသည်မှာ ရွာအနောက်ဘက် ပြင်ဒရယ် ရွာဟောင်းကြီးရှိခဲ့သောနေရာနှင့် မဝေးလှပေ။ ၎င်းတို့မိသားစုမှာ လေးယောက်ရှိသည်။ ဖခင် ဦးဘရှိန်နှင့် မိခင် ဒေါ်ကျင်မေတို့အပြင် နီမောင်နှင့် မေနှင်းတို့မောင်နှမနှစ်ယောက် ရှိကြသည်။

နီမောင်က အသက်(၂၀)ကျော်ရုံရှိပြီး၊ နှမဖြစ်သူ မေနှင်းကတော့ (၁၇)နှစ်လောက်သာ ရှိသေးသည်။

၎င်းတို့မိသားစု ပိုင်ဆိုင်သော အုန်းတောများက အတော်များသည်။ ဧရိယာအတော်ကျယ်သဖြင့် မျက်စိတဆုံးရှိလေသည်။

အုန်းတောထဲမှာ ကွမ်းသီးပင်၊ ပိန္နဲပင်၊ မရမ်းပင်၊ သရက်ပင်များလည်း အတော်များသည်။

သူ့နေရာနှင့်သူ အကွက်ချလျက် ကြားညှပ်စိုက်ပျိုးထားခြင်းဖြစ်သည်။

အုန်းပင်များက တစ်နှစ်ပတ်လုံး အုန်းသီးရပြီး ကျန်သီးနှံအပင်များက ရာသီအလိုက် အသီးအနှံများရလေသည်။ ထို့ပြင် သူတို့မိသားစုပိုင်သော ဧရိယာအတွင်းမှာပင် ဓနိတောကြီးများက ကောင်းလှသည်။

ချောင်းကမ်းစပ် လတာမြင် တစ်လျှောက်မှာ ဓနိတောကြီးများက တစ်မျှော်တစ်ခေါ် ရှိလေသည်။

ဓနိက တစ်နှစ်တစ်ကြိမ်နှစ်ကြိမ်လောက် ဝင်ငွေမှန်မှန်ရသည်။





ပင်လယ်ပိုင်းဒေသမှထွက်သော ဓနိက အရွက်အဆံကောင်းသောကြောင့် လူကြိုက်များလေသည်။

ဓနိပေါ်ချိန်ရောက်လျှင် ဗိုလ်ကလေးမြို့၌ရှိသော ဓနိပွဲရုံများက ခြံထွက်ဓနိပေါများကို ဆင်းဝယ်ကြသည်။ ခြံရှင်များက ကြိုက်ဈေးရလျှင် ဓနိပေါလိုက်ရောင်းသည်။ ကြိုက်ဈေးမရပါက ဓနိပျစ်ထိုးရောင်းသည်။

ဓနိခြံများမှရသော ဝင်ငွေသည်ကပင် နီမောင်တို့ မိသားစုလေးယောက် တစ်နှစ်လုံး စားသောက်၍မကုန်ပဲ ရှိလေရာ အခြားအသီးအနှံများ ရောင်းရသော ငွေများကို စုဆောင်းထားနိုင်ကြလေသည်။

သို့ကြောင့် နီမောင်တို့မိသားစုများမှာ အမာရွာတွင် ငွေကြေးပြည့်စုံသော မိသားစုများထဲတွင် ပါဝင်လေသည်။

ဦးဘရှိန်က သဘောမနောလည်းကောင်း၊ စေတနာကောင်းသူလည်းဖြစ်သည်။ မိမိခြံမှာ အလုပ်လုပ်သော အလုပ်သမားမိသားစုများကို အလုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပေးကမ်းကျွေးမွေးထားရာ ထိုမိသားစုများက အခြားဘယ်မှ မပြောင်းကြတော့ပဲ သူတို့ထံမှာပင် မြဲမြဲစွဲစွဲ အလုပ်လုပ်ကြလေသည်။

ယောက်ျားများက အုန်းခြံ၊ ဓနိခြံများမှာ လုပ်ကြပြီး..ခိန်းမများက ဓနိပေါ်ချိန်ရောက်လျှင် ဓနိထိုးပြီး အခြားအချိန်များမှာ အခြားဝင်ငွေရသော အလုပ်များကို လုပ်ကြလေသည်။

ဦးဘရှိန်ကလည်း ၎င်းထံမှာအလုပ်လုပ်သော အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားများကို စေတနာကောင်းကောင်းနှင့် ပေးကမ်းထောက်ပံ့ထားရာ အလုပ်မြဲကြလေသည်။

ဦးဘရှိန်တို့မိသားစုမှာ စီးပွားရေးချောင်လည်ကြသောကြောင့် အခြားအလုပ်တစ်မျိုးလည်း လုပ်ကိုင်သေးသည်။

အခြားမဟုတ်ပေ။

ချို့တဲ့သူများအား သင့်တင့်သောအတိုးဖြင့် ငွေချေးငှားပေးခြင်းပင်ဖြစ်သည်။

ထူးခြားသောအချက်မှာ. . .

ဦးဘရှိန် ငွေချေးသူများမှာ သာမန်လူများတော့ မဟုတ်ကြပေ။ အစကတော့ ထိုအကြောင်းကို အိမ်သူအိမ်သားများပင် မရိပ်မိခဲ့ကြပေ။ နောက်တော့မှ တဖြည်းဖြည်းသဘောပေါက်လာခြင်း ဖြစ်လေသည်။ ထိုအခြေအနေကို စတင်သတိပြုမိသူမှာ နီမောင်ပင်ဖြစ်လေသည်။

တစ်နေ့ အုန်းခြံထဲမှပြန်လာစဉ် လမ်းတစ်နေရာရောက်တော့ ရပ်နေသောလူတစ်ယောက်ကို တွေ့ရလေသည်။ အချိန်က နေဝင်ရီတရော ရောက်နေပြီဖြစ်ရာ. . အုန်းတောရိပ်များကြောင့် မှောင်နေလေပြီ။

ထို့ပြင် ရပ်နေသူက ဦးခေါင်းပေါ်မှာ အဝတ်မည်းကြီးခြုံထားသောကြောင့် မည်သူမည်ဝါမှန်း မသိရပေ။ နီမောင်က မနီးမဝေးနေရာရောက်တော့ ရပ်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ၊ ဘာအတွက်ဒီနေရာမှာ ရပ်နေတာလဲ"





"မကြောက်ပါနဲ့. . ဦးဘရှိန်နဲ့တွေ့ချင်လို့ပါ၊ တစ်ဆိတ်လောက်လမ်းပြပေးပါ"

ဟုပြန်ပြောသည်။

"ဦးဘရှိန်က ကျွန်တော်အဖေပါပဲ ဘာကိစ္စရှိလို့လဲ"

"သူနဲ့တွေ့မှ နှစ်ယောက်ချင်းပြောရမယ့်ကိစ္စမို့ပါ"

ထိုသို့ပြောသဖြင့် နီမောင်လည်း ထွေထွေထူးထူး ဆက်မမေးတော့ပေ။

"အဖေနဲ့တွေ့ချင်ရင် ကျွန်တော့်နောက်ကလိုက်ခဲ့ပါ"

ဟုပြောပြီး. . ဆက်လျှောက်သွားရာ အဝတ်မည်းကြီးခေါင်းပေါ်မှာခြုံထားသူက နောက်ဘက်မနီးမဝေးမှ လိုက်လာလေသည်။ အိမ်ရောက်တော့ နီမောင်က ရှေ့ပေါက်မှဝင်သော်လည်း ထိုသူကတော့ နောက်ဘက်တံခါးပေါက်နှင့် မနီးမဝေးမှာ သွားရပ်နေလေသည်။

ထိုအချိန်တွင် ဦးဘရှိန်က မြို့မှရောက်နေသော အုန်းသီးကုန်သည်များဖြင့် စကားပြောနေလေသည်။ နီမောင်က ဖခင်အနီးသို့ကပ်ပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ ဦးဘရှိန်က ခေါင်းညိတ်ပြပြီး. . နောက်ဘက်သို့ လှည့်ကြည့်လေသည်။ ဦးဘရှိန်လှည့်ကြည့်မှန်းသိတော့ အမှောင်ရိပ်မှာရပ်နေသူက မြင်သာအောင် လူလုံးထွက်ပြလေသည်။

ဦးဘရှိန်က ထိုသို့မြင်သောအခါ ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် ဧည့်သည်များနှင့် စကားပြောမြဲဆက်ပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ဧည့်သည်များပြန်သွားကြလေသည်။ ထိုအခါမှ ဦးဘရှိန်က. . နောက်ဖေးအပေါက်မှအောက်သို့ဆင်းသွားလေသည်။

"စောင့်နေရတာ အားနာစရာပဲ ဘာကိစ္စရှိလို့ပါလဲ"

"ငွေချေးချင်လို့ပါဗျာ"

"ဘယ်လောက်အလိုရှိပါသလဲ"

"ငွေ(၅၀)လောက် ချေးချင်ပါတယ်၊ အတိုးအညွှန့်က ဘယ်လိုများ သတ်မှတ်ပါသလဲ"

"များများမယူပါဘူး ငွေတစ်ကျပ်ကို တစ်ပြားနှုန်းပဲ ယူပါတယ်"

"သင့်မြတ်ပါတယ်၊ မျှတတဲ့ အတိုးနှုန်းပါပဲ၊ ကျုပ်ပြောတဲ့ ငွေလောက်ရနိုင်ပါသလား"

"ပေးပါမယ်၊ ဒါထက် ဘယ်လိုအကျပ်အတည်းမျိုး ရှိနေလို့လဲ"

"အရင်လို လုပ်ကိုင်စားသောက်ရတာလဲ မကောင်းတော့ပါဘူးဗျာ၊ နေရာတွေကလည်း မကြာခဏရွှေ့ပေးရတော့ အတည်တကျ မဖြစ်ကြဘူးပေါ့၊ ဒါပေမယ့်သူဌေးရဲ့ငွေကိုတော့ တစ်လပြည့်တဲ့နေ့မှာ အတိုးနဲ့တကွ လာပြီးပေးဆပ်ပါမယ်"

ဟုကတိပေးရာ. . ဦးဘရှိန်က ခေါင်းညိတ်ပြပြီး တစ်ယောက်တည်း အိမ်ပေါ်ပြန်တက်လာသည်။

နီမောင်အပါအဝင် မိသားစုများကတော့ ထွေထွေထူးထူး အာမှဝင်မပြောကြပဲ မနီးမဝေးမှသာ အခြေအနေကြည့်နေကြလေသည်။





ဦးဘရှိန်က အိပ်ခန်းထဲဝင်သွားပြီး ငွေထားသောနေရာမှ ငွေတစ်ကျပ်တန်ကို ရေတွက်ပြီး. . အိတ်ဖြင့်ထည့်ယူပြီး အောက်သို့ပြန်ဆင်းသွားလေသည်။

ထို့နောက် ငွေထုပ်အား အမှောင်ထဲမှာရပ်စောင့်နေသူလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကျေးဇူးကြီးပါတယ် သူဌေးရယ်၊ ငွေယူတဲ့ဒီကနေ့ ရက်စွဲကိုသာမှတ်ထားပါ။ တစ်လပြည့်တဲ့နေ့ ရောက်ဟဲ့အချိန်မှာ သူဌေးချေးငှားတဲ့ငွေအပြင် အတိုးကိုပါ တစ်ပါတည်းယူလာပြီး ပြန်လာပေးဆပ်ပါ့မယ်"

ဟုပြောရာ ဦးဘရှိန်က ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ငွေချေးသူက ငွေထုပ်ကလေးကိုပိုက်ပြီး လာလမ်းအတိုင်း ပြန်သွားလေတော့သည်။

ဦးဘရှိန် အိမ်ပေါ်ပြန်တက်လာတော့မှ နီမောင်က အနားသို့သွားမေးလေသည်။

"အဖေ စောစောက ဘာလုပ်တာလဲဟင်"

"ငွေချေးတာပါ"

"ငွေလာချေးတာကလည်း အိမ်ပေါ်မတက်ပဲ နောက်အောက်ကနေ ခိုးကြောင်ခိုးဝှက်နဲ့"

ဦးဘရှိန်က ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ယာနေရင်းမှ ပြောလိုက်လေသည်။

"ငွေချေးတဲ့လူကို တစ်ခါမှ မမြင်ဖူးဘူး၊ အမှာရွာထဲက



www.burmeseclassic.com

www.burmeseclassic.com



တော့ဟုတ်မယ်မထင်ဘူး ဘယ်ကလာချေးတာလဲ အဖေ”

နီမောင်အမေးကို ချက်ချင်းမဖြေသေးပဲ ဦးဘရှိန်က ယာပြီးသော ကွမ်းယာကို ပါးစပ်ထဲသို့ ထည့်လိုက်သည်။

လက်ညှိုးမှာ ပေနေသော ထုံးများကို အိမ်တိုင်တစ်ေ ရာမှာ သုတ်လိုက်သည်။

ဦးဘရှိန်သည် ကွမ်းစားပြီးတိုင်း လက်မှာပေနေသေ ထုံးကို အိမ်တိုင်သို့သုတ်လေ့ရှိရာ ကွမ်းအစ်ထားသောနေရာနှ နီးသော အိမ်တိုင်တွင် အဖြူရစ်များထနေရာ ငန်းတော်ကြ မြွေနှင့်ပင် တူနေတော့သည်။

“မြင်ဒရယ်ရွာဟောင်းက လာချေးတာပါ”

“ဗျာ”

ဖခင်စကားကြောင့် နီမောင်မှာ တအံ့တဩဖြင့် ပါးစ အဟောင်းသားဖြစ်သွားလေသည်။

“မြင်ဒရယ်ရွာဟောင်း ဟုတ်လားအဖေ၊ မြင်ဒရယ်ဆို တာ နာမည်သာကျန်တော့တာ ရွာမှမရှိတော့တာ”

“ရွာမရှိတော့ပေမယ် သူတို့ကတော့ သူတို့ရွာနေရာမှ ရှိနေကြပါသေးတယ်”

ထိုသို့ပြောတော့မှ ပိုပြီးအံ့ဩရပြန်လေသည်။ ပိုပြီးစိတ် ဝင်စားရပြန်သည်။

“ဒါ . . ဒါဖြင့် ငွေလာချေးတာ လူတွေမဟုတ်ဘူးပေါ့ ပရလောကသားတွေ လာချေးကြတာလား အဖေ”

ဦးဘရှိန်က ခေါင်းညိတ်ပြသည်။





“အဖေကလည်း ပရလောကသားဆိုတာ မြင်ချင်တိုင်း မြင်ရတာမှ မဟုတ်တာ၊ သူတို့ကို ငွေချေးလိုက်တော့ တကယ် လို့ ပြန်မပေးရင် ဘယ်သွားရှာမလဲ”

“စိတ်မပူပါနဲ့ကွာ. . ပရလောကသားတွေက လူတွေ ထက်တောင်ပိုပြီး ကတိတည်ကြတယ်၊ သစ္စာရှိကြပါတယ်၊ လူ တွေကို ငွေချေးရင်သာ အခန့်မသင့်တဲ့အခါ ဆုံးချင်ဆုံးမယ်. . ၊ ပရလောကသားတွေကို ငွေချေးတဲ့အခါ ဘယ်တော့မှ ပြန်မရတဲ့ အခါမရှိပါဘူး”

“ဒါဖြင့် သူတို့ ငွေချေးတော့ အတိုးရောပေးရဲ့လားဟင်”

“မှန်မှန်ပေးပါတယ်”

“အဖေ သူတို့ကိုငွေချေးနေတာ အတော်ကြာပြီပေါ့ နော်”

ဦးဘရှိန်က ခေါင်းညိတ်ပြလေသည်။

“ပရလောကသားတွေက ကမ္မဇိဒ္ဓိရှိတာပဲ ငွေကဘာ ကြောင့်လိုတာလဲ”

“မင်းစိတ်ဝင်စားရင် ထမင်းစားပြီးတော့မှ အေးအေး ဆေးဆေး ပြောပြပါ့မယ်၊ အခုတော့ အချိန်လင့်နေပြီ ညစာစား လိုက်ကြဦးစို့”

ဟုပြောပြီးနောက် အသင့်ပြင်ထားသော ထမင်းဝိုင်းမှာ သားစုလေးယောက် ဝိုင်းထိုင်ပြီး ထမင်းစားကြလေသည်။ မောင်မှာ ထမင်းစားနေရင်းမှပင် ဖခင်ပြောမည့်အကြောင်း ရာများကို စိတ်ဝင်စားနေသောကြောင့် ထမင်းကိုပင် မြောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်မစားနိုင်ပဲ ရှိနေတော့သည်။

ထမင်းစားသောက်ပြီးတော့မှ လက်ဖက်ရည်ကြမ်း သောက်ရင်းနှင့် အေးအေးဆေးဆေး ပြောပြလေသည်။

"ပရလောကသားဆိုတဲ့နေရာမှာ အများကြီးရှိတယ် မကောင်းမှုပြုတဲ့သူတွေက သေရင် အပါယ်လေးဘုံကိုရောက် ကြရတယ်"

"အပါယ်လေးဘုံဆိုတာ ဘာတွေလဲ အဖေ"

"ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ မကောင်း တဲ့ဘုံလေးနေရာပဲ၊ ဒီလေးဘုံမှာ ငရဲဘုံက သူ့ဘုံနဲ့သူ သူ့နေရာ နဲ့သူ သီးခြားရှိနေတာကြောင့် လူဘုံလောကသားတွေက မမြင် ရဘူး"

"ဟုတ်ကဲ့"

"ကျန်တဲ့သုံးဘုံကတော့ လူဘုံလောကနဲ့ ရောထွေး တော့ လူတွေက မြင်ခွင့်တွေ့ခွင့် ရကြတယ်၊ တိရစ္ဆာန်တွေ တွေ့ . လူဘုံမှာ မရေမတွက်အောင် များလှလေတော့ အထူး ပြောစရာမလိုတော့ဘူး၊ ဒီတော့ ငရဲနဲ့တိရစ္ဆာန်တွေ ဖယ်ထား လိုက်ရင် ပြိတ္တာနဲ့ အသူရကာယ်ဘုံသားတွေ ကျန်တယ်"

"ဟုတ်ကဲ့"

"ပြိတ္တာဘုံလို့ ခြုံပြီးခေါ်ပေမယ့် အများကြီးရှိတယ်၊ ပြိ တ္တာဘဝမှာ အမျိုးအမည်ပေါင်းမြောက်မြားစွာ ရှိကြတယ်၊ အဲ အထဲမှာ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ကျုတ်၊ မှင်စာ၊ နတ်ဆိုး၊ ဘီလူး ဥစ္စာစောင့်တွေလည်း အပါအဝင်ပေါ့"





"ဟုတ်ကဲ့"

"လူတွေသေတဲ့အခါ ရောက်ရတဲ့ ဘုံဘဝ(၅)နေရာ ရှိတယ်၊ ဒေဝဂတိ နတ်ဘုံ၊ မနုဿဂတိ လူ့ဘုံ၊ ပေတဂတိ ပြိတ္တာ အသူရကာယ်ဘုံ၊ တိရစ္ဆာန်ဂတိ တိရစ္ဆာန်ဘုံနဲ့ နိရယဂတိ ငရဲ ဘုံတွေဆိုပြီးရှိတယ်၊ အဲ့ဒါမှ လူဘုံနဲ့နတ်ဘုံကလွဲပြီး ကျန်တဲ့သုံး ဘုံကတော့ မကောင်းဘူးပေါ့"

"ကြောက်စရာကောင်းလိုက်တာ"

"လူ့ဘဝရောက်လာပြီးတဲ့နောက်မှာ ကောင်းတာလုပ် ရင် အထက်ဘုံကို တက်နိုင်တယ်၊ မကောင်းတာလုပ်ရင်တော့ ကျန်တဲ့သုံးဘုံ ရောက်ကြရတာပေါ့၊ လူ့ဘဝရတဲ့အချိန်မှာ မေ့မေ့ လျော့လျော့နဲ့ မကောင်းတာလုပ်တာက ခဏလေးရယ်၊ ပြိတ္တာ ဘုံရောက်ပြီး ဒုက္ခဆင်းရဲတွေ ခံရတာက အကြာကြီးပဲ"

"ကျွန်တော်တော့ ကြားရတာနဲ့တင် အတော်ကြောက် နေမိတယ်"

"မင်းက ငါပြောတာကြားရတာနဲ့ ဒီလောက်ကြောက် နေတာ တကယ်လို့သာ ပြိတ္တာတွေရဲ့ ရုပ်ဆင်းအင်္ဂါတွေနဲ့ သူတို့ နေရစားရတာတွေသာ မြင်ရရင် နေစရာတောင်ရှိမှာ မဟုတ် ဘူး"

ဦးဘရှိန်က ရပ်ပြီး လက်ဖက်ရည်တစ်ခွက် သောက် လိုက်သည်။

"အဖေ့ဆီမှာ ပိုက်ဆံလာချေးတဲ့လူကြီး ကတော့လည်း ပရလောကသားဆိုပေမယ့် လူ့အတိုင်းပါပဲလား"

www.burmeseclassic.com



"ဒါကတော့ ဖန်ဆင်းထားတာကိုး၊ တကယ်တော့ ပြိတ္တာလောကသားတွေရဲ့ ရုပ်ဆင်းအင်္ဂါမှန်သမျှ ကြောက်စရာကောင်းကြတာချည်းပါပဲ၊ အချို့ပြိတ္တာလောကသားတွေမှာ ကမ္မဝိဒ္ဓိတန်ခိုးရှိတော့ အမျိုးမျိုးဖန်ဆင်းပြီး နေနိုင်ကြတယ်"

"ဒါပေမယ့် အဖေရယ် သရဲသဘက်တွေက လူတွေကို ခြောက်လှန့်ဖမ်းစားတာပဲ ကြားဖူးပါတယ်"

"ပြိတ္တာလောကမှာလည်း လူလောကသားတွေလိုပေါ့ကွာ၊ ကောင်းတာတွေရှိသလို မကောင်းတာတွေလည်း အများကြီးရှိတာပေါ့၊ တချို့. . ပြိတ္တာလောက ရောက်နေရပေမယ့် မကောင်းမှု အကုသိုလ်ကံမရှိပဲ ရောက်နေရတာတွေလည်း ရှိကြတယ်"

"ဘယ်လိုမျိုးလဲအဖေ"

"ဥပမာ ပင်လယ်ထဲမှာ ခရီးသည်တင်သင်္ဘောတစ်စင်းနစ်သလိုပေါ့၊ ကောင်းတဲ့သူတွေရော မကောင်းတဲ့သူတွေမှာ သေသွားကြရတယ်၊ ဒီလိုသေကြတဲ့အခါ ကံအကျိုးပေးကြောင့် ကောင်းတဲ့သူက ကောင်းတဲ့နေရာရောက် မကောင်းတဲ့သူက မကောင်းတဲ့နေရာမှာပဲ နေကြရတာတွေ အများကြီးရှိတယ်"

"ဘာကြောင့်လဲ အဖေ"

"သေသွားပြီးတဲ့နောက်မှာ ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းဝေပေးတာကို မရရင် မလွတ်နိုင်ဘူး၊ သာဓုမခေါ်နိုင်ရင် ကောင်းတဲ့ဘုံဘဝကို ချက်ချင်းမရောက်နိုင်ဘူး ကျန်ရစ်သူတွေက သူ့အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်





အမျှအတန်းဝေပေးတာကိုရပြီး သာဓုခေါ်နိုင်မှ. . သူပြုခဲ့တဲ့ကုသိုလ်ကံအတိုင်း ကောင်းရာဘုံဘဝကို ရောက်နိုင်ကြ တယ်"

"သနားစရာပါပဲ"

"ဒါကြောင့် ပရလောကရောက်နေရပေမယ့်၊ ပြိတ္တာဖြစ်နေရပေမယ့် မကောင်းတာချည်းမဟုတ်ပဲ. . ကောင်းတာတွေလည်း အများကြီးရှိနေတယ်ဆိုတဲ့သဘော ပေါက်ထားရမယ်၊ တွေ့တိုင်းမကြောက်ရဘူး"

"ကျွန်တော် သဘောပေါက်ပါပြီ အဖေ"

"ပြင်ဒရယ် ရွာဟောင်းကလူတွေကို ဘာကြောင့် ဒွေးရသလဲဆိုတာ နောက်မှအဖေပြောပြမယ်"

ဟုပြောဆိုကာ ဦးဘရှိန်က ညဉ့်နက်လာပြီဖြစ်သောကြောင့် စကားစကို ဖြတ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# ရွှေဒင်္ဂါးစပေါ်တင်လျက် ငွေချေးသူများ

ဦးဘရှိန်တစ်ယောက် ပရလောကသားများကို ငွေတိုး ပေးသောအလုပ်ကို မိမိအိမ်သားများမှလွဲပြီး အခြားသူများကို တော့အသိမခံပေ။

အဘယ်ကြောင့်ဆိုသော် ထိုကိစ္စကို အခြားသူများသိ သွားပါက တစ်မျိုးထင်ကာ ပြဿနာများရှုပ်ထွေးလာမည် ဖြစ် သောကြောင့်ပင်. . .

အောင်မြင်စာပေ

www.burmeseclassic.com

ပထမတော့ ဒေါ်ကျင်မေကိုယ်တိုင်က ဦးဘရှိန် လုပ်နေသောကိစ္စတို့ သဘောမပေါက်ပေ။ ဘဝင်မကျသဖြင့် ပြောသည်။

"ကိုဘရှိန် ရှင်ငွေချေးတဲ့လူတွေကလည်း တစ်မျိုးပါလား။ လာလိုက်ရင် မိုးချုပ်နေဝင်အချိန်မှချည်း လာကြတာပဲ"

"မင်းမသိပါဘူးကွာ"

ဦးဘရှိန်က ကွမ်းဝါးနေရင်းမှ အေးအေးဆေးဆေး ပြောလေသည်။

"နောက်ပြီး ကျုပ်သတိထားမိတာ တစ်ခုရှိသေးတယ် လာရင်လည်း လူမြင်သူမြင်မလာကြဘူး၊ အဝတ်တွေကို ခေါင်းမြီးခြုံပြီးလာကြတာ ဘယ်လိုသဘောလဲ"

"မင်းမသိပါဘူးကွာ"

"မသိလို့ မေးနေရတာပေါ့တော် ကျုပ်သိအောင်လည်း ပြောပြပါဦး"

ထိုအခါမှ ဦးဘရှိန်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရာ ဒေါ်ကျင်မေမှာ မျက်လုံးပြူးသွားလေတော့သည်။

"ဒီလိုဖြင့် ရှင်ငွေချေးနေတဲ့ သူတွေက လူတွေမဟုတ်ကြဘူးပေါ့"

ဦးဘရှိန်က ခေါင်းညိတ်ပြသည်။

"ကျုပ်တော့ တစ်ခါမှ မကြားဖူးပါဘူး၊ ဒါဖြင့် ငွေလာချေးတဲ့သူတွေက တစ္ဆေသရဲတွေလား"

"သူတို့က တစ္ဆေသရဲမဟုတ်ကြပါဘူး။ ပရလောကသားတွေပါ"

"ရှင့်စကားကလည်း နှစ်မျိုးထဲနဲ့ ရှုတ်နေတာပဲ ပရလောကသားဆိုတာ တစ္ဆေသရဲတွေကို ပြောတာပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်မဟုတ်ဘူး"

ဒေါ်ကျင်မေက မျက်လုံးပြူးပြီး ကြည့်သဖြင့် ဦးဘရှိန်က သိပ်ပတ်လည်အောင် ရှင်းပြရလေသည်။

"ပရလောကဘုံဘဝမှာ ရောက်နေတဲ့ အမျိုးအစားတွေက အတော်များတယ် အဲဒီအထဲမှာ သရဲတစ္ဆေတွေလည်း အပါအဝင်ပေါ့ ငါ့ဆီမှာ ငွေလာချေးကြတဲ့လူတွေက တစ္ဆေသရဲတွေမဟုတ်ကြပါဘူး"

"ဒါဖြင့်ဘာတွေလဲ"

"မကျွတ်မလွတ်သေးတဲ့ သူတွေပါပဲ၊ အရင်က အမာချောင်းဝဘက်မှာ သူတို့နေကြတဲ့ ရွာဟောင်းကြီးရှိခဲ့တယ်"

"ပြင်ဒရယ်မြို့ဟောင်းကို ပြောတာလား"

"ဟုတ်တယ်. . ပင်လယ်ဘက်က ဒီရေလှိုင်းကြီးတွေ တက်လာပြီးဖျက်ဆီးခံရလို့ တစ်ရွာလုံးပျောက်သွားပြီး သေကျေပျက်စီးကုန်ကြရတယ်၊ သူတို့တစ်ရွာလုံး သေကျေပျက်စီးကုန်ကြတော့ သပိတ်သွတ်မယ့်သူမရှိ၊ အမျှအတန်းဝေပေးမယ့်သူ မရှိကြတော့ အခုအချိန်ထိ မကျွတ်လွတ်တဲ့ဘဝနဲ့ ပရလောကမှာပဲ နေခဲ့ကြရတယ်"

ထိုစကားကြားတော့ ဒေါ်ကျင်မေ မျက်နှာအမူအရာ အနည်းငယ်ပြောင်းလဲသွားလေသည်။

www.burmeseclassic.com



"ဒီလိုဆိုတော့လည်း သနားစရာပဲ"

"တကယ်တော့ ပရလောက ရောက်နေကြတဲ့သူတိုင်း သနားစရာတွေချည်းပါပဲကွာ"

"ဒါဖြင့် အခုသူတို့က ဘယ်နေရာမှာ နေကြတာလဲဟင်"

"ပျက်သွားတဲ့ရွာဟောင်းနေရာမှာပဲ ရွာတည်ပြီးနေကြတယ်"

"အံ့ဩစရာပဲ ရှင် သူတို့နေတဲ့နေရာ ရောက်ဖူးသလား"

"သူတို့ခေါ်လို့ တစ်ခါတော့ ရောက်ခဲ့ဖူးပါတယ်"

"ဘယ်လိုနေကြသလဲဟင်"

"ငါတို့လူတွေနေကြသလိုပဲ ရွာတည်ပြီး နေကြတာပါပဲ ကိုယ့်အိမ်နဲ့ကိုယ် အသီးအနှံစိုက်တဲ့သူကစိုက်၊ ဆန်စပါးစိုက် တဲ့သူကစိုက်၊ သားငါးရှာဖွေတဲ့သူက ရှာဖွေကြနဲ့ပေါ့"

"ကျုပ်ကြားဖူးတာကတော့ တောထဲတောင်ထဲမှာ အဲ လိုရွာတည်ပြီးနေကြတာ ကျတ်တွေလို့ ပြောသံကြားဖူးတယ် ရှင်ပြောတဲ့နေရာက ကျတ်တွေနေတဲ့နေရာ မဟုတ်လား"

"ပရလောကသားတွေဆိုပေမယ့် အမျိုးအစားတွေ အများကြီးရှိတယ်၊ လူတွေလိုပဲပေါ့. . ကောင်းတာတွေရှိသ မကောင်းတာတွေလဲ အများကြီးရှိကြတယ်၊ သူတို့က မကျွ မလွတ်တဲ့ ဘဝရောက်နေကြရပေမယ့် ပြိတ္တာတွေ ကျတ်တွေ တော့ မဟုတ်ကြဘူး"

"သူတို့မှာ ဖန်ဆင်းနိုင်တဲ့ ကမ္ဘဇိဒ္ဓိရှိကြတယ်မဟုတ် လား"





"ရှိကြတယ်"

"ဒါဖြင့်လိုတာကို ဖန်ဆင်းယူလို့ရရဲ့သားနဲ့ ရှင့်ဆီက ဘာကြောင့်ငွေလာချေးတာလဲ"

"ပြောရရင်တော့ သူတို့က ဝိညာဉ်ဘဝရောက်နေကြ တယ် ဆိုပေမယ့် နံဘေးကသာသိတာ၊ သူတို့ကိုယ်တိုင်ကတော့ သတိပြုမိကြပုံမရဘူး"

"အံ့ဩစရာပဲ"

"ဒါကြောင့် လူတွေလိုပဲ နေထိုင်စားသောက်ကြပြီး လို အပ်တာရှိရင် ငါ့ဆီမှာငွေလာချေးကြတာပေါ့"

"ချေးယူပြီးတော့ကော မှန်မှန်ပြန်ပေးကြရဲ့လား"

"လူတွေချေးတာကမှ ဆုံးချင်ဆုံးမယ်၊ သူတို့ကိုချေးရ တာ ပိုပြီးစိတ်ချရတယ်၊ အချိန်တန်တာနဲ့ ရက်စွန်းမခံဘူး၊ အတိုး ရောအရင်းပါ မှန်မှန်ပြန်လာပေးကြပါတယ်"

"ဒါထက် မေးပါရစေဦး သူတို့နဲ့ ဘယ်အချိန်ကတည်း က အဆက်အသွယ်ရကြတာလဲ ပြောပြပါဦး"

ထိုသို့ပြောသဖြင့် ဦးဘရှိန်က ဖြစ်ကြောင်းကုန်စင် ပြန် ပြောပြလေသည်။ အချိန်မှာ နွေရာသီမနက်သိမ်းချိန်၊ ခနိုခုတ်ချိန် ဖြစ်သည်။

အလုပ်သမားများက ခနိုတောများ ဝင်ခုတ်နေကြစဉ် မှာဦးဘရှိန်က အရိပ်ကောင်းသော ကန့်ပလာပင်ကြီးတစ်ပင် အောက်မှာ လက်ဖက်ရည်သောက်ရင်း ပရိတ်တော်များကို တိုး တိုးရွတ်ဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ မနီးမဝေးတောထဲမှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ တောစပ်၌ရပ်နေသော အဘိုးကြီးတစ်ယောက်ကို မြင်ရလေသည်။

ခရီးသွားတစ်ယောက်ဟု ထင်သဖြင့် လှမ်းခေါ်လိုက်သည်။

"အမောပြေ လက်ဖက်ရည်သောက်သွားပါဦးလား"

ဦးဘရှိန်က ပရိတ်ရွတ်နေခြင်းကိုရပ်ပြီး လှမ်းခေါ်လိုက်တော့မှ မနီးမဝေးနေရာရောက်သည့်အထိ လျှောက်လာပြီး ထိုင်သည်။

ဦးဘရှိန်က လက်ဖက်ရည်တစ်ခွက် ငှဲ့ထည့်ပြီး ကမ်းပေးတော့ လှမ်းယူပြီးသောက်လေသည်။

"ဘယ်မှာနေပါသလဲ"

"ကျုပ်တို့ရွာက ဒီနေရာနှင့် မဝေးလှပါဘူး၊ မြစ်ကမ်းဘက်မှာပါပဲ"

ထိုစကားကြားသောအခါ ဦးဘရှိန်က သဘောပေါက်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ထိုလူကြီးလက်ညှိုး ထိုးပြသောဘက်တွင် ရွာမဆိုထားနှင့် လူနေအိမ်ပင်မရှိပဲ သစ်တောများသာရှိသည်ကို သိထားသောကြောင့်ဖြစ်သည်။

"အခုလာတာ ကိစ္စရှိလို့များလား"

"ပြောစရာရှိလို့လာတာပါ"





အားနာနေသောအသံဖြင့် ပြန်ပြောသည်။

"ပြောစရာရှိရင် ပြောသာပြောပါ"

"ဒီလိုပါ၊ မိတ်ဆွေကြီးပိုင်တဲ့ ခနီခြံတွေရဲ့ အဆုံးနေရာလောက်မှာ ကျုပ်တို့ရွာအစပါပဲ ဒီနားမှာလာပြီး အလုပ်လုပ်ကြရင်း အလုပ်သမားတွေကို တစ်ဆိတ်လောက် မှာထားစေချင်ပါတယ်"

"ဘာတွေများ ပြောထားစေချင်ပါသလဲ"

"ရွာနှင့်နီးနေလေတော့ အလေးအပေါ့စွန့်ရင် ထင်တိုင်းမစွန့်ကြဖို့ရယ်၊ ညစ်ညမ်းဆဲဆိုတဲ့ စကားမျိုးတွေ မပြောကြဖို့မှာထားပေးပါ၊ သူတို့က စည်းမဲ့ကမ်းမဲ့လုပ်နေကြတော့ ရွာမှာရှိတဲ့သူတွေက သိပ်ပြီးသည်းမခံချင်ကြဘူး၊ ကျုပ်ကတော့ မိတ်ဆွေကြီး မျက်နှာထောက်ထားပြီး ကြားထဲကတောင်း ပန်ထားပါတယ်"

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်ရဲ့အလုပ်သမားတွေ အမှားအယွင်းပြုမိရင်လည်း သည်းခံနိုင်သလောက် သည်းခံပေးပါ"

"ရပါတယ်လေ ရပ်နီးရွာနီးချင်းတွေပဲ၊ တစ်ဦးနှင့် တစ်ဦးဒီလိုပဲ ကူညီစောင့်ရှောက်ပေးရမှာပေါ့၊ ဒါ့အပြင် နောက်တစ်ခု ပြောစရာရှိပါသေးတယ်"

"မိတ်ဆွေကြီးအနေနဲ့ ဒီနေရာတစ်ဝိုက်မှာ လာပြီးအလုပ်လုပ်တဲ့အခါ ပရိတ်တရားတော်တွေ မရွတ်ဖို့ တောင်းပန်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com


ထိုစကားကြားတော့ ဦးဘရှိန်က သဘောပေါက်သွားလေသည်။

"ကျုပ်သဘောပေါက်ပါပြီ နောက်မပြုမိအောင် ဆင်ခြင်ပေးပါ့မယ်"

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကြီးကသာ ကျုပ်တို့ကို မမြင်ဖူး၊ မသိဖူးပေမယ့် ကျုပ်တို့ကတော့ ဆွေဟောင်းမျိုးဟောင်းတစ်ယောက်လိုပဲ သဘောထားပါတယ်၊ ရှေးကရေစက်ရှိခဲ့လို့ပဲ ထင်ပါရဲ့"

"မှန်ပါတယ်ခင်ဗျာ၊ သံသရာခရီးသွားတွေဆိုတော့ ဆွေမျိုးမတော်ခဲ့ဖူးတဲ့သူမှ မရှိကြတာ၊ ဘဝနီးတော့ မှတ်မိပြီး မနီးတော့လဲ မမှတ်ကြဖူးပေါ့၊ လိုတဲ့အကူအညီမျိုးရှိရင်လဲ ပြောပါ ကျုပ်ဘက်က ကူညီဆောင်ရွက်ပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်၊ ရေငတ်တုန်းရေတွင်းထဲကျတဲ့ အဖြစ်မျိုးပါပဲ၊ မိတ်ဆွေကြီးက ဒီလိုပြောလာမှတော့လဲ ကျုပ်ကလဲ ပြောစရာရှိတာပြောပါရစေ"

"ပြောသာပြောပါ"

"အခြားတော့မဟုတ်ပါဖူး၊ ကျုပ်တို့ရွာကလူတွေ စီးပွားရေးကျပ်တည်းလို့ အဆင်မပြေရင်. . ငွေကြေးချေးငှားပေးပါ အတိုးနဲ့တကွ မှန်မှန်ပြန်ဆပ်ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဦးဘရှိန်မှာ အံ့သြသွားလေတော့သည်။ ယခုကဲ့သို့ ပရလောကသားများကို ငွေချေးရသောအလုပ်မျိုးကို သူ့အနေဖြင့် မလုပ်ဘူးပေ၊ လုပ်ဖူးဖို့နေနေသာသာ ကြားပင်မကြားဖူးခဲ့ပေ။

"ငွေချေးပြီးရင် ပြန်မရမှာတော့ မစိုးရိမ်ပါနဲ့၊ ကျုပ်. . အာမခံပါတယ်၊ ကျုပ်နာမည် ဦးဒီပလို့ခေါ်ပါတယ် ပြင်ဒရယ်ရွာကို အုပ်ချုပ်နေတဲ့သူပါ"

"မိတ်ဆွေကြီးကို ယုံပါတယ်၊ ဒါပေမယ့် ဘယ်လိုချေးငှားရမယ်ဆိုတာ ပြောပြပါဦး"

"သူတို့လိုချင်တဲ့ အချိန်ရောက်ရင် မိတ်ဆွေကြီးဆီမှာလာယူကြပါလိမ့်မယ်၊ အဲ့ဒီလိုလာယူရင် အတိုးနှုန်းကိုပါ တစ်ခါတည်းပြောပြီး ချေးငှားပေးပါ၊ ဆပ်ချိန်ရောက်ရင်လည်း သူတို့ကိုယ်တိုင် လာဆပ်ကြပါလိမ့်မယ်"

ဟုပြောလေသည်။

ဦးဘရှိန်ကလည်း ချေးငှားပါမည့်အကြောင်း ပြန်ပြောရလေသည်။

"ကျုပ်အနေနဲ့ တတ်နိုင်သလောက်ဆိုရင် ချေးငှားပေးပါမယ်၊ ဒါထက် သိချင်တာတစ်ခုလောက် မေးပါရစေ"

"မေးပါဗျာ"

"ပရလောကသားတွေမှာ ဒီလိုငွေချေးသုံးဖို့ လိုအပ်ပါသလား၊ ကမ္ဘာ့ဇိဒ္ဓိတန်ခိုးနဲ့ ဖန်ဆင်းယူလို့မရဖူးလား"

"မိတ်ဆွေကြီးကမေးမှတော့ ကျုပ်ကလည်း ပွင့်ပွင့်လင်းလင်းပြန်ပြောရတော့မှာပဲ၊ ပရလောကဆိုပေမယ့်လည်း ဘဝသာခြားတယ် လူလောကနဲ့အတူတူပါပဲ ဥစ္စာရွှေငွေတွေ ရှိပေမယ့် မသက်ဆိုင်ရင် ဘာမှယူလို့သုံးလို့မရပါဘူး"

www.burmeseclassic.com

"ဟုတ်ကဲ့"

"ကျတ်လောကသားတွေကတော့ ငွေဖန်ဆင်းပြီး အ… သုံးပြုကြပါတယ်၊ ကျုပ်တို့ကတော့ အဲ့ဒီလိုမလုပ်ကြပါဘူး"

(ကျတ်လောကသားများ ဈေးဝယ်လာသည့်အခါ သစ်… ရွက်များကို ငွေဒင်္ဂါးအတုများပြုလုပ်ပြီး အသုံးပြုကြသည်။ ထို… ငွေဒင်္ဂါးကို ရေထဲချလိုက်ပါက သစ်ရွက်အဖြစ်ပြန်ပြောင်းသော… အကြောင်းကို "နှစ်ဆောင်ပြိုင်ကျတ်ကုန်း" စာအုပ်တွင် သင့်… လောက် ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်ပေသည်။)

"ဒီလိုလုပ်တဲ့သူတွေကတော့ အောက်တန်းစားတွေ… ကျုပ်တို့ကတော့ ဒီလိုမလုပ်ပါဖူး၊ ငွေမဟုတ်တာနဲ့ ပစ္စည်းဝ… တာမျိုးမလုပ်ပါဖူး၊ ဈေးရောင်းဈေးဝယ်လုပ်နေတဲ့ လူတွေ… ဒီလိုတော့ ဒုက္ခမပေးကြပါဖူး"

"ကောင်းပါတယ်ဗျာ၊ ဒါထက် ခင်ဗျားတို့မှာကော … ငွေတွေမရှိကြဘူးလား"

"ရှိပါတယ် အများကြီးရှိပါတယ်၊ ကိုယ်နဲ့သက်ဆိုင်တ… တွေရော မသက်ဆိုင်တာတွေရောပေါ့၊ ဒါပေမယ့် ငွေတွေ… အခုခေတ်သုံးတဲ့ငွေတွေမျိုး မဟုတ်ဘူး၊ ဒီတော့ အဲ့ဒီငွေတွေ… ဈေးဝယ်တဲ့အခါဖြစ်စေ၊ ရွှေတွေနဲ့ဈေးဝယ်တဲ့အခါဖြစ်စေ၊ လူ… တွေကရိပ်မိကြပါလိမ့်မယ်၊ ဒါ့ကြောင့် ထုတ်မသုံးကြတာပါ"

"မိတ်ဆွေကြီးပြောပြမှပဲ သဘောပေါက်ရပေတော့… တယ်၊ ဒီတော့ . . မိတ်ဆွေကြီးလာပြီး အကူအညီတောင်းတဲ့အ… တိုင်း ကျုပ်က အကူအညီပေးပါ့မယ်၊ ငွေချေးပေးပါ့မယ်"





ဟုကတိပေးလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ မိတ်ဆွေကြီးဘက်က ဒီလို လိုက်လျောပေးမှတော့ ကျုပ်တို့ဘက်ကလည်း ပြန်ပြီးသိတတ် မှုရှိရမှာပေါ့၊ ငွေချေးတဲ့အခါမှာ စိတ်ချလက်ချဖြစ်အောင်လို့ …ပေါ်အနေနဲ့ ရွှေဒင်္ဂါးတွေပေးထားပါ့မယ်"

"ဒီလောက်လဲ မလိုပါဘူး၊ ကျုပ်ဘက်က မိတ်ဆွေကြီး တို့ရွာသူရွာသားတွေကို ယုံကြည်မှုရှိပါတယ်"

"ဒီလိုလဲဘယ်ဟုတ်ပါ့မလဲ၊ သူ့ဘက်ကလိုက်လျောရင် …ယ့်ဘက်က သိတတ်မှုပြန်ရှိရမှာပေါ့၊ မကြာခင်ကျုပ်လာပြီး …ပေါ်အတွက် ရွှေဒင်္ဂါးတွေလာပေးထားပါ့မယ်၊ ကဲ. . သွားပါဦး …ယ်"

ဟုပြောဆိုကာ အဘိုးကြီးက နှုတ်ဆက်ပြီး တောထဲသို့ …ဉ်းဝင်သွားလေတော့သည်။

ဦးဘရှိန်မှာ နေရာ၌ လက်ဖက်ရည်ကြမ်းသောက်နေ …င်းနှင့် တအံ့တဩဖြစ်ကာ ကျန်ခဲ့လေတော့သည်။

နောက်ရက်မှာတော့ ထိုအဘိုးကြီး ထပ်ရောက်လာပြီး ရွှေဒင်္ဂါးအချို့ထည့်ထားသော အိတ်တစ်လုံးလာပို့ပေးသွားလေ သည်။ ထို့နောက်ပိုင်းမှာတော့ ပြင်ဒရယ်ရွာဟောင်းမှ လူများ လာရောက်ပြီး ငွေချေးပါက သင့်တော်သောအတိုးနှုန်းဖြင့် ငွေ ချေးပေးနေရခြင်းဖြစ်လေသည်။

ထိုအကြောင်းများက ဦးဘရှိန်မှ ဒေါ်ကျင်မေကို ပြန် ပြောပြသော အကြောင်းများဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်မေမှာလည်း ထိုအခါမှ အခြေအနေများကို
သဘောပေါက်သွားရလေတော့သည်။

"ငါသူတို့နဲ့ အဆက်အသွယ်ဖြစ်တာ အတော်ကြာခဲ့ပ
ပြီး၊ တစ်နှစ်လောက်တောင် ရှိပြီထင်တာပဲ၊ ဒီအတောအတွင်
မှာတော့ ငါချေးငှားထားတဲ့ငွေကို လာမဆပ်တဲ့လူရယ်လို့တော
မရှိကြသေးဘူး၊ အချိန်တန်ရင် ရောက်လာကြပြီး အတိုးမှန်မှ
ပေး အရင်းငွေကိုလည်း မှန်မှန်ပြန်ဆပ်ကြတာချည်းပါပဲ"

ဦးဘရှိန် စကားကို ရှည်လျားစွာပြောလိုက်ရသဖြင့် အ
ခြောက်သွားဟန်ဖြင့် လက်ဖက်ရည်တစ်ခွက်သောက်နေပေ
သည်။

"ကြားရတာတော့ အံ့သြစရာပါပဲ၊ ဒါထက် . . သူတို့
ငွေချေးတော့ အတိုးဘယ်လောက်ရသလဲ"

"များများမယူပါဘူး ၊ ငွေတစ်ကျပ်မှ တစ်ပြားပဲယူ
တယ်၊ သူတို့ဆီကရတဲ့ အတိုးငွေကိုလည်း ငါမသုံးပါဘူး စုထ
ပါတယ်"

"ဘာလုပ်မလို့လဲ"

"တစ်နေ့ကျရင် သူတို့အတွက် ကောင်းမှုတစ်ခုခုလု
ပေးမလို့ ရည်စူးထားလို့ပါ"

ထိုအခါမှ ဒေါ်ကျင်မေလည်း သဘောပေါက်သွားပေ
တော့သည်။

"ကောင်းပါတယ် . . ကုသိုလ်ရတာပေါ့၊ ဒါထက် သူ
စပေါ်တင်ထားတဲ့ ရွှေဒင်္ဂါးတွေကရော အစစ်တွေဟုတ်ရဲ့လာ





"အစစ်တွေပါ၊ ငါသေသေချာချာကြည့်ပြီးပါပြီ"

ထိုသို့ပြောပြီး ဦးဘရှိန်က ၎င်းသိမ်းထားသော ရွှေဒင်္ဂါး
များကိုထုတ်ပြလေသည်။

ထိုသို့ပြသောအချိန်တွင် နီမောင်နှင့် မေနှင်းတို့ မောင်
နှမနှစ်ယောက်လည်း ရှိနေကြလေသည်။

ရွှေဒင်္ဂါးပြားများမှာ ရှေးခေတ်သုံး ဒင်္ဂါးများနဲ့တူပြီး ရွှေ
ညိုကလည်း ဝင်းအိနေသည်။

စုစုပေါင်း အပြား(၅၀)ခန့်ရှိသည်။

"သူတို့စပေါ်တင်ထားတဲ့ ရွှေဒင်္ဂါးတွေကလဲ မနည်းလှ
ပါလား၊ ဒီရွှေဒင်္ဂါးတွေရောင်းရင်တော့ ချမ်းသာလောက်တယ်"

"သူတို့မှာ ဒါမျိုးတွေအများကြီးရှိတယ်၊ ငွေဒင်္ဂါးတွေလဲ
အများကြီးရှိတယ်၊ ဒါပေမယ့် ဒါတွေကို အပြင်ထုတ်သုံးရင်
သူတို့အတွက် ပြဿနာတွေရောက်လာလို့ ငါ့ဆီကငွေချေးပြီး
သုံးကြတာပေါ့၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘယ်သူမှ
သိစေနဲ့၊ သိသွားရင် သူတို့အတွက် မကောင်းဘူး"

"မသိစေရပါဘူး"

ထိုသို့ပြောပြီး ဦးဘရှိန်က ရွှေဒင်္ဂါးများထည့်ထားသော
အိတ်ကို ပြန်ထုပ်သိမ်းနေလေသည်။

ထိုအချိန်တွင် ခြံဝင်းထဲမှာထားသော အလုပ်သမား တဲ
ထက်မှ အလုပ်သမားတစ်ဦး၏မိန်းမမှာ ကိစ္စတစ်ခုရှိသော
ကြောင့် နီမောင်တို့အိမ်ဘက်သို့ ရောက်လာလေသည်။ အိမ်
နီးဘေးရောက်တော့မှ အိမ်ထဲမှာ မိသားစုလေးယောက် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်ပြီး ပြောနေသောအကြောင်းများကို အမှတ်တမဲ့ကြား
သွားသဖြင့် စိတ်ဝင်စားသောကြောင့် အိမ်နံဘေးကပ်ကာ နာ
ထောင်နေသည်။

တကယ်တော့ တကူးတကလာနားထောင်နေခြင်း မ
ဟုတ်ပဲ ကိစ္စတစ်ခုရှိသဖြင့် လာရင်းနဲ့ အမှတ်တမဲ့ကြားသွားခြင်း
ဖြစ်လေသည်။

ထို့အပြင် ဦးဘရှိန်က သူ့မိသားစုသုံးယောက်ကို ရွေ
ဒဂါးများ ထုတ်ပြသောအခါမှာလည်း ထရံပေါက်မှ ချောင်းကြည့်
ပြန်ရာ တစ်စွန်းတစ်စမြင်သွားပြန်လေသည်။

ထို့နောက်. . .

စိတ်လှုပ်ရှားစွာနှင့်ပင် လာရင်းကိစ္စကို သတိမရတော့
ပဲ သူ့တဲရှိရာဘက်သို့ ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့
သည်။ ထိုအကြောင်းကိုတော့ ဦးဘရှိန်တို့ မိသားစုက မသ
လိုက်ကြပေ။





## အခန်း (၇)

# နိမောင်နှင့်ဝိညာဉ်လောကသား

နောက်ပိုင်းရက်များမှာလည်း ဦးဘရှိန်မှာ မိမိအလုပ်
ားကိုဂရုတစိုက်လုပ်နေရင်းမှပင် ပြင်ဒရယ်ရွာဟောင်းမှလူ
ား ရောက်လာပြီး ငွေချေးငှားလျှင် ဝတ္တရားမပျက် ချေးငှားပေး
ျက်ရှိသည်။

သူတို့နေသောနေရာမှာ ရွာအစွန်ဘက်၌ ရှိသော
ကြောင့် အခြားသူများရိပ်မိမှာတော့ စိတ်မပူရပေ။ မိမိခြံဝန်းတဲ
ာ တဲများနှင့်ထားသော အလုပ်သမားမိသားစု နှစ်စုသုံးစုရှိ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူတို့အလုပ်သူတို့ လုပ်နေကြသောကြောင့် စိတ်ပူစရာတော့မရှိပေ။

ဒါကလွန်ခဲ့သော ရက်ပိုင်းလပိုင်းများက ခြေအနေဖြစ်သည်။ ယခုနောက်ပိုင်းမှာတော့ ဦးဘရှိန်၏ အခြေအနေကို မသိမသာစောင့်ကြည့်နေသော မိန်းမတစ်ယောက်ရှိနေသည်။ ခင်သီဆိုသော မိန်းမဖြစ်သည်။

ခင်သီက ဦးဘရှိန်ခြံထဲမှာ အလုပ်လုပ်နေသော 'သံပချိုင်၏မိန်းမဖြစ်သည်။ သူတို့လင်မယားမှာ ကလေးနှစ်ယောက်ရှိသည်။ ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သံပချိုင်းက အသက်(၃၅)နှစ်အရွယ်ခန့်ရှိပြီး ခင်သီက အသက် (၃၀)အရွယ်ခန့်သာ ရှိသေးသည်။

၎င်းတို့လင်မယားမှာ ရွာဘက်မှာ နေကြစဉ်က အလုပ်အကိုင်မကောင်းသဖြင့် ဒုက္ခရောက်နေစဉ်မှာ ဦးဘရှိန်ထံ ရောက်လာသောကြောင့် ဦးဘရှိန်က ခေါ်ယူစောင့်ရှောက်ထားခြင်းဖြစ်သည်။

သံပချိုင်က အုန်းပင်တက်ကျွမ်းကျင်ရုံမက အုန်းသီးနှင့်အုန်းပင်အကြောင်း အတော်ပင်သိသူဖြစ်သဖြင့် အုန်းခြံထဲမှာနေရာပေးပြီး အလုပ်ခိုင်းထားခြင်းဖြစ်သည်။ ရောက်ခါစတော့ သူတို့လင်မယားနှစ်ယောက်မှာ ကောင်းမွန်စွာပင် အလုပ်လုပ်ကိုင်ခဲ့ကြလေသည်။

တလောကမှ အခြေအနေပြောင်းသွားခြင်းဖြစ်သည်။ ထိုနေ့ညဉ့်ဦးပိုင်းအချိန်က သံပချိုင်နေမကောင်းသဖြင့် ဆေးဝ





ရန်အတွက် အလုပ်ရှင်နေအိမ်ဘက်သို့ ရောက်လာစဉ်မှာ ဦးဘရှိန်တို့မိသားစု အချင်းချင်းပြောဆိုနေသော စကားသံများကို တစ်စွန်းတစ်စကြားသွားခဲ့သည်။

တဲပြန်ရောက်တော့ ယောကျ်ားဖြစ်သူကို ထိုအကြောင်းအရာများ ပြန်ပြောပြလိုက်သည်။

"ဟုတ်ရဲ့လား ခင်သီရယ်၊ နင်နားကြားလွဲလာတာဖြစ်မှာပါ"

"ဘယ်ကနားကြားလွဲရမလဲ၊ ကျုပ်နားနဲ့သေသေချာချာကိုကြားလာရတာ၊ ဆရာကြီးပိုက်ဆံချေးတာ သရဲတစ္ဆေတွေကို ချေးတာလို့ ပြောတယ်"

"မဟုတ်တာဟယ်၊ တစ်ခါမှ မကြားဖူးပါဘူး"

"အော်. . တော်ကလည်း ဟုတ်ပါတယ်ဆိုမှ ဟိုတစ်နေ့က သူတို့အချင်းချင်းပြောနေကြတာကို သေသေချာချာကို ကြားခဲ့ရတယ်၊ ဒါ့အပြင်ရှိသေးတယ်"

"ဘာလဲ"

"ဆရာကြီးဆီမှာ ရွှေဒင်္ဂါးတွေတွေ့ခဲ့တယ်"

"ဟင်. . ဘယ်ကရွှေဒင်္ဂါးတွေလဲ"

"ပိုက်ဆံချေးတဲ့ သူတွေက အပ်ထားတယ်ဆိုလား၊ စပေါ်တင်ထားတယ်ဆိုလား အများကြီးပဲ"

တစ္ဆေသရဲများကို ပိုက်ဆံချေးသည်ဆိုသောကိစ္စကို သိပ်ပြီးစိတ်မဝင်စားသော်လည်း ရွှေဒင်္ဂါးများဆိုသော စကားကိုတော့ သံပချိုင်ကစိတ်ဝင်စားသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဟဲ့"

"တော်မယုံရင် စောင့်ကြည့်နေ ပိုက်ဆံချေးတဲ့သူတွေက ညဉ့်ဦးပိုင်းအချိန်အထိ လာလေ့ရှိတယ်"

ထိုသို့ပြောသဖြင့် နောက်ရက်များမှာတော့ သံပချိုင်မှာ အလုပ်လုပ်ရင်းကိုင်ရင်းနှင့် မသိမသာစောင့်ကြည့်လေတော့သည်။ ဦးဘရှိန်ကတော့ ထိုအခြေအနေကို မသိပေ သူလုပ်ရသည့်အလုပ်တို့ကို လုပ်မြဲလုပ်နေသည်။

တစ်နေ့သ၌ ညဉ့်ဦးပိုင်းအချိန်မှာ ဦးခေါင်းပေါ်မှာ အဝတ်မည်းကြီးခြုံထားသော သူတစ်ယောက် နောက်ဘက် အပေါက်တွင် လာရောက်ရပ်သဖြင့် ဦးဘရှိန်က အိမ်ပေါ်မှ ဆင်းသွားပြီး အကျိုးအကြောင်းမေးလေသည်။

"ဘာကိစ္စရှိလို့လဲ"

"ဆရာကြီးကို တောင်းပန်စရာရှိလို့ပါ"

"ဘာများတောင်းပန်မှာလဲ"

"ကျုပ်ယူထားတဲ့ ကြွေးမြီကပေးဆပ်ရမယ့် အချိန်ရောက်နေပေမယ့် မပေးဆပ်နိုင်သေးတဲ့အတွက် လာပြီးတောင်းပန်တာပါ။ တကယ်လို့ မကျေနပ်ရင်တော့ ကျုပ်နေတဲ့အိမ်ကို သာသိမ်းယူပါ"

"ခင်ဗျားအိမ် သိမ်းယူတော့ မိသားစုတွေကို ဘယ်မှာ သွားထားမလဲ"

"နေစရာမရှိရင်တော့ တောထဲမှာပဲ သွားနေရမှာပါပဲ"

"ကျုပ်အနေနဲ့ ဒီလိုတော့မလုပ်ပါဘူး၊ ဒီနှစ်မပေးနိုင်





တော့လဲ နောက်နှစ်အဆင်ပြေမှပဲ ပြန်ဆပ်ပေါ့"

"ကျေးဇူးတင်ပါတယ်"

"အခက်အခဲဖြစ်နေတာဆိုတော့ နောက်ထပ်ငွေထပ်လိုချင်သေးသလား"

"စားဖို့တောင် မကျန်တော့သလောက် ဖြစ်နေတာဆိုတော့ ဆရာကြီးကပေးမယ်ဆိုရင်တော့ ထပ်ပြီးလိုချင်ပါသေးတယ်"

"ဒါဖြင့် ခဏလေးစောင့်ပါ"

ဟုပြောပြီး ဦးဘရှိန်က အိမ်ပေါ်သို့ တစ်ကျော့ပြန်တက်သွားလေသည်။ ထိုအခြေအနေကို အုန်းပင်တစ်နေရာမှ ကွယ်ပြီး ကြည့်နေသော သံပချိုင်က မြင်နေရသည်။

"ခင်သီပြောတာ တကယ်ဟုတ်နေပါလား"

ဟုလည်း စိတ်ထဲမှာတွေးနေမိသည်။

ခဏကြာသောအခါ အထုပ်တစ်ထုပ်ကိုင်ပြီး ပြန်ဆင်းလာလေသည်။

ထိုအထုပ်ကို စောင့်နေသူအား ပေးလိုက်သောအခါ. . ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ပြန်ထွက်လာသောသူက သံပချိုင်ရှိနေသော နေရာနှင့် မနီးမဝေးရောက်သောအခါ သူရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်သွားသည်။

အမှောင်ထဲမှာဖြစ်သည့်ကတစ်ကြောင်း၊ မျက်နှာပေါ်မှာအဝတ်မည်းမည်းတစ်ထည် ခြုံထားသောကြောင့် ထိုသူမျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကိုမမြင်ရသော်လည်း . ထိုသို့လှည့်ကြည့်လိုက်သောအခါ သံပချိုင်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော်. . .

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း မျက်လုံးနေရာမှာ. . အရောင်တောက်နေသော အလင်းရောင်နှစ်ခုကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ထိုသူက တစ်ချက်လှည့်ကြည့်ပြီး နောက်ဆက်လျှောက်သွားရာ အမှောင်ရိပ်ရောက်တော့ ပျောက်သွားလေတော့သည်။

သံပချိုင်လည်း ထိုနေရာမှာ ဆက်မနေဝံ့တော့သဖြင့် မိမိတဲရှိရာဘက်သို့ ခပ်သုတ်သုတ်ပြန်လာပေသည်။

တစ်နေ့တော့ ဦးဘရှိန်က နီမောင်ကိုခေါ်ပြောသည်။

"အဖေ ကိစ္စတစ်ခုရှိလို့ မြို့ကိုခဏသွားရမယ်၊ မင်းအမေနဲ့ ညီမလေးလဲ လိုက်ကြလိမ့်မယ်၊ မင်းက ခြံတွေနဲ့အိမ်ကို စောင့်ရှောက်ပေးရမယ်"

"စိတ်ချပါအဖေ သွားသာသွားပါ"

"မင်းတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့. . ရွာထဲက ဦးမွန်ထော်ကို ခေါ်ထားပေးခဲ့မယ်"

"ဟုတ်ကဲ့"

"အုန်းခြံတွေတတော့ အလုပ်သမားတွေရှိတာဆိုတော့ ပူစရာမလိုပါဘူး၊ မင်းအနေနဲ့ အိမ်ကိုသာဂရုစိုက်ပါ"

"စိတ်ချပါအဖေ"

"နောက်အရေးကြီးတာ မှာစရာရှိသေးတယ်"





နီမောင်က ဖခင်ဖြစ်သူကို ကြည့်နေသည်။

"တခြားမဟုတ်ဘူး၊ ငွေချေးယူနေကြ လူတွေလာရင် ချေးပေးလိုက်ပါ၊ သူတို့က ငွေပြန်ဆပ်ရင်လဲ လက်ခံထားပါ၊ သူ့အထုပ်နဲ့သူသာထားပါ၊ ငါပြန်ရောက်လာတော့မှ စာရင်းကြည့်မယ်"

ထိုစကားကြောင့် နီမောင်မှာ အခက်တွေ့သွားလေသည်။

"ကျွန်တော်က အဖေလိုမှ မသိတာ၊ ဘယ်လိုမှတ်ထားရမလဲ"

"ဒါလည်း စိတ်ပူစရာမရှိပါဘူး၊ အမည်မေးပြီး. . ယူတဲ့ငွေ ပြန်ပေးတဲ့ငွေကိုသာ မှတ်ထားလိုက်ပါ၊ သူတို့နဲ့ စကားပြောတဲ့နေရာမှာ မင်းအနေနဲ့ တစ်ခုပဲသတိထားရမယ်"

"ဘာများလဲ အဖေ"

"ထွေထွေထူးထူး စကားတွေသိပ်မပြောနဲ့၊ သူတို့မျက်နှာကို မကြည့်မိစေနဲ့. . . သတိထားပါ"

နီမောင် စိတ်ထဲမှာ ထိုးရိမ်စိတ်ဝင်သွားသလိုဖြစ်မိသည်။

"ဖြစ်ပါ့မလား အဖေ၊ တော်ကြာ. . ."

"ဘာမှစိတ်မပူပါနဲ့ သူတို့က မင်းကို ဘာမှမလုပ်ပါဘူး၊ ငါပြောတဲ့အတိုင်း သူတို့လာယူရင်သာ ငွေချေးပေးလိုက်ပါ၊ ငါမရှိတုန်း သူတို့လာယူလို့ ငွေမရရင် အခက်တွေ့မှာစိုးလို့ပါ"

"စိတ်ချပါ အဖေ. . . ကျွန်တော်လုပ်ပေးလိုက်ပါမယ်"

ထိုသို့မှာကြားပြီး နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးဘရှိန် ဒေါ်ကျင်မေနှင့် မေနှင်းတို့မိသားစုသုံးယောက်တို့မှာ လှေကြီးတစ်စင်းဖြင့် မြို့သို့သွားကြလေသည်။ လှေကြီးပေါ်မှာ အုန်းသီးများ၊ ဓနိပေါ်များ၊ တင်ဆောင်သွားပြီး လှေသမားများလည်းပါသွားကြလေသည်။

ဦးဘရှိန်တို့ ထွက်သွားပြီး မရှည်မနှောင်းမှာပင် ဦးမွန်ထော်ရောက်လာလေသည်။ ဦးမွန်ထော်က ကရင်လူမျိုးတစ်ဦးဖြစ်ပြီး အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိနေပေပြီ။ သို့သော်လည်း ကျန်းမာသန်စွမ်းနေဆဲပင်ရှိသေးပြီး အလုပ်ကြမ်းများကို လုပ်ကိုင်နိုင်သေးသည်။

ဦးမွန်ထော်က နီမောင်တို့မိသားစုကို ခင်မင်နေသောကြောင့် အကြောင်းကိစ္စရှိပါက လာရောက်ကူညီပေးလေ့ရှိသည်။ နီမောင်နဲ့လည်း ခင်မင်သူဖြစ်သည်။

"နီမောင် မင်းက အိမ်မှာပဲနေ. . ငါက အုန်းခြံ၊ ဓနိခြံတွေထဲဆင်းပြီး အလုပ်သမားတွေကို ကြည့်ရှုပေးမယ်"

ဟုပြောကာ. . အလုပ်သမားအချို့ကိုခေါ်ပြီး ခြံထဲသို့ဆင်းသွားလေတော့သည်။

တစ်နေကုန်တော့ ထူးထူးခြားခြားဘာမှမရှိသော်လည်း ညနေပိုင်းအချိန်ရောက်သောအခါမှာတော့ အိမ်အနောက်ဘက်မှာရပ်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့်. . အိမ်ပေါ်မှဆင်းသွားသည်။

ညနေပိုင်းအချိန်ဖြစ်သော်လည်း. . အုန်းတောများကြောင့် မှောင်ရိပ်များသန်းနေလေသည်။ အနောက်ဘက်၌





ရပ်နေသူမှာ တစ်ကိုယ်လုံး အဝတ်တစ်ထည်ဖြင့် ခြုံထားသော်လည်း အမျိုးသမီးတစ်ယောက်ဖြစ်မှန်းတော့ သိသာသည်။

"ဘာကိစ္စရှိလို့လဲ"

"ကျွန်မ ငွေလာချေးတာပါရှင်"

"ဘယ်ရွာကလာတာလဲ"

"ပြင်ဒရယ်ရွာဟောင်းကလာတာပါ"

"နာမည်ဘယ်သူလဲ"

"ကျွန်မနာမည် မြသင်းကြူလို့ခေါ်ပါတယ်"

"အရင် ဒီမှာငွေလာချေးဖူးသလား"

"တစ်ခါမှတော့ မချေးဖူးပါဘူး၊ အခုတစ်ခါမှသာ မလွှဲသာလို့လာ ချေးကြည့်တာပါ"

နီမောင်က စဉ်းစားနေသည်. . .။

ဖခင်ဖြစ်သူက ငွေလာချေးသူ၏ မျက်နှာကို မကြည့်မိစေရန် အတန်တန်မှာထားခဲ့သောကြောင့် သူမမျက်နှာကိုတော့ မြင်ရမည်မဟုတ်ပေ။

သို့သော်. . . ပုံပန်းသဏ္ဌာန်ကြည့်ခြင်းဖြင့် အသံနားထောင်ကြည့်ခြင်းဖြင့်တော့ အသက်အရွယ်ကြီးပုံ မရသေးပေ။

"ဒီမှာ ပိုက်ဆံချေးလို့ရတယ်ဆိုတာ ဘယ်သူပြောလို့သိတာလဲ"

"ပြင်ဒရယ်ရွာဟောင်းက လူတွေနဲ့တွေ့လို့ သူတို့ပြောပြလို့သိရတာပါ. . ."

သို့ကြောင့် ထိုအကြောင်းကို ဆက်မမေးတော့ပေ. . ။



www.burmeseclassic.com

www.burmeseclassic.com

"ငွေဘယ်လောက်ယူချင်တာလဲ"

"နှစ်ဆယ်. . သုံးဆယ်လောက်ပါပဲရှင်"

ဟုပြောသဖြင့် အိမ်ပေါ်တက်လာပြီး ငွေ(၃၀)ကို အာ ထုပ်ဖြင့် ထုပ်ယူလာပြီး အောက်သို့ပြန်ဆင်းလာသည်။

"မင်းနာမည်က ဘယ်သူ. . ."

"မြသင်းကြူပါရှင်၊ ပြင်ဒရယ်ရွာဟောင်းကပါပဲ"

ထိုသို့ပြောသဖြင့်. . ယူလာသော ငွေထုပ်ကို လှမ်းပေး လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင် အဆင်ပြေတာနဲ့ အတိုးရော အရင်းပါ ပြန်လာပေးပါ့မယ်. . ."

နီမောင်က ခေါင်းညိတ်ပြလိုက်သောအခါ ငွေလာချေး သော အမျိုးသမီးက အထုပ်ကလေးကို အင်္ကျီထဲထည့်ကာ ထို နေရာမှ ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့သည်။

ထိုအမျိုးသမီး ပြန်ထွက်သွားပြီးနောက် မကြာမီ ခင်သီ ရောက်လာသည်။

"အိမ်မှာ ဆရာကြီးတို့မရှိကြတော့ နင်တစ်ယောက်ထဲ ချက်စားနေရမှာစိုးလို့ ဟင်းနဲ့ထမင်းလာပို့ပေးတာပါ"

"ရပါတယ်. . . မခင်သီရယ်၊ ဒီမှာ ဦးမွန်ထော်လည်းရှိ နေတော့ ကိုယ့်ဘာသာပဲ ချက်စားပါ့မယ်၊ ဒုက္ခရှာပြီးလာပို့ပါနဲ့"

"အို. . ဒါက ဘာမှတကူးတကလုပ်နေရတာမှ မဟုတ် ပဲ၊ ကိုယ့်ရဲ့အလုပ်ရှင်တွေပဲ ဒီလောက်တော့လုပ်ပေးရမှာပေါ့ နောက်ရက်တွေမှာ ထမင်းဟင်းကို ငါပဲချက်ပို့ပေးမယ်"





ဟုပြောကာ သူမချက်ယူလာသော ထမင်းအိုး၊ ဟင်း များကို တင်ထားခဲ့ပြီး ပြန်သွားလေသည်။

ထိုအချိန်မှာပင် ဦးမွန်ထော်နှင့် အခြားအလုပ်သမား း ပြန်ရောက်လာကြသောကြောင့် ခင်သီချက်ပို့သော ထမင်း င်းများကို စားသောက်ကြရလေသည်။

မြသင်းကြူဆိုသော အမျိုးသမီးရောက်လာပြီး နှစ်ရက် ကြာသောအခါ နောက်ထပ်အမျိုးသမီးတစ်ယောက် ရောက် ပြီး ငွေချေးပြန်လေသည်။

သူမရောက်လာသောအချိန်က. . ညဉ့်ဦးပိုင်းအချိန် က်နေပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ပိုများနေလေ ည်။

ဦးမွန်ထော်ပင် အိမ်ရှေ့ဘက်မှာ အိပ်ချေပြီ။ နီမောင်က အနောက်ဘက် အမှောင်ရိပ်မှာတစ်ကိုယ်လုံး အဝတ်ခြုံထား ာ အမျိုးသမီးတစ်ယောက်ရပ်နေသည်ကို သတိပြုမိသဖြင့် ပေါ်မှ ဆင်းသွားလေသည်။

သူဆင်းလာတာမြင်သော်လည်း အမှောင်ရိပ်ထဲမှာရပ် သူက ရှေ့ထွက်မလာပဲ မူလနေရာမှာပင် ရပ်မြဲရပ်နေလေ ည်။

"ဘာကိစ္စရှိလို့လဲ"

"ငွေနည်းနည်းလောက် ချေးချင်လို့ပါရှင်"

နီမောင်စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားမိလေ ည်။ သူဖခင်ရှိစဉ်က ဘယ်လိုလူတွေလာပြီး ငွေချေးကြသည်



www.burmeseclassic.com

www.burmeseclassic.com

ကို သေချာစွာမသိခဲ့ရသော်လည်း ယခုသူရှိနေစဉ်မှာတော့ ငွေ
လာချေးကြသူများမှာ အသက်အရွယ်ငယ်သော အမျိုးသမီးမှာ
သာဖြစ်နေသောကြောင့် စိတ်ထဲမှာအံ့သြနေမိခြင်း ဖြစ်သည်

"ဘယ်နေရာက လာချေးတာလဲ"

"ပြင်ဒရယ် ရွာဟောင်းကပါရှင်. . ."

ထိုအမျိုးသမီးစကားပြောသံက ပုံမှန်အသံမျိုးမဟုတ် အက်တက်တက်၊ ရှတတအသံမျိုးဖြစ်နေသည်။ အသံဝင် သောအသံမျိုးဖြစ်နေသည်။

"နာမည်ဘယ်လိုခေါ်ပါသလဲ"

"ငွေမှုံလို့ ခေါ်ပါတယ်"

"ငွေက ဘယ်လောက်လိုချင်တာလဲ"

"ငါးဆယ်လောက်ပါရှင်"

ငွေငါးဆယ်ဆိုတာ အတိုင်းအတာမှာ နည်းလှသော တော့မဟုတ်ပေ။

ဆန်တစ်ပြည်မှ တစ်မတ်လောက်ပေးလျှင်ရရာ ငွေ ဆယ်ရှိလျှင် လှေတစ်စင်းဝယ်၍ရသည်။ အမာရွာထဲမှာ အိ တစ်လုံး ဝယ်၍ရသည်။

ဒါမှမဟုတ် ရွာနှင့်မနီးမဝေးမှာ အုန်းခြံတစ်ခြံဝယ် လုပ်ကိုင်စားသောက်၍ ရလောက်သည်။

ထိုမျှလောက်များသော ငွေကိုချေးပေးရမှာကိုတေ နီမောင်အနေဖြင့် စိတ်ထဲမှာ မရဲသလိုဖြစ်နေသည်။ အကယ် အမှားအယွင်းဖြစ်သွားပါက အပြစ်ပြောစရာဖြစ်ပေလိမ့်မည်





သို့သော် ဖခင်ကခရီးမသွားခင် အသေအချာမှာကြား ထားခဲ့သောကြောင့်လည်း ငွေမပေးလဲမနေဝံ့ပေ. . .။

"ဒီမှာ ငွေချေးလို့ရမှန်း ဘယ်လိုသိတာလဲ"

"ကျွန်မက ပြင်ဒရယ်ရွာဟောင်းမှာ နေတာဆိုတော့ သိပါတယ်ရှင်၊ ရွာက လူတွေလည်း အဆင်မပြေတဲ့အခါ ဆရာ ကြီးဆီမှာ လာယူနေကြပါ။ နောက်ပြီး ကျွန်မတို့ရွာက ရွာလူကြီး ဦးဒီပကလည်း ဆရာကြီးဆီမှာ ရွှေဒင်္ဂါးတွေ စပေါ်တင်ထားပါ တယ်"

ထိုသို့ဂဃနဏပြောပြသဖြင့် နီမောင်မှာ မငြင်းသာ တော့ပေ။ ယခုငွေချေးရန် ရောက်လာသူမှာ သူဖခင် မှာထား ခဲ့သည့်အတိုင်း ငွေပေးရမည့်သူဖြစ်သည်ဟု ယုံကြည်သွားသော ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ အိမ်ပေါ်ပြန်တက် ကာ ငွေငါးဆယ်ယူလာပြီး ပေးလိုက်လေသည်။ ငွေရသည်နှင့် ကျေးဇူးတင်ကြောင်းပြောပြီး ငွေလာချေးသူက အမှောင်ရိပ်ထဲ သို့ ပြန်ဝင်သွားလေတော့သည်။

နောက်ရက်များမှာတော့ ငွေချေးသူမလာပဲ ငွေပြန်ဆပ် သူတစ်ဦး နှစ်ဦးရောက်လာသဖြင့် စာရင်းနှင့်တကွလက်ခံထား ရလေသည်။ ငွေပြန်ဆပ်သူများက. . .

နာမည်ကတော့ မည်သူမည်ဝါဖြစ်သည်။ ဘယ်နေ့ ဘယ်ရက်က ချေးယူထားသောငွေက ဘယ်လောက်ရှိပါသည်။ အတိုးအပွားက ဘယ်လောက်ပေးရပါသည်။

ဟုပြောကာ ၎င်းတို့ထုတ်ယူလာသောငွေထုပ်များကို


www.burmeseclassic.com

www.burmeseclassic.com



လာရောက်ပေးသဖြင့် လက်ခံထားရလေသည်။ အရင်းငွေလည် မှန်မှန်ပြန်ရ အတိုးငွေများလည်း ရသောအခါ နီမောင်စိတ်ထဲ တွင်. . .

"အဖေ လုပ်နေတဲ့အလုပ်က တယ်လည်းအဆင်ပြေပ လား၊ သူလည်းအဆင်ပြေ ကိုယ်လည်းအကျိုးရှိနဲ့ ကုသိုလ်လဲ ဝမ်းလည်းဝဆိုတာ ဒါမျိုးဖြစ်မယ်ထင်တယ်"

ဟုတွေးမိလေသည်။

ညဦးပိုင်းအချိန်ရောက်လာတော့မှ အိမ်ပေါ်တက်လာ လိုက် အိမ်အနောက်ဘက်ဆင်းသွားလိုက်နှင့် အလုပ်ရှုပ်နေ သော နီမောင်ကိုမြင်တော့ ဦးမွန်ထော်ကမေးသည်။

"ညနေပိုင်းရောက်ရင် မင်းဘာတွေလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး အဘထော်ရဲ့"

နီမောင် အမူအရာကြည့်ပြီး ဦးမွန်ထော်က သဘော ကျစွာပြုံးလိုက်သည်။

"ဖုံးကွယ်မနေစမ်းပါနဲ့ကွာ၊ မင်းအဖေလုပ်နေတဲ့ အ လုပ်ကို လုပ်ပေးနေတာမဟုတ်လား"

"ဟင်. . အဘထော်က ဒါတွေသိလို့လား"

"သိတာပေါ့ကွ. . . ငါက မင်းအဖေနဲ့ ပေါင်းလာတာ ကြာမှပဲ"

ထိုသို့ပြောတော့မှ မငြင်းသာတော့ပဲ ဝန်ခံလိုက်ရသည်

"ဟုတ်ပါတယ်"

"ဒါထက် မေးပါရစေဦး ကိုဘရှိန်ကတော့ ဒီအကြောင်





တွေကို အတော်သိနေလို့ထားပါတော့ မင်းကငွေလာချေးတဲ့ သူတွေကိုသိလို့လား"

"မသိပါဘူး"

"မသိပဲနဲ့ ချေးနေတော့ အများအယွင်းဖြစ်သွားရင် ခက်ပေဘူးလား"

"အဖေမှာထားခဲ့လို့ လုပ်ပေးနေရတာပါ"

"အေး. . လုပ်တာလည်း လုပ်ပေါ့ကွာ၊ အများအယွင်း ဖြစ်အောင်တော့ သတိလည်းထားဦး"

ထိုသို့ပြောပြီး ဦးမွန်ထော်က ထသွားလေသည်။ ကိုယ့် ာသာကိုယ် အရှိန်ဖြင့်လုပ်နေစဉ်က ဘာမှမသိသာသော် ည်း ဦးမွန်ထော်က သတိပေးလိုက်တော့မှ စိတ်ထဲမှာ တထင့် ဆင့် ဖြစ်သွားလေသည်။

ဦးမွန်ထော် ပြောသလို တစ်ခုခုဖြစ်သွားခဲ့လျှင် ဟူသော တွေးက ခေါင်းထဲဝင်လာသောအခါ စိတ်ထဲမှာ ချိတုံချတုံ ဖြစ်မိလေသည်။

အဖေမှာခဲ့တဲ့အတိုင်း ဆက်လုပ်ရမလား. . .

ဒါမှမဟုတ် ရပ်ထားရမလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

# ပြင်ဒရယ်သောင်တန်းမှ ဆန်းကြယ်မှုများ

တစ်ပတ်ခန့်ကြာသော ဦးဘရှိန်တို့ပြန်ရောက်လာသည်။ ဦးဘရှိန်က ပြန်ရောက်လာသည်နှင့်နီမောင်ကိုခေါ်ပြီး အခြေအနေမေးသည်။

"နီမောင် အဖေပြောတဲ့အတိုင်း လုပ်တာကိုင်တာ အဆင်ပြေရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့. . အဆင်ပြေပါတယ် အဖေ"

"ကဲ. . မင်းဆီမှာ ငွေပြန်ဆပ်ထားတဲ့သူတွေနဲ့ ငွေချေး



www.burmeseclassic.com

www.burmeseclassic.com



ယူထားတဲ့သူတွေ စာရင်းကို အဖေ့ကိုပြပါဦး"

ဟုပြောသဖြင့် နီမောင်က ငွေပြန်ဆပ်သူများပေးထ ခဲ့သောငွေထုပ်နှင့် ငွေချေးယူထားသူများ၏ နာမည်စာရင်း ကိုဦးဘရှိန်အားပေးလိုက်သည်။

ဦးဘရှိန်က ငွေပြန်ဆပ်ထားသူများကို နာမည်စာ ကြည့်ပြီး မှတ်သားထားသော စာရင်းများကိုဖျက်သည်။ ငှ ထံမှအတိုးအပွားရသော ငွေများကို သတ်သတ်ဖယ်ထား သည်။

ထို့နောက် အသစ်ယူသူတို့၏ နာမည်စာရင်းအချို စာရင်းစာအုပ်၌ ရေးမှတ်လေသည်။ ထိုသို့ရေးမှတ်နေရ နာမည်နှစ်ခုကိုမြင်သောအခါ ဆက်မရေးပဲ မျက်မှောက်ကျ ကြည့်နေသည်။ နံဘေးမှ အခြေအနေကြည့်နေသော နီမေ က. .

"ဘာဖြစ်လို့လဲ အဖေ"

ဟုမေးလိုက်သည်။

"ဒီနာမည်နှစ်ခုက ထူးခြားနေပါလား"

"ဘယ်နာမည်လဲဟင်"

"မြသင်းကြူနဲ့ ငွေမှုံဆိုတဲ့နာမည်တွေပဲ"

"ဘယ်လိုထူးခြားတာလဲ အဖေ"

"သူတို့က ပြင်ဒရယ်မြို့ဟောင်းကလာကြတဲ့ သူ မဟုတ်ကြဘူး"

ထိုစကားကြောင့် နီမောင် မျက်လုံးပြူးသွားလေသ





"ဘယ်လိုကြောင့်လဲ အဖေ"

"ပြင်ဒရယ်ရွာဟောင်းက လာတဲ့သူတွေက ဒီနာမည်မျိုး တွေမတှတ်ကြဘူး၊ ကဲ. . သူတို့ ဘယ်လိုငွေချေးကြတယ်ဆိုတာ ပြန်ပြောပါဦး"

ဟုပြောရာ. . နီမောင်က မှတ်မိသလောက် ပြန်ပြောပြ လိုက်သည်။ မြသင်းကြူအကြောင်းပြောပြစဉ်က ဦးဘရှိန်က သာမန်အနေနဲ့သာ နားထောင်နေသည်။

"ကျွန်တော်အထင်ပြောရရင်တော့ မြသင်းကြူဆိုတဲ့ အမျိုးသမီးက ကျွန်တော့်ဆီမှာ လိမ်ပြီးငွေချေးသွားတာဖြစ်မယ်"

"ဘယ်လိုကြောင့်လဲ"

"သူက သိပ်မယ်မယ်ရရ မပြောနိုင်ဘူး၊ ဟို ငွေမှုံဆိုတဲ့ မိန်းကလေးကတော့ ပြင်ဒရယ်ရွာဟောင်းက လာတယ်ဆိုတာ အမှန်ဖြစ်ပါလိမ့်မယ်၊ သူက သေသေချာချာဂဃနဏပြောပြ နိုင်တယ်"

ထိုစကားကြောင့် ဦးဘရှိန်ကပင် စိတ်ဝင်စားသွားဟန် ရှိလေသည်။

"သူက ဘာတွေများပြောပြသွားလို့လဲ ပြန်ပြောပြပါဦး"

နီမောင်က ငွေမှုံပြောပြသွားသော အကြောင်းများကို မှတ်မိသမျှ ပြန်ပြောပြလိုက်သည်။

ထိုသို့ပြောရာတွင် ပြင်ဒရယ်မှ ဦးဒီပဆိုသူက ရွှေဒင်္ဂါး များ စပေါ်သဘောမျိုးပေးထားသောအကြောင်းများလည်း ပါ ဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ ဦးဘရှိန်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

သူ့ဖခင်အပြုံးက တစ်စုံတစ်ခုကို သဘောကျသဖြင့် ပြုံးသောအပြုံးမျိုးဖြစ်သည်ကိုတော့ သဘောပေါက်မိလေသည်။

"ဘာဖြစ်လို့လဲအဖေ၊ ဘာကြောင့်ပြုံးတာလဲ"

"မင်းထင်တာ မှားနေလို့ ပြုံးတာပါ"

"ကျွန်တော်မှားနေတယ် ဘယ်လိုမှားတာလဲဟင်"

"ပထမလာချေးတဲ့ မိန်းခလေးက သူ့မှာအခက်အခဲ ဖြစ်နေလို့ လာချေးသွားတာဖြစ်မှာပါ။ နောက်ပြီး သူက ပြင်ဒရယ်က လူတွေနဲ့ မကင်းရာမကင်းကြောင်းလည်း ရှိပါလိမ့်မယ်၊ သူက ရိုးရိုးသားသားလာချေးတာပါ အဆင်ပြေတဲ့တစ်နေ့ ယူထားတဲ့ ငွေကိုပြန်လာပေးပါလိမ့်မယ်"

"ဒါ . . ဒါဖြင့် နောက်တစ်ယောက်ကရော အဖေ"

"ငွေမှုံဆိုတဲ့ တစ်ယောက်က မင်းဆီမှာ လိမ်ပြီး ငွေလာချေးသွားတာ၊ သူကပြင်ဒရယ်ရွာကလူတွေနဲ့ ဘာမှမသက်ဆိုင်တဲ့သူတစ်ယောက်ဖြစ်လိမ့်မယ်"

ထိုစကားကြားတော့ နီမောင်မျက်လုံးပြူးသွားလေသည်။

"ဒါပေမယ့် သူက ဦးဒီပအကြောင်းတွေကိုပါ သေသေချာချာ ပြောပြနိုင်တယ်"

"အဲဒါကြောင့် မဟုတ်ဘူးလို့ပြောတာပေါ့၊ ဘာကြောင့်လည်းဆိုတော့ ဦးဒီပနဲ့ ငါနဲ့လုပ်ထားတဲ့ကိစ္စက ငါတို့နှစ်ယောက်





ပဲသိတယ်. . ဘယ်သူမှမသိဘူး၊ တကယ်လို့ ဒီအကြောင်းကို ပြင်ဒရယ်ရွာကလူတွေသိရင်တောင် ပြောခွင့်မရှိဘူး၊ ဘာကြောင့်လည်းဆိုတော့ ဝိညာဉ်လောကသားတွေမှာ သူ့စည်းကိုယ့်စည်း ရှိကြရတယ်၊ ပြောပိုင်ခွင့် ဆိုပိုင်ခွင့်ရှိတဲ့ စကားကိုပဲ ပြောကြရတယ်၊ လုပ်ပိုင်ခွင့်ရှိတာကိုပဲ လုပ်ရတယ် အဲဒါထက်ပိုပြီး မပြောရဘူး မလုပ်ရဘူး"

ဖခင်ပြောသည့်စကား ကြားသောအခါ နီမောင်ရင်ထဲမှာ ပူလောင်သကဲ့သို့ဖြစ်လာသည်။ ပေးလိုက်မိသော ငွေကများသည်။ ထိုငွေဆုံးပါးသွားမည်ကို စိုးရိမ်လာသောကြောင့် မျက်စိမျက်နှာပျက်လာလေသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်ချေးလိုက်မိတဲ့ငွေ ဆုံးပြီထင်ပါရဲ့ အဖေရယ်"

ရေရွတ်လိုက်သည်။

ထို့ကြောင့် ဦးဘရှိန်က သားဖြစ်သူကို စိတ်သက်သာရာရစေရန် ရယ်ရယ်မောမောဖြင့် နှစ်သိမ့်မှုပေးလိုက်သည်။

"ဒီလောက်လည်း စိတ်သောက ရောက်မနေပါနဲ့ကွာ၊ အဖေတို့ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေက သန့်သန့်ရှင်းရှင်းနဲ့ ရှာဖွေထားကြတာပါ၊ ဒီလိုဥစ္စာမျိုးကို မတရားယူလို့မရပါဘူး"

"ဘယ်သူလဲဆိုတာတော့ ကျွန်တော်သိချင်တယ်"

"မကြာခင်သိရမှာပါ. . . သက်ဆိုင်သူတွေကို ခေါ်မေးလိုက်ရင် အဖြေပေါ်ပါတယ်"

ဟုပြောတော့မှ အနည်းငယ်စိတ်သက်သာရာ ရသွား

www.burmeseclassic.com



လေတော့သည်။

နောက်ပိုင်းရက်များမှာတော့ ထိုအကြောင်းများကို မေ့ပျောက်ထားခဲ့ပြီး သူလုပ်ရမည့်အလုပ်များကို ဆက်လုပ်ရလေသည်။

တစ်နေ့တော့ ဦးဘရှိန်က ပြင်ဒရယ်ရွာဟောင်းမှ လူတစ်ယောက်ရောက်လာပြီး ချေးယူထားသော ငွေလာဆပ်သောအခါ တစ်စုံတစ်ခု မှာလိုက်လေသည်။

ထိုလူက ဦးခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး ပြန်သွားလေသည်။ နောက်တစ်နေ့ ညဦးပိုင်းအချိန် ရောက်တော့ ဦးဒီပရောက်လာလေသည်။ အိမ်အနောက်ဘက် အမှောင်ရိပ်ထဲမှာ ရပ်နေသဖြင့် ဦးဘရှိန်က အိမ်ပေါ်မှဆင်းသွားပြီး တွေ့ဆုံလေသည်။

"ကျုပ်နဲ့တွေ့ဖို့မှာတယ်ဆိုတော့ ကိစ္စကြီးငယ်များရှိလို့လားမိတ်ဆွေကြီး"

"ဟုတ်ကဲ့ မေးစရာလေးရှိလို့ပါ"

"မေးစရာရှိတာသာ မေးပါ"

"တခြားတော့ မဟုတ်ပါဘူး ကျုပ်ခရီးသွားနေတုန်း ငွေယူသွားတဲ့ မိန်းကလေးနှစ်ယောက်ကို သိပါသလား"

ဦးဒီပက ခေါင်းညိတ်ပြသည်။

"သိပါတယ်. . ပထမယူတဲ့ မိန်းကလေးက ကျုပ်တို့နဲ့ မကင်းရာမကင်းကြောင်းပါပဲ၊ သူတို့က ချောင်းရဲ့ဟိုဘက်ကမ်း ပြင်ဒရယ်သောင်နဲ့မနီးမဝေးမှာ မြေအဘွားနှစ်ယောက် နေကြပါတယ်"

"သူတို့ကရော ဝိညာဉ်လောကသားတွေပဲလား"

"မဟုတ်ပါဘူး လူ့ဘဝပြန်ရောက်နေကြတဲ့သူတွေပါ၊ အရင်ကတော့ ကျုပ်တို့နဲ့ တစ်ရွာတည်း အတူတူနေခဲ့ကြတာပေါ့၊ ပြင်ဒရယ်ရွာကြီး ပျက်စီးသွားပြီးတဲ့ နောက်ပိုင်းသူတို့ မြေအဘွားက ကုသိုလ်ကံကောင်းပြီး လူ့ဘဝကို ပြန်ရောက်သွားကြတာပါ"

"ဟုတ်ကဲ့"

"ဒါပေမယ့် ကျုပ်တို့နဲ့ ဝေးဝေးမသွားပဲ အရင်က ပြင်ဒရယ်ရွာဟောင်းကြီး ရှိခဲ့တဲ့နေရာမှာပဲ တဲဆောက်ပြီးနေကြပါတယ်၊ ကျုပ်တို့ကတော့ အကူအညီပေးနေရတာပေါ့လေ"

"ဘယ်လိုအကူအညီတွေပေးနေရသလဲ"

"သူတို့မြေအဘွားကို ဘေးအန္တရာယ်တွေ မကျရောက်အောင် စောင့်ရှောက်ကာကွယ်ပေးကြရတယ်၊ နောက်ပြီး စားသောက်ဖို့လည်း ပေးရတာပေါ့"

"ဘယ်လိုများပေးကြသလဲ"

"ပြင်ဒရယ်မြို့ဟောင်းကြီး ပျက်စီးသွားတော့ သဲတွေနုံ့တွေရဲ့အောက်မှာ လူတွေအိမ်တွေအများကြီး ရောက်သွားကြသလို ရွှေငွေရတနာတွေလည်း အများကြီး နစ်မြုပ်သွားခဲ့ကြရတယ်၊ အဲဒီရွှေငွေရတနာတွေကို တခြားသူတွေရှာလို့ မတွေ့နိုင်အောင် ဖျောက်ဖျက်ထားပေမယ့် သူတို့မြေအဘွားကိုတော့ ပေးရတယ်၊ ဒါပေမယ့် အများကြီးတော့ပေးလို့မဖြစ်ဘူး၊




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

တကယ်လို့ အများကြီးပေးလိုက်ရင် သူတို့အတွက် အန္တရာယ်တွေ ရောက်လာနိုင်တာမို့ နည်းနည်းပဲပေးပါတယ်"

"ဒီလိုပေးထားပါရက်နဲ့ ဘာကြောင့်ငွေလာချေးရတာလဲ"

"အကြောင်းတစ်ခုခုရှိလို့သာ ဖြစ်မှာပေါ့၊ ဒါပေမယ့်သူတို့လာယူတဲ့ငွေအတွက်တော့ မိတ်ဆွေကြီး စိတ်မပူပါနဲ့ တကယ်လို့အခက်အခဲဖြစ်လို့ ပြန်မပေးနိုင်ရင် အရင်းရောအတိုးပါ ကျုပ်စပေါ် ပေးထားတာတွေထဲက ဖြတ်ယူစေချင်ပါတယ်"

ဟုအာမခံလေသည်။

"သူတို့က ဘယ်နေရာမှာ နေကြတာလဲ"

"ပြင်ဒရယ်သောင်စပ်မှာပဲ တဲတစ်လုံးနဲ့နေကြပါတယ်"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က ငွေဆုံးမှာစိုးလို့ ခေါ်မေးတာမဟုတ်ပါဘူး၊ အကျိုးအကြောင်းသိချင်လို့ခေါ်မေးကြည့်တာပါ၊ နောက်တစ်ယောက်ကရော ဘယ်သူများလဲ"

"နောက်တစ်ယောက်ကတော့ ကျုပ်တို့နဲ့မသက်ဆိုင်တဲ့သူတစ်ယောက်ပါပဲ၊ ပရလောကသားတစ်ယောက်လည်း မဟုတ်ပါဘူး"

"ဘယ်သူဘယ်ဝါဆိုတာ ပြောပြနိုင်မလား"

"ဒီလိုတော့ ပြောပြပိုင်ခွင့်မရှိပါဘူး၊ ကျုပ်တို့လောကသားတွေက ကျုပ်တို့နဲ့ သက်ဆိုင်တာကိုပဲ ပြောခွင့်ရှိပါတယ်၊ မသက်ဆိုင်တာတွေကို ပြောခွင့်မရှိပါဘူး"





ဦးဘရှိန်က သက်ပြင်းတစ်ချက်ချလိုက်ရာ ဦးဒီပက ဆက်ပြောသည်။

"ဒါပေမယ့် ကျုပ်တို့ကူညီနိုင်သလောက်တော့ အကူအညီပေးပါမယ်၊ မကြာခင် ဘယ်သူဘယ်ဝါဆိုတာ မိတ်ဆွေကြီး ကိုယ်တိုင် သိရအောင် ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလိုပေါ့ဗျာ၊ မိတ်ဆွေအချင်းချင်းတွေပဲ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးကြရမှာပေါ့၊ ကိုင်း . . ကျုပ်ပြန်လိုက်ပါဦးမယ်"

ဟုပြောဆိုနှုတ်ဆက်ကာ ဦးဒီပတစ်ယောက် ပြန်သွားလေတော့သည်။ ထိုအခါမှ ဦးဘရှိန်လည်း စိတ်ထဲမှာ ဘဝင်ကျသွားပြီးနောက် အိမ်ပေါ်သို့ပြန်တက်လာပြီးနောက် မိသားစုသုံးယောက်တို့ကို ထိုအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

ထိုကဲ့သို့ပြောပြသည်ကို ကြားရသူများက စိတ်ဝင်စားကြသည်။ သို့ထက် နီမောင်က ပိုပြီးစိတ်ဝင်စားမှုရှိလေသည်။

အလုပ်အားသောနေ့တွင် ပြင်ဒရယ်သောင်သို့ သွားရောက်ကြည့်ရှုရန် စိတ်ကူးမိလေသည်။

သို့သော် သူတစ်ယောက်တည်းတော့ မသွားဝံ့ပေ။ ခြံထဲမှာ အလုပ်လုပ်နေသော စောထီးနှင့် ငမဲအောင်တို့ကိုပါ ခေါ်သွားရန် စိတ်ကူးပေါ်သဖြင့် သူတို့နှစ်ယောက်ရှိသော အုန်းခြံထဲသို့ သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

သူသွားသောအချိန်မှာ နံနက်ပိုင်း အချိန်သာသာပင် ရှိသေးသောကြောင့် နှစ်ယောက်စလုံး တဲမှာပင်ရှိကြလေသည်။ စောထီးက ကရင်လူမျိုးဖြစ်ပြီး၊ ငမဲအောင်က ရခိုင်လူမျိုးဖြစ်သော်လည်း နှစ်ယောက်တတွဲတွဲ နေကြသည်။

ထို့ပြင် . . . နီမောင်နှင့် သက်တူရွယ်တူများ ဖြစ်သောကြောင့်လည်း ညီအစ်ကိုလို သူငယ်ချင်းများကဲ့သို့ ခင်ခင်မင်မင် ဆက်ဆံကြလေသည်။

အလုပ်ရှင်နှင့် အလုပ်သမားပင် ဖြစ်သော်လည်း နီမောင်က သူတို့နှစ်ယောက်ကို ဆွေမျိုးသားချင်းလိုပင် အဆင့်အတန်းမခွဲခြားပဲ ဆက်ဆံသဖြင့် သူတို့ကလည်း နီမောင်အပေါ်မှာခင်မင်ကြသည်။

နီမောင်ရောက်သွားတော့ နှစ်ယောက်စလုံး ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်စားနေကြသည်။

"နီမောင် စောစောစီးစီး ဘာလာလုပ်တာလဲ"

"မင်းတို့နဲ့ တွေ့ချင်လို့လာတာ"

"အုန်းသီးကုန်သည်တွေ လာလို့လား"

"မဟုတ်ပါဘူး . . ငါသွားစရာရှိလို့ မင်းတို့နှစ်ယောက်ကို လာခေါ်တာ"

"ဘယ်သွားမှာလဲ"

"မြင်ဒရယ် သောင်ဘက်သွားမလို့ပါ"

"မြင်ဒရယ်သောင်မှာ ဘာမှမရှိတာ ဘာသွားလုပ်မလို့လဲ"





"သူများတွေရှာသလို ရွှေငွေတွေရမလားလို့ သွားရှာကြည့်မလားလို့"

နီမောင်ပြောသည်ကို နှစ်ယောက်စလုံးက မယုံကြည်ကြပေ။

"လာနောက်မနေစမ်းပါနဲ့ကွာ မြင်ဒရယ်သောင် တစ်ဝိုက်မှာရှိတဲ့ ရွှေငွေရတနာတွေက ရှာချင်တိုင်းရှာလို့ရတာမှ မဟုတ်တာ မင်းဘာသွားလုပ်မလို့လဲ"

"ငါ လူတစ်ယောက်သွားရှာမလို့ပါ"

"ဘယ်သူလဲ"

"ငါ့ဆီက ပိုက်ဆံလာချေးသွားတဲ့ သူပါ"

"ငါတို့တော့ အဲဒီသောင်နဲ့ နီးတဲ့နေရာတစ်ဝိုက်မှာ သူနေတယ်လို့ တစ်ခါမှမကြားဖူးပါဘူး၊ မင်းတော့ အလိမ်ခံလိုက်ပြီနဲ့တူတယ်"

"အဲဒါကြောင့် . . သွားကြည့်မလို့ မင်းတို့နှစ်ယောက် အဖော်လိုက်ခဲ့စမ်းပါ"

"လိုက်ဆိုတော့လည်း လိုက်တာပေါ့၊ ဒါပေမယ့် ငါတို့နှစ်ယောက်က တခြားနေရာတွေမှာသာ သတ္တိကောင်းကြတာနော် . . . သရဲတော့ ကြောက်တတ်တယ်"

စောထီးကပြောသည်။

"ငါလည်း ကြောက်တာပါပဲကွာ ပြေးတော့လည်း အတူတူပြေးကြတာပေါ့ သွားကြရအောင်"

ဟုခေါ်သဖြင့် နှစ်ယောက်စလုံး စားသောက်နေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကို အပြီးသတ်လိုက်ပြီးနောက် နီမောင်ခေါ်ရာနောက်သို့ လိုက်
လာကြသည်။

သူတို့သုံးယောက်သည် ကမ်းစပ်မှာထားသော ဖေ
တစ်စင်းနှင့် ချောင်းဝပိုင်းသို့ လှော်ထွက်လာကြသည်။

စောထီးနှင့် ငမဲအောင်က လှေဦးတစ်ယောက်၊ လှေ
မှ တစ်ယောက်လှော်ကာ နီမောင်က အလယ်မှ ရေပက်ရင်းနှ
လိုက်လာလေသည်။

သူတို့နေသော အုန်းခြံများရှိသော နေရာမှချောင်း
ပိုင်းရောက်အောင် အတော်ကလေးသွားရသည်။

ချောင်းရိုးတလျှောက်မှာတော့ ကမ်းစပ်တစ်လျှောက်
အစီအရီပေါက်နေသော လမုပင်များ၊ ဓနိတောများက လူတို
ပေါက်လောက်အောင် ကောင်းလှသည်။

ထိုကမ်းစပ်တစ်လျှောက်မှာရှိသော ဓနိတောများ
ဦးဘရှိန်ပိုင်ဆိုင်သော ဓနိတော၊ ဓနိခြံများပင် ဖြစ်ကြလေသည်

သုံးယောက်သား စကားတပြောပြောနှင့် လှော်လာ
နံနက်ပိုင်းအချိန် ကျော်စလောက်မှာပင် ချောင်းဝ၌ရှိသော ပြ
ဒရယ်သောင်ရှိရာသို့ ရောက်လာကြသည်။

အမာချောင်းဝမှထွက်လျှင် အနောက်ဘက်ကမ်းမှာ
သော ကဒုံကနီရွာကို လှမ်းမြင်ရသည်။

မှိုင်းညို့နေသော သစ်တောကြီးများကို လှမ်းမြင်
သည်။ ငါးဖမ်းထွက်လာကြသော လှေငယ်များကို ပျပျမြင်
သည်။ အမာရွာရှိသော အရှေ့ဘက်ကမ်းမှာတော့ ရွာမရှိ





အမာရွာက အတွင်းပိုင်းမှာဖြစ်သောကြောင့် မမြင်ရပေ။ ချောင်းဝတလျှောက်မှာ သစ်တောကြီးများ၊ လမုတောကြီးများနှင့် ကျယ်ပြန့်သော သောင်ပြန့်ကြီးများသာရှိသည်။

ချောင်းဝတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့ဟန်တူသော ညောင်လန်းပင်ကြီးများရှိသည်။ သောင်ပြင်နှင့် မနီးမဝေးအပေါ်ဘက်မှာတော့ အဓိကရသစ်ပင်ကြီးများရှိကြသည်။

အများအားဖြင့်တော့ ကနစိုပင်နှင့် ကန့်ပလာပင်ကြီးများဖြစ်ကြလေသည်။

"ကဲ. . . နီမောင် ပြင်ဒရယ်သောင်တော့ရောက်ပြီ ဘယ်လိုလုပ်မလဲ"

ငမဲအောင်ကမေးသည်။

"လှေကို ကြိုးချည်ထားခဲ့ပြီး ငါတို့သုံးယောက် အပေါ်တက်ကြည့်ရအောင်"

ထိုသို့ပြောပြီး လှေကို ကမ်းစပ်တစ်နေရာမှာ ကြိုးချည်ထားခဲ့ပြီးနောက် သုံးယောက်သားကမ်းပေါ်သို့ တက်ခဲ့ကြလေသည်။

ကမ်းစပ်တစ်လျှောက်မှာ လမုပင်များရှိနေသောကြောင့် လမုငုတ်များကသောင်ပြင်ပေါ်မှာ နေရာမလပ်ရှိနေကြသည်။

ပြင်ဒရယ်သောင်မှာ အတော်ကျယ်သည်။

အချို့နေရာများမှာ နွံများရှိသော်လည်း အများအားဖြင့်တော့ သဲသောင်ပြင်များသာ ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေသခံများကတော့ အမာချောင်းအောက်ဘက်မှာရှိ
သော သောင်ပြင်ကျယ်ကြီးမှာ ရှေးအခါက ပြင်ဒရယ်ရွာဟောင်း
ကြီးရှိသောနေရာဟု ယူဆကြသည်။

အောက်ဘက်၌ရှိသော သောင်ပြင်ကျယ်ကြီးမှာ မျှ
ကွေးသဏ္ဌာန် ကွေ့ဝိုက်လျက်ရှိပြီး. . . မျက်စိတစ်ဆုံး မမြင်
လောက်အောင် တစ်မျှော်တစ်ပြရှိနေလေသည်။

ထိုသောင်ပေါ်မှာ ရှေးအခါက ပြင်ဒရယ်ရွာဟောင်း
ကြီးပျက်စီးသွားပြီးနောက်ပိုင်း ရွှေငွေရတနာများ ရှာဖွေရရှိ
သည်။

တွေတွေထူးထူးဖော်နေစရာမလိုပဲ ရေတက်ချိန် ဒီ
လှိုင်း ပုတ်တင်ထားသော အမှိုက်များကို ဖယ်ရှားရှာဖွေ ရုံ
တန်ဖိုးရှိသော လက်ဝတ်ရတနာများ အသုံးအဆောင်ပစ္စည်း
များရကြသည်။

တစ်ခါတလေလည်း ရေလှိုင်းပုတ်သောကြောင့် သဲ
အောက်မှာ နစ်မြုပ်နေသော ရတနာများ ပြန်ပေါ်လာသည်
လည်း ထိုက်သူတို့ရကြသည်။

သောင်ပြင်ပေါ်မှာ ပြန်ပေါ်လာသော ရတနာများ
နေရောင်ခြည်နှင့် ထိသောအခါ. . အရောင်တလက်လက်
တောက်ပနေသောအခါ အလွယ်တကူ တွေ့မြင်ကြရသည်

ပြင်ဒရယ်သောင်ပေါ်မှာ ရွှေငွေများ၊ တန်ဖိုးရှိသေ
လက်ဝတ်ရတနာများ မကြာခဏ ပေါ်လာတတ်သော်လည်
ထိုက်တန်သူများသာတွေ့ရပြီး၊ မထိုက်တန်သူများကတော့





တကူးတကလိုက်လံရှာဖွေသော်လည်း မရနိုင်၊ မတွေ့နိုင်ကြပေ။

သောင်ပြင်ပေါ်သို့ နေရောင်ခြည်ကျလာပြီးနောက် အ
ရောင်တလက်လက် တောက်ပနေသဖြင့်. . အနီးသို့သွားကြည့်
သောအခါ တန်ဖိုးရှိသော လက်ဝတ်ရတနာများမဟုတ်ပဲနှင့် ဖန်
ကွဲမှန်ကွဲများဖြစ်နေသည်လည်းရှိသည်။

တစ်ခါက မရမ်းချောင်းဘက်မှာနေသော ငါးဖမ်းသမား
တစ်ယောက်သည် ပြင်ဒရယ်သောင်ဘက်သို့ ငါးဖမ်းထွက်လာ
ရင်းနှင့် နေရောင်ခြည်နှင့်ထိပြီး ဝင်းလက်တောက်ပနေသော
အရာဝတ္ထုတစ်ခုကို လှမ်းမြင်သဖြင့် လှေကိုသောင်ကမ်းစပ်သို့
ကပ်ကာ အပေါ်တက်ကြည့်ရာ. . မမျှော်လင့်သောမြင်ကွင်းကို
တွေ့ရလေသည်။

အခြားမဟုတ်ပေ. . .

ချောင်လန်းပင်ကြီးတစ်ပင်နှင့် မနီးမဝေးတွင် တစ်စွန်း
တစ်စထွက်နေသော. . ရွှေချောင်းတစ်ချောင်းကို တွေ့ရသော
ကြောင့်ဖြစ်သည်။

ရွှေချောင်းက လက်ကောက်ဝတ်ခန့် အလုံးရှိသည်။
မြေကြီးအောက်မှ တစ်ပိုင်းတစ်စထွက်နေသောကြောင့် ဘယ်
လောက်ရှည်သည်ကိုလည်း မသိရသေးပေ။

ပထမကြည့်စဉ်က ထိုရွှေချောင်းတစ်ခုလုံး ရေညှိများ
တက်နေသောကြောင့် ရွှေချောင်းဟုပင် မထင်မိပေ။ သာမန်
ကြေးချောင်းကြီးတစ်ချောင်းသာ ဖြစ်မည်ဟု ထင်မိသဖြင့် ပါလာ
သောဓါးဖြင့် ခြစ်ကြည့်တော့မှ ရွှေရောင်များဝင်းလက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါမှ ရွှေချောင်းကြီးဖြစ်မှန်း သိရလေတော့သည်။

"ရွှေချောင်းကြီးပါလား နည်းတာကြီးမဟုတ်ဘူး၊ ဒီရွှေချောင်းကြီးကို ပိုင်းယူလို့လည်း ဖြစ်မှာမဟုတ်ဘူး၊ ငါဘယ်လိုလုပ်ရမလဲ ငါတစ်ယောက်တည်းဖြတ်လို့လည်း ပြတ်မှာမဟုတ်ဘူး၊ တူးလို့လည်းရမှာမဟုတ် ဘယ်လိုလုပ်ရပါမလဲ"

ဟု ရွှေချောင်းကြီးအနားမှာထိုင်ပြီး အမျိုးမျိုးစဉ်းစားနေလေတော့သည်။

ဟုရွှေချောင်းကြီးကမြေပေါ်တွင် တစ်ပေခန့်အလျားလိုက်ထွက်နေခြင်းဖြစ်ပြီး မြေအောက်မှာ ဘယ်လောက်ရှည်များနေမည်ကိုတော့ သူ မည်းမသိပေ။

စိတ်ထဲမှာလည်း ထိုရွှေချောင်းကြီးကို ပိုင်းဖြတ်မယူလိုပဲအလျားရှည်သမျှ တူးဖော်ယူလိုသော ဆန္ဒမျိုးဖြစ်ပေါ်နေသည်။

ထို့ကြောင့် သူတစ်ယောက်တည်းမတူးပဲ တစ်ဖက်ကမ်းမှာ ကျန်ခဲ့သော သားသမီးများကို ပြန်ခေါ်ပြီး ဝိုင်းဝန်းတူးယူရန် စိတ်ကူးပေါ်သဖြင့် ရွှေချောင်းကြီး ရှိသောနေရာအပေါ်သို့ သဲများအမှိုက်များဖြင့် ဖုံးအုပ်ထားခဲ့ပြီးနောက် လှေဖြင့်တစ်ဖက်ကမ်းသို့ ပြန်လာလေသည်။

နေအိမ်သို့ပြန်ရောက်သောအခါ သားသမီးများကိုခေါ်ပြီး တိုးတိုးတိတ်တိတ်ပြောပြလေသည်။

"အဖေဉစ္စာ ဟုတ်မှဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွာ၊ ငါ့မျက်စိနဲ့ သေသေချာချာမြင်ခဲ့တာပါ၊ ရွှေမှဝင်းအိနေတာပဲ၊ ဘယ်လောက်ရှည်မလဲတော့ ငါမသိဘူး၊ တစ်ချောင်းလုံးသာရလို့ကတော့ ငါတို့မိသားစုတွေ ...င်းသာပြီ"

"ဒါဖြင့်လည်း မြန်မြန်သွားကြရအောင် တော်ကြာသူ...းတွေ့သွားလို့ ဘာမှမရလိုက်ပဲရှိနေဦးမယ်"

ဟုပြောကာ သား(၃)ယောက်ကိုပါခေါ်ပြီး တစ်ဖက်...မ်းသို့ပြန်ကူးလာကြသည်။

လှေပေါ်မှာလည်း တူးစရာ ဖြတ်စရာကိရိယာများ တစ်...တည်းထည့်ယူလာကြသည်။

သူတို့အရှေ့ဘက်ကမ်းသို့ ပြန်ကူးလာသောအချိန်မှာ နေပိုင်းအချိန် ရောက်ပေပြီ။

ပြင်ဒရယ်သောင်သို့ ပြန်ရောက်သောအခါ ငါးဖမ်းသ...ာ ဦးဆောင်ပြီး သောင်ပေါ်တက်သွားရာ သားသုံးယောက်...ည်း လက်နက်ကိရိယာများကိုကိုင်ကာ နောက်မှ လိုက်သွား...လေသည်။ ထိုနေရာပြန်ရောက်တော့ သူမှတ်သားထားခဲ့...အရာများမှ ခြေရာလက်ရာ မပျက်သေးပဲ ရှိလေသည်။

"ဒီနေရာပဲ အပေါ်ကအုပ်ထားတာတွေ ဖယ်လိုက်ကြ"

ဟုပြောသဖြင့် အုပ်ထားသော သဲများ၊ အမှိုက်များကို...တ်ဖယ်လိုက်ကြသည်။

သို့သော် . . မြင်ကွင်းက မကောင်းလှတော့ပေ။

သဲပြင်ပေါ်မှ တစ်ပေခန့်ထွက်နေသော အရာမှာ ရွှေ...ောင်းကြီးမဟုတ်တော့ပေ။







www.burmeseclassic.com

www.burmeseclassic.com



မီးသွေးချောင်းကြီး ဖြစ်နေလေတော့သည်။

"ဟင်. . အဖေပြောတဲ့ ရွှေချောင်းကြီးဆိုတာ ဘယ်မှ လဲ ဒီမှာတွေ့တာတော့ မီးသွေးချောင်းကြီးပဲ. . ."

ငါးဖမ်းသမားက တအံ့တသြဖြင့်. . ထိုနေရာမှ ထောက်ထိုင်ကြည့်လေသည်။

မနက်ကတွေ့ခဲ့သော ရွှေချောင်းကြီးမှာ ယခုေ မီးသွေးချောင်းကြီး ဖြစ်နေချေပြီ။

ထိုမီးသွေးချောင်းကြီးပေါ်တွင် သူခါးဖြင့်ခြစ်ခဲ့သေ ထစ်ခဲ့သော ဒဏ်ရာဒဏ်ချက်များကိုပင် တွေ့နေရသေးသည်

"ငါမနက်ကသေသေချာချာမြင်ခဲ့ရတာပဲ အဲဒီတုန်း တော့ရွှေချောင်းကြီးမှ ရွှေချောင်းကြီးပါပဲ၊ ဒီမှာခါးနဲ့ ခြစ်ခဲ့ထ တာတွေတောင် ရှိနေသေးတာပဲ၊ ဘယ်လိုကြောင့်အခုမှ မီးေ ချောင်းကြီးဖြစ်သွားရတာလဲ မင်းတို့မယုံရင် ဒီမှာကြည့်ကြ လား"

ငါးဖမ်းသမားက သူခါးဖြင့်ခုတ်ထစ်ကြည့်ခဲ့သော နေ များကိုလက်ညှိုးထိုးပြလေသည်။

အတူတူပါလာသော သုံးယောက်ကလည်း မီးေ ချောင်းကြီးပေါ်မှာ ခါးခုတ်ရာနှင့် ခြစ်ရာအချို့ကို တွေ့ကြ လည်း ရွှေချောင်းမဟုတ်သဖြင့် စိတ်မဝင်စားကြပေ။

သို့ကြောင့် အချို့က. . . .

"အဖေကလည်းဗျာ. . လူတွေပင်ပန်းအောင် နှိပ် တာပဲ၊ မြစ်တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်း လှေနဲ့ကူးရတာ





တဲ့ကိစ္စမှမဟုတ်တာ အခုတော့"

ဟုပြောကြသည်။

ထို့နောက်မှာတော့ ဖခင်ဖြစ်သူကို ဖျောင်းဖျပြောဆိုပြီး တစ်ဖက်ကမ်းသို့ ပြန်ကြလေသည်။

နောက်ပိုင်းရက်များမှာ ထိုငါးဖမ်းသမားမှာ ခါတိုင်းနှင့် မတူတော့ပဲ တစ်မူထူးခြားနေတော့သည်။

တစ်ယောက်တည်း ငေးငိုင်နေတတ်ပြီး ပါးစပ်မှလည်း တတွတ်တွတ် ပြောဆိုနေတတ်လေသည်။

ထိုကဲ့သို့ ရေရွတ်နေသောစကားများထဲတွင်. . .

"ငါ့ရွှေချောင်းကြီး. . . ငါ့ရွှေချောင်းကြီး"

ဟူသောစကားလည်း မကြာခဏပါလေသည်။

ထို့ပြင် မြစ်ကမ်းသို့ မကြာခဏထွက်ကာ ပြင်ဒရယ် သောင်ရှိရာ အရှေ့ဘက်ကမ်းသို့ မျှော်ငေးကြည့်နေတတ်သည်။ အခြားသူများကလည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ သူ့ကိုဂရုမစိုက် မိကြပေ။

တစ်နေ့တော့ လှေတစ်စင်းနှင့်ထွက်သွားရာ ပြန်ရောက် မလာတော့ပေ။

အချိန်တန်သော်လည်း ပြန်ရောက်မလာသောအခါ သားများက လှေတစ်စင်းဖြင့် လိုက်လံရှာဖွေကြရာ နောက်ဆုံး ပြင်ဒရယ်သောင်ပေါ်မှာ ပြန်တွေ့ကြရလေသည်။

သို့သော် အသက်မရှိတော့ပေ. . .

ရွှေချောင်းတွေ့ခဲ့သည် ဆိုသောနေရာတွင် ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်လျက်နှင့် သေဆုံးနေပြီဖြစ်ပေတော့သည်။

ထိုအဖြစ်အပျက်မှာ ပြင်ဒရယ်သောင်နှင့်ပတ်သက်သော ထူးခြားသည့်အဖြစ်အပျက်များထဲမှ တစ်ခုအပါအဝင် ဖြစ်လေသည်။





# အခန်း (၉)

# ပြင်ဒရယ်ရွာသူမြသင်းကြူ။

နီမောင်တို့သုံးယောက် ပြင်ဒရယ်သောင်တန်းပေါ်သို့ ရောက်လာသောအချိန်မှာ နေရောင်ခြည်ပင် အတော်ရနေချေပြီ။ နံနက်ပိုင်းအချိန် ကျော်ခဲ့ပြီဖြစ်သောကြောင့် ပြင်ဒရယ်သောင်တန်းတစ်လျှောက်မှာ နေရောင်ခြည်များ ဖြာဆင်းကျရောက် ရှိနေလေသည်။

ရေကျချိန်ဖြစ်သောကြောင့်. . သောင်ပြင်ကြီးက တစ်ကျော်တစ်ခေါ် ပေါ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်တလျှောက် နေရောင်ခြည်နှင့် ထိနေ
သောနေရာများမှာ အလင်းရောင်များ တဖျပ်ဖျပ် တောက်ပနေ
လေသည်။

နီမောင်တို့သုံးယောက်မှာ. . စကားတပြောပြောနှင့်
လျှောက်လာကြရာ ချောင်းဝနှင့်မနီးမဝေး ညောင်လန်းပင်အုပ်
များရှိသော နေရာတစ်ဝိုက်သို့ ရောက်လာကြသည်။

ညောင်လန်းပင်များမှာ တစ်ပင်နှင့်တစ်ပင် တစ်ကိုင်း
နှင့်တစ်ကိုင်း ထိဆက်အုပ်မိုးနေသောကြောင့် ထိုနေရာတစ်
ဝိုက်မှာ နေရောင်မရပေ။

"နီမောင် ငါတို့ကို ဘယ်နေရာခေါ်လာတာလဲကွာ၊
နေရာမှာ လူနေတယ်ဆိုတာရော ဟုတ်ရဲ့လား၊ ငါကြားတာ
တော့ ဒီညောင်လန်းပင်တွေ ရှိတဲ့နေရာက သရဲခြောက်တာ
ကြမ်းတယ်လို့ပဲ ကြားဖူးတယ်"

ငမဲအောင်ကပြောသည်။

"မင်းကလဲကွာ. . နေ့ခင်းကြောင်တောင်ကြီး ဘာမှ
ကြောက်စရာရှိလို့လဲ၊ နောက်ပြီး ငါတို့က သုံးယောက်တောင်မှ
ဘာကြောက်စရာရှိသလဲ"

"သုံးယောက်မကလို့ ဘယ်နှယောက်ပဲဖြစ်ဖြစ်. .
ကြောက်စရာရှိရင်တော့ ကြောက်ရမှာပဲ၊ သရဲဆိုတာ တကယ်
ကြောက်အောင်ခြောက်ရင် ကြောက်စရာကောင်းတာချည်း"

"မင်း အခြောက်ခံရဖူးလို့လား"

"အခုထိတော့ အခြောက်မခံရသေးဘူး၊ ဒါပေမယ့်





များတွေက ဒီလိုပဲပြောကြတာပဲ"

"သူများပြောတဲ့စကားနဲ့တော့ ဒီလောက်ကြောက်မနေ
စမ်းပါနဲ့ကွာ"

ဟုပြောရင်းနှင့် လျှောက်လာကြရာ ညောင်လန်းတော
အုပ်မှ ထွက်လိုက်သည်နှင့် တောစပ်မှာ ဆောက်ထားသော
တဲအိမ်တစ်လုံးကို တွေ့ရလေသည်။

သို့ကြောင့် ထိုနေရာသို့ လျှောက်လာပြီး အခြေအနေ
ကြည့်လိုက်သောအခါ တဲအတွင်း မှာလူတစ်ယောက်မှ မတွေ့ရ
သဖြင့် အသံပြုလိုက်သည်။

"တဲရှင်တို့. . တဲရှင်တို့ အထဲမှာလူရှိပါသလားဗျာ"

ထိုသို့အသံပြုလိုက်တော့မှ တဲအတွင်းမှ အဘွားကြီး
တစ်ယောက်အသံမျိုး ပြန်ကြားရသည်။

"ဟဲ့. . ဘယ်သူတွေလဲ"

"ကျွန်တော်တို့ပါ အမာရွာကလာကြတာပါ"

"သောင်မှာ ရွှေငွေရှာဖို့ လာကြတာလား၊ ကံထိုက်ရင်
တော့ရမှာပေါ့ကွယ်"

"ကျွန်တော်တို့က. . ရွှေငွေရှာရအောင်လာကြတာ မ
ဟုတ်ပါဘူး၊ ဒီတဲမှာနေတဲ့သူတွေနဲ့ တွေ့ချင်လို့ လာကြတာပါ"

"အထူးအဆန်းပါလား"

ဟုပြောပြီး တဲအတွင်းမှ အဘွားကြီးတစ်ယောက် ထွက်
လာသည်။ အသက်(၆၀)ကျော်ခန့်ရှိပြီး ဟောင်းနွမ်းသော အ
ဝတ်အစားများကို ဝတ်ဆင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားအရေကလည်း အနိုးပေါ်အရေတင်နေသကဲ့သို့ ရှိကာ အားမရှိသည့်ဟန်ဖြင့် တောင်ဝှေ့တစ်ချောင်းကို အားပြု ကာ ရပ်နေလေသည်။

“နေမကောင်းနေလို့ တဲထဲမှာလှဲနေတာ၊ မင်းတို့က ဘယ်သူတွေလဲ. . ဘာကိစ္စရှိကြလို့လဲ”

“ကျွန်တော်တို့က အမာရွာကပါ ဒီကိုလာတာ တခြား ကြောင့်မဟုတ်ပါဘူး၊ ဒီမှာ မြသင်းကြူဆိုတာများ နေသလားလို့ လာမေးကြည့်တာပါ”

ထိုစကားကြားတော့ အဘွားကြီးက တစ်မျိုးသဘော ပေါက်သွားဟန်ရှိလေသည်။

“ရှိတယ် မြသင်းကြူဆိုတာ ငါ့ရဲ့ မြေးမလေးပဲ၊ အခုသူ မရှိဘူး အမာရွာဘက် ဈေးဝယ်ဖို့သွားတယ်၊ ဘာလဲ မင်းတို့က လူပျိုလှည့်မလို့ လာကြတာလား”

“မ. . မဟုတ်ပါဘူး. . ဟို. . ဟို”

“အခုမှတော့ ရှက်မနေပါနဲ့တော့၊ တစ်ခုတော့ ကြိုပြော ထားမယ်နော် သူ့ကိုလူပျိုလှည့်တာက အရေးမကြီးဘူး၊ သူ သ ဘောမတူပဲ ဇွတ်တိုးမယ်တော့ စိတ်မကူးလေနဲ့၊ တစ်ခါတည်း အန္တရာယ်နဲ့တွေ့သွားလိမ့်မယ်”

“မကြံဝံ့ပါဘူးဗျာ ဒီလိုလုပ်ဖို့လာတာ မဟုတ်ပါဘူး၊ ကျွန် တော်တို့က ရိုးရိုးလာကြတာပါ”

“ရိုးရိုးသားသား လာတွေ့ကြတယ်ဆိုရင်တော့ ကိစ္စမရှိ ပါဘူး၊ ဒီလိုဆိုရင် ခဏစောင့်နေကြ”





“ဟုတ်ကဲ့. . ဟုတ်ကဲ့”

ဟုပြောပြီး အဘွားကြီးက တဲအတွင်းသို့ ပြန်ဝင်သွား သောကြောင့် နီမောင်တို့သုံးယောက်လည်း မနီးမဝေးမှာရှိသော သစ်တုံးတစ်တုံးပေါ်မှာ ဝင်ထိုင်လိုက်ကြသည်။

“နီမောင် အခြေအနေက ဟန်ပါ့မလား”

စောထီးကအနားကပ်ပြီး လေသံတိုးတိုးဖြင့် မေးသည်။

“ကောင်းမှာပါ၊ သူပြန်လာတဲ့အထိတော့ စောင့်ကြ တာပေါ့”

“ကောင်မလေးကတော့ ဘယ်လိုပုံပန်းသဏ္ဍာန်ရှိမလဲ မသိဘူး၊ အဘွားကြီးကြည့်ရတာတော့ စုန်းမကြီးတစ်ယောက်နဲ့ အတော်တူတယ်”

ငမဲအောင်က လေသံတိုးတိုးဖြင့် အတင်းပြောနေရာ တဲအတွင်းမှ ‘အဟမ်း. . အဟမ်း’ ဟူသော ချောင်းဟန့်သံ ပေါ် ထွက်လာသောကြောင့် ရှေ့ဆက်မပြောဝံ့တော့ပဲ ဇက်ပုကျသွား လေသည်။

အတန်ကြာသောအခါ ကမ်းစပ်ဘက်မှ တက်လာဟန် ရှိသော အမျိုးသမီးတစ်ယောက်ကိုမြင်ရသည်။

အသက်(၂၀)ပတ်ဝန်းကျင်ခန့် သာရှိသေးပြီး ဦးခေါင်း ပေါ်မှာ တဘက်ဟောင်းတစ်ထည် ပေါင်းပတ်ထားကာ လက် ထဲမှာလည်း အထုပ်တစ်ထုပ်ပါလာလေသည်။

သူမက တဲရှေ့မှာထိုင်နေသော နီမောင်တို့သုံးယောက် တို့မြင်သောအခါ အံ့ဩသွားဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မဝ့်မရဲလည်း ဖြစ်သွားဟန်ရှိလေသည်။

အနားရောက်လာတော့ ရုပ်ရည်သနားကမားနှင့် ကြည့်ပျော်ရှုပျော်ရှိသော မိန်းမပျိုတစ်ဦးဖြစ်သည်ကို တွေ့ကြရသည်။ အနားရောက်လာသော မိန်းမပျိုက သူတို့ကိုအကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"အစ်ကိုတို့က ဘာကိစ္စရှိလို့ ရောက်နေကြတာလဲ"

"ဒါထက် မင်းနာမည်ကဘယ်သူလဲ"

"မြသင်းကြူလို့ခေါ်ပါတယ်"

"တခြားတော့ကိစ္စမရှိပါဘူး၊ ချောင်းဝဘက်ကမနိုခြုံတွေ လှည့်ကြည့်ရင်းနဲ့ ဝင်လာတာပါ၊ မင်းလုပ်စရာရှိတာလုပ်ပါ"

"အဘွားက သိပ်ပြီးနေမကောင်းဘူး၊ ဒါ့ကြောင့် ဆေးနဲ့အစားအသောက် သွားဝယ်တာပါ၊ ခဏနော် အဘွားကို ဆေးတိုက်ပေးလိုက်ဦးမယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သောအခါ တဲအတွင်းသို့ဝင်သွားသောကြောင့် နီမောင်တို့သုံးယောက်လည်း နေရာမှာတင် ထိုင်စောင့်ကြလေသည်။

"နီမောင် မင်းဒီမှာပဲ စောင့်နေ. . . ငါတို့နှစ်ယောက် ဒီနေရာရောက်တုန်း ပြင်ဒရယ်သောင်ဘက် သွားလိုက်ဦးမယ်"

"ဘာသွားလုပ်မလို့လဲ"

"ကံကောင်းရင် ရွှေငွေရတနာပစ္စည်းတွေ ဘာတွေများ ရမလားလို့ သွားရှာကြည့်လိုက်ဦးမယ်"

"သိပ်တောမကြာစေနဲ့နော်"





"ဒီမှာက မင်းအတွက် စိုးရိမ်ရမယ့်အခြေအနေ မရှိပါဘူး၊ သိပ်လည်းကြောက်မနေပါနဲ့"

ဟုပြောဆိုကာ နှစ်ယောက်သား ပြင်ဒရယ်သောင်တန်းများရှိရာဘက်သို့ ထွက်သွားကြလေတော့သည်။

နေရာမှာတော့ နီမောင်တစ်ယောက်တည်းကျန်ခဲ့လေသည်။

ထိုနေရာမှ လှမ်းမျှော်ကြည့်ပါက တစ်မျှော်တစ်ခေါ်ရှိနေသော ပြင်ဒရယ်သောင်တန်းကြီးနှင့် ပင်လယ်ဝဘက်သို့ လှမ်းမြင်နေရလေသည်။

နီမောင်က စောထီးနှင့် ငမဲအောင်တို့ထွက်သွားသော နေရာဘက်သို့ မျှော်ကြည့်နေစဉ် တဲအတွင်းမှ မြသင်းကြူ ပြန်ထွက်လာသည်။

"ကျွန်မပြန်လာတော့ ကမ်းစပ်မှာ လှေတစ်စင်းစိုက်ထားတာမြင်ကတည်းက ထင်မိသားပဲ၊ ကျွန်မဒီနေရာမှာ ရှိတယ်ဆိုတာ အစ်ကိုဘယ်လိုသိပြီး ရောက်လာတာလဲ"

"ဦးဒီပ ပြောပြလို့ပါ"

"ဟင်. . ဘိုးဘိုးက ပြောပြတယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါ့ကြောင့် မြသင်းကြူတို့နဲ့တွေ့ချင်လို့ လာခဲ့တာပါ"

"ဟိုတလောက အဘွားတော်တော်လေး နေမကောင်းဖြစ်နေတယ်၊ ကျွန်မတို့မှာ ရှိတာတွေလည်း သွားရောင်းတာ အဆင်ပြေလို့ အစ်ကိုဆီက ငွေလာချေးခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုချေးလို့ရတယ်ဆိုတာ မင်းကိုဘယ်သူပြောတ
လဲ"

"ဘိုးဘိုး ပြောပြတာပါပဲ၊ အစ်ကိုဆီက ငွေချေးလို့ရ
တော့မှ အဘွားကို ဆေးဝယ်တိုက်ရတယ်၊ အစားအသော
ကလေးတွေ ဝယ်ကျွေးရတယ်၊ ကျွန်မငွေလာချေးတုန်းက. . .
ရှောရှောရှုရှု ချေးပေးလိုက်တဲ့ အစ်ကိုကို ကျေးဇူးတင်ပါတ

"ငါက မင်းကို ဝိညာဉ်လောကသားတစ်ယောက်
ထင်နေခဲ့တာ၊ နောက်မှ အခြေအနေမှန်ကိုသိရတာပါ"

"ကျွန်မယူခဲ့တဲ့ငွေကို ပစ္စည်းလေးတွေ ရောင်းလို့
ဆင်ပြေရင် ပြန်လာဆပ်ပေးပါ့မယ်"

"ရပါတယ်ကွာ ဒါကအရေးမကြီးပါဘူး၊ ဒါထက် နိ
မင်းတို့မြေးအဘွားနှစ်ယောက်တည်း နေကြတာလား"

"ဟုတ်ပါတယ်"

"မကြောက်ဘူးလား"

"ကြောက်စရာမရှိပါဘူး၊ ဘိုးဘိုးတို့က စောင့်ရှေ
ပေးကြပါတယ်"

"စားဖို့သောက်ဖို့ကျတော့ ဘယ်လိုရသလဲ"

"အချိန်တန်လို့ သောင်ပြင်ပေါ်မှာသွားရှာရင် ရေ
လက်ဝတ်ရတနာလေးတွေ ရပါတယ်၊ ရွှေအိုးငွေအိုးတွေနဲ့
ပေမယ့် ကျွန်မတို့မြေးအဘွားစားလောက်အောင်တော့
တယ်၊ အဲဒါလေးတွေ ရောင်းချစားသောက်ကြပါတယ်"

"အဲဒီပစ္စည်းတွေကို ဝယ်တဲ့သူရောရှိရဲ့လား"





အတော်များများကတော့ တစ်နေ့လုပ်မှတစ်နေ့စား
ကြရတာဆိုတော့ မဝယ်နိုင်ကြပါဘူး အမာရွာမှ ကျွန်မပစ္စည်း
သွားရောင်းရင် ဒိုင်ခံဝယ်တဲ့လူတစ်ယောက်တော့ ရှိပါတယ်၊
သူ့နာမည်က ဦးနေဒွန်း လို့ခေါ်ပါတယ်"

မြသင်းကြူပြောသော ဦးနေဒွန်းဆိုသူကို. . . နီမောင်
ကောင်းစွာသိသည်။ အမာရွာလယ်ပိုင်းလောက်မှာနေပြီး ငါးဖမ်း
ထွက်သော ကတ္တူလှေအချို့ ပိုင်ဆိုင်ထားသည့်အပြင် အိမ်မှာ
လည်း ကုန်စုံဆိုင်ကြီးတည်ထားသည်။

ထိုပြင် စိတ်ချယုံကြည်သူများကို ငွေတိုးကြေးတိုးလည်း
ပေးသည်။

"ဒါပေမယ့် အဲဒီလူကြီးက အတော်လောဘကြီးတယ်
ကျွန်မပစ္စည်း သွားရောင်းတဲ့အခါတိုင်း တန်ရာတန်ကြေး မပေး
ဘူး ဈေးနှိမ်ပြီးမှ ဝယ်တယ်၊ တခြားသူတွေက မဝယ်နိုင်တော့
သူပေးတဲ့အတိုင်းနဲ့ပဲ ရောင်းခဲ့ရတယ်"

နီမောင်က ခေါင်းညိတ်ပြသည်။

"အခုတလော သူမြို့သွားနေလို့ ပစ္စည်းသွားရောင်းတာ
တောင် လက်ခံဝယ်မယ့်သူမရှိခဲ့ဘူး၊ အဘွားအတွက်ကလည်း
ဆေးဝယ်ပေးဖို့ ငွေလိုနေတာမို့ အစ်ကိုဆီက ငွေချေးယူခဲ့ရတာ
ပါ"

ဟုမြသင်းကြူက အကျိုးအကြောင်းပြောပြလေသည်။

"နောက်တစ်ခါ အမာရွာမှာ ပစ္စည်းသွားရောင်းလို့ အ
ဆင်မပြေရင် ငါတို့အိမ်ဘက်လှည့်လာခဲ့ပါ၊ ငါ့အဖေကို သင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တဲ့ဈေးနဲ့ ဝယ်ခိုင်းပေးပါ့မယ်"

"ဒီလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို ရယ်"

"ဒါထက် မေးပါရစေဦး၊ ဒီနေရာမျိုးမှာ မြေးအဘွားနှ ယောက်တည်းနေရတာနဲ့စာရင် . . . ရွာထဲမှာ သွားနေတာပို ကောင်းဘူးလား"

ဟုမေးလိုက်သည်။

မြသင်းကြူက အဝေးမှာ လှမ်းမြင်နေရသော ပြင်ဒရယ် သောင်ဘက်သို့လှမ်းကြည့်ပြီး ခေါင်းခါပြသည်။

"ကျွန်မတို့က နေချင်ပေမယ့် အဘိုးတို့က ခွင့်ပြုပေ နေလို့ရမှာ၊ နောက်တစ်ခုက ဘိုးဘိုးတို့အတွက် လိုအပ်တာ ကို လုပ်ပေးနေရတာဆိုတော့ ကျွန်မတို့မြေးအဘွားမရှိရင် ဖြ မှာမဟုတ်ပါဘူး"

ထို့ကြောင့် နီမောင်လည်း ထိုအကြောင်းကို ဆက် မေးတော့ပေ။

"အစ်ကို ဒီနေရာကို ဘာလာလုပ်တာလဲဟင်"

"အမှန်ပြောရရင်တော့ မင်းနဲ့တွေ့ချင်လိုလာခဲ့တာ

ထိုစကားကြောင့် မြသင်းကြူမျက်နှာပေါ်မှာ ရှက်ေ ဖြာသွားသောကြောင့် ပန်းနုရောင်သမ်းသွားလေသည်။

"ငါပြောတာကို တစ်မျိုးမထင်ပါနဲ့၊ ငါကမင်းတို့ အဘွားနှစ်ယောက်တည်း ဘယ်လိုနေသလဲဆိုတာ စိတ်ဝင် လို့ လာကြည့်တာပါ"





"ကျွန်မတို့ဘဝက ဘာမှစိတ်ဝင်စားစရာမရှိပါဘူး၊ အခု လိုလာကြည့်တော့ တွေ့ရပြီမဟုတ်လား"

"ငါကတော့ စိတ်ဝင်စားပါတယ်"

"ဟင် . . ဘာကိုစိတ်ဝင်စားတာလဲ"

"အမှန်ပြောရရင် . . ငါက အခုလိုမျိုး ထူးထူးဆန်းဆန်း တွေကို စိတ်ဝင်စားတယ်၊ မင်းတို့မြေးအဘွားက ပရလောက သားတွေနဲ့ အဆက်အသွယ်ပြုပြီး ဒီလိုနေနိုင်ကြတာကို ပိုပြီး စိတ်ဝင်စားပါတယ်"

"ဒါကတော့အစ်ကိုရယ်၊ ဘဝကံပေးအခြေအနေ အရ မနေချင်လည်း နေရတာဆိုတော့လည်း ဒီလိုပဲနေကြရတာပဲ ပေါ့"

"ဘာပဲဖြစ်ဖြစ်လေ အခုလိုမင်းနဲ့ သိကျွမ်းခင်မင်ရတာ ဝမ်းသာပါတယ်၊ နောက်အခက်အခဲရှိလို့ပဲဖြစ်ဖြစ်၊ ရောင်းစရာ ပစ္စည်းရှိရင်ပဲဖြစ်ဖြစ် အမာရွာမသွားနဲ့တော့ ငါတို့ဆီသာလာခဲ့ ငါတို့အကူအညီပေးပါမယ်"

"ဒီလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို ရယ်၊ ဒါကြောင့် ဘိုးဘိုးဦးဒီပကလည်း အစ်ကိုတို့ မိသားစုအ ကြောင်းကို ပြောပြပါတယ်၊ အစ်ကိုနဲ့ မတွေ့ရခင်ကတည်းက ကျွန်မက အစ်ကို့အကြောင်းကို သိနေခဲ့တာပါ"

ထိုစကားကြားသောအခါ နီမောင်က သဘောကျစွာ ပြုံးပြုံးလိုက်လေသည်။

"ဒီလိုကြိုသိထားတော့လည်း ပိုကောင်းတာပေါ့၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုယ် မပြောရတော့ဘူးပေါ့၊ ဒါထက် နောက်ရက်တွေမှာရော. . အလုပ်အားရင် မြသင်းကြူဆီ လာလည်လို့ ရမလား"

မြသင်းကြူက တစ်မိုးတွေးမိဟန်ဖြင့် တစ်ဖက်သို့ မျက်နှာလွှဲသွားလေသည်။

"ရပါတယ်"

"တခြားကြောင့် လာချင်တာမဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် မြသင်းကြူနဲ့ ဘဝဆက်ရှိတဲ့ ဝိညာဉ်လောကသားတွေနဲ့ တွေ့ချင်လို့ပါ"

ထိုစကားကြားတော့ တအံ့တဩလှည့်ကြည့်သည်။

"သူတို့က တွေ့ချင်တိုင်းတွေ့မရဘူး. . ၊ သူတို့အလိုရှိမှ တွေ့လို့မှာ၊ နောက်ပြီး သူတို့ကို အခုလိုနေ့ဘက်အချိန်တွေမှာ တွေ့လို့မရနိုင်ဘူး"

"ဘယ်အချိန်မျိုးတွေမှာ တွေ့ရသလဲ"

"ညအချိန်မှ တွေ့ရမှာပေါ့"

"ဒါဖြင့် ညအချိန်လာခဲ့မယ်လေ"

"အစ်ကိုမကြောက်ဘူးလား"

"မင်းရှိနေတာပဲ ဘာကြောက်စရာရှိမလဲ"

"ဒါဖြင့်လည်း လာချင်လာခဲ့ပေါ့"

ဟုပြောရာ နီမောင်မှာ အကျေနပ်ကြီးကျေနပ်သွားလေတော့သည်။ နှစ်ယောက်သားစကားပြောနေကြစဉ် အတန်ကြာသောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပြန်ရောက်





လာကြလေသည်။

နှစ်ယောက်သားချွေးများရွှဲနေကြသည်။

"မင်းတို့နှစ်ယောက် ပစ္စည်းသွားရှာတာ ဘာပစ္စည်းတွေ ယာခဲ့သလဲ"

"ဘာမှမရခဲ့ပါဘူးကွာ သောင်စပ်က မြွေထွက်လာပြီး ိုက်လို့ ပြေးလိုက်ရတာ"

ငမဲအောင်စကားကြောင့် မြသင်းကြူက ရယ်နေလေ ည်။ ပြီးမှ နေရာမှထပြီး တဲအတွင်းသို့ဝင်သွားလေသည်။ ခဏ ကြာတော့ပြန်ထွက်လာသည်။

"ဒီနေရာတွေမှာ ပစ္စည်းတွေရှိတယ်ဆိုပေမယ့် ရှာလို့ တွေ့ချင်မှတွေ့တာ၊ ရှင်တို့နှစ်ယောက်က ကျွန်မတို့ဆီလာလည် ည့်သည်တွေဆိုတော့ ကျွန်မကပဲ လက်ဆောင်ပေးလိုက်ပါ ယ်"

ဟုပြောကာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်အား ဖြင့်ပြုလုပ်ထားသော လက်စွပ်တစ်ကွင်းစီပေးရာ. . . နှစ် ယာက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကာ ရုတ်တရက် ယူဝံ့ကြပေ။

"ယူသာယူပါ၊ ကျွန်မကစေတနာရှိလို့ ပေးတဲ့ပစ္စည်းကို ရင် ဘာမှမဖြစ်ပါဘူး"

ဟုပြောကာ ပေးတော့မှ ယူဝံ့ကြလေသည်။

"ကျေး. . ကျေးဇူးတင်ပါတယ်"

"ဟုတ်ပါတယ် ကျွန်တော်တို့ တစ်သက်မှာ ဒီတစ်ခါပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြင်ဖူးပါသေးတယ်၊ ကျေးဇူးတင်ပါတယ်”

ဟုနှစ်ယောက်စလုံး တုန်ယင်နေသောအသံဖြင့် ပြောကြသည်။ ထို့နောက်တွင် သုံးယောက်သား မြသင်းကြူကို နှုတ်ဆက်ပြီး ထိုနေရာမှပြန်ထွက်လာကြသည်။





# အခန်း (၁၀)

# ကြွေးတောင်းလာသော လက်တစ်ဖက်

အချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်လာခဲ့ပေပြီ. . .

ထိုအချိန်တွင် ဦးဘရှိန် ပိုင်ဆိုင်သော အုန်းတောတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

ထိုကဲ့သို့သော ညအချိန်မျိုးပင် တစ်နေကုန်ပင်ပင်ပန်းပန်း အလုပ်လုပ်ကြသော အလုပ်သမားများ အိပ်စက်အနားယူနေကြပေပြီ။

အုန်းတောထဲမှာ အလုပ်သမားနေသော တဲများရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တဲတစ်လုံးနှင့်တစ်လုံး မနီးကြပေ။

ညဉ့်ဦးပိုင်းအချိန် လရောင်မှုံဝါးဝါးရှိနေသော်လည်း အုန်းပင်အုန်းလက်များ အရိပ်ကြောင့် အောက်ခြေတစ်ပိုက်မှာတော့ အမှောင်ရိပ်က ဖုံးလွှမ်းသဖြင့် မှောင်မည်းလျက်ရှိသည်။ ပတ်ဝန်းကျင် တစ်ပိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ချောင်းဘက် ဓနိတောများရှိရာဘက်မှ အော်လိုက်သော ဘုတ်ငှက်အိုသံက ရေတက်ချိန်နီးတော့ ပေါ်ထွက်လာသည်။ ထို့ပြင် . . ရေတက်ဦးတိုက်သော လေက ဓနိတောများ၊ အုန်းတောများတွင်းသို့ တိုးဝင်တိုက်ခတ်သွားရာ အကိုင်းချင်းထိ၊ အရွက်ချင်းခတ်သံများ ကြားရသည်။

ထိုအချိန်မျိုးတွင် အုန်းခြံ၊ ဓနိခြံများအတွင်းမှာ တစ်နေကုန် ပင်ပင်ပန်းပန်းအလုပ်လုပ်ခဲ့ကြသော အလုပ်သမားမိသားစုတို့မှာ ညစာစားသောက်ပြီး အိပ်စက်အနားယူနေကြပြီ ဖြစ်သောကြောင့် မီးရောင်လည်းပိတ်၊ အသံလည်း တိတ်ဆိတ်နေကြလေပြီ. . .။

ထိုအချိန်မှာ တဲတစ်လုံးထဲမှာရှိသော လင်မယားနှစ်ယောက်ကတော့ မအိပ်ကြသေးပဲ အရေးကြီးသောစကားများကို နှစ်ကိုယ်ကြားပြောနေကြလေသည်။

"ရှင်ပြောတဲ့ အကြံအစည်အတိုင်းလုပ်တာ ငွေငါးဆယ်တော့ရခဲ့ပြီ၊ ငွေငါးဆယ်ဆိုတာ ကျုပ်တို့လို ဆင်းရဲသားတွေအတွက် နည်းတာမဟုတ်ဘူး ဘယ်လိုလုပ်ရင်ကောင်းမလဲ"





ခင်သီက သံပချိုင်နားကပ်ပြီး လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"အခုချက်ချင်း ဘာမှမလုပ်သေးတာကောင်းမယ်၊ ဒီနေရာက ချက်ချင်းရွှေ့ပြောင်းသွားပြီး တခြားအလုပ်လုပ်ရင် သူတို့ ရိပ်မိသွားမှာပေါ့"

"ဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီခြံထဲမှာ နေနေရတာ စိတ်မလုံသလိုပဲ"

"ဟန်မပျက်နေပေါ့ကွာ၊ သူတို့လည်း ရိပ်မိမှာ မဟုတ်ပါဘူး၊ နောက်ပြီး ဒီကိစ္စက ဘယ်သူမှသိတာမှမဟုတ်တာ"

"ဒါပေမယ့် ကျုပ်တော့ ဒီခြံထဲမှာ ကြာကြာဆက်မနေဝံ့တော့ဘူး၊ ကျုပ်တို့မှာ ရင်းနှီးစားသောက်ဖို့ငွေလည်းရပြီဆိုတော့ ရွာထဲပြောင်းပြီး တခြားအလုပ်တစ်ခုခု လုပ်ဖို့တော့ ကြိုးစားရမယ်"

"ငါလည်းစိတ်ကူးထားပါတယ်ကွာ၊ ဒါပေမယ့် ချက်ချင်းပြောင်းလို့မဖြစ်သေးဘူးဆိုတာ အကြောင်းရှိတယ်မိန်းမရဲ့"

"ဘယ်လိုစိတ်ကူးမျိုးလဲ ပြောပါဦး"

"ဒီလောက်များတဲ့ ငွေမျိုးကို ငါတို့အလုပ်လုပ်ပြီး ရှာဖွေလို့ကတော့ ဒီတစ်သက်ရမှာမဟုတ်ဘူး၊ အခုတောင် ကံကောင်းလွန်းလို့ ရလိုက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"ငါတို့လင်မယား ကံကောင်းလာပြီဆိုတော့ နောက်တစ်ခါ ဒီလိုအခွင့်အရေးမျိုး ထပ်ရချင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်နံဘေးမှာ လှဲနေသော ခင်သီက သဘောမပေါက်သကဲ့သို့ ငြိမ်ပြီးနားထောင်နေသည်။

"ဒီအခွင့်အရေးမျိုးက နောက်တစ်ကြိမ် ထပ်မပေါ်ဘူးလို့ မပြောနိုင်ဘူး၊ အဲ့ဒီလိုပေါ်လာရင် ဒီထက်ပိုများများရအောင် ကြိုးစားကြပြီး ဒီနေရာကနေ တစ်ခါတည်း ခြေရာဖျောက်သွားရင် ပိုမကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် နောက်တစ်ခါက်ထပ်သွားရမှာတော့ ခပ်လန့်လန့်ပဲ မတော်လို့များ သိသွားရင်. . ."

"မသိပါဘူးကွာ စိတ်ပူမနေစမ်းပါနဲ့၊ နောက်တစ်ခါကျရင် ငါကိုယ်တိုင် အချိုးကြီးရအောင် ကြံစည်ပါမယ်"

ဟုပြောနေကြစဉ် အိမ်နံဘေးတစ်ဝိုက်မှ ခြေသံလိုလို ကြားလာရလေသည်။

သို့ကြောင့် နှစ်ယောက်သား စကားဖြတ်ကာရပ်လိုက်ကြသည်။

ထိုသို့စကားဖြတ်ပြီး. . သံပချိုင်က နေရာမှထပြီး ထရံပေါက်မှ ကြည့်သည်။

အပြင်ဘက်မှာ အမှောင်ရိပ်များရှိနေသော်လည်း အလင်းရောင်က ကွက်တိကွက်ကြားရှိနေသည်။ သူကြည့်သောအချိန်မှာ တဲနှင့်မနီးမဝေး အမှောင်ရိပ်ထဲမှာ ရပ်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို မြင်ရလေသည်။ ပုံပန်းသဏ္ဌာန်ကြည့်ရုံနှင့် လူတစ်ယောက်မဟုတ်မှန်းတော့ သိသာလေသည်။





အဘယ်ကြောင့်ဆိုသော်. . .

အရပ်အမောင်းက အုန်းပင်တစ်ဝက်လောက်အထိ မြင့်နေသောကြောင့်ဖြစ်သည်။ သံပချိုင်က ထိုမြင်ကွင်းကိုမြင်သောအခါ စိတ်ထဲမှာလန့်သွားလေသည်။ ထိုအခိုက်မှာပင် ခင်သီက အနားရောက်လာသည်။

"ဘာလဲ"

လေသံတိုးတိုးဖြင့် မေးသည်။

"သရဲခြောက်တာ"

"ဟင်. . ဘယ်မှာလဲ"

သံပချိုင်က အပြင်ဘက်သို့ လက်ညှိုးထိုးပြတော့ ခင်သီကပါ ချောင်းကြည့်သည်။

သူကြည့်လိုက်သော အချိန်မှာ စောစောအုန်းပင်နားမှာ ရပ်နေသောသရဲက အိမ်ဘေးသို့ရောက်နေသည်။

အိမ်နံဘေးရောက်လာတော့ အရပ်က နိမ့်လာသောကြောင့် မျက်နှာကိုမြင်ရလေသည်။

ပုံပျက်ပန်းပျက်ဖြစ်နေသော မျက်နှာကြီးကို မြင်ရသောအခါ ခင်သီက နောက်သို့ပြန်ဆုတ်လိုက်သည်။

"သရဲက ကျုပ်တို့အိမ်ဘေး ရောက်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ငြိမ်ငြိမ်လေးသာနေပါ၊ သရဲသဘက်တွေက အိမ်ထဲမဝင်နိုင်ကြပါဘူး"

ဟုပြောနေစဉ်မှာ နံဘေးမှာကာထားသော ကျူထရံချပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖောက်ပြီး လက်ကြီးတစ်ဖက်က အတွင်းသို့ ရောက်လာလေတော့သည်။

"အမလေး လုပ်ကြပါဦး"

ခင်သီက အလန့်တကြားအော်လိုက်ရာ သံပချိုင်က အိပ်ပျော်နေသော ကလေးနှစ်ယောက် နိုးမည်ဆိုးသဖြင့် ပါးစပ်ကို အတင်းပိတ်ထားရလေသည်။

တဲအတွင်းသို့ ထိုးဝင်လာသော လက်တစ်ဖက်က အတော်ကြီးသည်။ ထွန်တုံးသမျှကြီးပြီး အမွေးရှည်များကဖုံးနေသည်။

လက်ချောင်းများက ရှည်လှပြီး လက်သည်းချွန်များပါလေသည်။ အထဲရောက်လာတော့ လက်ဝါးဖြန့်လျက် အသံသြသြကြီးဖြင့် တောင်းလေတော့သည်။

"ချေးထားတဲ့ငွေ ပြန်ပေး"

"ချေးထားတဲ့ငွေ ပြန်ပေး"

ထိုအသံကြီးကြားရသောအခါ လင်မယားနှစ်ယောက်စလုံး သွေးပျက်လုမတတ် ကြောက်လန့်သွားလေသည်။

တဲပေါ်မှဆင်းပြေးရန် စိတ်ကူးသော်လည်း အိပ်ပျော်နေကြသည့် ကလေးနှစ်ယောက်က ရှိနေသဖြင့် မဖြစ်ပြန်ပေ။

"ချေးထားတဲ့ငွေပြန်ပေး"

"ချေးထားတဲ့ငွေပြန်ပေး"

ထိုသို့တောင်းနေယုံမကပဲ. . လက်ကြီးက လက်ဝါးဖြန့်တောင်းနေရာမှ တဖြည်းဖြည်းနှင့် ရှည်ထွက်လာပြီး ဟိုစမ်းဒီ





စမ်းဖြင့် လိုက်စမ်းနေရာ ခင်သီမှာ စိတ်မထိန်းနိုင်တော့သဖြင့် အသံကုန် ဟစ်အော်လိုက်လေတော့သည်။

"ကယ်ကြပါရှင်. . ကယ်တော်မူကြပါ"

ထိုအော်သံကြားသဖြင့် မနီးမဝေးမှာရှိသော တဲများမှ အလုပ်သမားများ နိုးလာကြသဖြင့် အပြင်ထွက်လာကြသည်။ နီမောင်တို့လည်း ကြားသဖြင့် မီးတိုင်များကိုင်ကာ သူတို့တဲရှိရာဘက်သို့ လာကြလေသည်။

အားလုံးရောက်လာသောအခါ တဲပတ်ဝန်းကျင်တစ်ဝိုက်တွင် မီးရောင်များလင်းနေလေတော့သည်။

ထိုအခါ နှစ်ယောက်စလုံး တဲအပြင်ဘက်သို့ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်လာကြသည်။

"ဘာဖြစ်ကြတာလဲ"

ဦးဘရှိန် ကမေးလိုက်သည်။

"ကျွန်တော်တို့ကို သရဲခြောက်လို့ ဆရာကြီး"

သံပချိုင်က ပြန်ပြောလိုက်သည်။ ဦးဘရှိန်က အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"တစ်ခုခုအမှားအယွင်း လုပ်မိလို့လား၊ ဘုရားစာ တရားစာ ရရင်ရွတ်၊ မရရင်လည်း အမျှအတန်းဝေပြီး အိပ်ကြ"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

အခြားတဲမှလာ ရောက်သူများလည်း အသီးသီးပြန်သွားကြလေတော့သည်။

အားလုံးပြန်သွားပြီး ညဉ့်နက်ပိုင်းအခါ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါမှာလည်း တဲအတွင်းသို့ လက်ကြီးတစ်ဖက် ဝင်လာပြီး. . .၊

"ချေးထားတဲ့ငွေတွေ ပြန်ပေး"

"ချေးထားတဲ့ငွေတွေ ပြန်ပေး"

ဟုအသံနက်ကြီးဖြင့် လာရောက်တောင်းနေလေရာ တစ်ညလုံးမအိပ်ကြရပဲ ရှိနေလေသည်။

မိုးလင်းခါနီးတော့မှ တဲထဲရောက်နေသော လက်ကြီးလည်းပျောက်၊ အသံလည်း ပျောက်သွားလေတော့သည်။

"ကိုသံပချိုင် ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့ ဒီခြံထဲမှာဆက်နေလို့ မဖြစ်တော့ဘူးထင်တယ်၊ ဒီလိုသာ ညတိုင်းလာတောင်းနေရင်တော့ခက်မယ်"

"အေးပါကွာ နောက်ရက်တွေ လာခြောက်တော့လည်း အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့"

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ခင်သီစီရင်ပေးသော အစားအသောက်များကို စားသောက်ပြီး အုန်းခြံထဲသွားရလေသည်။

ထိုရက်ထဲတွင် မြို့မှအုန်းသီးဝယ်မည့် ကုန်သည်များရောက်လာကြတော့မည်ဟု ချိန်းထားသောကြောင့် အုန်းခြံထဲမှာ ချ၍ရသော အုန်းသီးများကို ချကြလေသည်။

သံပချိုင်က. . အုန်းပင်တက်ကျွမ်းကျင်သူ ဖြစ်သောကြောင့် အုန်းပင်ပေါ်တက်ပြီး အုန်းသီးများကို ခုတ်ပြီး ကြိုးဖြင့်ချပေးရသည်။ အုန်းပင်ပေါ်တွင် အုန်းသီးခြောက်(အရင့်)၊ အရည်ချောင်(အမှည့်)၊ လက်ပေါ့(မရင့်တရင့်)၊ အရည်သောက်





(အုန်းသီးနု) ဟူ၍ လေးမျိုးလေးစားရှိရာ. . အုန်းသီးခြောက်နှင့် အရည်ချောင်အုန်းသီးများကိုချပြီး၊ လက်ပေါ့နှင့် အရည်သောက်တို့ မခူးဘဲချန်ထားရသည်။

လက်ပေါ့နှင့် အရည်သောက်အခိုင်များကိုပါ ခုတ်ချပါက အုန်းပင်ဇက်ပေါ့သွားကာ အသီးမတင်တော့သောကြောင့် ဖြစ်သည်။

အုန်းပင်တက်ရာတွင် အပင်ပေါ်တက်သူက အုန်းပင်တက်ကျွမ်းကျင်ပြီး အုန်းသီးအကြောင်းသိရသလို. . . အောက်မှာကြိုးကြပ်သူကလည်း အုန်းပင်ပေါ်မှ အုန်းသီးကို ကြည့်ရှုရုံနှင့် ခွဲခြားသိနိုင်ရသည်။

အပင်ပေါ်မတက်ခင်ကတည်းက အောက်သို့ချရမည့်အုန်းခိုင်များကို တစ်ခါတည်း ညွှန်ပြပေးနိုင်ရသည်။

နီမောင်နှင့် ဦးမွန်ထော်တို့ အပင်အောက်မှ ကြီးကြပ်ပေးကြပြီး သံပချိုင်၊ စောထီး၊ ငမဲအောင် စသောအလုပ်သမားများက အုန်းပင်တက်သောတာဝန် ယူကြလေသည်။

အချို့အလုပ်သမားများကလည်း အုန်းပင်တက်သူတက်၊ အုန်းပင်ရှင်းသူရှင်း၊ အောက်သို့ကျလာသော အုန်းခိုင်များကို စုရပ်သို့ရောက်အောင် သယ်သူသယ်ဖြင့် အလုပ်ရှုပ်နေကြတော့သည်။

သူတို့အထဲတွင် သံပချိုင်မှာ အုန်းပင်တက်ရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သော်လည်း ထိုနေ့အဖို့ရာမှာတော့ အုန်းပင်တက်ရတာ အဆင်မပြေလှပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး မအိပ်ခဲ့ရသောကြောင့် ခေါင်းထဲမှာ မူးဝေ
နေသည်။

ပထမ အုန်းပင်တစ်ပင် ပေါ်တက်ကြည့်သောအခါ အ
ဆင်မပြေလှပေ။ သို့သော်လည်း စိတ်တင်းပြီးတက်သည်။

တစ်ပင်နှစ်ပင်တက်ပြီးတော့ သွေးပူလာသည်။

အရှိန်ရလာသည်။

နီမောင်ကတော့ သူ့အခြေအနေကိုကြည့်ပြီး ပြေ
သည်။

"ခင်ဗျားအပင်ပေါ် မတက်နိုင်ရင်လည်း အောက်အလု
တွေပဲလုပ်ပါလား"

"ရပါတယ်ကွာ ငါတက်နိုင်ပါတယ်၊ ညကအိပ်ရေးပျ
လို့ ခေါင်းနောက်နေလို့ပါ"

"သတိထားပြီးလုပ်ပါ. . ."

ထိုသို့လုပ်ကြရာ တစ်နေ့လုံးတော့ ဘာမှပြဿနာမပေ
ပေ။ ညနေပိုင်းအချိန် အလုပ်သိမ်းတော့မှ သံပချိုင်မှာ ကြေ
စရာကောင်းသော အန္တရာယ်တစ်ခုနှင့် တွေ့ရလေတော့သည်

အုန်းပင်တစ်ပင်ပေါ် တက်သွားပြီး အပင်ခွကြားမှာ ထိ
လိုက်တော့မှ ကျောဘက်မှ ရေခဲတုံးဖြင့် ကပ်လိုက်သကဲ့သို
ခနဲ ဖြစ်သွားလေသည်။

ထို့ကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်

ထိုအခါ အုန်းလက်ကြားမှထွက်နေသော လက်
ဖက်ကို သေသေချာချာမြင်ရလေတော့သည်။





ညကတစ်ညလုံး မြင်ခဲ့ရသော လက်တစ်ဖက်ပင်ဖြစ်
သည်။

"ချေးထားတဲ့ငွေတွေ ပြန်ပေး"

"ဟင်. ."

ထိုအသံကြားသည်နှင့်. . သံပချိုင်မှာ အုန်းပင်ပေါ်၌
ဆက်မနေဝံ့သောကြောင့် ချက်ချင်းပြန်ဆင်းပြေးရာ တစ်ဝက်
လောက်ရောက်တော့ နောက်ဘက်မှ. . .

"ချေးထားတဲ့ငွေတွေ ပြန်ပေး"

ဟူသောအသံကြားလိုက်ရာ. . လန့်ဖျပ်ပြီး အောက်သို့
ပြုတ်ကျသွားလေတော့သည်။

"အား. . ."

ရင်းအော်သံကြားသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေ
ကြသူတို့ ပြေးလာကြသည်။

နီမောင်လည်းရောက်လာပြီး အခြေအနေကြည့်သော
အခါ သံပချိုင်မှာ သတိမေ့နေချေပြီး

ထို့ကြောင့် တဲရှိရာသို့ ပွေ့ခေါ်သွားပြီး အမျိုးမျိုးပြုစု
ပေးကြရာ. . ညဉ့်ဦးပိုင်းအချိန်ရောက်တော့မှ သတိပြန်ရလာ
သည်။

သို့သော်. . .

"လုပ်ကြပါဦးဗျ. . ကယ်ကြပါဦး၊ ဟိုမှာ သရဲကြီးလာ
နေပြီ၊ လက်ကြီးတစ်ဖက် လာနေပြီ. . ကယ်ကြပါဦးဗျာ"

တုငယ်သံပါအောင် အော်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ဦးဘရှိန်နှင့် ဦးမွန်ထော်တို့လည်း ရောက်နေသောကြောင့် အချင်းချင်း တိုးတိုးပြောနေကြသည်။

"ဦးမွန်ထော်. . ဘယ်လိုဖြစ်နေတာလဲဗျ"

"သူတစ်ခုခု အမှားအယွင်းလုပ်ထားတာ ဖြစ်မယ်. . ပယောဂနှောင့်ယှက်ထားတာဖြစ်မယ် ဆရာကြီး"

"ဒီတော့ ဘယ်လိုလုပ်မလဲ၊ ခင်ဗျားနားလည်သလား"

"ကျုပ်ကတော့ သိပ်နားမလည်ဘူး၊ အမာရွာထဲမှာ ပယောဂနားလည်တဲ့ ဆရာကြီးတစ်ယောက်ရှိတယ်၊ သူနဲ့ကုသရင်အဆင်ပြေမယ်. . ."

"ဒီညတော့ အချိန်မရှိတော့ဘူး ၊ မနက်လင်းရင်တော့ ခင်ဗျားကိုယ်တိုင် ဆရာသွားခေါ်ပေးပါ"

"ကောင်းပါပြီ ဆရာကြီး"

ဟုပြောလေသည်။

ထိုညမှာတော့ သူတို့အားလုံး မအိပ်ကြရပေ။

သံပချိုင်နေသော တဲဘက်မှ အသံနက်ကြီးဖြင့် တစ်ညလုံးအော်နေရာ. . ကြားရသူများမှာ ကြောက်လည်းကြောက် စိတ်မချမ်းမသာလည်း ဖြစ်နေကြရလေသည်။





# အခန်း (၁၁)

# အသူရကာယ်ဘုံသားများ အကြောင်း

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ နီမောင်နှင့် ဦးမွန်ထော်တို့ အမာရွာသို့သွားပြီး ဆရာခေါ်ကြရာ. . ပြန်လာတော့ ဆရာကြီးတစ်ယောက် ပါလာလေသည်။

ဆရာကြီးအမည်မှာ ဦးဗန်ကောင်းဖြစ်ပြီး အသက်(၅၀) ကျော်ခန့်သာရှိသေးသည်။

ဓါးနှင့်အတူ ဆေးလွယ်အိတ်ကြီးတစ်လုံးလည်း ပါလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဦးဗန်ကောင်းက လူနာအိမ် ရောက်သည်နှင့် အ
ခြေအနေကို အကဲခတ်ကြည့်ရုံနှင့် ပယောဂ ဖမ်းစားထားသည်
ကို တွေ့ရလေသည်။

လူကိုဖမ်းစားသော အပ,ပယောဂအမျိုးမျိုးတို့ ရှိကြ
သည်။ သွေးလေချောက်ချားပြီး ကိုယ်တွင်းမှဖြစ်သော ပယော
နတ်တို့ဖမ်းစားသော ပယောဂ၊ စုန်းကဝေတို့ ဖမ်းစားနှော
ယှက်သော အမှောင့်ပယောဂ၊ သရဲ သဘက်၊ ဖုတ်၊ ဘီလူ
စသော မကောင်းသော ပရလောကသားတို့ ဖမ်းစားနှောင့်ယှ
သော အမှောင့်ပယောဂ၊ မြေနှင့်စပ်လျဉ်းသော နေရာတွင် ဝ
ရောက်ပူးကပ်သော အပ,ပယောဂ၊ စိတ်ကြောင့်ဖြစ်သော
ပယောဂ. . ဟူ၍ အမျိုးမျိုးရှိကြရာ ယခု လူနာခံစားနေရသော
ပယောဂမှာ ပရလောကသားတို့ ဖမ်းစားနှောင့်ယှက်သော
ပယောဂဖြစ်ကြောင်း ကောင်းစွာသိလေသည်။

သို့ကြောင့်. . ရောက်သည်နှင့် သက်ဆိုင်ရာများကို
တောင်းပန်တိုးလျှိုးပြီး သံပချိုင်အား ဆေးတစ်ခွက်တိုက်လိုက်
ရာ မကြာခင်မှာပင် အော်သံများပျောက်သွားပြီး အိပ်ပျော်သွား
လေတော့သည်။ ထိုအခါမှ နံဘေးမှကြည့်နေသူတို့မှာ သက်ပြင်
ချနိုင်ကြပေတော့သည်။

လူနာငြိမ်သွားသောအခါ ဦးဗန်ကောင်းက ကွမ်းယာ
တစ်ယာစားနေစဉ် ဦးဘရှိန်ကမေးလိုက်သည်။

"သူဘယ်လိုဖြစ်တာလဲ ဆရာကြီး"

"ပရလောကသားတွေ နှောင့်ယှက်နေတာကြောင့် အ





လို ဖြစ်နေတာပါ။ သူတို့နဲ့ပတ်သက်ပြီး အမှားအယွင်းတစ်ခုခု
လုပ်ထားတာ ရှိပါလိမ့်မယ်"

ဟုပြောသည်။

"ဘယ်လိုပရလောကသားတွေလည်း ဆရာကြီး၊ သရဲ
သဘက်တွေကို ပြောတာလား"

"ဟုတ်ပါတယ် ဒါပေမယ့် သရဲသဘက်တွေဆိုတာက
အောက်တန်းစား ပရလောကသားတွေပါ၊ သူတို့ထက် တန်ခိုး
ဝါဝါမြင့်တဲ့ အသူရကာယ်ဘုံသားတွေကစေခိုင်းလို့ လာပြီးအ
နှောင့်အယှက်ပေးနေကြတာပါ"

"ပရလောကဆိုတာ ဝိညာဉ်ဘဝရောက်နေတဲ့ လူတွေ
ကိုပြောတာမဟုတ်လား"

"မှန်ပါတယ်"

"ဒီလောကမှာလည်း အဆင့်အတန်းမတူတာတွေ ရှိ
ကြတာပဲ ဆရာကြီး"

"အများကြီးရှိတာပေါ့ဗျာ၊ သူတို့လောကမှာလည်း ကျုပ်
တို့လူ့လောကလိုပဲပေါ့၊ အဆင့်အတန်းမတူတာတွေ အများကြီး
ရှိကြတယ်၊ ကျမ်းဂန်တွေထဲမှာ ပြိတ္တာဘုံဘဝ(၄)မျိုးရှိကြောင်း
ဖော်ပြထားတယ်၊ အဲဒီ(၄)မျိုးကို ထပ်ခွဲလိုက်ရင် (၁၂)မျိုးဖြစ်
လာတယ်၊ အဲဒီ(၁၂)မျိုးထဲမှာ ခင်ဗျားတို့ကြားဖူးမြင်ဖူးတဲ့ သရဲ၊
တစ္ဆေ၊ ဖုတ်၊ ကျတ်၊ မှင်စာ၊ ဥစ္စာစောင့်၊ သိုက်စောင့်၊ ဘီလူး၊
ရုက္ခစိုး စတာတွေလည်း ပါဝင်တာပေါ့"

"အများကြီးပဲနော် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် စတဲ့ဘုံတွေကို အပါယ်လေးဘုံလို့ သတ်မှတ်ကြတယ်၊ ဒီအပါယ်လေးဘုံသားတွေမှာ ငရဲဘုံကလွဲပြီး ကျန်တဲ့အပါယ်သုံးဘုံကလူတွေနဲ့ အနေတော်နီးစပ်ကြတယ်၊ ပြောရရင်တော့ လူ့ဘုံနဲ့တစ်ဆက်တစ်စပ်တည်း ရှိနေကြတယ်ဗျ၊ ဒါကြောင့်. . . အခါအားလျော်စွာ သူတို့အသံတွေ ကြားရတယ်၊ သူတို့ကို မြင်တွေ့ရတယ်၊ သူတို့ နှောင့်ယှက်တာတွေကို ခံရတာပေါ့ဗျာ"

"ကြောက်စရာပါပဲ၊ ဒါနဲ့ ပြိတ္တာဘုံဘဝရောက်နေတဲ့သူတိုင်း ကြောက်စရာကောင်းကြတာချည်းပဲလား"

ဦးမွန်ထော်က ဝင်မေးလိုက်သည်။

"ဒီလိုချည်းတော့မဟုတ်ပါဘူး၊ ပြိတ္တာဘုံ(၁၂)ဘုံရှိတဲ့နေရာမှာ ဝေမာနိကပြိတ္တာမျိုးနဲ့ မဟိဒ္ဓိကပြိတ္တာမျိုးတွေကတော့ အဆင့်အတန်းရှိကြပါတယ်၊ ဒီပြိတ္တာမျိုးတွေကိုတော့ အသုရကာယ်ဘုံသားတွေလို့ သတ်မှတ်ကြတယ်"

"အသုရကာယ်ဘုံသားတွေက နတ်တွေလား ဆရာကြီး"

"နတ်တွေတော့မဟုတ်ပါဘူး. . ၊ သူတို့က နတ်ပြည်ခြောက်ထပ်မှာ မနေကြရပေမယ့် ဘုံဗိမာန်နဲ့နေရတဲ့ အဆင့်အတန်းမျိုးရှိကြတယ်၊ လူတွေနဲ့လည်း နီးစပ်မှုရှိကြတယ်"

ဦးဗန်ကောင်းက ကွမ်းယာကိုတမြုံ့မြုံ့ဝါးရင်းမှ အသုရကာယ်ဘုံသားများအကြောင်းကို အကျဉ်းချုပ်ပြီး အောက်ပါအတိုင်းပြောပြလေသည်။





အသုရကာယ်ဘုံနှင့်ပတ်သက်၍. . သိရှိသင့်သော အကြောင်းအရာများကို ဖော်ပြပါမည်။

အသုရကာယ်ဘုံသည် အပါယ်(၄)ဘုံတွင် တစ်ပါးအပါအဝင်ဖြစ်သည်။

အမှန်စင်စစ် အသုရကာယ်ဘုံဟု ဆိုကြသော်လည်း ထိုအသုရကာယ်တို့၌ ဘုံသီးခြားမရှိချေ။

"အသုရကာယ်" ဟူသည့်စကားမှာ "အသုရကာယ" ဟူသောပါဠိမှ ဆင်းသက်လာသည်။ ၎င်းသည် ပါဠိသက်စကားပါဠိဖျက်စကားဖြစ်သည်။

"အသုရကာယ' အသုရကာယ်၏ ပါဠိနှင့်ပတ်သက်၍

"အစိုးရမှု၊ မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်သောကြောင့် အသုရာမည်ကြောင်း၊ အသုရာအပေါင်းသည် အသုရကာယ်မည်ကြောင်း"

အရှင်ဇနကာဘိဝံသက သဂြိုဟ်ဘာသာဋီကာ၌ ဖွင့်ဆိုခဲ့သည်။

ထို့အတူ 'သဂြိုဟ်ဘာသာဋီကာ'တွင် အသုရကာယ်ဘုံဟူ၍ သီးခြားမရှိ အသုရာအပေါင်း၏ နေရာအရပ်ကိုပင် အသုရကာယ်ဘုံဟု ခေါ်ဝေါ်အပ်၏။

ဤအသုရာဟူသည် "ပြိတ္တာ" မျိုးပင်ဖြစ်သည်။

ထို့ကြောင့်. . အချို့ပါဠိတော်၌ အပါယ်လေးဘုံမပြဘဲ သုံးဘုံသာပြထားသည်လည်းရှိ၏။ ဤပြိတ္တာအသုရာတို့ကို ကာလကဉ္စိက အသုရာဟု ခန္ဓဝိဘင်္ဂဋ္ဌကထာ၌ဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသုရာတို့သည် သမုဒ္ဒရာ ဂင်္ဂါမြစ်စသည်၌ နေတတ်၏။ အလွန်မွတ်သိပ်ဆာလောင်ကြသည်။ တချို့ အသုရာတို့မှာ ဘုရားနှစ်ဆူ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မျှ မစားမသောက်ကြရလေကုန် ဟုပင်ခွဲခြား၍ အမျိုးမျိုးပြထားသည်ကို တွေ့ရ၏။

ထိုအသုရာလေးမျိုးတွင် အပါယ်လေးပါး၌ပါသည့် . "အသုရကာယ(အသူရကာယ်)" နှင့်မဆိုင်ပေ။

အပါယ်လေးပါး၌ပါသော. . အသုရကာယ(အသူရကာယ်)အား ကာလကဉ္စိက အသူရာပြိတ္တာတို့နှင့်သာ ဆိုင်၏။

ကာလကဉ္စိက အသုရာတစ်ယောက်သည် ရေငတ်သဖြင့် ဂင်္ဂါမြစ်သို့ဆင်းသက်လေရာ ရောက်တိုင်းရောက်တိုင်းသောနေရာတွင် ရေခန်းခြောက်၍ မီးခိုးများသာ ထနေသတဲ့။

တစ်ညဉ့်လုံး ဂင်္ဂါမြစ်တွင်း၌ ပြေးလွှားရင်း နံနက်လင်းသောအခါ ဆွမ်းခံကြွလာသော ရဟန်းသုံးကျိပ်အား တွေ့ရသဖြင့် အကျိုးအကြောင်းမေးကြ၍ ရေမရကြောင်း သိရသောအခါ သဲသောင်ပြင်၌ ပက်လက်အိပ်စေပြီးလျှင် ရဟန်းသုံးကျိပ်တို့ သပိတ်ကိုယ်စီနှင့် ရေခပ်၍ အထပ်ထပ်လောင်းထည့်ကြသော်လည်း ရေတစ်စက်မျှ လည်ချောင်းတွင်း သို့မဆင်းသက်ဘဲ ရှိရလေသတဲ့။

ဟူ၍"ခန္ဓဝိဘင်္ဂဋ္ဌကထာ"တွင် ဖော်ပြထားပေသည်။

အသုရာကာယမှ အသူရကာယ်ဖြစ်လာ၏။ မြန်မာမှုအရ သူကိုသူဟု အသံထွက်ကာ အသူရကာယ်ဟု ခေါ် ဆိုကြခြင်း





ဖြစ်သည်။

"အသူရာ" စကားရပ်မှာလည်း "အ-သူရ" မှဆင်းသက်လာခြင်းဖြစ်သည်။

အသူရာ (၃)မျိုးရှိသည်။

ယင်းတို့ကား

➤ ၁။ ဝေပစိတ္တိအသူရာ

နတ်ပြည်(၆)ထပ်မှ တာဝတိံသာနတ်တို့ကဲ့သို့ အသက်တမ်း၊ နတ်စည်းစိမ်တန်ခိုးဣဒ္ဓိပါဒ်စသည်တို့ တန်းတူညီတူ ရှိလျက် မြင်းမိုရ်တောင်အောက်၌ နေကြသည့် အသူရာမျိုးဖြစ်သည်။

➤ ၂။ ဝိနိပါတိကအသူရာ

စတုမဟာရာဇ်နတ်အနွယ်ဝင် နတ်အသူရာမျိုးဖြစ်သည်။ စတုမဟာရာဇ်အနွယ်ဝင်ဟုဆိုသော်လည်း စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့လောက်မမြင့် တန်ခိုးမကြီးပေ၊ ဝတ်ဆင်စားသောက်ရေး၊ နေထိုင်ရေးဆင်းရဲသော ဘဝမျိုးဖြစ်သည်။

ထိုဝိနိပါတိက အသူရာမျိုးတွင် အချို့မှာ တိဟိတ်ပဋိသန္ဓေ နေသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ကြ၏။

တိဟိတ်ပဋိသန္ဓေ. . တိဟိတ်ပဋိသန္ဓေ တိဟိတ်ပုဂ္ဂိုလ် တိဟိတ်စိတ်ဆိုသည်တို့နှင့် စပ်လျဉ်း၍သိနိုင်ရန် အောက်ဖော်ပြပါကောက်နုတ်ချက်တို့အား လေ့လာရန်လိုသည်။

တိဟိတ် ၁။ ပဋိသန္ဓေစိတ်၌ ဉာဏ်ပါလာသောသူ၊

ဉာဏ်နှင့်ယှဉ်သော ပဋိသန္ဓေ စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေနေလာသောသူ ပညာထက်မြက် ရဲရင့်သောသူ။

၂။ ဟိတ်သုံးပါးနှင့် ယှဉ်သော ဉာဏသမ္ပယုတ်စိတ်၊ ဟိတ်သုံးပါးဆိုသည်မှာ-

အဟလောဘ

အဟဒေါသ

အဟမောဟ

ဟူသည့် ဟိတ်သုံးပါးဖြစ်သည်။

၎င်းမှာ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

➤ ၃။ ကာလကဉ္စိကအသူရာ

ပြိတ္တာအသူရာမျိုးဖြစ်သည်။ အသူရကာယ်ဘုံ၌ပါဝင်သည်။ ပြိတ္တာမျိုးဖြစ်သည်။

ကာလကဉ္စိက အသူရာပြိတ္တာတို့၏ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်ထိကြီးမားကြောင်း ကျမ်း၌ပြဆိုထားသည်။ အသားအရေက အနည်းငယ်မျှသာရှိ၏။ အရိုးအရေသာရှိနေ၍ ဖက်ရွက်ဟောင်းနှင့် အလားသဏ္ဍာန်တူသည်။

မျက်စိမှာမူ ပုစွန်ကဲ့သို့ ပြူးကျယ်ထွက်နေပြီး မျက်လုံးများက ဦးခေါင်းဘက်ပိုင်း ရောက်နေသည်။ ခံတွင်း၊ ပါးစပ်ပေါက်ကမူ အပ်နဖားပေါက်မျှသာ ရှိ၏။

ပါးစပ်ပေါက်မှာလည်း ဦးခေါင်းဘက်ပိုင်းသို့ ရောက်နေပေသည်။





ဤသည်မှာ ပါလေယျအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

နတ်အသူရာနှင့် အပါယ်သူရာတို့ ကွာခြားပုံကို ဖော်ပြပါမည်။

နတ်အနွယ်ဝင် အသူရာနှင့် အပါယ်လေးပါးမှ အသူရကာယ်(အသုရာ) တို့သည် အခြေအနေခြင်းမတူကြပေ။

ကျီးသဲလေးထပ်ဆရာတော်၏ "စွယ်စုံကျော်ထင်ကျမ်း" မှ ကောက်နုတ်ဖော်ပြပါမည်။

နတ်ပြိတ္တာနှင့် အသူရကာယ်ပြိတ္တာ အထူးကား အကြင်သူသည် လူဘဝ၌ ခိုးဝှက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လုယက်နှိပ်စက်ခြင်းဖြင့် ရအပ်သောပစ္စည်းဥစ္စာဖြင့် ပေးကမ်းစွန့်ကြဲခြင်း ဒါနပြု၏။ ငါးပါးသော နိစ္စသီလတို့တွင် သုံးပါး(သို့မဟုတ်)လေးပါးတို့အား ကောင်းစွာဆောက်တည်၍ တစ်ပါး(သို့မဟုတ်)နှစ်ပါးတို့ကို လွန်ကျူးပြုကျင့်၏။

နှုတ်ဖြင့် ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်၍ စိတ်ဖြင့် မရိုမသေ့တ်ခြင်းပြု၏။ ထိုကံသည် ကုသိုလ်၊ အကုသိုလ် နှစ်ပါး ရောယှက်သောကြောင့် မိဿကကံမည်၏။

ထိုကံအကျိုးပေးသည့်အခါ အကုသိုလ်ကံ ရှေ့ဆောင်အကျိုးပေးလျှင် အပါယ်ဘုံ၌ပါဝင်သော အသူရကာယ်ပြိတ္တာဖြစ်ရ၏။

ကုသိုလ်ကံရှေ့ဆောင်၍ အကျိုးပေးလျှင် နတ်ဘုံ၌ အကျုံးဝင်လာသော ဝေမာနိကပြိတ္တာဖြစ်ရ၏။ အသူရကာယ်



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာ(ခေါ်) ကာလကဉ္စိတာ အသူရာတို့ဘဝကျွတ်လွတ်မှုနှင့် ပတ်သက်၍သံဝေဂဝတ္ထုဒီပနီကျမ်း၌ဤသို့ပြဆို၏။

အသူရကာယ်ဟု အသီးအခြား အပါယ်တစ်ပါးပြ၍ ခေါ်ဝေါ်အပ်သည်။ ကာလကဉ္စိကအသူရာတို့ကား အမျှဝေအပ်သောဒါနကို အနုမောဒနာပြု၍ ရမရကို စာမဆို။ ထိုပြိတ္တာတို့လည်း အနုမောဒနာ ပြုနိုင်ပါမူ ရကောင်းရာ၏။

ထိုကျမ်း၌ဖော်ပြထားသည်မှာ. . .

ဤအသုကာယ၌ ဝတ္ထုသက်သေပြဖွယ်မရှိပြီ။ ပေတဒုက္ခ၌ပြအပ်သော ဝတ္ထုသက်သေကိုသာ ကြည့်ရှုမှတ်သားကြ၍ နာ၍ များစွာသံဝေဂတရားပွားကြစေကုန်ရာ၏။

အသူရကာယ်တို့၏ သက်တမ်းမှာ ပုံမှန်သတ်မှတ်ချက်မရှိပေ။

အချို့အသက်ရှည်၏။

အချို့အသက်တို၏။

ကံအပေါ်မူတည်ပေသည်။

အချို့သော အသူရကာယ်တို့က ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကြားကာလကြာသည်အထိ အသက်ရှည်၏။

အချို့က ကံပေါ်မူတည်ကာ ရက်ပိုင်းလပိုင်းတွင်သာ တည်နေရရှာ၏။

ဤကဲ့သို့ ဆင်းရဲဒုက္ခကြီးမားစွာ ခံစားရသော အသူရကာယ်ဘဝမျိုးမရောက်ကြရန် ပုဒ္ဓဘာသာဝင်များက ဆုတောင်းရာတွင် ထည့်သွင်းဆုတောင်းခြင်း ပြုကြလေသည်။





တကယ်တော့ လူ့ဘဝရောက်နေကြသူတိုင်း ကောင်းသောဘုံဘဝသို့ ရောက်နိုင်သလို မကောင်းသော အပါယ်လေးဘုံသို့လည်း ရောက်နိုင်ကြပေသည်။

ကောင်းသောဘုံဘဝသို့ တက်လှမ်းရန် ခက်ခဲသော်လည်း မကောင်းသောအပါယ်လေးဘုံသို့ ဆင်းသက်ရန်ကား များစွာလွယ်ကူလှပေသည်။

ဦးဇန်ကောင်းပြောပြသော အသူရကာယ်ဘုံသားများအကြောင်းကိုကြားရသောအခါ နံဘေးမှာနားထောင်နေသူများမှာ မရောက်သေးသော်လည်း ရောက်ရသကဲ့သို့ဖြစ်ကာ. . ကြောက်ရွံ့ကြလေသည်။

“သူ့ကိုဘယ်လိုလုပ်မလဲ ဆရာကြီး”

“သိပ်တော့မစိုးရိမ်ရပါဘူး၊ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ခေါ်မေးရင် အကျိုးအကြောင်းသိရမှာပါ။ ခင်ဗျားနဲ့တော့ အဆက်အသွယ်ရှိတယ်မဟုတ်လား”

ဦးဘရှိန်မှာ ထိုကဲ့သို့ အမေးခံလိုက်ရသောကြောင့်. . ဘယ်လိုပြန်ပြောရမှန်း မသိအောင် ဖြစ်သွားပြီး အတန်ကြာမှ ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

ဦးဇန်ကောင်းကလည်း နားလည်သဘောပေါက်သော အမူအရာဖြင့် ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

# လောဘသားနှင့် မစ္ဆရိယတရား

နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာတော့ ဆရာကြီး ဦးဇန်ကောင်း ကုသပေးမှုကြောင့် သံပချိုင်တစ်ယောက် သတိပြန်ရလာလေသည်။

ပယောဂနှောင့်ယှက်မှုများ မရှိတော့သဖြင့် လူကောင်းတစ်ယောက်ကဲ့သို့ ပြန်ဖြစ်လာသော်လည်း အုန်းပင်ပေါ်မှ ပြုတ်ကျသဖြင့်ရသော ဒဏ်ရာဒဏ်ချက်များကြောင့် သိပ်မလှုပ်နိုင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းအချိန်တွင် အခြားသူများမပါပဲနှင့် ဦးဗ
ကောင်းတစ်ယောက်တည်း ရှင်းတို့တဲဘက်သို့ သွားလေသည်
တဲအတွင်းမှာတော့ သံပချိုင်တို့ လင်မယားနှစ်ယောက်ရှိနေ
သည်။

"ဆရာကြီးလာပါ"

"ရောဂါသက်သာသွားပြီမဟုတ်လား"

"ဟုတ်ကဲ့ ကျန်တာတွေတော့ သက်သာသွားပါပြီ ဒါ
မယ့် အုန်းပင်ပေါ်ကပြုတ်ကျထားတော့ တစ်ကိုယ်လုံးနာ
တာပဲ"

"ဒီလောက်အမြင့်ကနေကျတာ ခြေလက်တွေမကျိုး
တာပဲ ကံကောင်းတယ်ဆိုရမှာပဲ"

"ကျွန်တော် အုန်းပင်တက်ခဲ့တာ အတော်ကြာပါပြီ တ
ခါမှ အဲသည်လိုမဖြစ်ဖူးဘူး၊ အခုမှဘယ်လိုဖြစ်ရတယ် မသိပါ
ဆရာကြီးရယ်"

မျက်နှာတစ်ခုလုံး ရှုံ့တွနေရင်းမှပြောသည်။

"အမှားအယွင်းတစ်ခုခု ရှိလို့ပေါ့ကွယ်"

"ဗျာ. . ဘယ်လိုအမှားအယွင်းလဲ ဆရာကြီး"

"ဒါကတော့ မင်းတို့လင်မယားနှစ်ယောက်စလုံး သိ
မှာပေါ့"

ဦးဗန်ကောင်းက ကွမ်းဝါးနေရင်းမှ အေးအေးဆေ
ဆေး အမူအရာဖြင့် ပြောလိုက်ရာ လင်မယားနှစ်ယောက် မျ
လုံး ငြိမ်သွားကြသည်။





ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်
လိုက်ကြသည်။ ပြီးမှ သံပချိုင်က လေသံတိုးတိုးဖြင့် မေးသည်။

"ဆရာကြီး ဘာတွေသိထားသလဲ"

"မင်းတို့လင်မယား လုပ်ထားတာကို သိပါတယ်၊ မင်း
မိန်းမ ငွေမှုံဆိုတဲ့နာမည်နဲ့ အလုပ်ရှင်တွေဆီက ငွေ(၅၀)ကျပ်
ချေးယူထားတာပါ သိပါတယ်"

ထိုစကားကြောင့် နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်
သွားကြလေသည်။

"ဆရာကြီး ဘယ်လိုသိတာလဲဟင်"

"သူတို့လာပြောလို့ သိတာပေါ့"

"ဘယ်သူတွေလဲဟင်၊ အလုပ်ရှင်တွေပြောလို့ သိတာ
လား"

"မဟုတ်ပါဘူး၊ သူတို့က ဘာမှမပြောပါဘူး၊ ပရလော
ကသားတွေ လာပြောလို့သိရတာပါ၊ မင်းမိန်းမက သူတို့နာမည်
နဲ့ ငွေချေးသွားတော့ သူတို့ကဘယ်ခံမလဲ၊ လူတွေကို လှည့်စား
လို့ရပေမယ့် ပရလောကသားတွေကိုတော့ လှည့်စားလို့မရနိုင်
ဘူး"

ဦးဗန်ကောင်း စကားကြောင့် အနားမှာထိုင်နေသော
ခင်သီမှာ ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ငိုမဲ့မဲ့ဖြစ်လာလေသည်။

"ကျွန်မတို့လည်း ဆင်းရဲလွန်းလို့ ကြံမိကြံရာ ကြံတာပါ
ဆရာကြီးရယ်၊ ယူထားတဲ့ငွေတွေလည်း ရှိပါသေးတယ် ဘယ်လို
လုပ်ရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ထမင်းကျွေးထားတဲ့ ကျေးဇူးရှင်ကိုစော်ကားရင် လူလည်းမကြိုက်ဘူး၊ နတ်လည်းမကြိုက်ဘူး၊ ပရလောကသားတွေကလည်း မနှစ်သက်ဘူး၊ ဒီတော့ ကိုယ့်အမှားကိုယ်သိရင် သူ့ငွေကို ပြန်ပေးလိုက်ပေါ့ကွယ်"

"ဒီအတိုင်းဆိုရင်တော့ ဆရာကြီးတို့ သိသွားလိမ့်မယ်၊ ကျွန်မယူတုန်းကလိုပဲ ရုပ်ဖျက်ပြီး ပြန်ပေးလိုက်ပါ့မယ်"

"ကောင်းတာပေါ့ကွယ်"

"ဒီအကြောင်းတွေကို ဘယ်သူ့မှမပြောဖို့တော့ တောင်းပန်ပါတယ် ဆရာကြီးရယ်"

"ငါတို့လို ဆေးကုတဲ့ဆရာဆိုတာ သစ္စာရှိရတယ်၊ ကိုယ်ဆေးကုပေးတဲ့ လူနာတွေဆီက အကြောင်းတွေကို ဘယ်သူ့မှ မပြောပါဘူး၊ စိတ်သာချပါ"

ဟုကတိပေးတော့မှ လင်မယားနှစ်ယောက်စလုံး စိတ်သက်သာရာ ရသွားလေတော့သည်။

ညအချိန်ရောက်သောအခါ . ငွေယူစဉ်ကလိုပင် တစ်ကိုယ်လုံးအဝတ်နက်ကြီးခြုံပြီး နီမောင်တို့ အိမ်အနောက်ပေါက်သို့သွားကာ အမှောင်ရိပ်မှာရပ်နေလေသည်။

သူ့ကိုမြင်တော့ ဦးဘရှိန် ကိုယ်တိုင်အိမ်ပေါ်မှ ဆင်းလာလေသည်။

"ဘာကိစ္စရှိလို့လဲ"

"ချေးထားတဲ့ငွေ ပြန်ဆပ်တာပါရှင်"

ခင်သီက တုန်နေသော အသံကိုထိန်းပြီး အသံဖျက်ကာ





ပြန်ပြောလိုက်သည်။

"နာမည်ဘယ်သူလဲ"

"ငွေမှုံပါ"

"ဘယ်ကလာတာလဲ"

"ပြင်ဒရယ်ရွာဟောင်းကပါ"

"ယူထားတဲ့ငွေက ဘယ်လောက်လဲ"

"ငါးဆယ်ပါ"

ဟုပြောပြီး လက်ထဲမှာ အသင့်ပါလာသော ငွေထုပ်ကို ကမ်းပေးလိုက်လေသည်။

ဦးဘရှိန်က ငွေထုပ်ကိုယူ၍ ဖြေကာ ရေတွက်ကြည့်နေသည်။ ပြီးမှ ထိုငွေများထဲ အချို့ကိုသာယူထားပြီး အချို့ကို အဝတ်ဖြင့်ထုပ်ကာပြန်ပေးလိုက်သည်။

"ဒါ နင်တို့ ရင်းနှီးစာသောက်ဖို့နဲ့ နင့်ယောက်ျားဆေးကုပေးဖို့ပေးလိုက်တာ၊ ငါက ဆက်ပြီးထားချင်ပေမယ့်လည်း နင်တို့ ဒီခြံထဲမှာဆက်နေရင် အန္တရာယ်တွေ့ကြလိမ့်မယ်၊ ဒီတော့ သင့်တော်တဲ့နေရာပြောင်းရွှေ့ပြီး လုပ်ကိုင်စားသောက်ကြပေတော့"

ဟုပြောကာ အိမ်ပေါ်သို့ ပြန်တက်သွားလေသည်။

ခင်သီလည်း အထုပ်ကလေးကိုယူကာ တဲဘက်သို့ ခပ်သုတ်သုတ်ပြန်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ သံပချိုင်တို့နေသောတဲမှာ ဘယ်သူမှ မတွေ့ရတော့ပေ။ မိုးမလင်းခင်ကတည်းက လင်မယားနှစ်ယောက်မှာ ကလေးများကိုခေါ်ပြီး ပြောင်းရွှေ့သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

နီမောင်တို့ အုန်းခြံများအတွင်းမှာလည်း သံပချိုင်တို့မရှိတော့သည့်နောက်ပိုင်းတွင် အနှောင့်အယှက်များမရှိတော့ပဲ ခါတိုင်းရက်များကဲ့သို့ပင် အေးအေးချမ်းချမ်း ဖြစ်သွားလေတော့သည်။ အလုပ်သမားများလည်း စိတ်ဖြောင့်လက်ဖြောင့် လုပ်နိုင်ကြလေသည်။

တစ်နေ့သ၌ နေလည်ဘက်အချိန်တွင် နီမောင်တို့အိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။ မြသင်းကြူပင်ဖြစ်လေသည်။

နီမောင်က မြသင်းကြူကိုမြင်တော့ ဝမ်းသာသွားလေသည်။

"မြသင်းကြူပါလား၊ ဘယ်ကလှည့်လာတာလဲ"

"အစ်ကို့ဆီပဲ လာတာပါ"

"ကိစ္စရှိလို့လားဟင်"

"ပစ္စည်းလေးတွေပြပြီး သင့်မြတ်ရင် ရောင်းချင်လို့ပါ"

ဟုပြောသဖြင့် အိမ်ပေါ်သို့ ခေါ်သွားလေသည်။ ဦးဘရှိန်နှင့်တွေ့သောအခါ နီမောင်က အကျိုးအကြောင်း ပြောပြလိုက်ရာ သဘောပေါက်သွားလေသည်။

"ပြင်ဒရယ်ရွာဟောင်းက ဆိုတော့လည်း အကူအညီပေးရမှာပေါ့၊ မိန်းကလေးယူလာတဲ့ ပစ္စည်းလေးတွေပြပါဦး"

ဟုပြောသဖြင့် မြသင်းကြူက ယူလာသော အထုပ်ကလေးကိုပေးလိုက်သည်။





အထုပ်ကိုဖြေကြည့်သောအခါ နားတောင်း၊ လက်စွပ်၊ ခြကျင်းစသော ရွှေ၊ ကျောက်တို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာအချို့ကို တွေ့ကြရသည်။

လက်ဝတ်ရတနာများမှာ ရှေးလက်ရာများဖြစ်ပြီး ရွှေနှင့်ကျောက်များက ဝင်းလက်နေသည်။

လက်စွပ်၌တပ်ဆင်ထားသော ကျောက်မှာ အရည်အသွေးကောင်းလှသော ပတ္တမြားကျောက်ဖြစ်သည်။ ဦးဘရှိန်က ရတနာပစ္စည်းများကို အသေအချာ စစ်ဆေးကြည့်ရှုပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီလောက်တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေ ဘယ်ကရလာတာလဲ"

"ပြင်ဒရယ်သောင်ကပါ"

"ပြင်ဒရယ်သောင်မှာ ရွှေငွေရတနာတွေရှိတယ်ဆိုပေမယ့် လူတိုင်းတော့ရှာလို့မရဘူးနော်"

"ဟုတ်ပါတယ်ရှင်"

"ငါတို့မတို့ကတော့ ရှာဖွေလို့ရသလား"

"ဟုတ်ကဲ့ ကျွန်မတို့မြေးအဘွားအတွက်ကတော့ စားသောက်ဖို့အတွက် ရှာဖွေလို့ရပါတယ်"

"မင်းနာမည်က ဘယ်သူလဲ"

"မြသင်းကြူပါရှင်"

"တလောက ဒီမှာ ငွေလာချေးသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူက မျက်နှာချပြီး အဖြေပေးသည်။

ဦးဘရှိန်က ရှေ့မှာချထားသော ရတနာများပစ္စည်းများ ကို သေသေချာချာကြည့်ပြီး ပြောသည်။

"မင်းယူလာတဲ့ ရတနာတွေက တန်ဖိုးအတော်ကလေး များတယ်၊ ဘယ်လောက်ရရင်သင့်မြတ်မလဲ"

"ကျွန်မတော့ ဘာမှမသိပါဘူး၊ ဘာမှနားမလည်ပါဘူး ဦးလေးပဲ သင့်တော်သလောက် ဖြတ်ပြီးပေးပါ၊ ဘယ်လောက် ပေးပေး ကျွန်မကျေနပ်ပါတယ်"

ထိုသို့ပြောသောအခါ ဦးဘရှိန်က အတန်ကြာအောင် စဉ်းစားနေပြီးမှပြောသည်။

"အခုလောလောဆယ် ငါ့မှာ ငွေသားတစ်ရာရှိတယ် အဲ့ဒါပေးလိုက်ရင် အဆင်ပြေနိုင်မလား"

ထိုစကားကြားတော့ မြသင်းကြူမှာ မျက်လုံးပြူးသွား လေသည်။

"ရှင်. . ငွေသားတစ်ရာ ဟုတ်လား"

"ဟုတ်ပါတယ်. . တကယ်တော့ ဒီထက်မက တန်ဖိုးရှိ တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် လောလောဆယ် ဦးလေး လက်ထဲမှာလည်း ငွေက ဒီလောက်ပဲရှိတာဆိုတော့"

"အို ကျွန်မက နည်းလို့ပြောတာမဟုတ်ပါဘူး၊ များနေလို့ ပြောတာပါ၊ အရင်က ဒီထက်မကများတဲ့ ရွှေငွေရတနာတွေ ရွာထဲသွားရောင်းရင် တစ်ခါမှ ငွေတစ်ရာ မရဖူးလို့ပါ"

ထိုစကားကြားသောအခါ ဦးဘရှိန်သာမကပဲ အနားမှာ





ရှိသော နီမောင်တို့ပါ သဘောကျစွာ ရယ်လိုက်ကြလေသည်။

"ကဲ. . ကဲ. . ဒီတစ်ခါတော့ ရဖူးတယ်ရှိအောင်. . ငွေ တစ်ရာကိုတော့ လက်ခံယူပါ"

ဟုပြောပြီး ဒေါ်ကျင်မေကို ပြောလိုက်ရာ ဒေါ်ကျင်မေ ကအိပ်ခန်းထဲမှ ငွေထုပ်ကို ယူလာပေးသည်။

ဦးဘရှိန်က ငွေများကိုရေတွက်ပြီး မြသင်းကြူကို ပေး လိုက်လေသည်။

မြသင်းကြူက ထိုငွေများထဲမှ ငွေ (၅၀)ကိုဖယ်ပြီး ဦးဘ ရှိန်ကို ပြန်ပေးလေသည်။

"ဘာကြောင့် ဒီငွေပြန်ပေးရတာလဲ"

"ကျွန်မတလောတုန်းက အစ်ကို့ဆီက ငွေ(၃၀)ချေးယူ ထားတာရှိပါတယ်၊ အတိုးက(၂၀)နဲ့ စုစုပေါင်း(၅၀) ပြန်ဆပ်ပေး တာပါ"

"အရင်းပြန်ဆပ်တာပဲ ယူပါမယ် အတိုးမယူတော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းရောင်းတဲ့ပစ္စည်းတွေ တန်ဖိုးထက် ငါပေးနိုင်တဲ့ငွေက နည်းနေပါတယ်၊ ဒါကြောင့် အတိုးငွေတော့ ပြန်ပေးလိုက်ပါ့မယ်"

ဟုပြောတော့မှ မြသင်းကြူက ငွေအားလုံးကို ပဝါဖြင့် ထုပ်လိုက်လေသည်။ သူမပြန်ဆင်းလာသောအခါ နီမောင်က နောက်မှလိုက်လာသည်။ ကမ်းစပ်ရောက်တော့မှ မြသင်းကြူက ပြောသည်။

"ကျွန်မ အစ်ကို့ကို အကူအညီတောင်းချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ပြောလေ"

"မနက်ဖြန် လပြည့်ညမှာ သောင်ပြင်ပေါ်မှာ အလှူတစ်ခုလုပ်မှာမို့ အစ်ကိုလာခဲ့ပါလား"

"အလှူလုပ်မှာ ညဘက်ကြီးမှာလား"

"ဟုတ်တယ်. . ဧည့်သည်တွေက ညဘက်မှလာနိုင်ကြတယ်၊ အစ်ကိုလာရင် ဟိုနှစ်ယောက်ကိုပါ ခေါ်လာခဲ့ပေါ့"

"လာခဲ့မယ်လေ၊ လိုတဲ့အကူအညီရှိတော့လည်း ပိုင်းကူပေးလို့ရတာပေါ့"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ဒါထက် မြသင်းကြူ ဘယ်သွားမှာလဲ"

"အလှူအတွက် ရွာထဲဈေးဝယ်မလို့ပါ"

"တစ်ယောက်တည်းလား၊ အဖော်မပါရင် လိုက်ခဲ့ပေးမယ်လေ"

မြသင်းကြူမျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးကလေးများပေါ်လာလေသည်။

"အစ်ကိုလိုက်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့"

ဟုပြောသဖြင့် မြသင်းကြူပါလာသော လှေနှင့်ပင် နှစ်ယောက်သား အမာရွာဘက်သို့ လှော်သွားကြလေသည်။

ရှေးအခါက (လွန်ခဲ့သောနှစ်ပေါင်း(၇၅)နှစ်ခန့်က) အမာချောင်းအတွင်းပိုင်းမှာ ယခုမြင်တွေ့နေရသော အခြေအနေလောက် ရှုပ်ထွေးမှုမရှိသေးပေ။

ယခုအချိန်ကဲ့သို့ စက်လှေများ၊ သင်္ဘောများအဆက်





မပြတ်သွားလာနေခြင်းမျိုးမဟုတ်ပဲ လှေများဖြင့်သာ အဝင်အထွက်ပြုလုပ်ကြလေသည်။

ရွာလယ်ပိုင်းတစ်လျှောက်မှာသာ အိမ်ခြေများ စုဝေးရှုပ်ထွေးနေသော်လည်း အခြားနေရာများမှာတော့ နေအိမ်များမှာ ကိုယ့်ခြံကိုယ်ဝန်းဖြင့် နေကြသဖြင့်. . ကျိုးတိုးကျဲတဲသာ ရှိနေသည်။

စက်လှေများစိုက်သော ရွာလယ်တစ်လျှောက်မှာတော့ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိနေပြီး ဈေးတန်းသဖွယ် ဖြစ်နေတော့သည်။

စီးပွားရေးလာဘ်မြင်သူများက မြို့မှကုန်မျိုးစုံတို့ သယ်ယူပြီး မိမိတို့အိမ်များမှာ အိမ်ဆိုင်ဖွင့်ပြီး ရောင်းချကြသည်။ ပထမတော့ ဈေးရောင်းဈေးဝယ်ပြုသူ မများသော်လည်း နောက်ပိုင်းအရောင်းအဝယ်ကောင်းပြီး အကျိုးအမြတ်ရကြောင်း သိလာကြရာ ဈေးရောင်းအဝယ်ပြုသော ဆိုင်များလာခြင်း ဖြစ်ပေသည်။

ပြောရလျှင်တော့. . ထိုအချိန်လောက်ကပင် အမာရွာလယ်ပိုင်းတစ်လျှောက်မှာ ဈေးတန်းသဖွယ် ဖြစ်နေခဲ့သည်။

အခြားနေရာများမှာ နေသူများက ရောင်းစရာရှိသော ပစ္စည်းများကို ထိုနေရာမှာလာရောင်းပြီး ဝယ်စရာရှိသော ပစ္စည်းများကိုလည်း ထိုဈေးတန်းမှပင် ဝယ်ယူပြီးပြန်ကြလေသည်။

တောထဲမှာနေထိုင်သူများကလည်း ၎င်းတို့ရထားသော ပစ္စည်းများကို လာရောက်ရောင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်သား၊ ဒရယ်သား၊ တောဝက်သား အစိုအခြောက်များအပြင် ပျားရည်၊ စပါးကြီးသည်းခြေ စသော ဆေးဖက်ဝင်ပစ္စည်းအချို့လည်း ပါလာလေသည်။

တစ်ခါတစ်ရံ ၎င်းတို့ဖမ်းဆီးရသော မိကျောင်းများကို သားရေချုပ်ခွာ၍သော်လည်းကောင်း၊ ကျားကိုသားရေချုပ်ခွာ၍သော်လည်းကောင်း လာရောက်ရောင်းချကြသည်။

ထိုပစ္စည်းများကိုတော့ မြို့မှသော်လည်းကောင်း၊ ရပ်ဝေးမှ လာသူများကသော်လည်းကောင်း ဝယ်ယူကြလေသည်။

နီမောင်တို့နေသောနေရာမှ အမာရွာသို့ လှေဖြင့်လှော်သွားပါက မဝေးလှပေ။

ရွာဆိပ်သို့ရောက်သောအခါ လှေကိုကမ်းစပ်မှာထားခဲ့ပြီး ကမ်းပေါ်သို့တက်ကြလေသည်။

နေအတော်မြင့်နေပြီဖြစ်သော်လည်း . . ဈေးတန်းတလျှောက်မှာတော့ ဈေးရောင်းဈေးဝယ်သူအချို့ ရှိနေကြသေးသည်။ မြသင်းကြူက သူအလိုရှိသောပစ္စည်းများ လိုက်လံဝယ်ယူရင်းနှင့် ဦးနေဒွန်းကုန်စုံဆိုင်သို့ ရောက်သွားလေသည်။

ထိုရွာတွင် ဦးနေဒွန်း၏ ကုန်စုံဆိုင်မှာ အကြီးဆုံးနှင့် ကုန်ပစ္စည်းအစုံလင်ဆုံးဖြစ်သဖြင့် ဈေးဝယ်သူများဖြင့် စည်ကားနေပေသည်။ အသေးဆုံး အပ်၊ ကြယ်သီးမှစပြီး အောက်လင်းဓါတ်မီး၊ ရေဒီယိုအထိ ဝယ်၍ရသော ဆိုင်ဖြစ်သည်။

အစားအသောက် ကုန်စို၊ ကုန်ခြောက်များအပြင် အဝတ်အထည်တို့ကိုပါ ရောင်းချလေသည်။





ဦးနေဒွန်းက အညာသားဖြစ်ပြီး စီးပွားရေးလာဘ်မြင်သူတစ်ဦးဖြစ်သည်။ အညာမှ ပင်လယ်ပိုင်းဒေသသို့ ရောက်ခါစက အလုပ်ကြမ်းသမားအဖြစ် လုပ်ရသည်။

နောက်တော့ ပင်လယ်ထွက်သော ငါးဖမ်းစက်လှေတွင် နောက်လိုက်ဘဝဖြင့် လိုက်သည်။

နောက်တော့ စက်လှေဦးစီး ဖြစ်လာသည်။

၎င်း၏ကြိုးစားမှုကြောင့် နှစ်အနည်းငယ်အတွင်းမှာ စက်လှေပိုင်ရှင်ဘဝရောက်ပြီး ကြီးပွားတိုးတက်လာသည်။ ယခုတော့ စက်လှေ(၃-၄)စီးပိုင်နေပြီး အလုပ်သမားများကို စေခိုင်းထားသည်။

သူကတော့ အမာရွာ၏ အချက်အချာကျသောနေရာမှာ ကုန်မျိုးစုံဆိုင်ကြီးဖွင့်ထားကာ ငွေတိုးကြေးတိုးပေးပြီး အေးအေးလူလူနှင့်ပင် နေလေတော့သည်။

ယခင်က မြသင်းကြူ ပစ္စည်းလာရောက် ရောင်းချသောဆိုင်မှာ ဦးနေဒွန်းဆိုင်ပင် ဖြစ်သည်။

ဦးနေဒွန်းက လာရောက်ရောင်းချသော ပစ္စည်းမှာ ပြင်ဒရယ်သောင်မှ ရှာဖွေပြီး အလကားရလာခဲ့သော ပစ္စည်းမှန်းသိသဖြင့် တန်ဖိုးရှိသောပစ္စည်းများပင်ဖြစ်သော်လည်း အဆမတန် တန်ဖိုးနှိမ်ပြီးမှ ဝယ်ယူလေ့ရှိသည်။

အတော်များများ စုဆောင်းမိလျှင် မြို့တက်ပြီးရောင်းချလေသည်။

နီမောင်နှင့် မြသင်းကြူတို့ ဈေးဝယ်ရန် ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အိမ်ပေါ်မှာထိုင်နေသော ဦးနေဒွန်းက ကောင်းစွာမှတ်
သဖြင့် နေရာမှထလာပြီးမေးသည်။

"ဟဲ့. . ကောင်မလေး၊ ပစ္စည်းရောင်းဖို့ပါသေးလား"

မြသင်းကြူက ခေါင်းခါပြသည်။

"မပါဘူး"

"အရင်က နင် မကြာခဏ လာရောင်းနေကြပါ၊ အခု
မလာတာအတော်ကြာပြီ၊ ဘယ်မှာသွားရောင်းနေသလဲ"

"မရောင်းပါဘူး"

မြသင်းကြူက တိုတိုတုတ်တုတ်ပင် ပြန်ပြောပြီး သူ
လိုရှိသော ပစ္စည်းများကို ဝယ်ယူလေသည်။

ဦးနေဒွန်းကလည်း လူပါးတစ်ယောက်ဖြစ်သည်။ ယခ
သူမဝယ်လျှင် အခြားနေရာ၌ ရောင်း၍မရသဖြင့် သူ့ထံမှာပင်
တောင်းတောင်းပန်ပန်နှင့် ပေးသမျှဈေးနှင့် ရောင်းချနေသူ
ယခုတော့ သူကိုပင် ဂရုမစိုက်တော့ပေ။

ထိုအပြင်. . . သူနှင့်အတူပါလာသော နီမောင်ကိုမြင်
တော့ ပိုပြီးအံ့သြသွားလေသည်။

နီမောင်ကို သိပ်မသိသော်လည်း သူတို့အကြောင်း
တော့သိသည်။ အုန်းခြံ၊ ခနီခြံ အတော်များများ ပိုင်ဆိုင်ပြီး
ကြေးချောင်လည်သူများ ဖြစ်သည်ကိုတော့ ကောင်းစွာသိ
သည်။

ယခု မြသင်းကြူမှာ သူ့ထံမှာ ပစ္စည်းမရောင်းပါပဲနှင့်
ကုန်ပစ္စည်းများကို လက်ငင်းငွေချေပြီး ပေးဝယ်နေသည်ကို မြင်





သောအခါ တစ်စုံတစ်ခုကို တွေးလိုက်မိသည်။

"ဒီကောင်မလေး ဖောက်သည်အသစ်တွေ့သွားပြီနဲ့ တူ
တယ်၊ ငါ့ဆီမှာ. . ပစ္စည်းလာမရောင်းတော့ပဲ ဟိုလူတွေဆီမှာ
ရောင်းနေပြီနဲ့တူတယ်"

ဆေးပြင်းလိပ်ကြီးခဲရင်း ထိုသို့တွေးမိသောအခါ ရင်ထဲ
မှာ ပူစပ်ပူလောင်ဖြစ်လာသည်။

ဦးနေဒွန်းအဖြစ်က လောဘကြီးသော ရွှဲကုန်သည်ကဲ့
သို့ မိမိအရင်တွေ့ပါလျှက် လောဘစိတ်ကြောင့် ရွှေခွက်ကို ဆုံး
ရှုံးရသကဲ့သို့ ရင်ထဲမှာ ပူလောင်နေခြင်း ဖြစ်လေသည်။

နီမောင်နှင့် မြသင်းကြူတို့ကတော့ ဘာမှမသိပဲ ၎င်းတို့
လိုအပ်သောပစ္စည်းများကို ရွေးချယ်ဝယ်ယူပြီးနောက် ဆိုင်အ
တွင်းမှ ပြန်လည်ထွက်သွားကြလေသည်။

ထိုအချိန်တွင် အနောက်ဘက်ရေစင်ပေါ်မှာ အလုပ်
လုပ်နေသော အလုပ်သမားတစ်ယောက် အပြင်သို့ထွက်လာပြီး
ဦးနေဒွန်းအနီးသို့ ရောက်လာလေသည်။

ဦးဘရှိန်ထံမှ အလုပ်ထွက်လာသော သံပချိုင်ပင် ဖြစ်
သည်။ သံပချိုင်က အတော်ဝေးဝေးရောက်သွားသော နီမောင်
တို့နှစ်ယောက်ကို လှမ်းကြည့်ပြီး သူသိသမျှ အကြောင်းအရာ
အချို့ကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၃)

# ပြင်ဒရယ်သောင်ပြင်မှ ကံကြမ္မာဆိုး

အချိန်က တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။

မှတ်မှတ်ရရ . (၁၉၄၀)ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်၊ (၁၃၀၂)ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ ဗုဒ္ဓဟူးနေ့ ညနေပိုင်း အချိန်ပင် ဖြစ်လေသည်။

နေလုံးကြီးက အနောက်ဘက်ပင်လယ်ရေပြင်အောက်သို့ တိုးလျှိုးဝင်ရောက် ပျောက်ကွယ်သွားပြီဖြစ်သော်လည်းပင်


www.burmeseclassic.com

www.burmeseclassic.com



လယ်ရေပြင်ပေါ်မှာတော့ ဆည်းဆာရောင်များ ကျန်နေသေး
သည်။

ညနေပိုင်းက ရေကျချိန်ဖြစ်သောကြောင့် ရေမျက်နှာ
ပြင်ပေါ်မှာ ငွေရောင် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်

တဖြည်းဖြည်းနှင့် အလင်းရောင် ပျောက်သွားသော
ခါ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါး ဖြစ်လာလေသည်။

ကဒိုကနီရွာရှိသော အနောက်ဘက်ကမ်းကိုပင် ခပ်
ဝါး လှမ်းမြင်ရတော့သည်။

ထိုအချိန်မျိုးတွင် မြစ်ထဲမှာ ငါးပုစွန် ရှာဖွေရင်း ထွ
လာသော လှေတချို့တော့ ရှိသေးသည်။

ထိုလှေများမှာ ရေစုန်ဖြင့် လိုက်သွားကြပြီး ရေတ
ချိန်၌ ပြန်လာကြမည်ဖြစ်လေသည်။

မှောင်ရီသန်းစအချိန်တွင် ပြင်ဒရယ်သောင်ပေါ်သို့
အချို့ဆင်းလာကြသည်။ များများတော့ မဟုတ်ပေ။

စုစုပေါင်း ရေတွက်ကြည့်မှ . (၅)ယောက်သာရှိ
သည်။

နီမောင်၊ စောထီး၊ ငမဲအောင်၊ ဒေါ်မင်းဇာနှင့် မြသင်
ကြူတို့ပင် ဖြစ်ကြသည်။

သူတို့ငါးယောက်မှာ ကိုယ်စီကိုယ်ငှ အလုပ်ရှုပ်နေ
သည်။

နီမောင်တို့သုံးယောက်က မြသင်းကြူတို့နေသောတဲ
မနီးမဝေးသောင်ပြင်ပေါ်မှာ ငှက်ပျောဖက်များကို လိုက်လံခ





ချင်းနေကြသည်။

ဒေါ်မင်းဇာနှင့် မြသင်းကြူတို့ကတော့ ထမင်းဟင်းများ
တ်ပြုတ်နေကြလေသည်။

ထိုသို့အလုပ်ရှုပ်နေရင်းမှပင် ပတ်ဝန်းကျင်မှာ တဖြည်း
ည်းမှောင်လာလေသည်။

သို့သော်လည်း အရှေ့ဘက်၌ရှိသော သစ်တောများ
ါ်မှ လရောင်တက်လာနေချေပြီ။

မကြာခင် လထွက်လာတော့မည်။

နီမောင်တို့သုံးယောက်က တစ်မျှော်တစ်ခေါ် ရှိနေသော
သောင်ပြင်ပေါ်မှာ ရေဆေးထားသော ငှက်ပျောဖက်များကို
ိုက်လံခင်းကျင်းပြီး လေတိုက်လျှင် ပါမသွားစေရန် သစ်သား
င်းကလေးများ၊ သစ်တုံးကလေးများဖြင့်စိုက်ခြင်း၊ ဖိထားခြင်း
ား ပြုလုပ်ထားသည်။

ထိုသို့ပြုလုပ်နေစဉ်မှာ လရောင်က တောပေါ်မှ ကျော်
က်လာပြီး သောင်ပြင်ပေါ်သို့ ဖြာကျလာသည်။

ထိုအခါ ဒေါ်မင်းဇာက ပြောသည်။

"ဖက်တွေခင်းပြီးပြီဆိုတော့ ထမင်းဟင်းတွေကို ဖက်
တွေပေါ်မှာ လိုက်ပုံပေးကြပါကွယ်"

ဟုပြောပြန်သဖြင့် သုံးယောက်သား စိတ်ဝင်စားစွာဖြင့်
က်ညီလက်ညီလုပ်ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ ဘာကြောင့် ထိုကဲ့သို့လုပ်နေ
သည်ကို မသိရသော်လည်း စိတ်ဝင်စားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာက ဘယ်သူတွေလာရောက်ပြီး . . စာ
သောက်ကြမည်ကိုလည်း သိချင်နေသည်။

ထမင်းနှင့်ဟင်းများကို ဖက်များပေါ် ပုံပြီးတော့၊ အသ
ပြင်ဆင်ပေးထားသော ကွမ်းအစ်၊ ဆေးလိပ်ခွက်၊ လက်ဖ
ရည်အိုးနှင့် ပန်းကန်များကိုလည်း သူ့နေရာနှင့်သူ လိုက်လံ
ပေးရပြန်သည်။

ထိုအရာများကိုတော့ နေ့လယ်ကတည်းက ဒေါ်မင်း
နှင့် မြသင်းကြူတို့က ကြိုတင်ပြင်ဆင်ပေးထားကြခြင်း ဖြစ်သည်

ဆေးလိပ်၊ ကွမ်းအစ်၊ လက်ဖက်ရည်ပန်းကန်တို့
လည်း မြသင်းကြူက အမော်လျာသွားစဉ်က ဝယ်ယူလာခြင်းဖြ
လေသည်။

အားလုံးပြင်ဆင်ပြီးသောအခါ ညဉ့်ဦးပိုင်းအချိန်ရော
နေချေပြီ။

• လရောင်ကလည်း တောပေါ်မှကျော်တက်လာပြီး .
သောင်ပြင်ပေါ်သို့ ဖြာကျနေလေပြီ။

ထိုအခါ ဒေါ်မင်းဇာက တဘက်တစ်ထည်ကို ခေါင်း
ပတ်၊ တစ်ထည်ကို ပခုံးပေါ်မှာတင်ကာ . . သောင်ပေါ်သို့ ဆ
လာလေသည်။

နီမောင်တို့သုံးယောက်နှင့် မြသင်းကြူတို့က မနီးမဝေ
မှာ နေပေးကြရလေသည်။

"နီမောင် သောင်ပြင်ပေါ်မှာ ထမင်းတွေဟင်းတွေ
ပြီး ဘာလုပ်တာလဲ"





"ငါလည်းမသိဘူး"

"ကြည့်ရတာတော့ အလှူတစ်ခုခု လုပ်မယ့်ပုံပဲ၊ ဒါပေ
ယ့် ညအချိန်မတော်ကြီးရောက်မှ ဒီသောင်ပြင်ပေါ်ကို ဘယ်သူ
တွေက လာစားကြမှာလဲ"

"ငါလည်းမသိဘူး"

"မဟုတ်ကာမှလွဲရော ဒီသောင်တစ်ဝိုက်မှာရှိတဲ့ သရဲ
စ္ဆေတွေကို ခေါ်စာကျွေးမလို့လားမသိဘူး"

"ငါလည်းဘာမှမသိသေးဘူး၊ မင်းတို့သိချင်ရင် စောင့်
ကြည့်ပေတော့"

ဟု နီမောင်ကပြောလိုက်ရာ ကျန်နှစ်ယောက်လည်း
ာက်ထပ်ဘာမှမပြောတော့ပေ။

ဒေါ်မင်းဇာက သောင်စပ်ထိပ်သို့ ရောက်သောအခါ
မြင်ရှိရာဘက်သို့မျက်နှာမူပြီး ကြေးစည်ကိုထုလိုက်လေသည်။

"နောင်ဝေဝေ. . နောင်ဝေဝေ. . နောင်ဝေဝေ"

တိတ်ဆိတ်နေသောအချိန်တွင် ကြေးစည်သံက ပတ်
န်းကျင်တစ်ဝိုက်သို့ ပျံ့နှံ့သွားလေတော့သည်။

"ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဖူးသော ဆွေမျိုးတော်
ပေါင်းတို့ ဤပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြကုန်သော မြင်
ပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့၊
ျွန်ုပ်တို့နှင့် အဆက်အသွယ်ရှိကြသော ဝေမာနိကဘုံသား၊
ဉာဉ်လောကသားအပေါင်းတို့၊ ကျွန်ုပ်သည် ယခုအခါတွင်
ိနတ်စာ စားသောက်ဖွယ်ရာများကို ပြင်ဆင်ထားပြီးပါပြီ၊

www.burmeseclassic.com



သင်တို့သည် ဘဝဟောင်းမှ ဆွေတော်မျိုးတော်များ အသိမိတ်
ဆွေများနှင့် တွေ့ကြဆုံကြရန်အတွက် ဤနေရာသို့ လာရောက်
ကြပါကုန်လော့၊ ကျွန်ုပ်တို့ ပြင်ဆင်ကျွေးမွေးသော ဗလိနတ်
စားသောက်ဖွယ်ရာများကို လာရောက်စားသောက်ကြပါကု
လော့. . .

လာရောက်စား သောက်ကြပါကုန်လော့၊ မိတ်ဆွေမျ
နှင့်အတူတကွ ပျော်ပျော်ပါးပါး ကြွရောက်သုံးဆောင်ကြပါကု
လော့"

"နောင်ဝေဝေ. . . နောင်ဝေဝေ. . . နောင်ဝေဝေ"

ဒေါ်မင်းရာဇာက အသံကျယ်ကျယ်ဖြင့် ရွတ်ဆိုပြော
ပြီး ကြေးစည်သုံးချက် တီးလိုက်လေသည်။

ထိုကဲ့သို့ ရွတ်ဆိုပြောဆိုပြီး သိပ်မကြာခင်မှာ ပြင်ဒရေ
သောင်အထက်မှာရှိသော တောများအတွင်းမှ ဆူဆူညံညံအ
များ ပေါ်ထွက်လာသည်။

တစ်ဦးနှင့်တစ်ဦး စကားပြောနေကြသော လူသံသူ
များ ကြားကြရလေသည်။

နီမောင်တို့သုံးယောက်မှာလည်း တအံ့တသြဖြင့် လူ
သူသံများကြားရသော နေရာဘက်သို့ လှမ်းကြည့်ကြလေသည်

ခဏကြာတော့ တောစပ်မှ မီးတုတ်၊ မီးတိုင်များ ကို
ထားကြသော လူတချို့ထွက်လာကြသည်။

အားလုံး ရှေးခေတ်ကဝတ်ဆင်သော အဝတ်အစ
များ၊ လက်ဝတ်ရတနာများကို ဝတ်ဆင်ထားကြသည်။





ယောကျ်ားများက ချောင်တစောင်းထုံး၊ ပိုးပဝါပေါင်း
ထားကာ ရင်ဖုံးအင်္ကျီ၊ ပိုးလုံချည်တို့ကို ဝတ်ဆင်ထားကြသည်။

မိန်းမများကတော့ အချို့အသက်အရွယ်ကြီးသူများက
သံကျော်ပတ်ကြီးများ ထုံးထားပြီး၊ အသက်အရွယ်ငယ်သူများက
နောက်ကုပ်ဆံတောက်များ၊ ဆံရစ်ဝိုင်းများနှင့် ဖြစ်ကြသည်။

အချို့က ရွှေဘီးများ စိုက်ထားကြသည်။

အဝတ်အစားများကလည်း ရှေးခေတ်လူများ၊ နန်းတွင်း
သူများ ဝတ်ဆင်သော အဝတ်အစားမျိုးဖြစ်သည်။

ပဝါများကိုလည်း အချို့ကချထားပြီး၊ အချို့က ခြုံထား
ကြသည်။ နားတောင်း၊ လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်၊ ခြေ
ချင်း၊ ဘယက်၊ လည်ဆွဲတန်ဆာ အမျိုးမျိုးတို့ကိုလည်း ဝတ်ဆင်
ထားကြလေသည်။

နီမောင်တို့ သုံးယောက်ကတော့ ထိုလူများကို တွေ့မြင်
ရသောအခါ အံ့သြနေကြပြီး၊ ဇာတ်ပွဲကြည့်နေရသကဲ့သို့ ရှိနေ
တော့သည်။

အချို့မိန်းမများ၊ ယောကျ်ားများလက်ထဲတွင် ပြောင်းဖူး
ဖက်ဆေးပေါ့လိပ်ကြီးများကို ညှပ်ထားကြသေးသည်။ ၎င်းတို့
ထွက် လာသောအခါ ဒေါ်မင်းဇာက နေရာမှထပြီး ခရီးဦးကြိုပြု
လေသည်။

တောထဲမှာထွက်လာသူများကို. . ဦးဒီပက ရှေ့မှဦး
ဆောင်ခေါ်လာခြင်းဖြစ်သည်။

"လာကြပါရှင် လာကြပါ၊ ကျုပ်တို့ရဲ့ ဆွေဟောင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေနဲ့ အခုလိုပြန်တွေ့ရတာ ဝမ်းသာလှပါတယ်"

"ကျုပ်တို့ကလည်း အခုလိုခေါ်ယူကျွေးမွေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဘယ်ဟုတ်ပါ့မလဲ၊ တစ်ဦးမေတ္တာ တစ်ဦးဆိုသလိုပေါ့၊ ဦးကြီးတော်တို့က ကျုပ်တို့မြေးအဘွားကို ကြည့်ရှုစောင့်ရှောက်ထားတဲ့ကျေးဇူးတွေ အများကြီးရှိတာပဲ၊ ကျုပ်တို့ကလည်း တတ်နိုင်သလောက်ပြန်ပြီး ကျေးဇူးပြုရမှာပေါ့"

"ခင်ဗျား ဒီလိုလုပ်ပေးတဲ့အတွက် ကျုပ်တို့ကအများကြီး ကျေးဇူးတင်ပါတယ်၊ အစားအသောက်တွေကို စားသောက်ရတာထက် မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်တွေ့ရမှာကို ဝမ်းသာမိပါတယ်၊ တခြားသူတွေကိုရော ဖိတ်ကြားထားတယ်မဟုတ်လား"

ဦးဒီပက မေးသည်။

"ဖိတ်ထားပါတယ်. . ဖိတ်ထားပါတယ်၊ သူတို့လည်း မကြာခင် ရောက်လာကြပါလိမ့်မယ်၊ ကဲ. . အစားအသောက်တွေကိုပျော်ပျော်ပါးပါး စားသောက်ကြပါရှင်"

ဟုပြောသောအခါ ဦးဒီပ ခေါင်းဆောင်သော ပြင်ဒရယ်သောင်တစ်ဝိုက်မှာနေကြသူများက သောင်ပြင်ပေါ်မှာ ပြင်ဆင်ထားသော အစားအသောက်များရှိရာသို့ ဆင်းသွားပြီး ဝိုင်းဖွဲ့ကာ စားသောက်ကြလေတော့သည်။

၎င်းတို့ပါလာသော မီးတိုင်များကိုလည်း သောင်ပေါ်မှာစိုက်ထားကြသည်။





တဖြည်းဖြည်းမြင့်တက်လာသော လရောင်ကြောင့်သော်လည်းကောင်း၊ မီးတိုင်များမှ မီးရောင်များကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အလင်းရောင်များ ကောင်းစွာရနေလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့်ညဉ့်နက်ပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် ကမ်းစပ်ဘက်မှာ ဒီရေတက်သံကြားလာရပေသည်။

ထိုအချိန်မှာ ရပ်ဝေးမှ လှေများဖြင့် လာကြသူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြလေသည်။

၎င်းတို့စီးလာသောလှေများမှာ ယခုခေတ်အခါ အသုံးပြုသောလှေမျိုး မဟုတ်ပဲ ရှေးအခါက အသုံးပြုသောလောင်းလှေကြီးများဖြစ်သည်။

လှေများကို ကမ်းစပ်၌ထားခဲ့ပြီး လူများက အပေါ်တက်လာသောအခါ ဒေါ်မင်းဇာက အလျှုရှင်ပီပီ လိုက်လံနှုတ်ဆက်လေသည်။

၎င်းတို့နေရပ်များကို မေးသောအခါ ရှေးအခါ မွန်မြို့စားကြီး ဗညားဓမ္မရာဇာနှင့် အတူပါလာသော ဆွေတော်မျိုးတော်များ၊ မှူးမတ်များ၊ စစ်ဗိုလ်၊ စစ်သည်ရဲမက်များ စသည်တို့ အခြေချနေထိုင်ခဲ့ကြသော နေရာများမှ ဖြစ်ကြလေသည်။ ဒေါ်မင်းဇာကမေးသည့်အခါတိုင်း ၎င်းတို့က လာသောနေရာများကို ပြောပြကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာများက စုံလှသည်။

ကပ္ပနန်းရွာ၊ ဗိုလ်ကလေး၊ ကျုံတုံး၊ ကဒုံကနီ၊ အမာ၊ ဖျာ၊ တောက်တာကုန်း၊ မရမ်းချောင်း၊ မျောက်တစ်ရာကျွန်း၊ မိန်းမလှကျွန်း၊ နေသူရိန်ကုန်းတန်း၊ ထော်ဆီထော်ပိုင် စသော နေရာများမှဖြစ်သည်။

ထိုကဲ့သို့နေရာအသီးသီးမှ လှေများဖြင့် ရောက်လာကြသူတို့မှာ တစ်ဦးနှင့်တစ်ဦး တွေ့သောအခါ ကွဲကွာနေသော မိတ်ဟောင်းများနှင့် ပြန်တွေ့ကြရသကဲ့သို့ နှုတ်ဆက်ပြောဆိုနေကြလေသည်။

နီမောင်တို့သုံးယောက်မှာလည်း ထိုမြင်ကွင်းကို မြင်ရသောအခါ စောစောကကဲ့သို့မဟုတ်တော့ပဲ စိတ်ထဲမှာကြည်နူးလာသကဲ့သို့ ခံစားရလေသည်။

ရပ်ဝေးမှရောက်လာသော ဧည့်သည်များက သောင်ပြင်ပေါ်မှာ ခင်းကျင်းထားသော အစားအသောက်များကို ပျော်ပျော်ပါးပါး စားသောက်နေကြစဉ် နီမောင်တို့သုံးယောက်နှင့် မြသင်းကြူတို့က လိုအပ်သော အစားအသောက်များကို လိုက်လံဖြည့်ပေးကြရာ ပျော်စရာကောင်းလှလေသည်။

ထိုသို့စကားတပြောပြောနှင့် စားသောက်နေကြစဉ်မှာ ပင် ရေကလည်း တဖြည်းဖြည်းတက်လာသည်။

လရောင်ကလည်း တဖြည်းဖြည်းမြင့်တက်လာသည်။ ထို့အတူ ပင်လယ်ဘက်မှ တိုက်ခတ်နေသော လေကလည်း ပိုကြမ်းလာလေသည်။





သောင်ပေါ်မှာ စားသောက်နေသူများနှင့် ပင်လယ်ရေက တဖြည်းဖြည်းနီးလာချေပြီ. . .

စားသောက်နေသူများက ၎င်းအခြေအနေကို သတိမပြုမိကြပဲ စကားပြောမြဲပြော၊ စားသောက်မြဲ စားသောက်နေသော်လည်း နံဘေးမှ ဝေယျာဝစ္စ ဆောင်ရွက်ပေးနေကြသည့် နီမောင်တို့ကတော့ စိုးရိမ်စိတ် ဝင်နေကြလေသည်။ ခဏကြာတော့ ကောင်းကင်ပြင်မှာ တိမ်မည်းများ ချက်ချင်းတက်လာပြီး နောက် လရောင်ကိုဖုံးကွယ်သွားလေသည်။ ထို့ပြင် လေကလည်း ပြင်းသည်ထက်ပြင်းလာသောကြောင့် သောင်ပေါ်မှာ ထွန်းထားသော ဆီမီးတိုင်များလည်း တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားလေတော့သည်။

ထိုအခါ နီမောင်တို့လည်း ဘာမှမမြင်ရတော့သဖြင့် နေရာမှာ ရပ်နေကြသည်။

အခြေအနေက ချက်ချင်းပြောင်းလဲသွားလေသည်။

စောစောက လရောင်ဖြင့် သာသာယာယာဖြစ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ မည်းမှောင်သွားပြီး လေပြင်းများ တိုက်ခတ်လာလေတော့သည်။

လေပြင်းတိုက်သံများက တဝေါဝေါနှင့် ဆူညံလာလေသည်။

ထို့အပြင် ပင်လယ်ပြင်မှတက်လာသော လှိုင်းလုံးကြီးများ တက်လာသံတို့ကိုလည်း အတိုင်းသားကြားနေရသည်။

"ဘယ်လိုဖြစ်တာလဲ၊ စောစောက ရာသီဥတုသာသာ



www.burmeseclassic.com

www.burmeseclassic.com



ယာယာရှိနေရတ်နဲ့ ချက်ချင်းမှန်တိုင်းကျလာပါလား”

“ဟုတ်ပါရဲ့. . လှိုင်းတွေတက်လာရင် သောင်ပြင်ပေါ်မှာ စားသောက်နေတဲ့သူတွေတော့ ဒုက္ခပါပဲ”

ထိုသို့ပြောနေကြစဉ်မှာ ပင်လယ်ပြင်မှ တက်လာသော ဒီရေလှိုင်းလုံးကြီးများက မြွေဟောက်ကြီးများ ပါးပျဉ်းထောင်တက်လာသကဲ့သို့ ပြေးတက်လာပြီးနောက် သောင်ပြင်ပေါ်မှာ စကားတပြောပြောနှင့် စားသောက်နေသူများ အပေါ်သို့ဖုံးအုပ်ချလိုက်လေသည်။

“ကယ်ကြပါ ကယ်တော်မူကြပါ”

ဟူသောအသံများ ဆူဆူညံညံနှင့် ပေါ်ထွက်လာလေတော့သည်။ ထိုအသံများနှင့်အတူ ယောကျာ်းအသံ၊ မိန်းမအသံများအပြင်. . ကလေးသူငယ်တို့၏ ငိုကြွေးသံများပါကြားရလေသည်။

နီမောင်တို့ရပ်နေသောနေရာမှာ ထိုနေရာနှင့် မဝေးလှပေ။ သို့ကြောင့် လှိုင်းလုံးကြီးများအောက် ရောက်သွားသူများကို အတိုင်းသားလှမ်းမြင်နေရသည်။

သို့သော် ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် ဘယ်လိုမှ အကူအညီမပေးနိုင်ပဲ ရှိနေကြသည်။

“ဒုက္ခပါပဲ ဒီလောက်ကြီးတဲ့လှိုင်းတွေ အဖုံးခံရမှတော့ တစ်ယောက်မှ အသက်ရှင်တော့မယ်မထင်ဘူး”

ဟုသာရေရွတ်နေကြသည်။

သူတို့သုံးယောက် သတိမထားမိသော အချက်တစ်ခု





တော့ရှိသည်။ ပင်လယ်ပြင်မှတက်လာသော ဒီရေလှိုင်းကြီးများက ပြင်ဒရယ်သောင်တစ်ခုလုံးကို ဖုံးအုပ်သွားသော်လည်း ထိုနေရာနှင့် မနီးမဝေးမှာရပ်နေသော သူတို့ရှိရာသို့ ရောက်မလာခြင်းပင်ဖြစ်သည်။

သို့သော်လည်း ကာယကံရှင်များကတော့ ထိုအချက်ကို သတိမထားမိပဲ ရှိလေသည်။

ဒီရေလှိုင်းကြီးများက အချိန်အတော်ကြာအောင် ဖုံးအုပ်နေပြီးမှ ငြိမ်ကျသွားသည်။

လေတိုက်သံ၊ လှိုင်းတက်သံများ တိတ်သွားသည်။

အော်ဟစ်ဆူညံနေသော အသံများလည်းပျောက်သွားလေသည်။ ခဏကြာတော့ တိမ်မည်းရိပ်များကင်းသွားပြီး. . လရောင်ပြန်လင်းလာသည်။

ထိုအခါ ပတ်ဝန်းကျင်မှာလည်း ပကတိအခြေအနေတိုင်း ပြန်လည်ငြိမ်သက်နေပြီး ရှင်းရှင်းလင်းလင်းမြင်လာရသည်။ သောင်ပြင်ပေါ်မှာဘာမှမရှိတော့ပေ။

လူတွေလည်းမရှိတော့။

လှေများ၊ ပစ္စည်းပစ္စယများလည်း မကျန်ခဲ့တော့ပေ။

နီမောင်တို့ခင်းထားသော ၄က်ပျောရွက်များသာ ကမ်းခြေအစပ်မှာ သွားတင်နေသည်။

ကြည့်လိုက်တော့ သောင်ပြင်ပေါ်မှာ သူတို့သုံးယောက်နှင့် ဒေါ်မင်းဇာတို့မြေးအဘွားနှစ်ယောက် စုစုပေါင်း(၅)ယောက်သာကျန်ခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အံ့ဩထိတ်လန့်စွာဖြင့် ရေရွတ်လိုက်သည်။

"လူတွေဘယ်ရောက်ကုန်ပြီလဲ၊ အားလုံး လှိုင်းတွေထဲမှာ ပါသွားကြပြီလား"

"သူတို့တစ်တွေ မရှိကြတော့ပါဘူး. . သူတို့နေရာတွေ ပြန်ရောက်သွားကြပါပြီ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာနီးပါးလောက်ကလည်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ သူတို့အားလုံး ကြုံခဲ့ကြရတယ်၊ အခုလိုပဲ လပြည့်ရက်မှာ. . ပင်လယ်ပြင်က ဒီရေလှိုင်းကြီးတွေ တက်လာပြီး ပြင်ဒရယ်ရွာကြီးပေါ်ကို ဖုံးအုပ်သွားတာ. . ရေကျသွားတဲ့အခါမှာ သောင်ပြင်ပေါ်မှာ ဘာမှမကျန်တော့ပါဘူး၊ အခုမြင်နေရတဲ့အတိုင်းပါပဲ၊ ဘယ်တတ်နိုင်ပါမလဲ ဘဝဟောင်းက ဝဋ်ကြွေးပါလာရင် ဒီလိုပဲဆပ်ရမှာပဲ သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့လေ"

ထိုသို့ပြောပြီး ဒေါ်မင်းဇာက တဘက်ကလေး ခေါင်းပေါ်တင်ကာ တဲဘက်သို့ ပြန်သွားလေသည်။

သောင်ပြင်ပေါ်မှာတော့ နီမောင်၊ မြသင်းကြူနှင့် စောထီး၊ ငမဲအောင်တို့ ကျန်နေခဲ့သော်လည်း. . ထိတ်လန့်ဖွယ်ရာ စိတ်မချမ်းမြေ့စရာမြင်ကွင်းကြောင့် စကားမပြောနိုင်ကြပဲနှင့် လရောင်ဖြာကျနေသော ရေပြင်ရှိရာဘက်သို့ ငေးကြည့်နေလေတော့သည်။





# အခန်း (၁၄)

# ပရလောကသားတို့၏ရန်ငြိုး

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ ပြင်ဒရယ်သောင်သို့ လူသုံးယောက် ရောက်လာကြသည်။ ၎င်းတို့ရောက်လာသောအချိန်မှာ ညဥ့်ဦးပိုင်းအချိန် ရှိနေချေပြီ. . .။

တန်ဆောင်မုန်းလဆုတ်ရက်ဖြစ်သောကြောင့် ညဥ့်ဦးပိုင်းအချိန်၌ လရောင်မရှိသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဒရယ်သောင်ပြင်သို့ လာရောက်သူ နည်းလှသည်။ တစ်ခါတစ်ရံ နေ့အချိန်မှာ ရွှေငွေပစ္စည်း လာရောက်ရှာဖွေသူ အချို့တော့ရှိသည်။

သို့သော် နေ့တိုင်းတော့ မလာကြပေ။

ထိုသောင်တန်းမှာ သရဲခြောက်သည်ဟု နာမည်ကြီးသောကြောင့် ငါးပုစွန်ရှာဖွေသူတို့ပင် ထိုနေရာသို့ မလာကြပေ။ သို့ကြောင့် ညအချိန်မဆိုထားနှင့် ညအချိန်များမှာပါ လူအသွားအလာရှင်းနေတတ်သည်။

ယခုအခါမှာတော့ ညအချိန် လူခြေတိတ်တော့မှ ပြင်ဒရယ်သောင်စပ်သို့ လှေတစ်စင်းဖြင့် လူသုံးယောက်ရောက် လာကြသည်။ ၎င်းတို့သည် လှေကိုစနိတောထဲထည့်ထားခဲ့ပြီး အပေါ်တက်လာကြသည်။

၎င်းတို့တက်လာသောအချိန်တွင် ညောင်လန်းပင်များရှိသော တောအုပ်ဘက်မှ ငှက်ဆိုးထိုးသံလိုအသံမျိုး ပေါ်ထွက်လာလေသည်။

"ဂီ. . ဂီး. . ဂီး. . "

ထိုငှက်ဆိုးသံကြောင့် သုံးယောက်သား ခြေလှမ်းတုံ့သွားကြသည်။ သူတို့သုံးယောက်မှာ ညအချိန်ပင်ဖြစ်သော်လည်း ပုဆိုးတောင်းများကို ခေါင်းမှာခြုံထားပြီး လက်ထဲမှာဓါးနှင့်လှံများ ပါလာကြသည်။ သုံးယောက်စလုံး ရဲဆေးတင်သည့်အနေဖြင့် အရက်သောက်ထားကြသဖြင့် မူးနေကြသည်။

သူတို့သွားရမည့်နေရာမှာ. . ထိုညောင်လန်းပင်များ





အောက်မှ ဖြတ်သွားရမည်ဖြစ်သည်။ ထိုနေရာရောက်တော့. . တစ်ယောက်ကပြောသည်။

"ငါ့ကိုလူသတ်ခိုင်းရင် သတ်လိုက်ချင်တယ်၊ ဒီအချိန်ရောက်မှ ဒီနေရာမျိုးလာရတာတော့ သိပ်သဘောမကျဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနေရာ တောကြမ်းတယ်၊ သရဲကြမ်းတယ်ဆိုတာ. . မင်းတို့မသိကြဘူးလား"

"သိပါတယ် မင်းကသရဲကြောက်တတ်လို့လား"

"ကြောက်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ သူတို့က ကမ္ဘာဗိုဒ္ဓိရှိတော့ တွေ့ရင် ဘာမှလုပ်လို့ရတာမဟုတ်ဘူး"

"မကြောက်ပါနဲ့ကွာ ငါတို့က သုံးယောက်တောင်မှပဲ၊ သရဲခြောက်လည်း ကြောက်စရာမလိုပါဘူး"

"ဒါထက် ငါမေးပါရစေဦး၊ ဒီနေရာမှာ အိမ်မှမရှိတာ ဘယ်အိမ်ကို ဓါးပြတိုက်ခိုင်းတာလဲ"

"ဒီသောင်မှာ အိမ်တော့မရှိဘူး၊ အရင်ဆရာကြီးဆီမှာ ရွှေတွေလာလာရောင်းနေတဲ့ မြေးအဘွားနှစ်ယောက်နေတဲ့ တဲပဲရှိတယ်၊ သူတို့ရှာဖွေထားတဲ့ ရွှေငွေတွေကို ဓါးပြတိုက်ရမှာ"

"ဖြစ်ရလေကွာ မိန်းမနှစ်ယောက်တည်း နေကြတာများ ယောကျ်ားသုံးယောက်က ဓါးတွေလှံတွေနဲ့ ဓါးပြတိုက်ရမယ်လို့၊ ဒီလောက်တော့ ငါတစ်ယောက်တည်းနဲ့တောင် ရပါတယ်"

"အပြောသိပ်မကြီးနဲ့၊ ဟိုရောက်ရင် ဘာတွေတွေ့ရဦးမယ်မသိဘူး သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး သုံးယောက်သား ညောင်လန်းပင်များရှိသောနေရာဘက်မှ ဖြတ်လာရာ. . . ညောင်လန်းပင်အောက်ရောက်တော့ သူတို့သွားမည့်လမ်းပေါ်မှာ ရပ်နေသော လူတစ်ယောက်ကိုတွေ့ရသည်။

"ရှေ့မှာရပ်နေတာဘယ်သူလဲကွ"

ဘာမှပြန်မပြောပေ။

"လူလား. . သရဲလား၊ ဘာပဲဖြစ်ဖြစ် ငါတို့သွားမယ့်လမ်းက ဖယ်ပေးစမ်း"

လက်ထဲမှာကိုင်လာသော ဓါးကိုပြပြီး ပြောလိုက်သော်လည်း ရပ်မြဲရပ်နေသောကြောင့် အရက်ရှိန်ကြောင့် သွေးကြွနေသောလူတစ်ယောက်က ရှေ့တိုးသွားပြီး ဓါးဖြင့်ခုတ်တော့မှ ပျောက်သွားလေသည်။

ထိုသို့ပျောက်သွားတော့မှ နည်းနည်းတော့အားရှိသွားကြသည်။ ထို့နောက် ရှေ့ဆက်သွားကြရာ နောက်ထပ်အနှောင့်အယှက်မတွေ့ရတော့ပေ။

ညောင်လန်းပင်များအောက်မှ ထွက်လိုက်သည်နှင့်. . ဒေါ်မင်းဇာတို့နေသော တဲရှိရာသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားသောအချိန်မှာ တဲပေါက်ဝတွင် ဆေးပေါ့လိပ်ဖွာနေသော ဒေါ်မင်းဇာကိုတွေ့ရလေသည်။

အမှောင်ထဲမှာထိုင်နေသောကြောင့် လူကိုသဲသဲကွဲကွဲမမြင်ရသော်လည်း ဆေးလိပ်မီးကိုတော့ မြင်ရသည်။ တဲအနီးရောက်တော့ သုံးယောက်သားရပ်လိုက်ကြသည်။





"အချိန်မတော်မှ ဘယ်သူတွေလဲဟဲ့"

"ကျုပ်တို့ပဲ ခင်ဗျားတို့ရှာဖွေလို့ရထားတဲ့ ရွှေငွေရတနာတွေရှိရင် အေးအေးသာပေးပါ၊ ပြောစကားနားမထောင်ရင်. . သဖို့သာပြင်ပေတော့"

"ဆင်းရဲလွန်းလို့ သောင်ပြင်ထွက်နေရပါတယ်၊ ကြံကြံဖန်ဖန် ဓါးပြလာတိုက်နေသေးတယ်၊ ငါတို့မှာ ဘာပစ္စည်းမှမရှိဘူး"

"ခင်ဗျားမလိမ်နဲ့ သောင်မှာရှာလို့ရတဲ့ ရွှေငွေရတနာတွေရှိတာ ကျုပ်တို့သိတယ်"

"အေး. . ရတာတွေလည်း လပြည့်နေ့က အလှူလုပ်လိုက်လို့ ကုန်သွားပြီ"

"ဒီအဘွားကြီး အတော်ခေါင်းမာတယ်၊ အပြင်ကို ခေါ်ထုတ်ခဲ့စမ်းကွာ"

ဟုခေါင်းဆောင်လာသူက စေခိုင်းသဖြင့်. . ကျန်နှစ်ယောက်က ဆေးလိပ်သောက်နေသော ဒေါ်မင်းဇာကို လက်တစ်ဖက်စီမှကိုင်ပြီး အပြင်သို့ ခေါ်ထုတ်လာသည်။

"သူ့ကို ဟိုဘက်နားမှာခေါ်ထားလိုက် ငါအိမ်ထဲဝင်ရှာကြည့်မယ်"

ဟုပြောကာ အိမ်ထဲဝင်သွားလေသည်။

တဲအတွင်းမှာ မှောင်နေသည်

သို့သော်. . တဲပေါက်များမှာ တစ်ဆင့်အပြင်ဘက်မှဝင်နေသော အလင်းရောင်တစ်စွန်းတစ်စကြောင့် တဲအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို မြင်နေရသည်။

တဲအတွင်းမှာ လူတစ်ယောက်အိပ်နေသည်။

တဲပေါက်ဝဘက်သို့ ကျောပေးပြီးအိပ်နေခြင်းဖြစ်သည်။ နောက်ပိုင်းမှကြည့်ရုံဖြင့် မိန်းမပျိုတစ်ယောက်မှန်း သိလေသည်။

"ဟဲ့. . ထစမ်း"

ထိုလူကပြောသော်လည်း မထပေ။

"ဟဲ့. . ထစမ်းလို့ ပြောနေတယ်မကြားဘူးလား"

ဓါးနှောင့်ဖြင့် လက်မောင်းကို ပုတ်ပြီးနှိုးသော်လည်း မထပေ။

"အတော်အအိပ်ကြီးတယ်၊ ဒီလောက်ရှိတာ"

ဟုပြောပြီး အိပ်နေသူကို ပွေ့ယူလိုက်သည်။ ထိုအခါမှ မျက်နှာချင်းဆိုင်လျက်သား မြင်သွားလေတော့သည်။

"အောင်မလေးဗျ"

အလန့်တကြားအော်ကာ ပြန်ပစ်ချလိုက်သည်။

သို့သော် ထိုမိန်းမလက်တစ်ဖက်က သူ့လည်ပင်းကိုဖက်မိလျက်သားဖြစ်နေသောကြောင့် ပြုတ်ကျမသွားပေ။

"နင်. . နင်. . လူ. . လူမှမဟုတ်ပဲ၊ သ. . သရဲ. . သရဲ"

သူမြင်နေရသောမျက်နှာမှာ ချောမောလှပသော မျက်နှာမျိုးတော့မဟုတ်ပေ။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သရဲမျက်နှာမျိုးဖြစ်နေလေတော့သည်။





ထိုအခါမှ ကြောက်လန့်တကြား တဲပေါ်မှဆင်းပြေးလေတော့သည်။ သူဆင်းပြေးတော့ နောက်မှဆွဲထားသော သရဲလက်ကလည်း ပြုတ်ကျန်မနေခဲ့ပဲ တန်းလန်းကြီးပါလာလေသည်။

"လုပ်ကြပါဦးဟ. . လုပ်ကြပါဦးဟ"

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"ငါ့ကို သရဲဆွဲထားလို့ လုပ်ကြပါဦး"

ထိုအခါ ကျန်နှစ်ယောက်က အကူအညီပေးရန် ဟန်ပြင်လိုက်သည်နှင့် သူတို့အနီးမှာထိုင်နေသော ဒေါ်မင်းဇာ ဟုထင်ရသော အဘွားကြီး၏ လက်နှစ်ဖက်က ရှည်ထွက်လာပြီး နှစ်ယောက်စလုံးကို လှမ်းဆွဲထားလိုက်သည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

သွားဖြဲပြီး ရယ်ပြတော့မှ လူမဟုတ်ပဲ သရဲမျက်နှာကြီးဖြစ်နေသည်ကို တွေ့ရပြန်လေသည်။

ထို့ကြောင့် ဓါးဖြင့် ခုတ်သူကခုတ်၊ အတင်းရုန်းသူက ရုန်းဖြင့် ဆူညံနေတော့သည်။

နောက်ဆုံးမှာတော့ တဲပေါ်တက်ပြီး အမျိုးသမီးကို တက်ဆွဲသော ခေါင်းဆောင်လုပ်သူမှာ ကိုယ့်ဓါးနှင့်ကိုယ်ထိပြီး သေလေတော့သည်။

ကျန်နှစ်ယောက်မှာလည်း ဆွဲထားသော သရဲလက်ကို ဓါးဖြင့်ခုတ်ရင်းနှင့် ဒဏ်ရာဒဏ်ချက်များ ရကြလေသည်။

သို့သော်လည်း အသက်မသေသဖြင့် လှေထိပ်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ပြန်ဆင်းပြေးကြလေသည်။

လှေပေါ်ရောက်တော့ ကြိုးဖြုတ်ပြီး အတင်းလှော်ခြ
ကြလေတော့သည်။

နှစ်ယောက်စလုံးမှာ ဓါးဒဏ်ရာများရထားသောကြော
လှေကိုပင် မလှော်နိုင်ကြပေ။

သို့သော်လည်း . . ကြောက်ရွံ့နေသောစိတ်ကြောင့် အ
တင်းလှော်ကြရာ နောက်ဆုံးမှာတော့ ဦးနေဒွန်းလှေဆိပ်သို့ ပြ
ရောက်သွားကြလေသည်။

အချိန်ကသန်းခေါင်ယံအချိန် ရောက်နေပေပြီ။

သူတို့နှစ်ယောက်တက်လာတော့အိမ်ထဲမှ ဦးနေဒွ
နှင့် သံပချိုင်တို့ထွက်လာကြသည်။

"ပြန်လာကြပြီလား၊ တစ်ယောက်ကရော ဘယ်မှာကျ
နေခဲ့သလဲ"

"သေပြီထင်တာပဲ"

"ဟင် . . . ဘယ်လိုဖြစ်လို့လဲ၊ ဟိုမိန်းမတွေက ခုခံ
လား"

"ဘယ်မိန်းမမှ မတွေ့ခဲ့ပါဘူး၊ သရဲတွေနဲ့ပဲတွေ့ခဲ့ရတ
မနည်းလွတ်အောင် ပြေးခဲ့ရတယ်၊ ခင်ဗျားခိုင်းတဲ့နေရာက လူ
တွေနေတာမှမဟုတ်တာ"

ဟုတစ်ယောက်က မကျေမနပ်ဖြင့် ပြောလေသည်။

ထို့နောက် ၎င်းတို့နှစ်ယောက်ကို အိမ်ထဲခေါ်သွားပြီ
ဒဏ်ရာများကို ဆေးထည့်ခြင်း ပတ်တီးစည်းပေးခြင်းများ ပြုလု





ပေးရင်းမှ အကျိုးအကြောင်းမေးကြည့်သောအခါမှ အကြောင်း
စုံသိရလေတော့သည်။

"သူတို့နှစ်ယောက်က လူတွေမှမဟုတ်ပဲကိုး၊ ဒါကြောင့်
ဒီလိုနေရာမျိုးမှာ နှစ်ယောက်တည်းနေဝံ့တာဖြစ်မယ်"

ဟုသံပချိုင်ကပြောသည်။

"ဒါကအရေးမကြီးဘူး၊ တောင် ဟိုနေရာမှာ ကျန်ခဲ့တယ်
ဆိုတော့ သေသလား ရှင်သလားမသိရဘူး၊ အမြန်သွားရှာမှ
ဖြစ်မယ်"

ဦးနေဒွန်းက ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဒီအချိန်ကြီးမှာတော့ မသွားဝံ့တော့ပါ
ဘူး၊ နောက်တစ်နေ့ မနက်လင်းတော့မှပဲ အဖော်တစ်ယောက်
ခေါ်သွားပြီး ကျုပ်ကိုယ်တိုင်သွားရှာပါ့မယ်"

ဟုသံပချိုင်က ဝင်ပြောလိုက်တော့မှ ဦးနေဒွန်းလည်း
ဘာမှထပ်မပြောသာတော့ပေ။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါ . .
သံပချိုင်က လူတစ်ယောက်ခေါ်ပြီး မြင်ဒရယ်သောင်တန်းသို့
မယောင်မလည်နှင့် သွားကြည့်လေသည်။

ဒေါ်မင်းဇာတို့မြေအဘွားနေသော တဲအတွင်းမှ မီးခိုး
ငွေ့များထွက်နေပြီး တဲရှေ့ဘက်နေရောင်ခြည်ရသော နေရာ
မှာတော့ ဒေါ်မင်းဇာတစ်ယောက် ဆေးပေါ့လိပ်သောက်ရင်း
နှင့် အေးအေးဆေးဆေး နေဆာလှုံနေလေသည်။

သံပချိုင်တို့နှစ်ယောက်က ရွှေငွေရတနာရှာဖွေသော



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်မျိုးဖြင့် ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်တော့လည်း ငတင်ကိုမတွေ့ရပေ. . .။

"သူတို့ကြည့်ရတာ ဘာမှဖြစ်ပုံမရဘူး၊ အေးအေးဆေးဆေး ရှိနေကြပုံထောက်တော့ ငတင်တို့သုံးယောက် ညက ဒီနေရာရောက်ခဲ့တာ မဟုတ်ဘူးထင်တယ်"

သံပချိုင်နှင့်ပါလာသောတစ်ယောက်က တိုးတိုးပြောသည်။ ထိုသို့လိုက်ရှာနေစဉ် တောစပ်တစ်နေရာရောက်တော့ နွားတံခမ်းမွေးကားကားနှင့် လူကြီးတစ်ယောက်နှင့် တွေ့ကြရသည်။

သူ့နံဘေးမှာလည်း လှံခါးစောင်းလောက်မြင့်သော. . အမဲလိုက်တောခွေးကြီးနှစ်ကောင် ပါသေးသည်။

မမျှော်လင့်ဘဲ ထိုလူကြီးကိုတွေ့လိုက်ရသောကြောင့် နှစ်ယောက်စလုံး ခြေလှမ်းတုံ့သွားကြသည်။

"ဘာလိုက်ရှာနေကြတာလဲ၊ သောင်မှာ ရတနာရှာတယ်ဆိုရင်တော့ မင်းတို့ဘယ်လောက်ရှာရှာ အပ်တစ်ချောင်းတောင် တွေ့မှာမဟုတ်ဘူး၊ လူပျောက်ရှာတယ်ဆိုရင်တော့ မင်းတို့လိုက်ရှာနေတဲ့သူက သေပြီ၊ သူ့အလောင်းကို တွေ့ချင်ရင်တော့ ဟိုးအောက်ဘက်က သောင်စပ်မှာသွားရှာချေ. . .။

ဟုလေသံမာမာဖြင့်ပြောရာ နှစ်ယောက်စလုံး ကြောက်လန့်သွားကြလေသည်။

"ဟုတ်. . ဟုတ်ကဲ့"

"အေး. . တစ်ခါတည်းပြောလိုက်မယ် ၊ နောက်တစ်ခါ





သူ့ဘာသာအေးအေးနေတဲ့သူတွေကို လာပြီးအနှောင့်အယှက်ပေးရင် တစ်ယောက်မှမကျန်အောင်သတ်ပစ်မယ်"

ဟုပြောကာ တောထဲပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ သံပချိုင်တို့နှစ်ယောက်လည်း. . ကြောက်ကြောက်လန့်လန့်ဖြင့် သောင်ပြင်ရေစပ်ဘက်သို့ ဆင်းရှာကြရာ တစ်နေရာရောက်သောအခါ လှိုင်းပုတ်သဖြင့် သောင်ခုံပေါ်မှာ မှောက်လျက်အနေအထားဖြင့် သေဆုံးနေသော. . . ငတင်အလောင်းကို တွေ့ကြရသည်။

သို့ကြောင့် ဦးနေဒွန်းမှာလိုက်သည့်အတိုင်း တောစပ်တစ်နေရာသို့ သယ်ယူသွားကာ မြေမြှုပ်လိုက်ပြီးမှ ပြန်သွားကြလေသည်။

အခြေအနေက ထိုမျှနှင့်မပြီးပေ။

ငတင်နှင့်ပါသွားသောနှစ်ယောက်မှာ ဖိုးတုတ်နှင့် သံခဲတို့နှစ်ယောက် ဖြစ်ကြသည်။

၎င်းတို့နှစ်ယောက်မှာလည်း အချင်းချင်း ခုတ်မိထိမိထားကြသဖြင့် ဒါဏ်ရာဒါဏ်ချက်များ အသီးသီးရကာ အိပ်ရာမှမထနိုင်ကြပေ။ သို့ကြောင့်. . အနောက်ဘက်တဲမှာ ထားလေသည်။

နေ့ဘက်မှာ အခြေအနေမဆိုးသော်လည်း ညဘက်ရောက်လာလျှင်တော့ အသံနက်ကြီးများနှင့် ထအော်ကြရာ ကြားရသူများပင် ထိတ်လန့်တကြားဖြစ်ရသည်။

"ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး. . ၊ ဒီမှာ သရဲတွေ



www.burmeseclassic.com

www.burmeseclassic.com



အတင်းလာဆွဲနေလို့ သေရပါတော့မယ်”

ထိုအော်သံများကြောင့် ဦးနေဒွန်းတို့မှာ ကောင်းစွာမအိပ်ဝံ့ကြပေ။

ထိုကဲ့သို့ဖြစ်သောအခါ အကြံအစည်ပေးခဲ့သော သံပချိုင်ကို အပြစ်တင်သောစကားဆိုလေသည်။

“သံပချိုင် မင်းပေးတဲ့အကြံအစည်အတိုင်း လုပ်ကြည့်တာ မဟန်ပါလား၊ ပစ္စည်းမရတဲ့အပြင် . . ငါ့လူတစ်ယောက်ပါ သေခဲ့ရပြီ၊ ဘယ်လိုလုပ်မလဲ”

“စိတ်မပျက်ပါနဲ့ သူဌေးရယ် ဒီတစ်ခါမဟန်တော့လည်း နောက်တစ်ခါပေါ့၊ ကျုပ်မှာ အကြံအစည်တစ်ခု ရှိပါသေးတယ် အဲဒီအကြံအစည်အောင်မြင်မှ အချိုကြီးရမှာ”

ဦးနေဒွန်းက ‘ဘယ်လိုအကြံအစည်မျိုးလဲ’ ဟူသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်ရာ သံပချိုင်က သူကြံစည်ထားသော အကြောင်းအရာများကို ပြောပြလိုက်လေသည်။

ထိုအကြံအစည်ကိုတော့ ဦးနေဒွန်းက သဘောကျသလို ရှိသည်။

ညအချိန်ရောက်သောအခါ ၎င်းတို့ထံသို့ အန္တရာယ်ဆိုးတစ်ခု ရောက်လာလေတော့သည်။

ညဦးပိုင်းကျော်လာသောအခါ ဖိုးတုတ်နှင့်သံခဲတို့ ထားသောတဲဘက်မှ အသံနက်ကြီးများဖြင့်အော်သံများ ပေါ်ထွက်လာသည်။

“ကယ်ကြပါဦးဗျို့ . . လုပ်ကြပါဦး . . ၊ ဒီမှာ သရဲတွေရောက်လာပြီး အတင်းဆွဲနေလို့ ကယ်ကြပါဦး”

ထိုအသံကြားသောအခါ အလုပ်သမားတစ်ယောက်နှစ်ယောက်တို့က ထိုတဲသို့သွားကာ ဆေးတိုက်ပေးကြရသည်။

ခါတိုင်းညမှာတော့ ထိုကဲ့သို့ဆေးတိုက်လိုက်လျှင် အော်သံပျောက်ကာ အိပ်ပျော်သွားသည်။

ဒီတစ်ခါမှာတော့ မဟုတ်ပေ။

ဆေးတိုက်ဖို့ အလုပ်သမားတစ်ယောက် တဲအတွင်းသို့ဝင်သွားသောအခါ အံ့ဩစရာမြင်ကွင်းကို တွေ့ရလေသည်။

ယခင်က အိပ်ရာမှမထနိုင်သော ဖိုးတုတ်မှာ ဆောင့်ကြောင့်ထိုင်နေသည်ကို တွေ့ရလေသည်။

ဝင်လာသောသူကို မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်နေသည်။

“ဟင် ဖိုးတုတ် မင်းသက်သာသွားပြီလား၊ ဒီမှာဆေးတိုက်ရအောင် ငါယူလာတယ်”

“ဒီနား လာပေး”

အသံက ပုံမှန်အသံမျိုးမဟုတ်ပဲ အသံပျက်နေသည်။

ဆေးပေးရန်ဝင်လာသော အလုပ်သမားကလည်း . . ကြောက်ကြောက်လန့်လန့်နှင့် အနားသွားပြီး ဆေးပေးရာ သူအနီးရောက်လာတော့မှ အိပ်ရာမှမထနိုင်သောလူမမာက ‘ဝုန်း’ ခနဲခုန်ထကာ ဆေးပေးသူလည်ပင်းကို ထညှစ်လေတော့သည်။

လည်ပင်းအညှစ်ခံရသူက ကြောက်လန့်တကြားထအော်လေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး. . "

ထိုသို့အော်သံကြားတော့မှ အခြားသူများက ထပြေးသွားကြသောအခါ အပေါ်မှခွစီးပြီး လည်ပင်းညှစ်နေသောဖိုးတုတ်ကို တွေ့ရသဖြင့် ဝိုင်းဝန်းဖယ်ရှားတော့မှ လွတ်သွားလေသည်။ ဖိုးတုတ် ဖုတ်ဝင်နေမှန်း သိသောအခါ ဆေးဆရာတစ်ယောက်ပေးထားသော ရေမန်းဖြင့် ပက်လိုက်တော့မှ အိပ်ရာထဲ ပြန်လဲကျသွားလေတော့သည်။

ထိုအခါမှ အပြင်ဘက်မှကြားနေရသော ခွေးအူသံ၊ ခွေးဟောင်သံများ တိတ်သွားလေတော့သည်။

✤





## အခန်း (၃၆)

# စိတ်ရှုရည်မျှဘဝအခြေနေ

တစ်နေ့သည်၌ နေ့လယ်ပိုင်းအချိန်တွင် မြသင်းကြူတို့နေသောတဲသို့ နီမောင်တစ်ယောကတည်း ရောက်လာလေသည်။

သူရောက်လာသောအချိန်မှာ ဒေါ်မင်းဇာက တစ်ရေးအိပ်နေပြီး မြသင်းကြူကတော့ နေ့လယ်ဘက်သောင်ပြင်ဘက်ထွက်ပြီး ပစ္စည်းရှာဖွေရန် ပြင်ဆင်နေလေသည်။

နီမောင်ရောက်လာတော့ မြသင်းကြူက ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

နီမောင်က သူယူလာသော အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းအချို့ကို မြသင်းကြူအား ပေးသည်။

"ရော့ . . မြသင်းကြူ ဒီဘက်ကိုလမ်းကြုံလို့လာရင်း အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်းလေးတွေ ယူလာခဲ့တယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါထက် အစ်ကိုတစ်ယောက်တည်းလား ဟိုနှစ်ယောက်ရော မပါဘူးလား"

"သူတို့အုန်းခြံထဲမှာ အလုပ်များနေလို့ မခေါ်ခဲ့တော့ဘူး၊ မြသင်းကြူဘယ်သွားမလို့လဲ"

"သောင်ပြင်ဘက်သွားမလို့ အစ်ကိုလိုက်ခဲ့ပါလား"

"သွားလေ"

ထိုသို့ပြောပြီး နှစ်ယောက်သား သောင်ပြင်ရှိရာဘက်သို့ထွက်လာကြလေသည်။

နေ့လယ်ဘက်အချိန်ဖြစ်သောကြောင့် သောင်ပြင်ပေါ်မှာ နေရောင်က ကျနေသည်။

ပြင်ဒရယ်သောင်မှာ အမာချောင်းအောက်ဘက် တစ်ကြောမှာရှိပြီး ရေကျချိန်များတွင် သောင်ပြန့်ကျယ်ကြီးက တစ်မျှော်တစ်ခေါ် ရှိလေသည်။

ညဘက်ရေပြည့်လျှင် တောစပ်အထိရောက်ပြီး ထိုနေရာတစ်ဝိုက်မှာတော့ ရေနှင့်ပါလာပြီး ရေကျသောအခါ တင်ကျန်နေခဲ့သော အမှိုက်သရိုက်များရှိသည်။





ထိုနေရာမှ ရေစပ်ရောက်သည်အထိ သောင်ပြန့်ကျယ်ကြီးများသာရှိပြီး အခြားဘာမှမရှိပေ။

သောင်ပြင်နေရာအနှံ့မှာတော့ ကဏန်းမျိုးစုံ၊ ခရုမျိုးစုံနှင့် ငါးဖျံများရှိကြသည်။

နှစ်ယောက်သား သောင်ပြင်အလယ်နေရာလောက်မှ လျှောက်လာရင်းနှင့် နီမောင်က မေးလိုက်သည်။

"တလောက မြသင်းကြူတို့နေတဲ့နေရာကို လူဆိုးသုံးယောက် ရောက်လာကြတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမယ့်ကျွန်မတို့တော့ မတွေ့လိုက်ရဘူး"

"ဟင် . . . ဘယ်သွားနေလို့လဲ"

"အဲ့ဒီညက ဘိုးဘိုးဦးဒီပက လာခေါ်သွားလို့ တောထဲက သူတို့နေတဲ့နေရာမှာ သွားနေရတယ်"

"ဒါဖြင့် လူဆိုးတွေရောက်လာတော့ မြသင်းကြူတို့ကို မတွေ့ရဘူးပေါ့"

"ဟုတ်တယ် ကျွန်မတို့မြေအဘွားက မိုးလင်းတော့မှ ပြန်ရောက်လာတာ၊ ဒါပေမယ့် ဘိုးဘိုးပြောပြလို့ လူဆိုးတွေလာတယ်ဆိုတာတော့ သိခဲ့ရတယ်"

"သူတို့က မြသင်းကြူတို့ မြေအဘွားကိုတော့ အတော်လေး ကူညီစောင့်ရှောက်ပေးကြတယ်နော်"

"ဟုတ်တယ် ကျွန်မတို့နဲ့က ဆွေရင်းမျိုးရင်းတွေလိုပဲနေကြတာဆိုတော့ ဒီလိုပဲ စောင့်ရှောက်ပေးကြပါတယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်အကူအညီလိုရင်လည်း ကျွန်မတို့က လုပ်ပေးရတယ်၊ ဟိုတလောက ထမင်းကျွေးသလိုမျိုးပဲပေါ့"

"တကယ့်ကိုအံ့ဩစရာပါပဲ"

"ဘာများအံ့ဩစရာရှိသလဲအစ်ကိုရယ်၊ လူ့လောကနဲ့ ပရလောကသားတွေရဲ့ဘဝက တစ်ဆက်တစ်စပ်တည်း ရှိနေကြတာပဲ၊ မမြင်အပ်လို့သာ မမြင်ကြရတာပါ"

"မှန်တော့မှန်ပါတယ်"

"ကျွန်မတို့လည်း သေသွားရင် ပရလောကကိုမလွဲမသွေ ရောက်ကြရသလို ပရလောကသားတွေကလည်း တစ်ချိန်မှာ လူ့လောကကို ပြန်ရောက်လာနိုင်ကြတာပဲ မဟုတ်လား"

"မြသင်းကြူပြောတာ မှန်ပါတယ်၊ ဒါပေမယ့် လူတိုင်းတော့ ဒီလိုဆက်သွယ်လို့မရနိုင်ဘူးနော်"

"ဝိညာဉ်လောကသားတွေက လူတွေနဲ့ဆက်သွယ်ကြတဲ့နေရာမှာ လူတွေကို ဆက်ဆံတာမဟုတ်ဘူး၊ စိတ်ကိုပဲကြည့်ပြီးဆက်ဆံကြတာပါ. . ၊ ဒါကြောင့် လူတိုင်းမတွေ့နိုင်မမြင်နိုင်ကြတာဖြစ်ပါတယ်"

ထိုကဲ့သို့ စကားတပြောပြောနှင့် လျှောက်လာကြရာ တစ်နေရာရောက်သောအခါ နေရောင်ခြည်နှင့်ထိပြီး အရောင်တလက်လက်နှင့် တောက်ပနေသော အရာဝတ္ထုတစ်ခုကို. . . သောင်ပြင်တစ်နေရာမှာ လှမ်းမြင်ရလေသည်။

ထိုနေရာသို့လျှောက်သွားပြီး တူးဖော်ကြည့်သောအခါ ရွှေလက်စွပ်တစ်ကွင်းကို တွေ့ရသည်။





လက်ဖြင့်ပွတ်တိုက်ကြည့်သောအခါ အရည်အသွေးကောင်းသော မြကျောက်ဖြင့် လက်စွပ်ကွင်းထားသည်ကိုလည်း တွေ့ရလေသည်။

"တဲဘက်ပြန်ကြရအောင် အစ်ကို"

"ရှေ့ဆက်မရှာတော့ဘူးလား ရချင်ရဦးမှာပေါ့"

"မရတော့ဘူး၊ ကျွန်မတို့မြေးအဘွားက ဒီလက်စွပ်တစ်ကွင်းရောင်းချရင် စားသောက်ဖို့ရပြီ၊ ဒါကြောင့် နောက်ထပ်ရှာဖွေရင်လည်း တွေ့တော့မှာမဟုတ်ဘူး"

ဟုပြောရာ နီမောင်မှာ အံ့ဩသွားလေသည်။

သို့သော်လည်း သူ့အနေနှင့် ဘာမှနားမလည်သောကြောင့် ဆက်မမေးတော့ပေ။

နှစ်ယောက်သား တဲရှိရာဘက်သို့ လျှောက်လာကြစဉ် သမ်းတစ်နေရာရောက်တော့မှ နီမောင်ကပြောသည်။

"အခုလာတာ မြသင်းကြူကို ပြောစရာတစ်ခုရှိလို့ပါ"

"ပြောလေအစ်ကို"

"တခြားတော့မဟုတ်ပါဘူး၊ အစ်ကိုက မြသင်းကြူ အပေါ်မှာ မေတ္တာရှိနေပြီဖြစ်လို့ မြသင်းကြူသိအောင် လာပြောတာပါ။ အဲဒါ မြသင်းကြူသဘောက"

"ကျွန်မတို့ အခြေအနေနဲ့ အစ်ကိုတို့အခြေအနေက ကွာခြားလှပါတယ်. . ၊ အစ်ကို့သဘောက နှစ်သက်တယ်ဆိုပေမယ့် အစ်ကိုမိဘတွေသဘောက ရှိသေးတော့. . ."

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့. . အစ်ကို့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမခွဲခြားတတ်ပါဘူး။ အစ်ကိုပြောရင် ရနိုင်ပါတယ် မြသင်းကြူသဘော သိပါရစေ. . .”

မြသင်းကြူအတန်ကြာအောင် စဉ်းစားနေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

“ကျွန်မသဘောတစ်ခုတည်း ပြောပြရရင်တော့ အစ်ကို့လိုလူမျိုးကို ငြင်းစရာအကြောင်း မရှိပါဘူး၊ ဒါပေမယ့် ဘိုးဘိုးတို့ရဲ့ သဘောတွေကို မေးရပါဦးမယ်”

“မြသင်းကြူအဘိုး ဦးဒီပက အစ်ကို့အဖေ ဦးဘရှိန်နဲ့ အဆက်အသွယ်ရှိပြီး တစ်ဦးနှင့်တစ်ဦး အကူအညီ ပေးနေကြတာဆိုတော့ သူတို့အနေနဲ့ အနှောင့်အယှက်ပေးကြမယ်တော့ မထင်ဘူး”

“ဒီလိုဆိုရင်တော့လည်း ကောင်းတာပေါ့ အစ်ကိုရယ်၊ ဒီလိုလုပ်ပါလား. . အစ်ကို့အဖေကို ဘိုးဘိုးနဲ့တွေ့တဲ့အခါ အကိုအကြောင်းပြောပြခိုင်းရင် ပိုမကောင်းဘူးလား”

“ဒါလည်းကောင်းတာပဲ၊ လူကြီးချင်းပြောကြတော့ ပိုကောင်းတာပေါ့”

ထိုစကားကြားတော့ မြသင်းကြူက ကျေနပ်စွာ ခေါင်းညိတ်ပြလေသည်။

“လူကြီးတွေချင်း အဆင်ပြေသွားရင်ကော မြသင်းကြူက ကိုယ့်မေတ္တာကို လက်ခံမှာလား”

“အို. . အစ်ကိုကလဲ ဒါမေးစရာလား”

“မေးရမှာပေါ့၊ မရေမရာဖြစ်နေတာနဲ့စာရင် သေချာတာ ပိုကောင်းတာပေါ့”

“ကျွန်မသဘောမပါပဲနဲ့ လူကြီးတွေကို ပြောခိုင်းပါ့မလား အစ်ကိုရယ်”

“ဒါဖြင့် အစ်ကို့မေတ္တာကို လက်ခံပြီပေါ့”

သူမက ရှက်ပြုံးကလေးဖြင့် ခေါင်းညိတ်ပြလေသည်။

နီမောင်မှာလည်း ထိုအခါမှ စိတ်ထဲမှာ ဘဝင်ကျသွားလေသည်။

ထို့နောက်. . .

နှစ်ယောက်သား ကမ်းစပ်တစ်နေရာမှာရှိသော ကနစိုင်ကြီးတစ်ပင်အောက်မှာ ထိုင်ပြီးစကားပြောကြရာ နေစောင်းတော့မှ တဲဘက်သို့ပြန်လာကြသည်။

သူတို့နှစ်ယောက် တွဲလျက်သားပြန်လာသည်ကို ဒေါ်ခင်းဧမြင်သော်လည်း ထွေထွေထူးထူးတော့ မပြောပေ။

နီမောင်လည်း အိမ်ပြန်ရောက်သောအခါ အဖေနှင့် အမေကို ဖွင့်ပြောပြလိုက်လေသည်။

မိခင်ဖြစ်သူ ဒေါ်ကျင်မေကလည်း မြသင်းကြူတို့အကြောင်းကို သိပ်မသိသဖြင့် ထွေထွေထူးထူး ဘာမှမပြောသော်လည်း ဦးဘရှိန်ကတော့ပြောသည်။

“မင်းသဘောကျနေတဲ့ မိန်းကလေးက ရိုးသားဖြူစင်ပုံတော့ရပါတယ်၊ လောကမှာ ပစ္စည်းရှိတာမရှိတာထက် စိတ်ထားရိုးသားဖြူစင်ဖို့က အရေးအကြီးဆုံးပဲ”

နီမောင်ကတော့ ခေါင်းငုံ့ကာ နားထောင်နေသည်။






www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူက သာမန်မဟုတ်ဘူးဆိုတာတော့ မင်းသိတယ်မဟုတ်လား"

"သိပါတယ် အဖေ၊ နောက်မှာ စောင့်ရှောက်ပေးနေတဲ့ သူတွေရှိပါတယ်"

"အရေးကြီးတာက သူတို့ပဲ၊ သူတို့လက်မခံရင် ဘာမှ လုပ်လို့မရဘူး၊ ဇွတ်လုပ်ရင်လည်း အန္တရာယ်နဲ့တွေ့မှာပဲ"

"ဒါကြောင့် အဖေ့ကို အသိပေးတာပါ၊ သူတို့ကိုခေါ်ပြီး အဖေကမေးပေးပါ"

"ဟော. . ငါက ဘယ်သူ့ကိုခေါ်ပြီး ဘယ်လိုမေးရမှာလဲ"

ဦးဘရှိန်က တအံ့တဩမေးလိုက်သည်။

"အဖေ့ဆီမှာ ငွေချေးနေတဲ့ ဦးဒီပကို ခေါ်မေးရမှာပါ၊ သူတို့မြေးအဘွားကို စောင့်ရှောက်ပေးနေတာ ဦးဒီပတို့ပါပဲ"

"အော်. . ဒီလိုလား၊ ဒါဖြင့်လည်း ညဘက်ရောက်တဲ့အခါ သူ့ကိုခေါ်မေးပေးပါ့မယ်"

ဟုပြောရာ. . နီမောင်မှာ စိတ်ထဲ၌ကျေနပ်သွားလေသည်။

ညအချိန်ရောက်သောအခါ ဦးဒီပ ရောက်လာသည်။

သူနှင့်အတူ. . နောက်မှ ယောကျ်ားကြီးတစ်ယောက် မိန်းမကြီးတစ်ယောက်တို့ပါ ပါလာလေသည်။

ခါတိုင်းလာသည်နှင့်မတူပဲ သစ်လွင်သောအဝတ်အစားများ ဝတ်ဆင်လာကြသည်။

သူတို့ရောက်လာတော့. . ခါတိုင်းလိုပင် ဦးဘရှိန်က





နောက်ဘက်သို့ဆင်းသွားပြီး တွေ့နေကြနေရာမှာပင် တွေ့ဆုံကာ စကားပြောကြလေသည်။

"အကြောင်းကိစ္စရှိလို့လား မိတ်ဆွေကြီး"

"ပြောစရာ တိုင်ပင်စရာ ကိစ္စရှိလို့ပါ"

"ဘယ်လိုအကြောင်းအရာများလဲ၊ ပြောစရာရှိရင် ပြောသာပြောပါ"

"တခြားတော့ မဟုတ်ပါဘူး လူငယ်တွေကိစ္စ ဆွေးနွေးချင်လို့ပါ"

ထိုစကားကြားသောအခါ ဦးဒီပက . . .

"ကျုပ်လည်း သိသင့်သလောက် သိထားပြီးပါပြီ၊ ကျုပ်တို့နဲ့ပတ်သက်နေတဲ့ မိန်းကလေးကိုနှစ်သက်နေတဲ့ ခင်ဗျားသားကိုလည်းသိပါတယ်၊ သူက ဟိုတလောက ပြုလုပ်ပေးတဲ့ အလှူအတန်းကိစ္စမှာ အကူအညီပေးခဲ့တာကိုလည်း ကျုပ်တို့အားလုံးက ကျေးဇူးတင်ကြပါတယ်၊ အသိအမှတ်ပြုကြပါတယ်"

ဟုပြောသည်။

"ဒီတော့. . မိတ်ဆွေကြီးတို့ဘက်က သဘောထားက ဘယ်လိုရှိပါသလဲ"

"ခင်ဗျားတို့ဘက်က သဘောတူတယ်ဆိုရင် ကျုပ်တို့ဘက်ကလည်း သဘောတူပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့် မေးစရာရှိတာ မေးပါရစေ"

"မေးပါ. . မေးပါ"



www.burmeseclassic.com

www.burmeseclassic.com

“ကလေးတွေ နေရာကျသွားပြီးတဲ့အခါ နေရေးထိုင်ရေး ဘယ်လိုစီစဉ်ပေးစေချင်ပါသလဲ”

“မိတ်ဆွေကြီး သဘောကျသလိုသာ စီစဉ်ပါ”

“ဒီလိုဆိုရင် သူတို့မြေးအဘွားကို ဒီမှာခေါ် ထားမယ်ဆိုရင်ကော ရပါသလား”

“ရပါတယ်.. ဒီနေရာက ကျုပ်တို့ဝင်ထွက်သွားလာလို့ရတဲ့နေရာပဲ ကိစ္စမရှိပါဘူး။ အရင်က မြင်ဒရယ်ဆောင်မှာ ထားတယ်ဆိုတာက သူတို့ကို စောင့်ရှောက်မယ့်သူမရှိလို့သာ ထားရတာပါ။ စောင့်ရှောက်မယ့်သူ ရှိလာတာကတစ်ကြောင်း၊ သူတို့နေမယ့်နေရာကလည်း ဝေးဝေးမဟုတ်ပဲ ကျုပ်တို့နဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ နေရာမို့ ဒီနေရာမှာခေါ် ထားမယ်ဆိုရင်လည်း သဘောတူပါတယ်ဗျာ”

ဟုပြောရာ ထိုစကားကြားရသောအခါ ဦးဘရှိန်လည်း ကျေနပ်ဝမ်းသာသွားလေသည်။

“ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ ဒါဖြင့်ရင်တော့ နေ့ကောင်းရက်သာရွေးပြီး သင့်တော်တဲ့အချိန်မှာ မင်္ဂလာပွဲအတွက် စီစဉ်ပေးလိုက်တော့မယ်နော်”

“နေဦးဗျ.. စီစဉ်တာလဲ စီစဉ်တာပေါ့၊ မိတ်ဆွေကြီးကို ပြောစရာစကား သတိပေးစရာစကားရှိသေးတယ်”

“ဘာများပါလိမ့်”

“တခြားတော့မဟုတ်ပါဘူး။ ခင်ဗျားတို့ကို မကောင်းကြံနေတဲ့လူတွေရှိတယ်၊ ဒီရက်ထဲမှာ အန္တရာယ်ပြုလာကြလိမ့်မယ်”





ထိုစကားကြောင့် ဦးဘရှိန်မှာ စိုးရိမ်စိတ်ဝင်သွားသည်။

“ဘယ်သူတွေက အန္တရာယ်ပြုမှာလဲဗျ”

“ဒါကတော့ ပြောလို့မဖြစ်လို့.. ဘယ်သူဘယ်ဝါဆိုတာ မပြောပါရစေနဲ့၊ ဒါပေမယ့်.. သူတို့ သုံးရက်အတွင်း ဒီနေရာကို ရောက်လာကြမှာမို့လို့ ခင်ဗျားတို့အနေနဲ့ ခုခံတိုက်ခိုက်နိုင်အောင် ပြင်စရာရှိတာ ကြိုတင်ပြင်ထားရင်တော့ မမှားဘူး”

“အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ ဒီလိုသိရတော့ ကြိုတင်စီမံထားရမှာပေါ့”

ထိုသို့ပြောသဖြင့် ဦးဒီပလည်း နှုတ်ဆက်ကာ.. ၎င်းနောက်မှ ပါလာသူနှစ်ယောက်နှင့် ပြန်သွားလေတော့သည်။

ဦးဘရှိန်လည်း အိမ်ပေါ်ပြန်ရောက်သောအခါ နီမောင်ကို ပြောပြလိုက်သည်။

ထိုအခါ နီမောင်က...

“သူက ပြောခွင့်မရှိလို့ မပြောသွားပေမယ့် ကျွန်တော် ရိပ်မိတယ် အဖေ၊ ဒီစနက်က တခြားမဟုတ်ဘူး.. ခြံထဲက အလုပ်ထွက်သွားတဲ့ သံပချိုင်ရဲ့စနက်ဆိုတာ ကျွန်တော်သိတယ်၊ သူက ဦးနေဒွန်းဆီကို ရောက်နေတယ်၊ တလောက မြသင်းကြူတို့ မြေးအဘွားဆီက ပစ္စည်းလုဖို့သွားတဲ့ လူသုံးယောက်ကလည်း တခြားမဟုတ်ဘူး၊ ဦးနေဒွန်းရဲ့ လူတွေပဲ”

ဟု ပြောပြလိုက်သည်။

“သူ့ကို ငါတို့ဆီမှာ အလုပ်လုပ်နေတုန်းကတော့ စေတနာနဲ့ စောင့်ရှောက်ကျွေးမွေးခဲ့တာပဲ၊ သူကအပြစ်နဲ့သူ ထွက်သွား


www.burmeseclassic.com

www.burmeseclassic.com

တာတော့ မတတ်နိုင်ဘူး၊ ကျေးဇူးရှိတဲ့သူကို ကျေးဇူးဆပ်ရင်တော့

အန္တရာယ်နဲ့ တွေ့မှာပဲ"

ဦးဘရှိန်က ပြောသည်။

"ဒါက အရေးမကြီးဘူး အဖေ၊ သူတို့ ရောက်မလာခ

ပြင်ဆင်စရာတွေတော့ ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မယ်"

"ဘယ်လို ပြင်မှာလဲ"

"ကျွန်တော်တို့ခြံထဲမှာ အလုပ်လုပ်နေကြတာ ယော

ကျ်ားတွေချည်း (၁၅)ယောက်လောက်ရှိတယ်၊ သူတို့ကို အသိပေ

ပြီး လက်နက်တွေ ပြင်တန်ပြင်ထားရမှာပေါ့"

"အင်း. . လာမယ့်ဘေးပြေးတွေ့သလို အန္တရာယ်ဆို

တာ ကိုယ့်ဆီကို ရောက်မလာခင်ကတည်းက ပြင်ဆင်ထားနိုင်

ရင်တော့ ကိုယ့်ဘက်က တစ်ပန်းသာတာပေါ့"

"ဒီအတွက်တော့ ဘာမှစိတ်မပူနဲ့ အဖေ၊ ခြံထဲက အ

လုပ်သမားတွေအပြင် ကျွန်တော်တို့ကို အကူအညီပေးမယ့် သူ

တွေလည်း ရှိကြပါသေးတယ်"

"ဘယ်သူတွေများလဲ"

"စောစောကလာသွားတဲ့ ဦးဒီပတို့တစ်တွေပေါ့၊ မြသင်

ကြူတို့ မြေအဘွားကို အန္တရာယ်ပြုဖို့ လာကြတဲ့သူတွေကို သူ

ပဲ ဆုံးမပေးလိုက်တာလေ"

"အေး. . . ဒါပေမယ့် ဒီအကြောင်းတွေကို ဘယ်သူ

မသိစေနဲ့၊ သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက်နဲ့လုပ်နော်"

"စိတ်ချပါ အဖေ"





ထိုကဲ့သို့တိုင်ပင်ပြီးမှ သားအဖနှစ်ယောက် လူချင်းခွဲ

လိုက်ကြလေသည်။

နီမောင်ကတော့ ထိုညက အိပ်မပျော်တော့ပေ။



www.burmeseclassic.com



# အခန်း ([illegible])

# မကောင်းမှုက ကိုယ်ထဲပြန်လာကြလေသည်

အချိန်မှာ ညဉ့်ဦးပိုင်းအချိန် ကျော်လွန်လာလေသည်။

လရောင်မရှိသေးသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းထားလေသည်။

ကောင်းကင်မှ ကြယ်ရောင်တချို့ ရှိနေသော်လည်း . . အုန်းတောများနှင့် သစ်ပင်များက ထူထပ်သောနေရာများမှာတော့ အလင်းရောင်မရပေ။



www.burmeseclassic.com

www.burmeseclassic.com

လေတိုက်သည့်အခါ အုန်းတောအတွင်းမှ အကိုင်းအခက်အရွက်ချင်း ထိသံများမှလွဲပြီး အခြားသံများ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တစ်ခါတစ်ရံ အဝေးစာစ်နေရာမှ အော်လိုက်သော ငှက်ဆိုးဟုခေါ်သော ဒီးတုတ်အော်သံအချို့သာ လေနှင့်အတူ ပါလာလေသည်။

ထိုအချိန်တွင် ဦးဘရှိန်ပိုင်ဆိုင်သော အုန်းတောတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဦးဘရှိန် နေအိမ်အပါအဝင် ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော အလုပ်သမားများနေသည့် တဲများမှာလည်း မီးရောင်လည်းမှိတ် လူသံလည်းတိတ်ဆိတ်နေလေသည်။

ထိုအချိန်ကို အခွင့်ကောင်းယူကာ အမာရွာဘက်မှ လူတစ်စု ဦးဘရှိန်အိမ်ဘက်သို့ လာနေကြသည်။

စုစုပေါင်း (၁၀)ယောက်ခန့်ရှိပြီး တစ်ကိုယ်လုံးအဝတ်များခြုံကာ ရုပ်ဖျက်ထားကြသည်။

ကိုယ်စီကိုယ်ငှ ဓါးလှံများလည်း ကိုင်ဆောင်ထားကြလေသည်။ ၎င်းတို့သည် အမှောင်ရိပ်ကို အကာအကွယ်ယူလျက် တိတ်ဆိတ်စွာဖြင့် ဦးဘရှိန်အိမ်ဘက်သို့ လာနေကြသည်။

အိမ်နှင့်မနီးမဝေး နေရာရောက်သောအခါ အမှောင်ရိပ်များကို အကာအကွယ်ယူပြီး အခြေအနေတို့ကြည့်ကြလေသည်။

အိမ်တစ်အိမ်လုံး မှောင်မဲနေသည်။ တိတ်ဆိတ်ငြိမ်





သက်ရုံမကပဲ ပတ်ဝန်းကျင်မှာလည်း လူခြေတိတ်နေသည်။

ရှင်းနေသည်။

သို့ကြောင့်. . ဓါးပြ(၁၀)ယောက်တို့သည် ပါလာသော ဓါးလှံများကို အဆင့်သင့်ကိုင်ပြီး အိမ်အနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာကြလေသည်။

ထိုသို့ဝိုင်းလာရာမှာလည်း သတိကြီးစွာထားကာ စက်ဝိုင်းပုံသဏ္ဌာန်ထားကာ ပတ်ဝိုင်းလာကြခြင်းဖြစ်သည်။

အိမ်အနီးသို့ရောက်လာသောအခါ (၅)ယောက်က ခြံထဲတွင်ကျန်ရစ်ပြီး၊ ကျန်(၅)ယောက်က အိမ်ပေါ်တက်သွားကာ အိမ်ရှင်များကို တံခါးဖွင့်ခိုင်းသည်။

"တံခါးဖွင့်ပေးပါ၊ အေးအေးဆေးဆေး ဖွင့်မပေးရင်. . တစ်အိမ်လုံး မီးနဲ့တိုက်ပြီး အားလုံးသတ်ပစ်မယ်"

ဟုခြိမ်းခြောက်ပြောဆိုသဖြင့် အတွင်းမှရှိနေသူများက မနေဝံ့တော့သဖြင့် တံခါးဖွင့်ပေးလိုက်ရသည်။

အိမ်ပေါ်မှာတော့ ဦးဘရှိန် ဒေါ်ကျင်မေနှင့် မေနှင်းတို့ သုံးယောက်သာရှိသည်။

"မိသားစုလေးယောက် ရှိတယ်မဟုတ်လား. . . တစ်ယောက်ဘယ်မှာလဲ"

"ခရီးသွားပါတယ်"

"မညာနဲ့နော် အသံလည်းမထွက်နဲ့၊ ဟိုနှစ်ယောက်က အခန်းနံရံမှာ ငြိမ်ငြိမ်လေးကပ်နေ၊ ခင်ဗျားက ငွေချေးတဲ့သူတွေ စပေါင်တင်ထားတဲ့ ရွှေဒင်္ဂါးတွေရော ခင်ဗျားတို့ပိုင်တဲ့ ရွှေတွေငွေ

www.burmeseclassic.com



တွေရော အားလုံးထုတ်ပေးပေတော့"

"စပေါ်တင်ထားတဲ့ ရွှေဒင်္ဂါးဆိုတာ ဘာကိုပြောတာလဲ မရှိပါဘူး"

ထိုအခါ ခေါင်းဆောင်လုပ်သူက အပေါ်မှ ဓါးဖြင့်မိုး လိုက်သည်။

"ခင်ဗျားဆီမှာ ပြင်ဒရယ်ကလူတွေ စပေါ်တင်ထားတဲ့ ရွှေဒင်္ဂါးတွေရှိမှန်းသိလို့ လာပြီးဓါးပြတိုက်တာ၊ အေးအေးဆေး ဆေးထုတ်ပေးလိုက်မပေးရင် မိန်းမနှင့်သမီးကို ခင်ဗျားရှေ့မှာတင် သတ်ပစ်မယ်"

"ဒီရွှေဒင်္ဂါးတွေက ငါပိုင်တာတွေလည်းမဟုတ်ဘူး၊ ပေး လို့လည်းမရဘူး ယူလို့လည်းမရဘူး"

"ဒါကအကြောင်းမဟုတ်ပါဘူး ထုတ်သာပေးပါ"

ဟု ဓါးတပြင်ပြင်နှင့် တောင်းနေသောကြောင့် ဦးဒီပ စပေါ်တင်ထားသော ရွှေဒင်္ဂါးထုပ်ကို ပေးလိုက်ရသည်။

ခေါင်းဆောင်လုပ်သူက အထုတ်ကိုရသောအခါ အိတ် ကိုဖြေပြီး အတွင်းသို့နှိုက်ကြည့်သည်။

ဝင်းဖိနေသော ရွှေဒင်္ဂါးများကို တွေ့သောအခါ များ စွာကျေနပ်သွားလေသည်။

ထို့နောက် အိတ်ကိုသိမ်းလိုက်ပြီး ဦးဘရှိန်တို့ပိုင်ဆိုင် သော ရွှေငွေရတနာများကို ထပ်တောင်းနေပြန်လေသည်။

"ရှိသမျှ ပစ္စည်းတွေအားလုံး ထုတ်ပေးပါ"

ထိုအခိုက်မှာပင် အောက်ဘက်မှာကျန်နေခဲ့သူများထဲမှ





စူးစူးဝါးဝါး အော်သံများကြားရလေသည်။

မီးရောင်များလည်းမြင်ရသဖြင့် တစ်ယောက်က ပြတင်း ပေါက်မှ ငုံ့ကြည့်လိုက်သောအခါ အောက်မှာကျန်ခဲ့သော ငါး ယောက်စလုံး မြားတန်းလန်း ကိုယ်စီဖြင့် လဲကျနေလေပြီ။

အိမ်နှင့်ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း လေးမြားဓါးလှံ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသောသူများက ထွက်ပေါက် မရှိအောင် ဝိုင်းထားကြလေသည်။

အိမ်ပေါ်မှာရောက်နေသော ဓါးပြငါးယောက်အတွက် ကတော့ စွန့်စားရပေတော့မည်။

ခေါင်းဆောင်လုပ်သူက မေနှင်းအနီးသို့သွားကာ ဖမ်း ချုပ်ထားလိုက်သည်။

"အမလေး တယ်ကြပါဦး"

အိမ်ပေါ်မှာရောက်နေသော ဓါးပြငါးယောက်တို့က. . မေနှင်းကို ဓါးစာခံလုပ်ကာ အိမ်ပေါ်မှ ဆင်းလာကြသည်။

အောက်မှာရောက်နေသော နီမောင်တို့ကလည်း လက် နက်များကို အဆင်သင့်ပြင်ကာ အခြေအနေကို ကြည့်နေကြရ လေ သည်။

မေနှင်း၏နောက်မှချုပ်ကာ လည်ပင်းပေါ်သို့ ဓါးတင် ထားခြင်းဖြစ်သည်။

"ငါတို့က လာကတည်းက ကိုယ့်ကိုယ်ကိုယ် သရေကုံ တင်လာကြတာနော် သေမထူးနေမထူးပဲ၊ ငါတို့ကိုထွက်ပေါက် မ ပေးရင် သူ့ကိုအရင်သတ်ပြီးမှ အိမ်ပေါ်မှာကျန်တဲ့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါပြန်သတ်မယ်"

ထိုသို့ပြောဆိုသဖြင့် . . မတတ်သာတော့သဖြင့် လမ်းပေါက်ပေးလိုက်ရတော့သည်။

"အစ်ကို ကျွန်မကို ကယ်ပါဦး၊ ကျွန်မကို ကယ်ပါဦး"

မေနှင်းက ငိုယိုပြီးပြောဆိုနေသည်။

"မကြောက်နဲ့ညီမလေး နင်ဘာမှမဖြစ်စေရဘူး"

ထိုသို့ပြောပြီး လမ်းဖယ်ပေးလိုက်တော့ လူငါးယောက်က အောက်သို့ဆင်းလာကြသည်။

ကျန်ငါးယောက်ကတော့ အဆိပ်လူးမြားချက်ထိပြီး သေကြလေသည်။

ကျန်ငါးယောက်က မေနှင်းကို ခါးစာခံခေါ်ပြီးနောက် ထွက်လာကြပြီးနောက် တောထဲသို့ ဝင်သွားကြလေတော့သည်။ နီမောင်တို့လည်း ခါးစားခံပါသွားသောကြောင့် ဘာမှမတတ်နိုင်ပဲ ဒီအတိုင်းသာကြည့်နေကြရသည်။

တောထဲဝင်သွားခါစကတော့ မေနှင်းအော်သံ ကြားရသော်လည်း နောက်တော့ဝေးသွားပြီး အသံပျောက်သွားတော့သည်။

ထိုအခါမှ နီမောင်နှင့် ဦးမွန်ထော်တို့က အိမ်ပေါ်တက်လာကြသည်။

"အဖေ ဘာဖြစ်သွားသေးလဲ၊ အမေရောဘာဖြစ်သွားသေးလဲ"

"ငါတို့ဘာမှမဖြစ်ပါဘူး၊ မင်းညီမလေးတော့ လူဆိုးတွေ





နောက် ပါသွားပြီ"

"စိတ်မပူပါနဲ့ အမေ၊ ကျွန်တော်တို့လူခွဲပြီး လိုက်သွားပါ့မယ်၊ ဒါထက် ဘာပစ္စည်းတွေ ပါသွားသေးလဲအဖေ"

"ဦးဒီပ စပေါ်တင်ထားတဲ့ ရွှေထုပ်တော့ပါသွားပြီ"

"ကျွန်တော်တို့ ခုချက်ချင်းလိုက်သွားပါ့မယ်"

ဟုပြောဆိုပြီး လူအချို့ကိုခေါ်ပြီး တောထဲသို့ဝင်လိုက်သွားကြလေသည်။

အမာရွာဘက်ကူးသော လမ်းဘက်ရောက်သောအခါ မေနှင်းအသံကို ကြားကြရသည်။ ထိုအသံကြားရာသို့ သွားကြည့်သောအခါသစ်ပင်တစ်ပင်မှာ ကြိုးဖြင့်တုပ်ထားခဲ့သော မေနှင်းကိုတွေ့ရသဖြင့် ကြိုးဖြေပေးလိုက်သည်။

"ညီမလေး နင်ဘာဖြစ်သွားသေးလဲ"

"ဘာ. . . ဘာမှမဖြစ်ဘူး"

မေနှင်းကပြောဆိုကာ နီမောင် ကိုဖက်ကာငိုနေသဖြင့် နှစ်သိမ့်ပေးရလေသည်။

ပြီးမှမေးရသည်။

"သူတို့ဘယ်နေရာကို ထွက်သွားကြသလဲ"

မေနှင်းက. . အမာရွာဘက်သွားသော လမ်းဘက်သို့ လက်ညှိုးထိုးပြလေသည်။

သို့ကြောင့်ဆက်မလိုက်တော့ပဲ အိမ်သို့ပြန်လာကြလေသည်။ နောက်တစ်နေ့ရောက်သောအခါ အမာရွာမှာရှိသော ဂါတ်တဲသို့ သွားရောက်အကြောင်းကြားရာ ပုလိပ်များလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စစ်ဆေးကြည့်ရှုကြသည်။

ထို့နောက် သာမန်သဘောလောက်သာ မေးမြန်းပြောဆိုပြီး ခါးပြ(၅)ယောက်၏ အလောင်းများကို သယ်ယူသွားလေတော့သည်။

နောက်တစ်နေ့ညဖက်မှာတော့. . ဦးဇနဒွန်းအိမ်၏ နောက်ဖက်အခန်းထဲမှာ လူနှစ်ယောက်ခေါင်းချင်းရိုက်ပြီး တိုင်ပင်နေကြသည်။

"ပုလိပ်တွေက သေတဲ့သူတွေကို စစ်ဆေးကြည့်တော့ သူဌေးဆီမှာ အလုပ်လုပ်နေတဲ့လူတွေမှန်း ရိပ်မိမှာပဲ. . တော်ကြာ"

"စိတ်မပူစမ်းပါနဲ့ အစကတည်းက ပုလိပ်တွေကို မီးသေအောင်လုပ်ထားပါတယ်၊ ဒါ့ကြောင့် ငါ့အိမ်လာမစစ်ကြတာပေါ့"

"သူဌေးကတော့ ပိုင်ပါ့ဗျာ၊ ဒါပေမယ့် စိတ်မချရသေးဘူး၊ ဟိုလူတွေက သူတို့လက်ထဲက ရွှေတွေပါသွားမှာတော့. . ဒီတိုင်းအေးဆေးနေမှာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်တို့ရမယ့် ဝေစုကိုသာ ခွဲပေးပေတော့၊ ဝေစုရရင် ဒီနေရာက ခဏရှောင်နေမှကောင်းမယ်"

ဦးနေဒွန်းကလည်း သဘောတူသည့်အနေဖြင့် သံပချိုင်ပေးထားသော အထုပ်ကိုယူလာပြီး ဖျာပေါ်သို့သွန်ချလိုက်သည်။

"ချွင်. . ချွင်. . ချွင်"

"ဟင်. ."

"ဟာ. . ရွှေပြားတွေလည်း မဟုတ်ပါလား"





ဖျာပေါ်မှ ကြေးပြားများကို မြင်သောအခါ သံပချိုင်မှာ မျက်စိမျက်နှာ ပျက်သွားလေသည်။

သူအပ်ခဲ့စဉ်က ဝင်းအိနေသော ရွှေပြားများကို သေသေချာချာတွေ့ခဲ့ပြီးသားဖြစ်သည်။

"ဦးနေဒွန်း အချင်းချင်းတွေ ဒီလိုတော့ သစ္စာမဖောက်နဲ့ဗျာ၊ ကျုပ်တို့က အသက်နဲ့ရင်းပြီး တိုက်ယူခဲ့ရတာဗျ၊ ရွှေဒင်္ဂါးတွေတယ်မှာလဲ"

"အောင်မာ. . အဲ့ဒါ ငါမေးရမယ့်စကားကွ၊ မင်းတို့ရလာတဲ့ ရွှေဒင်္ဂါးတွေကို တစ်နေရာမှာဝှက်ထားပြီး၊ ကြေးပြားတွေထည့်ယူလာတာမဟုတ်လား"

ထိုစကားကြောင့် သံပချိုင်က ဒေါသမထိန်းနိုင်တော့သဖြင့်အင်္ကျီအောက်မှာ အသင့်ဆောင်ယူလာသော ဓါးမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်ယူလိုက်လေသည်။

ထိုအခြေအနေကို မြင်သောအခါ ဦးနေဒွန်းကလည်း မနီးမဝေးမှာတင်ထားသော ဓားမြှောင်ကို ပြေးယူသည်။

ထိုအခိုက်မှာပင် သံပချိုင်က အနားသို့ လျင်မြန်စွာဝင်သွားပြီး ကျောပြင်ကို နှစ်ချက်သုံးချက်ထိုးလိုက်ရာ ဦးနေဒွန်းမှာ အသံနက်ကြီးဖြင့်အော်ကာ နေရာမှာပင် လဲကျသွားလေတော့သည်။ ဦးနေဒွန်းအော်သံကြောင့် အခြားအလုပ်သမားများနှင့် အိမ်သူအိမ်သားများ ရောက်လာလေတော့သည်။

သံပချိုင်လည်း ဓားကိုလက်မှာကိုင်ထားပြီး. . .

"တစ်ယောက်မှ ငါ့နားမလာကြနဲ့၊ ငါက သေလည်းမ



www.burmeseclassic.com

www.burmeseclassic.com



ထူး နေလည်းမထူးတဲ့ဘဝ ရောက်နေပြီ. . .”

ဟုပြောသဖြင့် အနားမကပ်ဝံ့ကြပဲရှိနေစဉ် သံပချိုင်က နောက်ဘက်အပေါက်မှ ရေစင်ရှိရာသို့ထွက်လေသည်။

ကျန်လူများကလည်း သရဲသဘက်စီးနေသကဲ့သို့ ဖြ… နေသော သံပချိုင်အနားကို မကပ်ဝံ့ကြသောကြောင့် မနီးမဝေး… ပင် အခြေအနေကြည့်နေကြရသည်။

အပေါက်ဝရောက်ခါနီး တဲပေါက်ဝမှာ လူတစ်ယောက်… ရပ်နေသဖြင့် ထွက်မရတော့ပေ။

ရက်အတန်ကြာကပင် ဒဏ်ရာများရထားသောကြောင့် အိပ်ရာမှမထနိုင်သော သံခဲဆိုသူပင်ဖြစ်သည်။

သံခဲက လက်ထဲမှာဓားရှည်တစ်လက်ကိုင်ထားပြီး မျက်… ထောင့်နီကြီးဖြင့် ကြည့်နေလေသည်၊

“သံခဲ ဘာလုပ်နေတာလဲ လမ်းဖယ်ပေးစမ်း၊ ကိုယ်နဲ့… ဆိုင်ရင် အေးဆေးဆေးနေနော်. . .”

ဟုပြောသော်လည်း သံခဲကဂရုမစိုက်ဘဲနှင့် ရှေ့တိုးလာ… လေသည်။

သူ့အခြေအနေမှာ သံပချိုင်ကိုပင် မှတ်မိဟန်မတူပေ… ထိုအခြေအနေကြောင့် သံပချိုင်မှာ မထူးတော့ပြီမို့ အနားကပ်… လာသော သံခဲဆိုသူကို ဓါးဖြင့်ပြေးထိုးလိုက်သည်။

“ဟာ. . သေပါပြီ”

ထိုအသံက ကာယကံရှင် သံခဲထံမှမဟုတ်ပဲ မနီးမဝေး… မှာ ရှိနေကြသူထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။





သံခဲကတော့ ဘာမှမဖြစ်သလိုနှင့် ရင်ဝမှာစိုက်ဝင်နေသော ဓါးကိုငုံ့ကြည့်နေသည်။

သံပချိုင်က တအံ့တဩဖြင့် ဓါးကိုပြန်ဆွဲနုတ်ကာ. . နောက်တစ်ချက်ထိုးချလိုက်ပြန်သည်။

“ဒီလောက်အသက်ပြင်းလှတာ. . ကဲကွာ”

နောက်တစ်ချက်ထိုးတော့လည်း အခြေအနေမထူးတော့မှ သံပချိုင်မှာ သဘောပေါက်သွာလေသည်။

“ဟင်. . မင်း. . မင်းက လူမှမဟုတ်တော့တာ၊ သေပြီး ဖုတ်ဝင်နေတာပဲ”

ထိုသို့ပြောပြီး ဓါးကိုပြန်ဆွဲနုတ်ကာ နောက်ဆုတ်လိုက်စဉ်မှာ သံခဲလက်ထဲမှာကိုင်ထားသော ဓါးရှည်က သူ့ကိုယ်ပေါ်သို့ ကျလာလေတော့သည်။

“ဒုတ်”

“အား”

ဓါးချက်က လည်ပင်းကို ထိသွားသောကြောင့် သံပချိုင်မှာ နေရာမှာပင် လဲကျသွားလေတော့သည်။

သံပချိုင်လဲကျသွားပြီး မရှေးမနှောင်းမှာပင် ဓါးဖြင့်ခုတ်သော သံခဲမှာလည်း အရုပ်ကြိုးပြတ်ဖြစ်ပြီး နေရာမှာပင် ပုံလဲကျသွားလေတော့သည်။

ထို့နောက်မှာတော့ ဂါတ်တဲမှ ပုလိပ်များရောက်လာပြီး စစ်ဆေးမေးမြန်းကြသည်။

အားလုံးက ဖုတ်ဝင်နေသူက ဓါးဖြင့်ခုတ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သေကြရသည်ဟု ပြောလိုက်ကြသည်။

တကယ်တော့ သံခဲမှာ ဖုတ်ဝင်၍ထလာပြီး သံပချိုင်ကို ခါးဖြင့်ခုတ်ခြင်းဖြစ်သည်။

ခါးနှင့်ခုတ်ပြီး ဖုတ်ထွက်သွားသောအခါမှာ သံပချိုင်ထိုးသော ခါးချက်ကြောင့် အသက်ထွက်သွားခြင်း ဖြစ်ပေတော့သည်။

နောက်ပိုင်းရက်များတွင်လည်း ကျန်နေသေးသည့်. . ခါးပြတိုက်ရာတွင် အဖော်လိုက်ကြသူတို့မှာ ညအချိန်ရောက်သည်နှင့် သရဲသဘက်၊ မကောင်းဆိုးဝါးများ ရောက်လာကြပြီး ခြောက်လှန့်ကြရာ ေ ်းကောင်းမနေဝံ့ကြပဲ ရှိလေသည်။

ဋ္ဌင်းတို့သည် ပုလိပ်ဖမ်းမှာကို ကြောက်ရသည်နှင့် ညအချိန်ရောက်ပါက သရဲသဘက်များ ရောက်လာပြီးခြောက်လှန့်မှာကို ကြောက်လန့်နေကြပေရာ၊ နောက်ဆုံး ထိုအရပ်မှာ ဆက်မနေဝံ့ကြတော့သဖြင့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ပြေးရပေတော့သည် ။

ဦးနေဒွန်းတို့မိသားစုမှာလည်း ဦးနေဒွန်း သေဆုံးသွားပြီးနောက် အမာရွာမှာ ဆက်မနေဝံ့ကြတော့သဖြင့်. . အားလုံးရောင်းချကာ ပြောင်းရွှေ့သွားကြလေတော့သည်။

မကောင်းမှုဖြင့်ပြုသောကံသည် နောက်တစ်ဖန် နောက်ဘဝမရောက်ခင်မှာပင် ယခုဘဝ၌ ပြန်လည်ပေးဆပ်ကြရပေသည်။

ကျေးဇူးရှိသောသူကို ကျေးစွပ်သောသူတို့မှာလည်း





ကောင်းကျိုးမရနိုင်. . . ဘေးဒုက္ခများဖြင့်သာ ကြုံတွေ့ကြရလေသည်။ ဒါကပင် လောကသဘာဝတရား. . . တစ်နည်းပြောရလျှင် အမှန်တရားပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

# ပြင်ဒရယ်မှ ဝိညာဉ်သချိုင်း

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်ထပ်လအနည်းငယ်ကြာသောအခါမှာတော့ ဦးဘရှိန်နှင့်ဒေါ်ကျင်မေတို့ကပင် ကမကထပြုလုပ်ကာ နီမောင်နှင့်မြသင်းကြူတို့နှစ်ယောက်ကို မင်္ဂလာဆောင်ပေးလေသည်။

နံနက်ပိုင်းအချိန် ဖိတ်ကြားထားသော ဧည့်သည်များကို ဧည့်ခံကျွေးမွေးသောအချိန်မှာတော့ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့က အစစအရာရာ တာဝန်ယူပြီး လုပ်ကိုင်ပေးကြရသည်။ ဧည့်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးကြရသည်။

မိန်းကလေးဘက်မှတော့ ဒေါ်မင်းဇာတစ်ယောက်သာ ရှိလေသည်။

ဒေါ်မင်းဇာအနေဖြင့်လည်း နံနက်ပိုင်းလာကြသော ဧည့်သည်ပရိတ်သတ်များကို တစ်ယောက်တလေမှပင် အသိအကျွမ်းမိတ်ဆွေမပါသောကြောင့် တစ်နေရာမှာထိုင်ပြီး ကွမ်းစားလိုက်၊ ဆေးလိပ်သောက်လိုက် လုပ်နေရလေသည်။

နေ့လယ်ဘက်ရောက်တော့ မင်္ဂလာပွဲပြီးသွားသဖြင့် ဧည့်သည်များ ပြန်သွားကြသည်။

ခြံထဲမှ အလုပ်သမားများနှင့် ရင်းတို့မိသားစုများသာ ကျန်ခဲ့ကြသည်။

ထိုအခါ ဦးဘရှိန်က ဒယ်ကြီးဒယ်ငယ်၊ အိုးကြီးအိုးငယ်တို့ဖြင့် ထမင်းဟင်းများ ထပ်မံချက်ပြုတ်ခိုင်းပြန်လေရာ အလုပ်သမားများက တအံ့တဩဖြင့် ချက်ကြရပြန်လေသည်။

“မင်္ဂလာဆောင်ကဖြင့် ပြီးသွားပြီ၊ နောက်ထပ် ထမင်းတွေ ဟင်းတွေအများကြီး ထပ်ချက်ခိုင်းတာ ဘာလုပ်ဖို့လဲမသိဘူးနော်”

“နောက်ထပ်လာမယ့် ဧည့်သည်တွေ ရှိသေးလို့ဖြစ်မှာပေါ့”

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ မင်္ဂလာပွဲကျင်းပသော်မဏ္ဍပ်ထဲမှာ ထမင်းပိုင်းများဖြင့် ပြင်ဆင်ခြင်း၊ ကွမ်းဆေး





လက်ဖက်စသည်တို့ ပြင်ဆင်ခြင်းများ ပြုလုပ်ပေးကြရသည်။ အလုပ်သမားများမှာ အချို့ကသဘောပေါက်သော်လည်း အချို့ကတော့ အံ့ဩနေကြသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ဖိတ်ကြားထားသော ဧည့်သည်များ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြသည်။

အချို့က ချောင်းထဲမှ လှေများဖြင့်လာကြပြီး အချို့ကတော့ တောထဲမှ ခြေလျင်ပင်လာကြသည်။

မနက်ပိုင်းတွင်လာသော ဧည့်သည်များကို ဦးဘရှိန်တို့က သာသိသဖြင့် သူတို့က ဒိုင်ခံနှုတ်ဆက်ကြရပြီး ဒေါ်မင်းဇာက ထိုင်နေရသော်လည်း. . .

ယခုညဉ့်ဦးပိုင်းအချိန် ရောက်လာသောဧည့်သည်များကိုတော့ ဦးဘရှိန်နှင့်ဒေါ်ကျင်မေတို့က ကောင်းစွာမသိကြပဲ ဒေါ်မင်းဇာကသာ အားလုံးနှင့်သိကျွမ်းနေသဖြင့် ဦးဘရှိန်တို့က ထိုင်နေရပြီး ဒေါ်မင်းဇာကသာ ဒိုင်ခံနှုတ်ဆက် ဧည့်ခံပေးနေရလေသည်။

ပြောရလျှင်တော့. . မနက်ပိုင်းအချိန်က သတို့သားနီမောင်နှင့်ပတ်သက်သော ဧည့်ပရိတ်သတ်များကို ဧည့်ခံကျွေးမွေးခဲ့ရခြင်းဖြစ်သလို. . ၊ ညဉ့်ဦးပိုင်းအချိန်ရောက်တော့မှ သတို့သမီး မြသင်းကြူဘက်မှလာသော ဧည့်ပရိတ်သတ်တို့ကို သီးခြားဧည့်ခံကျွေးမွေးရခြင်း ဖြစ်ပေတော့သည်။

ရောက်လာသော ဧည့်သည်များကို ဒေါ်မင်းဇာက ကြို



www.burmeseclassic.com

www.burmeseclassic.com



ဆိုနှုတ်ဆက်ပြီး. . မြင်ဆင်ထားသော ထမင်းဟင်း၊ ကွမ်းဆေး လက်ဖက်တို့ဖြင့် ကျွေးမွေးဧည့်ခံလေသည်။

မင်္ဂလာပွဲသို့လာကြသော ဧည့်သည်များကလည်း ယူလာသောလက်ဆောင်ပစ္စည်းများကို ဒေါ်မင်းဇာလက်သို့ ပေးကြလေသည်။

ရွှေငွေနှင့် လက်ဝတ်ရတနာပစ္စည်းများပင် ဖြစ်သည်။ ထိုသို့ပေးသော ရွှေငွေလက်ဝတ်ရတနာတို့ကို ဒေါ်မင်းဇာက အနီးမှာချထားသော ခံတောင်းတစ်လုံးထဲသို့ ထည့်ထားလေသည်။

ညဥ့်နက်ပိုင်းရောက်တော့မှ ဦးဒီပရောက်လာလေသည်။

ဦးဒီပရောက်လာတော့ ဦးဘရှိန်က ကြိုဆိုပြီး နေရာထိုင်ခင်းပေးလေသည်။

"မိတ်ဆွေကြီး ရောက်လာတာ အတော်ပါပဲ၊ ပြောစရာစကားလေးရှိနေလို့ပါ"

"ဘာများလဲ အချင်းချင်းတွေပဲ ပြောစရာရှိတာတာပြောပါ"

"တခြားတော့မဟုတ်ပါဘူး၊ မိတ်ဆွေကြီးက စနေပါ အနေနဲ့အပ်ထားတဲ့ ရွှေဒင်္ဂါးတွေတော့ ခါးပြတွေလက်ထဲ ပါသွားပြီဗျာ စိတ်မကောင်းလိမ့်တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ. . ကျုပ်တို့နဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေကို သူယုတ်မာတွေ ယူလို့မရပါဘူး၊ သူတို့ယူသွားတဲ့ အထုပ်ထဲမှာ ကြေးပြားတွေပဲ ထည့်ပေးလိုက်တာပါ၊ ရွှေဒင်္ဂါးတွေက ဒီမှာပြန်ယူထားပါတယ်"



ဟုပြောတာ. . . သူယူလာသော အထုပ်ကိုဖြေပြလေသည်။

ရွှေဒင်္ဂါးတွေမြင်သောအခါမှာ ဦးဘရှိန်ခင်မျာ အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာ သွားလေသည်။

"အခုမှပဲ စိတ်အေးရတော့တယ်ဗျာ၊ ဒီရွှေဒင်္ဂါးတွေကို ပြန်သာယူသွားပါ၊ ကျုပ်တို့က ဆွေမျိုးသားချင်းတွေ ဖြစ်ကြပြီဆိုတော့ စပေါ်ထားစရာ မလိုတော့ပါဘူး"

"ဒါပေမယ့် မိတ်ဆွေကြီးကိုတော့ ထပ်ပြီးအကူအညီတောင်းရဦးမှာပဲ"

"ဘာများလဲ ပြောသာပြောပါ"

"အခြားတော့မဟုတ်ပါဘူး ၊ အမာချောင်းဝ မြင်ဒရယ်သောင်ထိပ်တစ်နေရာမှာ ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ပေးပါ"

"ကောင်းပါပြီ၊ ကလေးတွေကိစ္စပြီးတာနဲ့ စတင်ဆောင်ရွက်ပေးပါမယ်၊ တပေါင်းလပြည့်နေ့မှာ ထီးတင်ပွဲလုပ်ပေးနိုင်အောင် ကြိုးစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဟုပြောကာ ဘုရားတည်ရန်အတွက် အသုံးပြုရန် ရွှေဒင်္ဂါးများထည့်ထားသောအိတ်ကို ဦးဘရှိန် လက်ထဲသို့ ပေးအပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်မှာရောက်လာသော ဧည့်သည်များမှာ သန်းခေါင်ကျော်တဲ့အထိ ရှိနေကြပြီး အရုဏ်တက်ချိန်နီးတော့မှ နှုတ်ဆက်ကာ အသီးသီးပြန်သွားကြလေတော့သည်။

သူတို့ပြန်သွားသောအချိန်ရောက်တော့မှ ဒေါ်မင်းဇာက လက်ဖွဲ့ပစ္စည်းများထည့်ထားသော ခံတောင်းကြီးကို လာပေးသဖြင့် ကြည့်လိုက်သောအခါ တောင်းထဲတွင် ရွှေငွေလက်ဝတ်ရတနာ မြောက်မြားစွာတို့ကို တွေ့ကြရလေသည်။

ထိုရတနာများကို မြင်သောအခါ ဦးမွန်ထော်က မှတ်ချက်ချလေသည်။

"တွေ့စကတော့ ဒီမိန်းကလေးကို ပစ္စည်းဥစ္စာဘာမှ မရှိတဲ့ သာမန်မိန်းကလေးတစ်ယောက်လို့ပဲ ထင်ခဲ့မိတာပေါ့။ ဒါပေမယ့် နောက်ပိုင်း အခုလိုမြင်တွေ့ရတော့ သူကချမ်းသာဆုံး မိန်းကလေးတစ်ယောက်ဆိုတာ သိရပေတော့တယ်၊ နီမောင်ကတော့ တကယ့်ကိုကံကောင်းတဲ့သူတစ်ယောက် ဖြစ်သွားပြီပေါ့ကွာ"

အားလုံးကတော့ သဘောကျစွာဖြင့် ပြုံးနေကြလေသည်။ မင်္ဂလာပွဲကိစ္စပြီးသောအခါ ဦးဘရှိန်က ကတိပေးထားခဲ့သည့်အတိုင်း ဘုရားတစ်ဆူတည်ရန် ပြင်ဆင်လေတော့သည်။

ထိုကိစ္စမျိုးကတော့ သူ မကျွမ်းကျင်သဖြင့် အမာရွာမှ ဆေးဆရာကြီး ဦးဗန်ကောင်းကို အကူအညီတောင်းရလေသည်။ ဦးဗန်ကောင်းကလည်း ဝမ်းသာစွာဖြင့်ပင် လာရောက်ကူညီပေးလေသည်။





နီမောင်၊ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ကတော့ ခြံအလုပ်များလည်း လုပ်ကြရင်းနဲ့ ဘုရားတည်သောကိစ္စကိုလည်း ဝိုင်းဝန်းကူညီပေးကြရလေသည်။

စေတီတည်ပြီး၍ ထီးတင်ပွဲကျင်းပသောအခါ ပြင်ဒရယ်သောင်မှာပင် ကျင်းပလေသည်။

နေ့ရောညပါ လူစည်ကားနေလေတော့သည်။

နေ့အချိန်မှာ အမာရွာ၊ ကဒုံကနီ၊ ဇရော၊ မရန်းချောင်း၊ ရေကျော်ကြီး၊ ချောင်းပြဲကြီး၊ ထင်းပွဲစခန်းမှ လူများပင် လာရောက်ကြသည်။

ကဒုံကနီ၊ ဇရော၊ အမာရွာရှိသော ဘုန်းကြီးကျောင်းများမှ သံဃာတော်များပင့်ပြီး တရားနာခြင်း၊ ရေစက်ချအမျှအတမ်းဝေခြင်းများ ပြုလုပ်ရန် ရက်နီးသောအခါ နီမောင်တစ်ယောက် ထူးခြားသော အိပ်မက်တစ်ခုကို မက်လေသည်။ အိပ်မက်ထဲမှာ သံပချိုင်နှင့် ပြန်တွေ့ရသည်။

ရုပ်ဖျက်ဆင်းဖျက် ဖြစ်နေသောကြောင့် မမှတ်မိပေ။

"ခင်ဗျားဘယ်သူလဲ"

"ငါ သံပချိုင်ပါကွာ"

"အခု ဘယ်နေရာ ရောက်နေသလဲ"

"ငါ ပြိတ္တာဘုံဘဝ ရောက်နေရပြီ၊ စားစရာလည်း မရှိ နေစရာလည်း မရှိလို့ ဝိညာဉ်သင်္ချိုင်းမှာပဲ နေရတယ်"

"ဝိညာဉ်သချိုင်းဆိုတာ ဘယ်လိုနေရာမျိုးလဲ"

"လူ့ဘဝမှာ အောက်တန်းနောက်တန်းရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားတွေ၊ သူဘရာဇာတွေ၊ နေစရာစားစရာမရှိတဲ့သူတွေဟာ သုသာန်လို သချိုင်းလိုမှာ နေကြရတယ်၊ ငါတို့လည်း လူ့ဘဝမြှုခဲ့တဲ့ မကောင်းမှုကံတွေကြောင့် အသေဆိုးနဲ့ သေခဲ့ကြရတယ်"

နီမောင်က စိတ်မကောင်းစွာဖြင့် ကြည့်လိုက်သည်။

"မပြစ်မှားသင့်တဲ့ ကျေးဇူးရှင်တွေကို စော်ကားမိခဲ့လို့ လူ့ဘဝတုန်းက အသေဆိုးနဲ့ သေရတယ်၊ တမလွန်ဘဝရောက်တော့လည်း နေစရာစားစရာမရှိတဲ့ ပြိတ္တာဘဝနဲ့ ဝိညာဉ်သချိုင်းမှာပဲ နေကြရပါတယ်"

"ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားအပေါ်မှာ ခွင့်လွှတ်ပေးနိုင်ပါတယ်၊ အခု ဘာလုပ်ပေးစေချင်သလဲ"

"ရေစက်ချ အမျှအတန်းဝေတဲ့အချိန်မှာ ငါတို့ရအောင် ဒီနေရာကို လာချင်ပါတယ်၊ ဝိညာဉ်သချိုင်းမှာနေတဲ့ ပြိတ္တာတွေက ဒီလိုနေရာမျိုးကို လာခွင့်မရှိဘူး မလာရဘူး"

"ဒီတော့ ဘယ်လိုလုပ်ပေးရမလဲ"

"မင်းက ငါတို့လာလို့ရအောင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ခွင့်တောင်းပေးပါ၊ ပန်ကြားပေးပါ"

"ကောင်းပြီ လုပ်ပေးပါ့မယ်"

ဟုပြောလိုက်သောအခါ. . . တဖြည်းဖြည်းနှင့်ဝေ့ဝါးပျောက်ကွယ်သွားလေသည်။

နောက်တော့ နီမောင်က. . ထိုအကြောင်းကို ဦးဇန်ကောင်းအား ပြောပြလိုက်လေသည်။ ဦးဇန်ကောင်းက ကွမ်းတ



BURMESE CLASSIC



မြူမြူ့ဝါးကာ နားထောင်နေရင်းမှ . . .၊

"အကုသိုလ်ကံ မကောင်းမှုကံပြုတဲ့သူတွေဟာ သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ ဒီဘဝကောင်းရင်ပြီးရော နောက်တစ်ဘဝရောက်ရင် နောက်ခန္ဓာက ခံလိမ့်မယ်ဆိုတာ မသိလို့ပြောကြတာပါ၊ တကယ်တော့ ပြိတ္တာလောကမှာ ခံရတာက လူ့လောကမှာခံရတာထက် အဆပေါင်းမြောက်မြားစွာဆိုးကြတယ်"

ဟုပြောသည်။

"သူတို့အတွက် ဘယ်လိုလုပ်ပေးနိုင်မလဲ ဆရာကြီး"

"တတ်နိုင်သလောက်တော့ အကူအညီပေးရမှာပေါ့ကွာ၊ ဦးဒီပတို့လို ဝိညာဉ်လောကသားတွေဆီမှာ ခွင့်တောင်းပြီး သာဓုခေါ်နိုင်အောင် ကြိုးစားပေးရမှာပေါ့"

ထို့နောက်မှာတော့ ထီးတော်တင်ပွဲရေစက်ချတရားနာသောနေ့သို့ရောက်သောအခါ ပတ်ဝန်းကျင်မှာရှိသော မြင်အပ်သောပုဂ္ဂိုလ်သတ္တဝါ၊ မမြင်ရသောပုဂ္ဂိုလ်သတ္တဝါတို့အား ရည်စူးပင့်ဖိတ်ကာ အမျှအတန်းဝေပေးလိုက်လေတော့သည်။

ထိုကဲ့သို့ အမျှအတန်းဝေပေးလိုက်သည့်နောက်ပိုင်းမှာတော့ ဝိညာဉ်သချိုင်းရောက်နေသော သံပချိုင့်တို့ကို နောက်ထပ်မတွေ့ရတော့ပါချေ။

နီမောင်နှင့် မြသင်းကြူတို့ကတော့ သူတို့ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ပြင်ဒရယ်ရွာဟောင်းကြီးမှ မလွတ်မကျွတ်သော ဘဝရောက်နေကြသူအတော်များများ ကျွတ်လွတ်ခွင့်ရသွားသည်ကို နောက်တွင်သိကြရသဖြင့် ကျေနပ်မိသော



www.burmeseclassic.com

www.burmeseclassic.com

နေကြပေတော့သည်။


ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပြင်ဒရယ်မှဝိညာဉ်သချိုင်း) အမည်ရှိသည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီး ဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

# ကြိုစတွ

စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်၊ အင်္ဂါနေ့နံနက် (၇း၀၀) နာရီ။

☺ ဓလောင်မြင်စာပေ ☺



www.burmeseclassic.com